www.burmeseclassic.com

စာပေဗိမာန်စာမူဆုရ

# လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့

မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)



www.burmeseclassic.com

design: သက်ပိုင်ခ 969 www.art-of-kha.tk

www.burmeseclassic.com

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | စာရေးသူ၏အမှာစာ | |
| | လီဆူစာပေနှင့်ယဉ်ကျေးမှုဗဟိုကော်မတီ၏အမှာစာ | |
| ၁။ | လီဆူမျိုးနွယ်သမိုင်း | ၁ |
| ၂။ | မြန်မာနိုင်ငံအတွင်းဝင်ရောက်လာကြပုံ | ၆ |
| ၃။ | လီဆူလူမျိုးများပျံ့နှံ့နေထိုင်ခြင်း | ၁၀ |
| ၄။ | မျိုးနွယ်စုများ | ၁၂ |
| ၅။ | ရုပ်လက္ခဏာနှင့် စိတ်နေသဘောထား | ၁၄ |
| ၆။ | လီဆူတို့၏မူလအမည်နာမနှင့် အမည်ခေါ်ပုံ | ၁၇ |
| ၇။ | ဗမာစကားနှင့်တူသော လီဆူစကားများ | ၂၄ |
| ၈။ | ဘာသာစကား | ၂၉ |
| ၉။ | စာပေ | ၃၁ |
| ၁၀။ | ယုံကြည်ကိုးကွယ်မှု | ၃၃ |
| | (က) နတ်ကိုးကွယ်ခြင်း | |
| | (ခ) ခရစ်ယာန်ဘာသာဝင်များဖြစ်လာခြင်း | |
| | (ဂ) ဗုဒ္ဓဘာသာကိုးကွယ်ခြင်း | |
| ၁၁။ | စကားပုံ၊ စကားထာနှင့် ပုံပြင်များ | ၄၄ |


www.burmeseclassic.com

www.burmeseclassic.com


၁၂။ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု ၅၈

(က) ပူတာအိုနယ်ဝတ်စုံ

(ခ) မြစ်ကြီးနားနယ်ဝတ်စုံ

(ဂ) ဗန်းမော်နယ်ဝတ်စုံ

(ဃ) မိုးကုတ်နယ်ဝတ်စုံ

(င) ရှမ်းပြည်နယ်တောင်ပိုင်းဝတ်စုံ

(စ) ရှမ်းပြည်နယ်မြောက်ပိုင်းဝတ်စုံ

၁၃။ လူမှုဆက်ဆံရေးနှင့် ဧည့်ဝတ္တရား ၈၂

၁၄။ မိသားစုဖွဲ့စည်းနေထိုင်ပုံ ၈၄

၁၅။ ဆွေမျိုးမိသားစုအခေါ်အဝေါ်များ ၈၅

၁၆။ မွေးဖွားခြင်း ၈၈

၁၇။ အမည်ပေးခြင်း (ကင်ပွန်းတပ်ခြင်း) ၉၀

၁၈။ ထိမ်းမြားမင်္ဂလာပြုခြင်းဓလေ့ ၉၁

(က) စေ့စပ်ကြောင်းလမ်းခြင်း

(ခ) မယ်ဖယ်ခေါ်ကွမ်းဖိုး

(ဂ) သတို့သမီးအပ်နှင်းပွဲ

(ဃ) လက်ထပ်မင်္ဂလာပွဲ

၁၉။ ရိုးရာအိမ် ၁၀၄


www.burmeseclassic.com

www.burmeseclassic.com

၂၀။ ရိုးရာအိမ်ဆောက်လုပ်ပုံ ၁၀၇
၂၁။ ဓလေ့ရိုးရာအနုပညာ ၁၀၉
(က) ရိုးရာတူရိယာများ
(ခ) ရိုးရာတေးသီချင်းများ
(ဂ) ရိုးရာအကများ
၂၂။ ရိုးရာအယူအဆများ ၁၂၉
(က) စကြဝဠာယူဆချက်
(ခ) စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေယူဆချက်
(ဂ) တိရစ္ဆာန်များနှင့် သက်ဆိုင်သောယူဆချက်
(ဃ) သေခြင်းတရားအယူအဆ
(င) အခြားအယူအဆများ
၂၃။ ရှောင်ကြဉ်ခြင်းနှင့်တားမြစ်ချက်များ ၁၃၅
၂၄။ အမွေခွဲဝေပုံ ၁၃၈
၂၅။ ရိုးရာပွဲတော်များ ၁၄၀
(က) အိမ်သစ်တက်ပွဲ
(ခ) နှစ်သစ်ကူးပွဲ
(ဂ) သစ်သီးဦးပူဇော်ပွဲ
(ဃ) လွှေဟီချော်ပွဲ
(င) ကောက်သစ်စားပွဲ
(စ) စုပေါင်းလုပ်အားပေးပွဲ

www.burmeseclassic.com

www.burmeseclassic.com

၂၆။ အံ့ဖွယ်ထူးကဲဓားတက်ပွဲ ၁၅၁
၂၇။ အသုဘအခမ်းအနား ၁၅၅
၂၈။ စီးပွားရေးလုပ်ငန်းများ ၁၅၈
(က) စိုက်ပျိုးရေး
(ခ) မွေးမြူရေး
(ဂ) အမဲလိုက်ခြင်း
(ဃ) တံငါလုပ်ငန်း
(င) လက်မှုပညာရပ်များ
(စ) အခြားစီးပွားရေးလုပ်ငန်းများ
၂၉။ ရိုးရာဓလေ့ဥပဒေနှင့် တရားစီရင်နည်းများ ၁၇၁
၃၀။ လီဆူရိုးရာတိုင်းရင်းသား ၁၇၈
၃၁။ ဥပုသ်စာဖြေကျောင်း ၁၈၃
၃၂။ မြန်မာနိုင်ငံလီဆူဓမ္မတက္ကသိုလ် ၁၈၆
၃၃။ ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ ၁၉၆
၃၄။ ခသ (၂၀၀၀) ပွဲတော် ၂၀၈
၃၅။ လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ ၂၁၄
၃၆။ နယ်ချဲ့တော်လှန်ရေးတွင် ပါဝင်ခဲ့ကြခြင်း ၂၁၆
၃၇။ လီဆူတို့၏ပြည်ထောင်စုစိတ်ဓာတ် ၂၂၀
၃၈။ နိုင်ငံတော်အခမ်းအနားများကပြောပြနေသောလီဆူများ ၂၂၆
ကိုးကားချက်များ ၂၂၉

www.burmeseclassic.com

www.burmeseclassic.com

## စာရေးသူ၏အမှာစာ

ပြည်ထောင်စုမြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုး များစွာတို့သည် မွန်ဂိုလီးယားကုန်းပြင်မြင့်မှ ဆင်းသက်လာခဲ့ကြောင်း၊ တိဘက် တိုဘား မင်း အနွယ်များဖြစ်ကြောင်း၊ သမိုင်းမှတ်တမ်းများက အဆိုပြုထားသည်။ ထိုလူမျိုးနွယ်များသည် မြန်မာနိုင်ငံအတွင်းသို့ အုပ်စုကြီးများအဖြစ် အစဉ် အလိုက်ဝင်ရောက်ခဲ့ကြသည်ဟုလည်း မှတ်တမ်းများက ဖော်ပြထား သည်။

ယင်းသို့ အစဉ်လိုက်ဝင်ရောက်ခဲ့ကြရာတွင် မွန်ခမာအုပ်စုသည် ပထမ၊ တိဘက်မြန်မာအုပ်စုသည် ဒုတိယနှင့် ထိုင်း၊ တရုတ်အုပ်စုသည် တတိယ စသည်ဖြင့် ရောက်ရှိခဲ့ကြခြင်းဖြစ်သည်။ လီဆူလူမျိုးများ ပါဝင်လာသည့် တိဘက်မြန်မာအုပ်စုသည် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင် လမ်းကြောင်းသုံးခုမှ အုပ်စုသုံးစုခွဲကာ ဝင်ရောက်ခဲ့ကြ၏။ ၎င်းတို့မှာ မြန်မာနှင့် ရှေးဦးမြန်မာအုပ်စု၊ ချင်း၊ ကချင်အုပ်စုနှင့် လိုလိုမုဆိုးအုပ်စုတို့ ဖြစ်ကြသည်။

လီဆူတို့သည် လိုလိုမုဆိုးအုပ်စုတွင် ပါဝင်၏။ မဲနမ်၊ မဲခေါင် မြစ်ဝှမ်းဒေသများမှ တစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြသော လီဆူလူမျိုးများသည် ရေကြည်ရာ မြက်နုရာရှာရင်း စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး အခြေခံအကြောင်းရင်းများနှင့်အတူ မြို့ရွာဒေသအသီးသီးသို့

www.burmeseclassic.com

www.burmeseclassic.com

ပျံ့နှံ့ရောက်ရှိသွားကြလေသည်။ လီဆူတိုင်းရင်းသားအများစုသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေထိုင်ကြပြီး အချို့မှာ မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း၌ အချို့မြို့နယ်များတွင် ပျံ့နှံ့နေထိုင်ကြသည်ကို လေ့လာသိရှိရသည်။

စာရေးသူသည် မြန်မာစာပေကို လက်လှမ်းမီသမျှ လှန်လှော လေ့လာဖတ်ရှုရာတွင် လီဆူတိုင်းရင်းသားများအကြောင်း စာအုပ်သဖွယ် မှတ်တမ်းတင်ထားခြင်းကို မတွေ့ရှိပါချေ။ စာရေးသူ ကချင်ပြည်နယ်တွင် နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်စဉ် လီဆူလူမျိုးများနှင့် အချိန်အတန်ကြာ ဆက်ဆံခဲ့ရသည်။ သို့ဖြစ်၍လည်း သူတို့ဘဝ၊ သူတို့ ဓလေ့၊ သူတို့ရိုးရာယဉ်ကျေးမှု၊ သူတို့အကြောင်းများကို လေ့လာသိရှိခွင့် ရခဲ့ပါသည်။ ဤကဲ့သို့ လေ့လာသိရှိခွင့်ရသည့်အလျောက် လီဆူတိုင်းရင်း သားများနှင့် ပတ်သက်သော မှတ်တမ်းမဝင်၊ စာမတင်သေးသည့် ကွက်လပ်တစ်ခုကို ဖြည့်ဆည်းပေးရန် အာသီသပြင်းပြခဲ့သည်။ လီဆူ တိုင်းရင်းသားများ၏ ဘဝအကြောင်းကို မှတ်တမ်းတစ်ခုပမာ ကျန်ရစ် တည်တံ့စေလိုသော စေတနာအရင်းခံစိတ်ကြောင့် ဖြစ်ပါ၏။

ထို့ကြောင့် လီဆူတိုင်းရင်းသားများ၏ မျိုးနွယ်စုသမိုင်းကြောင်းများ၊ လူမှုဘဝဓလေ့ထုံးစံနှင့် ရိုးရာယဉ်ကျေးမှုများကို လေ့လာရန် ၎င်းတို့ နေထိုင်ရာ မြန်မာပြည်အနှံ့ခြေဆန့်၍ ရှာပုံတော်ဖွင့်ခဲ့သည်။ သို့ဖြင့် လီဆူ တိုင်းရင်းသားတို့ နေထိုင်ရာ ကချင်ပြည်နယ်၊ မြစ်ကြီးနား၊ ဝိုင်းမော်၊ ဗန်းမော်၊ ပူတာအို၊ ဖားကန့်၊ မချမ်းဘော၊ တနိုင်း၊ ချီဖွေ၊ ဆော့လော်၊ ဆွမ်ပရာဘွမ်မြို့နယ်များ၊ ရှမ်းပြည်နယ် လားရှိုး၊ ကွတ်ခိုင်၊ မိုးမိတ်၊ နောင်ချို၊ နမ့်ခမ်း၊ နမ္မတူ၊ တောင်ကြီး၊ လွယ်လင်၊ နမ့်စမ်မြို့နယ်များ၊ မန္တလေးတိုင်း၊ ပြင်ဦးလွင်နှင့် မိုးကုတ်မြို့နယ်များ၊ စစ်ကိုင်းတိုင်း အင်းတော်၊ နန်းယွန်း၊ ထီးချိုင့်နှင့် ကသာမြို့နယ်များသို့ သွားရောက်လေ့လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com

ဤကဲ့သို့ သက်ဆိုင်ရာမြို့နယ်များသို့ သွားရောက်လေ့လာရာတွ
ဒေသရှိ လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် လူကြီးများ၊ သက်ြ
ရွယ်အို အဘိုးအဘွားများထံမှ သိရှိခဲ့ရသမျှ၊ လေ့လာခဲ့ရသမျှ တို့
စုဆောင်းမှတ်သားခဲ့ရပါသည်။

အဆိုပါဒေသများမှ လီဆူတိုင်းရင်းသားများ၏ ဘဝအကြောင်
ရိုးရာ ယဉ်ကျေးမှုဓလေ့ထုံးစံများသည် အချို့ဒေသများနှင့် တူညီသ
လည်း ရှိသည်။ မတူညီသည်လည်းရှိသည်။ အနည်းငယ်မျှ ကွဲပြားခြားန
သည်လည်း တွေ့ရသည်။ သို့သော် အားလုံးကို ညှိနှိုင်းအဖြေရှာကြည့်သေ
အခါ နီးစပ်မှုရှိသော အခြေခံအချက်များသာ ဖြစ်ကြောင်း လေ့လာသိ
ရလေသည်။

စာရေးသူ၏ နှစ်နှစ်ကာကာ လေ့လာရှာဖွေ၍ မှတ်တမ်းပြု
ရေးသားထားသည့် "လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့" စာအုပ်သ
သိမ်မွေ့သော၊ နက်နဲသော၊ အမျိုးသားရေးလက္ခဏာ ဖော်ဆောင်သေ
တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အထောက်အကူပြုသေ
ပြည်ထောင်စုစိတ်ဓာတ်ကို ဖြစ်တည်စေသော နိုင်ငံနှင့် လူမျိုးအကျိုး
မှတ်တမ်းတစ်ခုဟု ဆိုချင်ပါသည်။

သို့ဖြစ်၍ စာရေးသူ၏ရင်မှ အချိန်ကာလအတန်ကြာ သန္ဓေတည
မွေးဖွားလာခဲ့သော "လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့" စာအုပ်သည
လီဆူတိုင်းရင်းသားများအတွက်သာမက သမိုင်းသုတေသီများ၊ စာ
မြတ်နိုးသူများနှင့် အမိနိုင်ငံတော်အတွက် တစ်စုံတစ်ရာသော အတိုင်းအတ
အထိ အကျိုးပြုနိုင်လိမ့်မည်ဟုလည်း ယုံကြည်မျှော်လင့်မိပါသည်။

မြတ်ဝေတိုး (ပညာရေးဘွဲ့သိုလ်)

၂၉.၁၂.၂၀၀၆

www.burmeseclassic.com

www.burmeseclassic.com

## လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ၏ အမှာစာ

လီဆူတိုင်းရင်းသားသည် ကချင်မျိုးနွယ်စုဝင် လူမျိုးတစ်မျိုးဖြစ်ပြီး ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သော တိုင်းရင်းသားလူမျိုးပေါင်း တစ်ရာကျော်တွင် ပါဝင်သည်။ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် များပြားစွာ နေထိုင်ကြပြီး မန္တလေးတိုင်းနှင့် စစ်ကိုင်းတိုင်း အချို့မြို့နယ်များတွင် ပျံ့နှံ့နေထိုင်ကြသည်။

လီဆူလူမျိုးများနှင့် ပတ်သက်၍ ရေးကမြန်မာစာပေနှင့် တစ်သီးတစ်ခြားမှတ်တမ်းတင်ထားသော စာအုပ်ဟူ၍ မရှိခဲ့ပါ။ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်အချို့တွင် ရံဖန်ရံခါ ရေးသားထားသည်ဟု သိရှိရသော်လည်း လီဆူလူမျိုးတို့၏ အကြောင်းအရာများထဲမှ အနည်းငယ်မျှသော အစိတ်အပိုင်းများသာဖြစ်လေသည်။

ယခု စာရေးဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) က "လီဆူလူမျိုးတို့၏ ဘဝခလေ့" ခေါင်းစဉ်ဖြင့် လီဆူတို့အကြောင်းကို ပြည့်ပြည့်စုံစုံစေ့စေ့ငငရှာဖွေစုဆောင်း လေ့လာရေးသားထားသည့် စာအုပ်တစ်အုပ်ကို တွေ့ရှိရသောအခါ အတိုင်းထက်အလွန် ဝမ်းသာအားရဖြစ်မိပါသည်။ ဆရာသည် ဤစာအုပ်ကို ရေးသားပြုစုရာ၌ သက်ဆိုင်ရာမြို့ရွာဒေသများအထိ ကွင်းဆင်းလေ့လာသုတေသနပြု၍ စူးစမ်းဖော်ထုတ်ကာ မှတ်တမ်းပြုစုထားခြင်းဖြစ်ရာ လီဆူတို့နှင့် ပတ်သက်၍ သမိုင်းမှတ်တမ်းတစ်ခုအဖြစ် ကျန်ရစ်မည့် လီဆူကျမ်းစာအုပ်တစ်အုပ်ပင် ဖြစ်ပေသည်။ ဆရာသည် လီဆူလူမျိုးများ ပျံ့နှံ့နေထိုင်ရာ နယ်မြေအသီးသီးသို့ ကာလကြာမြင့်စွာ ကိုယ်တိုင်ကွင်းဆင်းလေ့လာခဲ့သူတစ်ဦးလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤစာအုပ်၌ လီဆူတို့၏ မျိုးနွယ်သမိုင်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှု၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ၊ စီးပွားရေး၊ လူမှုရေး၊ ဘာသာရေး၊ သာသနာရေးဆောင်ရွက်ပုံ၊ ဖွံ့ဖြိုးတိုးတက်လာသော လီဆူတို့၏ဘဝဖြစ်တည်မှုများ၊ တိုင်းကျိုးပြည်ပြုဆောင်ရွက်ချက်များစသည်ဖြင့် ပြည့်စုံမှုရှိအောင် အတတ်နိုင်ဆုံးပြုစုထားသည့် စာအုပ်ကောင်းတစ်အုပ်ပင်ဖြစ်ပေသည်။ ဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) သည် ဗမာလူမျိုးတစ်ဦးဖြစ်သော်လည်း ကျွန်တော်တို့ လီဆူတိုင်းရင်းသားတစ်မျိုးသားလုံးအတွက် ဂုဏ်ယူထိုက်သော ကျေးဇူးတင်ထိုက်သော ပုဂ္ဂိုလ်တစ်ဦးပင်ဖြစ်သည်။

သို့ဖြစ်ရာ ဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) ရေးသားထားသည့် "လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့" စာအုပ်သည် ကျွန်တော်တို့ လီဆူတိုင်းရင်းသားများအတွက်ရော၊ နိုင်ငံတော်အတွက်ပါ အကျိုးပြုနိုင်မည့် စာအုပ်တစ်အုပ်ဖြစ်သည်ဟု ယုံကြည်ပါသည်။

ထို့ကြောင့် လီဆူတို့၏အကြောင်းကို ရေးသားဖော်ထုတ် မှတ်တမ်းပြုစုပေးသော စာရေးဆရာမြတ်ဝေတိုး (ပညာရေးတက္ကသိုလ်) အား လှိုက်လှိုက်လှဲလှဲကြိုဆိုလျက် ဂုဏ်ယူအပ်ပါသည်။ ကျေးဇူးအထူးတင်အပ်ပါသည်။ ခြုံ၍ဆိုရပါလျှင် ဆရာ၏ "လီဆူတိုင်းရင်းသားတို့၏ ဘဝဓလေ့" စာအုပ်သည် အဖိုးအနဂ္ဃထိုက်တန်သော အမြတ်တရတနာတစ်ခုဟု ညွှန်းဆိုချင်ပါသည်။

လမြဲဘား
အတွင်းရေးမှူး
လီဆူစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီ

ရက်စွဲ။ ။ ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်

www.burmeseclassic.com

www.burmeseclassic.com

# လီဆူမျိုးနွယ်သမိုင်း

လီဆူမျိုးနွယ်တို့၏ ပင်ရင်းဒေသမှာ "မူကူးဒီ" ခေါ်သော အရပ်ဖြစ်သည်။ "မူကူးဒီ" မှာ မွန်ဂိုလီးယားကုန်းမြင့်ဒေသတစ်ခုဖြစ်ကြောင်း သိရှိရသည်။ လီဆူလူမျိုးတို့ ဘိုးဘွားအဆက်ဆက်က ယုံကြည်မှတ်သားလာခဲ့သော လက်ဆင့်ကမ်း အမှတ်အသားများအရ ဆိုလိုခြင်းဖြစ်ဟန်ရှိသည်။ သမိုင်းသုတေသီများ၊ မနုဿဗေဒပညာရှင်များ၏ အဆိုအရ လီဆူတို့သည် တိဘက်မြန်မာအနွယ်ဝင်လိုလို မှဆိုးအုပ်စုတွင် ပါဝင်ကြောင်း မှတ်တမ်းပြုထားသည်မှာလည်း အထင်အရှားရှိသည်။ လီဆူလူမျိုးတို့၏ ပုံပြင်အရ ရှေးအခါက ကမ္ဘာကြီးကို ရေလွှမ်းမိုးခဲ့ကြသည်။ ရေမလွှမ်းမီအချိန်တွင် ကမ္ဘာပေါ်တွင် လူများပြည့်နှက် နေထိုင်ကြသည်ဟု ဆို၏။ ထိုစဉ်က လူတို့မှာ ယနေ့လူသားများနှင့်မတူဘဲ အလွန်သန်မာထွားကျိုင်းကြသည်။ အသက်ရှည်ကြသည်ဟုလည်း ဆိုပါသည်။

ထိုပုံပြင်အရ ကမ္ဘာကို ရေလွှမ်းမိုးခဲ့ရာတွင် ရှာကျိုနှင့် ရှာဆာခေါ် မောင်နှမ နှစ်ယောက်မှအပ ကျန်လူများအားလုံး သေကျေပျက်စီးခဲ့ကြသည်။ ရှာကျိုနှင့် ရှာဆာ မောင်နှမနှစ်ယောက်တို့သည် အလွန်ကြီးမားသော ဘူးသီးခွံထဲတွင် ဝင်အောင်းပြီး ရေဘေးမှ လွတ်ကင်းခဲ့ကြခြင်းဖြစ်သည်ဟု ဆို၏။ အချို့က အလွန်ကြီးမားသော ပျားမွေးသော သစ်ခေါင်းကြီးထဲတွင် ခင်အောင်းနေသဖြင့် ရေဘေးမှလွတ်ကင်းခဲ့ရသည်ဟုဆိုသည်။ ရှာကျိုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှာဆာ မောင်နှမနှစ်ယောက် ကျန်ခဲ့ရာမှ ယနေ့ ကမ္ဘာသူကမ္ဘာသားများ ပေါက်ဖွားများပြားလာခဲ့ကြသည်ဟူ၍ အဆိုရှိပါသည်။

ရှာကျိုနှင့် ရှာဆာ မောင်နှမတို့မှ သားသုံးယောက်မွေးဖွားခဲ့သည်။ သားတစ်ယောက်သည် အသားဖြူပြီး သားတစ်ယောက်မှာ အသားမည်း၍ ကျန်သားတစ်ယောက်မှာ အသားဝါဖြစ်သည်။ လီဆူလူမျိုးစုတို့သည် ထိုအသားဝါ လူမျိုးနွယ်မှ ဆင်းသက်ပေါက်ဖွားလာခဲ့ကြသည်ဟု ဆိုပါသည်။ အသားဝါလူမျိုးနွယ်စုမှ အုပ်စု (၉) စုကွဲ၍ လီဆူလူမျိုးများ "မူကူးဒီ" ခေါ်ဒေသတွင် နေထိုင်ခဲ့ကြသည်မှာ နှစ်ကာလများစွာကြာညောင်းခဲ့ကြသည်။ ထိုနေရာတွင် လူဦးရေများပြားလာသောအခါ အရပ်မျက်နှာအသီးသီးသို့ အနှံ့အပြား ပြောင်းရွှေ့နေထိုင်ကြသည်။ လီဆူတို့၏ ဆိုရိုး စကားတစ်ခုမှာ "သားကိုးယောက်တို့ ကိုးနယ်ရာထွက်သည်။ သမီး ခုနစ်ယောက်တို့ မြစ်ခုနစ်သွယ် ဖြတ်ကျော်ပြီး လာခဲ့ရသည်" ဟု အဆိုရှိ၏။ လီဆူလူမျိုးတို့သည် ဖခင်အုပ်ချုပ်သော ဖမျိုးယူစနစ်ကို အခြေခံသော လူမျိုးများဖြစ်ရာ သား (၉) ယောက်ဟု ဆိုရာ၌ အသားဝါလူမျိုးများမှ အုပ်စု (၉) အုပ်စု ခွဲထွက်ပေါက်ဖွားခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ သမီး (၇) ယောက်ဟူသော ဆိုရိုးစကားအရ သမီးဟူသည်ကို မျိုးနွယ်စု ဆင်းသက်ပေါက်ဖွားရာ၌ ထည့်သွင်းတွက်ချက်လေ့မရှိပေ။


ထိုသား (၉) ယောက် ခေါ် အုပ်စု (၉) စုမှာ-

ကွာတူဖွ၊ ဟိဒူ၊ အခေစာ၊ အဆူမူလူ၊ မာလူးဒီ၊ ကွာမီးဖီး၊ စေကျဲလီ၊ အဒူရှည်နှင့် အရိတို့ဖြစ်သည်။ ၄င်းတို့အနက် ကွာမီးဖီးသည် တိဘက်မြန်မာအုပ်စုဝင်ဖြစ်ပြီး ၄င်းတို့မှ အုပ်စု (၆) အုပ်စု ကွဲသွားခြင်း ဖြစ်သည်။ ၄င်းအုပ်စုမှာ အဖူ၊ အဒူ၊ အခေ၊ အဆူ၊ အဝီနှင့် အဖြိ တို့ဖြစ်သည်။ ထို "မူကူးဒီ" ဒေသမှတစ်ဆင့် ရေကြည်ရာမြက်နုရာ

www.burmeseclassic.com

www.burmeseclassic.com


# လီဆူတိုင်းရင်းသားတို့၏ မျိုးနွယ်သမိုင်း



www.burmeseclassic.com



ဒေသများသို့ ပြောင်းရွှေ့နေထိုင်လာရာ အရှေ့တောင်ဘက်အရပ်ရှိ ရှီးပါဒေသ၊ လာချော်၊ လာကျိဒေသတို့တွင် နေထိုင်ခဲ့ကြပြန်သည်။ နှစ်ထောင်ပေါင်းများစွာ နေထိုင်လာခဲ့ကြသည်ဟု ဆိုပါသည်။ ထိုနေရာသည် ယခု တရုတ်ပြည်လန်ချောင်ဒေသတစ်ဝိုက်တွင် ဖြစ်ဟန်တူသည်။

လီဆူတို့သည် လာချော်လာကျိဒေသတွင် နေထိုင်စဉ်က အုပ်စုများခွဲ၍ လှည့်လည်သွားလာနေထိုင်ကြသည်ဟု ဆိုပါသည်။ ထိုအုပ်စုများထဲမှာ (ဘူချိကီ) ခေါ် အုပ်စုခေါင်းဆောင်၏ လက်အောက်တွင် နေထိုင်ရာမှ တစ်ဖန် အုပ်စု ထပ်မံကွဲသွားကြပြန်သည်ဟု ဆိုခဲ့ကြသည်။

လာချော်လာကျိဒေသတွင် နေခဲ့စဉ်က လီဆူတို့၏ အုပ်စုခေါင်းဆောင် မိလေးဟူးနှင့် တရုတ်ခေါင်းဆောင် ဆင်ကျော်ဟူးတို့ စာပေပြိုင်ဆိုင်ပညာစမ်းကြရာတွင် လီဆူခေါင်းဆောင်က အနိုင်ရသော်လည်း တရုတ်ခေါင်းဆောင်က မရိုးဖြောင့်သော အကြံထားသည်ဟု ဆိုပါသည်။ ထို့ကြောင့် လီဆူတို့သည် လာချော် လာကျိဒေသတွင် နေထိုင်ရန် အဆင်မပြေသဖြင့် ကျိဒူ၊ ကိုးဒူနှင့် လိကျန်ဒေသသို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြရပြန်လေသည်။

ရှေးဘိုးဘွားများအဆိုအရ လိကျန်ဒေသသို့ ရောက်စဉ်က လိကျာဇိနှင့် လီရွှေလွေ့တို့ ညီအစ်ကိုမှာ အုပ်စုနှစ်စုကွဲ၍ နေထိုင်ကြသည်။ လိကျာဇိမှ ပေါက်ဖွားသော သားမြေးများမှ ယနေ့ လီဆူလူမျိုးများ ဆင်းသက်ပေါက်ဖွားလာခဲ့ကြသည်။ လိကျာဇိမှ လမြာဖာ၊ နို့ဖာ၊ လီဖာ၊ ကုန်းဖာ၊ ဇစ်ဖာနှင့် ဇာလိဖာဟူ၍ မျိုးနွယ်စု (၁၃) မျိုးကွဲ၍ သွားကြသည်။

လီရွှေလွေ့မှ လားဟူ၊ အီကော၊ မျှောင်၊ ဝ၊ လီတိ စသည့်လူမျိုးများ ပေါက်ဖွားလာသည်ဟုဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



လီဆူလူမျိုးစုမှာ လိကျန်ဒေသတစ်ဝိုက်တွင် နေထိုင်ကြချိန်မှာ ဘီစီ ၂ ရာစုမှ အေဒီ ၂ ရာစုကြားကာလ ဖြစ်ဟန်တူသည်။ အကြောင်းမှာ တရုတ်ပြည် မဟာတံတိုင်းကြီးတည်ဆောက်ရာတွင် တရုတ်ဘုရင်က အဆိုပါတံတိုင်းကြီးတည်ဆောက်ရေးအတွက် လီဆူတို့ကို ခိုင်းစေခြင်း ပြုခဲ့ကြရာတွင် ထိုအလုပ်ကြမ်းဒဏ်ကို မခံနိုင်ကြ၍ တရုတ်ကေရာဓ် ဩဇာအာဏာမှဝေးရာသို့ ပြောင်းရွှေ့နေထိုင်လာကြခြင်းဖြစ်ပေသည်။

လိကျန်ဒေသမှ တစ်ဆင့် တောင်ဘက်နှင့် အနောက်ဘက်အရပ် များသို့ ပြောင်းရွှေ့နေထိုင်လာခဲ့ရာ အေဒီ ၂ ရာစုမှ ၆ ရာစုတွင် "ဝါဘာ" ခေါ် မဲခေါင်မြစ်ဝှမ်းအထက်ပိုင်းနှင့် "နောမိ" ခေါ် သံလွင်မြစ် အထက်ပိုင်းဒေသများသို့ ရောက်ရှိလာခဲ့ကြသည်။ ထိုနေရာဒေသများ တွင် လူဦးရေများပြားလာသောအခါ ရေကြည်ရာမြက်နုရာ အရပ်ဒေသများ ဆီသို့ အသီးသီးပြောင်းရွှေ့နေထိုင်လာခဲ့ကြလေသည်။

"လီဆူအစ လန်ချောင်က" ဟူသော ဆိုရိုးစကားအရ ယခင် "မူ ကူးဒီ" ခေါ်သော ဒေသတွင် နေစဉ်က လီဆူဟူ၍ အမည်မခေါ် သေးပေ။ ၎င်းနောက် ကျိဒူ၊ ကိုးဒူ ဒေသမှတစ်ဆင့် လန်ချောင်ဒေသတွင် နေခဲ့ရသည့် ဘီစီ ၄၀၀ မှ ဘီစီ ၂၀၀ အတွင်း ပထမဆုံးစနေသူမှာ "ဘူချိုကီ" လက်ထက်မှစ၍ လီဆူဟူသော မျိုးနွယ်အုပ်စု စတင်ခဲ့လေ သည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံအတွင်းဝင်ရောက်လာကြပုံ

လီဆူလူမျိုးတို့၏ မူရင်းဒေသသည် တရုတ်နိုင်ငံ "မူကူးဒီ" ဒေသဖြစ်ကြောင်း ဖော်ပြခဲ့ပြီးဖြစ်သည်။ ထို မူကူးဒီမှ တစ်ဆင့် တောင်ဘက်ဒေသများဆီသို့ တဖြည်းဖြည်း ပြောင်းရွှေ့နေထိုင်လာခဲ့ရာတွင် ကမ္ဘာ့နိုင်ငံအသီးသီးသို့ ရောက်ရှိသွားကြသကဲ့သို့ မြန်မာနိုင်ငံသို့လည်း အလုံးအရင်းဖြင့် ဝင်ရောက်နေထိုင်ခဲ့ကြကြောင်း လေ့လာသိရှိရသည်။

လီဆူဟူသော အမည်နာမ စတင်ခေါ်ဝေါ်ခဲ့ရာ လန်ချောင်ဒေသတွင် နေထိုင်ပြီးနောက် လိကျန်ဒေသမှတစ်ဆင့် အနောက်တောင်ဘက် ဝါဘာမူ၊ ရှားကျာမူဒေသများသို့ ရွှေ့ပြောင်းနေထိုင်ကြသည်။ ထင်ရှားသောနေရာများမှာ ဂူမီးကျာဝေါ်ရွာ၊ ဗျာဇဟီရွာ၊ အော်တီးကျာပေါ်ရွာဒေသများမှာ ယားဟာဘာ၊ လာမာဒေ၊ ဂျေဂျီလော်၊ ဂျီမိ၊ ကျော်လော့ တို့ဖြစ်သည်။ ထိုဒေသများမှာ အေဒီ ၈၅၀ တွင် မြန်မာနိုင်ငံမြောက်ဘက်နှင့် မဲခေါင်မြစ်၊ သံလွင်မြစ်ကြောင်းများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြသည်။ ပထမဦးစွာ နေထိုင်ခဲ့ရာဒေသမှာ ချီဖွေမြို့နယ် ဖြားမာဒေသဖြစ်ပေသည်။

တရုတ်နိုင်ငံရှိ လားဒါးကော်လမ်း၊ မိကိကိုလမ်း၊ လာဝါဒါးလမ်း၊ ရှီးခေါ်လမ်း၊ ကော်ဂျိလမ်းတို့မှ အေဒီ ၉ ရာစုခန့်တွင် မြန်မာနိုင်ငံ မြောက်ပိုင်း ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ်ရှိ ချာကျော်ဒေသတွင်



www.burmeseclassic.com

www.burmeseclassic.com





တရုတ်နိုင်ငံ လီဆူအမျိုးသမီးများ

www.burmeseclassic.com

www.burmeseclassic.com


## လီဆူလူမျိုးတို့ ဆင်းသက်လာရာလမ်းကြောင်းပုံ




www.burmeseclassic.com

www.burmeseclassic.com



အခြေစိုက်နေထိုင်ခဲ့ကြသည်။ (ခေါင်လန်းဖူးကို ရှေးယခင်က ခေါ်ဘူဒဲမြို့ဟုလည်း ခေါ်သည်) ထိုမှတစ်ဆင့် နောင်မွန်း၊ ပူတာအို၊ မချမ်းဘော၊ ဆွမ်ပရာဘွမ်၊ မြစ်ကြီးနား၊ တနိုင်းမြို့နယ်များသို့လည်းကောင်း၊ စစ်ကိုင်းတိုင်း၊ ခန္တီးမြို့နယ်သို့လည်းကောင်း ပြောင်းရွှေ့နေထိုင်လာခဲ့ကြသည်။

သံလွင်မြစ် မြောက်ပိုင်းဒေသများမှလည်း ဝင်ရောက်နေထိုင်လာကြသည်ကို လေ့လာသိရှိရသည်။ ချိဗျာကော်လမ်း၊ မာရိကော့လမ်း၊ တော်ကားဟော့လမ်း စသည့်နယ်စပ်တောင်ကြားလမ်းများမှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ပြီး ချီဖွေမြို့နယ်၊ ဘာတူခေါ်တွင် အေဒီ ၈၅၀ ခန့်တွင် ရောက်ရှိနေထိုင်ခဲ့ကြသည်။ ချီဖွေမြို့နယ်တွင် လူဦးရေများပြားလာသည်နှင့်အမျှ ဆော့လော်၊ ထော့ဂေါ့၊ လောခေါင်၊ ပိုင်းမော်၊ ဆဒုံး၊ ဆမား၊ ဗန်းမော်၊ မြစ်ကြီးနားမြို့နယ်များသို့ ပြောင်းရွှေ့နေထိုင်လာခဲ့ကြပြန်သည်။ ထိုဒေသများမှတစ်ဆင့် မန္တလေး၊ ကွတ်ခိုင်၊ နမ့်စန်၊ နမ္မတူ၊ ခန္တီး၊ နန့်ဟုန်း၊ တောင်ကြီး၊ လွယ်လင်ဒေသများတွင် ရောက်ရှိသွားကြသည်။

သံလွင်မြစ်မြောက်ပိုင်း ယားဟာဘာဒေသမှတစ်ဆင့် သံလွင်မြစ်တစ်လျှောက် ဆင်းသက်သွားရာတွင် ရှမ်းပြည်နယ်နှင့် မြောက်ပိုင်း ကိုးကန့်နယ်သို့ အေဒီ ၁၃၀၀ ခန့်တွင် ဝင်ရောက်နေထိုင်ကြသည်။ ကိုးကန့်ဒေသများမှတစ်ဆင့် ရှမ်းပြည်နယ် အနှံ့အပြားသို့ လီဆူလူမျိုးများ ရောက်ရှိနေထိုင်လာခဲ့ကြသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# လီဆူလူမျိုးများ ပျံ့နှံ့နေထိုင်ခြင်း

“နော့မိ” ခေါ် သံလွင်မြစ်အထက်ပိုင်းဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအရပ်ဒေသအသီးသီးသို့ ရွှေ့ပြောင်းရောက်ရှိခဲ့ရာတွင် ဆော့လော်ဒေသ၊ ဂျီမွန်ဒေသနှင့် ကိုးကန့်ဒေသများသို့ အုပ်စု (၃) စုကွဲ၍ ဆင်းသက်လာကြသည်။

ဆော့လော်ဒေသမှတစ်ဆင့် အေဒီ ၉၀၀ ခန့်တွင် ဂျီကဒီးဟူသော နေရာသို့ ရောက်ရှိခဲ့ကြသည်။ ၎င်းဒေသများမှာ မြန်မာနိုင်ငံအတွင်းရှိပါသည်။ ဂျီကဒီးမှတစ်ဆင့် နီတားဒီ၊ ဂျီဒူဖာနှင့် ကတားဒီဒေသများသို့ ရောက်ရှိခဲ့ကြသည်။

ဂျီမွန်ဒေသသို့ရောက်ရှိလာသော လီဆူလူမျိုးတို့မှာ “ဒါအီး” ခေါ်သောနေရာသို့လည်းကောင်း၊ ထိုမှတစ်ဆင့် “ချေလက်မီ” ဟုခေါ်သော နေရာသို့လည်းကောင်း ရောက်ရှိခဲ့ကြသည်။ ထိုနေရာဒေသများမှာ မြန်မာနယ်စပ်များဖြစ်ပါသည်။ ထိုမှတစ်ဆင့် “ဘဝီခေါ်” ဟူသော နေရာသို့ ရောက်ရှိခဲ့ကြသည်။ “ဘဝီခေါ်” အရပ်မှတစ်ဖန် မြန်မာနိုင်ငံအတွင်း “ဖြားမာ” ဒေသသို့ အေဒီ ၈၅၀ တွင် ရောက်ရှိလာခဲ့ကြသည်။ ၎င်းဖြားမာမှတစ်ဆင့် ဆဒုံး၊ ဆမားဒေသများ၊ ဗန်းမော်ဒေသများသို့ အသီးသီးပြောင်းရွှေ့သွားကြသည်။

ဗန်းမော်ဒေသသို့ ရောက်ရှိလာသော လီဆူလူမျိုးများသည် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်ဒေသများ၊ ရှမ်းပြည်နယ် လွယ်လင်၊ တောင်ကြီးမြို့နယ်ဒေသများနှင့် အခြားဒေသများသို့ ရောက်ရှိခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



"တဟာပါး" ဒေသသို့ ရောက်ရှိလာသော အေဒီ ၁၂၀၀ ခန့်တွင် လီဆူလူမျိုးများသည် ရှမ်းပြည်နယ်၊ ကိုးကန့်ဒေသသို့ ရောက်ရှိကြပြီး ထိုမှတစ်ဆင့် ရှမ်းပြည်နယ်မြောက်ပိုင်းနှင့် တောင်ပိုင်းဒေသများသို့လည်းကောင်း၊ ထိုင်းနိုင်ငံသို့လည်းကောင်း၊ အသီးသီးပြောင်းရွှေ့ရောက်ရှိသွားကြသည်။

အချို့မှာ ဗီယက်နမ်နိုင်ငံ၊ လောနိုင်ငံနှင့် ထိုင်းနိုင်ငံများသို့ ရောက်ရှိသွားကြသည်။

အေဒီ ၉ ရာစုခန့်မှစ၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်နေထိုင်လာခဲ့ကြသော လီဆူတို့သည် ရေကြည်ရာမြက်နုရာ ရှာဖွေရင်း တဖြည်းဖြည်းပြောင်းရွှေ့နေထိုင်လာခဲ့ကြသည်။ ယခုအခါ ကချင်ပြည်နယ်ရှိ မြို့နယ်များအားလုံးတွင် လီဆူလူမျိုးများ ပျံ့နှံ့နေထိုင်လျက်ရှိကြသည်။

ရှမ်းပြည်နယ်တွင် မိုးမိတ်၊ ကွတ်ခိုင်၊ လားရှိုး၊ နောင်ချို၊ နမ္မတူ၊ နမ့်ခမ်း၊ နမ့်စန်၊ တောင်ကြီး၊ ကျောက်မဲ၊ သီပေါ၊ ဖယ်ခုံ၊ ဆီဆိုင်၊ ဟိုပန်၊ ဟိုပုံး၊ မိုင်းပန်၊ မိုင်းရှူး၊ မိုင်းလုံမြို့နယ်များတွင် ပျံ့နှံ့နေထိုင်ကြသည်။

မန္တလေးတိုင်းတွင် မိုးကုတ်နှင့် ပြင်ဦးလွင်မြို့နယ်များ၊ စစ်ကိုင်းတိုင်းတွင် ကသာ၊ အင်းတော်၊ နန်းယွန်း၊ ထီးချိုင့်မြို့နယ်များတွင် ပျံ့နှံ့နေထိုင်ကြသည်။

လီဆူတို့သည် အသက်မွေးဝမ်းကျောင်း လုပ်ကိုင်ခြင်း၊ ခေတ်နှင့်အညီ အတွေးအခေါ် အသိအမြင်များ ရင့်ကျက်လာခြင်း၊ မိသားစုဘဝအဆင်ပြေမည့်မြေခံရေခံတွင် နေထိုင်ခြင်း၊ ဘာသာရေးအရ အသင်းတော်များ အသင်းအဖွဲ့များတွင် ပါဝင်နေထိုင်ကြခြင်းကြောင့် မြန်မာနိုင်ငံအတွင်း လီဆူတို့ မူရင်းဒေသများမှသည် အနယ်နယ်အရပ်ရပ်သို့ ပျံ့နှံ့နေထိုင်ကြခြင်း ဖြစ်လေသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# မျိုးနွယ်စုများ

လီဆူမျိုးနွယ်စုများသည် အမျိုးအမည်အားဖြင့် ကွဲပြားခြားနားများပြားမှုရှိသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်ထောင်ကျော်ကာလကပင်စတင်၍ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာခဲ့ခြင်းဖြစ်ရာ လီဆူ မျိုးနွယ်စုပေါင်းများစွာ ရှိခဲ့ပြီးဖြစ်သည်။

အချို့မျိုးနွယ်များသည် သီးခြားအဓိပ္ပာယ်များရှိသော်လည်း အချို့မျိုးနွယ်စုများသည် အဓိပ္ပာယ်သီးခြားမတွေ့ရပေ။ ထင်ရှားသော လီဆူမျိုးနွယ်စုများမှာ အောက်ပါတို့ဖြစ်သည်။

| | | |
|---|---|---|
| ငွားဖာ | = | ငါးမျိုး |
| နော့ဖာ | = | ပဲပုပ်မျိုး |
| ဗျာဖာ | = | ပျားမျိုး |
| ဝေါဖာ | = | ဟင်းရွက်မျိုး |
| ရိုးဖာ | = | ကြိမ်မျိုး |
| ဟင်းဖာ | = | ကြွက်မျိုး |
| လာဖာ | = | ကျားမျိုး |
| ဓီဖာ | = | ဂုန်လျှော်မျိုး |
| ငွာဖာ | = | မုယောစပါးမျိုး |
| လမြာဖာ | = | ရုပ်ဝတ္ထုမရှိသောအမျိုး |



www.burmeseclassic.com

www.burmeseclassic.com



ဇစ်ဖာ = ထင်းမျိုး

လဲမဲ့ဖာ = အရသာမရှိသောအမျိုး

သောင်းဖာ = ရုပ်ဝတ္ထုမရှိသောအမျိုး

ဂူဖာ = ဓီးကွက်မျိုး

တွန်ဖာ = ရုပ်ဝတ္ထုရှိသောအမျိုး

ခေါ်ဖာ = ရုပ်ဝတ္ထုမရှိသောအမျိုး

ဇော်ဖာ = ရုပ်ဝတ္ထုမရှိသောအမျိုး

ဒီဖာ = ရုပ်ဝတ္ထုမရှိသောအမျိုး

လီဖာ = သစ်ပင်မျိုး

ယင်းဖာ = နှံပြည်စုတ်ငှက်မျိုး

ချာဖာ = လက်ဖက်မျိုး

ယန်ဖာ = ဆိတ်မျိုး

ဇာလိဖာ = ပိုးဇာမျိုး

ထို့ပြင် အမည်မသိ အခြားအမျိုးအမည်ကွဲပေါင်း (၆၀) ကျော်ရှိသေးသည်ဟုလည်းဆိုပါသည်။ လီဆူတို့၏ ဆွေမျိုးနွယ်စုအမည်များမှာ သစ်ပင်နှင့် တိရစ္ဆာန်တို့၏အမည်များမှ ရယူမှည့်ခေါ်ထားခြင်းဖြစ်ကြောင်း တွေ့ရသည်။ ရှေးအခါက တောတောင်ထဲတွင် ကျင်လည်သွားလာရပြီး သစ်တောသစ်ပင်များ၊ သားရဲတိရစ္ဆာန်များဖြင့် ကြုံတွေ့ရင်ဆိုင်နေရခြင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများလုပ်ဆောင်ခြင်း၊ အမဲလိုက်ခြင်းများဖြင့်သာ အသက်မွေးဝမ်းကျောင်းပြုကြခြင်းများကြောင့် လီဆူတို့၏ ဆွေမျိုးနွယ်စု အမည်မှည့်ခေါ်ရာတွင်လည်း သစ်ပင်များ၊ သတ္တဝါများအမည်ကိုသာ မှည့်ခေါ်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ရုပ်လက္ခဏာနှင့် စိတ်နေသဘောထား

လီဆူလူမျိုးများသည် မွန်ဂိုမျိုးနွယ်များဖြစ်ကြ၍ တိဘက်မြန်မာ အုပ်စုဝင်များဖြစ်သည်။ ထို့ကြောင့် လီဆူတို့၏ ရုပ်ပိုင်းသွင်ပြင်သဏ္ဍာန် များမှာ မွန်ဂိုလွိုက်မျိုးနွယ်တို့နှင့် တူညီမှုရှိသည်ဟု မှတ်ယူနိုင်သည်။

မျက်နှာသွင်ပြင်မှာ လေးထောင့်ပုံသဏ္ဍာန်ရှိသည်။ ပါးရိုးမှာ မြင့်ပြီး ပေါ်လွင်မှုရှိသည်။ နှာတံမှာ ပေါ်လွင်ထင်ရှားပြီး အနည်းငယ် မြင့်မောက်ပွသယောင်ရှိသည်။ မျက်ခုံးထူ၍ မည်းနက်ပြီး မျက်လုံးပေါက် မှာ ဗမာတို့နှင့် တစ်ထေရာတည်းတူသည်။ ဆံပင်မှာ များသောအားဖြင့် အနက်ရောင်ရှိပြီး ဆံပင်သန်၍ ဖြောင့်သည်။ အသားအရည်မှာ ဖြူဝါ ရောင်၊ ညိုဝါရောင်တို့ဖြစ်သည်။

အရပ်အမောင်းမှာ အမျိုးသားများသည် ပျမ်းမျှအရပ် ၅ ပေ ၆ လက်မခန့်ရှိကြ၍ အမျိုးသမီးများမှာ ပျမ်းမျှ ၅ ပေ ၂ လက်မ ခန့် ရှိကြသည်။ ကိုယ်ထည်မှာလည်း တုတ်ခိုင်မှုရှိကြောင်း တွေ့ရသည်။ အချို့မှာ ပြေပြစ်မှုရှိသည်။

လီဆူတို့သည် တင်းတိမ်ရောင့်ရဲသော လူမျိုးများဖြစ်သည်။ လုံ့လ ဝီရိယရှိသည်။ ရိုးသားဖြောင့်မတ်သည်။ ညှော်ဝတ်ကျေပွန်မှုရှိကြသည်။ တောတောင်ထဲတွင် တောင်ယာလုပ်ငန်း၊ အမဲလိုက်လုပ်ငန်း၊ စိုက်ပျိုးရေး လုပ်ငန်းများဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများဖြစ်၍ လောဘ



www.burmeseclassic.com

www.burmeseclassic.com



သိပ်မကြီးပေ။ သားရဲတိရစ္ဆာန်များနှင့် တွေ့ကြုံမှုလည်းရှိကြသဖြင့် အသက်အန္တရာယ်အတွက် လုံ့လ၊ ဝီရိယ ရှိကြသည်။ စားဝတ်နေရေးအတွက် လုံ့လ၊ ဝီရိယထား၍ လုပ်ကိုင်ကြသည်။

ထို့ပြင် လီဆူလူမျိုးတို့သည် ပြစ်မှုကြီးငယ် ပေါ်ပေါက်လာမှု နည်းပါးသည်။ ကချင်မျိုးနွယ်စုဝင် (၆) မျိုးအနက် တစ်မျိုးဖြစ်သော ဂျိန်းဖော၊ လော်ဝေါ်၊ လာချိဒ်၊ ဇိုင်ဝါး၊ ရဝမ် ကဲ့သို့ အုပ်ချုပ်ရေးတွင် မြေပိုင်၊ မြေရှင်၊ ဒူဝါ၊ နယ်ပိုင်၊ တောင်ပိုင်နှင့် မြေရှင်ကဲ့သို့သော ဒူဝါ လူတန်းစား၊ အုပ်ချုပ်သူလူတန်းစား စသည်တို့ မရှိခြင်း၊ ရှမ်းလူမျိုးများကဲ့သို့ စော်ဘွားအုပ်ချုပ်မှုမျိုး မရှိခြင်းကြောင့် အားလုံးက ကျေးရွာဒေသတစ်ခုအတွင်း၌ ဩဇာတိက္ကမရှိသူကို လူကြီးတင်မြှောက်၍ ၎င်းလူကြီး၏ စီရင်ဆုံးဖြတ်မှုကို လိုက်နာကြသည်။

ဧည့်ဝတ်ကျေပွန်မှုမှာလည်း လီဆူလူမျိုးများသည် အလွန်အံ့ဩစရာကောင်းသည်။ ဆင်းရဲချမ်းသာမရွေး၊ မျက်နှာကြီးငယ်မရွေး၊ လူမျိုးမရွေး၊ သူစိမ်းသူကျက်မရွေး၊ အိမ်တွင်နေထိုင်စဉ် ကာလတစ်လျှောက် မည်မျှပင်ကြာစေ နေရာထိုင်ခင်းပေးခြင်း၊ အကျွေးအမွေး အစားအသောက်များဖြင့် ကြည်ဖြူစွာဧည့်ခံတတ်ခြင်းတို့ရှိသည်။ အချို့ဧည့်သည်များသည် လနှင့်ချီ၍ နေထိုင်ကြသည့်တိုင် အိမ်ရှင်က ကြည်ဖြူစွာ ဧည့်ဝတ်ပြုသည်ကို တွေ့ရသည်။ မြို့ရွာဒေသအလိုက် ကုန်ဈေးနှုန်းကြီးမြင့်မှု၊ ဆင်းရဲနွမ်းပါးမှု စသည့်အကြောင်းတရားများကို ထည့်သွင်းစဉ်းစားခြင်းမရှိဘဲ ဧည့်သည်အပေါ်ထားရှိသော လီဆူအိမ်ရှင်များ၏ ဧည့်ဝတ္တရားကျေပွန်မှုမှာ နှစ်သက်ဖွယ်ကောင်းသကဲ့သို့ အံ့ဩလေးစားဖွယ်လည်းဖြစ်ပေသည်။

ရဲစွမ်းသတ္တိရှိရာတွင်လည်း လီဆူတို့သည် စံနမူနာယူလောက်သော သာဓကများရှိသည်။ နယ်ချဲ့အင်္ဂလိပ်များ၊ ဖက်ဆစ်ဂျပန်များကို တွန်းလှန်ရာတွင်လည်း နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းလက်တွဲ၍ တိုက်ခိုက်ခဲ့သော သာဓကများစွာ ရှိခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com




မြစ်ကြီးနားနယ် လီဆူအမျိုးသားနှင့် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com

## လီဆူတို့၏ မူလအမည်နာမနှင့် အမည်ခေါ်ပုံ

လီဆူလူမျိုးတို့၏ မူလအမည်မှာ လီဆူဟူ၍သာဖြစ်သည်။ အခြားအမည်ကွဲမရှိပါ။ ရှေးပဝေသဏီမှစ၍ ယနေ့တိုင် အပြောင်းအလဲမရှိပေ။ လီဆူဟူသောအမည်ကို မည်သည့်အချိန်မှစ၍ မည်သူက ခေါ်ဝေါ်ခဲ့သည်ကို တိကျစွာမသိရသော်လည်း ယခုအခါ အာရှတိုက်တွင်နေထိုင်ကြသော လီဆူစကားပြောဆိုကြသူအားလုံးတို့သည် မိမိတို့အမျိုးကို လီဆူလူမျိုးဟု ခေါ်ဝေါ်ကြသည်။

မနုဿဗေဒပညာရှင်များ အဆိုအရလည်းကောင်း၊ သမိုင်းသုတေသီများ၏ မှတ်တမ်းပြုချက်အရလည်းကောင်း လီဆူလူမျိုးသည် တိဘက်မြန်မာအနွယ်ဝင်ဖြစ်ပြီး လိုလိုမှဆိုးအုပ်စုတွင် ပါဝင်ကြောင်းဖော်ပြထားသည်။ သို့သော် လီဆူလူမျိုးကို အချို့က လီစူး၊ လီဆို၊ လီရှော၊ ရောရင်၊ ချီးရှန်၊ လီဆူး ဟူ၍ ခေါ်ဝေါ်ခြင်းမှာ မမှန်ကန်သော အခေါ်အဝေါ်များဖြစ်ပြီး လီဆူတို့၏မူလအမည်မှန်မှာ လီဆူဟူ၍သာဖြစ်သည်။ အချို့မှာ လူမျိုးအမည်ကိုဖြစ်စေ၊ အရာဝတ္ထုအမည်ကိုဖြစ်စေ သီးခြားစကားတစ်လုံးချင်း (သို့) စကားလုံးများပေါင်းစပ်၍ အဓိပ္ပာယ်ဖွင့်ဆိုခြင်းများရှိနေရာ ဤနေရာတွင် လီဆူဟူသောအမည်မှာ မူလအမည်အတိုင်း သီးသန့်ဖြစ်ရာ ပြည့်စုံသောစကား၊ ပြည့်စုံသောအဓိပ္ပာယ်၊ ပြည့်စုံသောအမည်ဖြစ်ကြောင်း သိရှိရပေသည်။



www.burmeseclassic.com

www.burmeseclassic.com



လီဆူတိုင်းရင်းသားများ၏အမည် မှည့်ခေါ်ပုံမှာ စိတ်ဝင်စားစရာကောင်းလှသည်။ မှတ်သားရလွယ်ကူသည်။ နာမည်ကို ကြားရုံဖြင့် သားကြီး၊ သားလတ်၊ သားငယ်၊ ပထမသား၊ ဒုတိယသား စသည်ဖြင့် သိနိုင်သည်။ ထို့အတူ သမီးကြီး၊ သမီးလတ်၊ သမီးငယ်၊ သမီးထွေး စသည်ဖြင့်လည်း သိရှိနိုင်သည်။ အမည်မှည့်ခေါ်ရာတွင် လီဆူလူမျိုးစုကို အခြေခံ၍ မှည့်ခေါ်ကြောင်းလည်း တွေ့ရသည်။ ထို့အတူ နေရာဒေသအရ ကွဲပြားမှုရှိကြောင်းလည်း သတိထားမိသည်။ အထူးသဖြင့်ကား လီဆူတို့၏ အမည်မှည့်ခေါ်ပုံတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း မိုးကုတ်နှင့် အခြားသောဒေသများမှ အမည်မှည့်ခေါ်ပုံများနှင့် ကချင်ပြည်နယ် ပူတာအိုမြို့နယ်၊ မချမ်းဘောမြို့နယ်ဒေသများ၏ အမည်မှည့်ခေါ်ပုံတို့မှာ ကွဲပြားခြားနားမှုရှိသည်။ သို့သော်လည်း နာမည်ကိုခေါ်လိုက်ရုံဖြင့် ပူတာအို၊ မချမ်းဘောမြို့နယ် ဒေသများ၏ အမည်မှည့်ခေါ်ပုံတို့မှာ ကွဲပြားခြားနားမှုရှိသည်။ သို့သော်လည်း နာမည်ကိုခေါ်လိုက်ရုံဖြင့် ပူတာအို၊ မချမ်းဘောဒေသမှ လီဆူဟုတ်မဟုတ်ကိုလည်း အလွယ်တကူ ခွဲခြားနားလည်နိုင်ပေသည်။

သာဓကအားဖြင့် ငွားဆွေမျိုးစု (ငါးမျိုး) မိသားစု၏ အမည်ခေါ်ပုံကို တင်ပြလိုပါသည်။

| **အရေအတွက်** | **သား** | **သမီး** |
|---|---|---|
| ပထမ | ငွားတား | ငွားမီး |
| ဒုတိယ | ငွားလေး | ငွားမလေး |
| တတိယ | ငွားဆော | ငွားမဆော |
| စတုတ္ထ | ငွားဆီ | ငွားမဆီ |

www.burmeseclassic.com

www.burmeseclassic.com



| | | |
|---|---|---|
| ပဉ္စမ | ငွားရူ | ငွားမရူ |
| ဆဋ္ဌမ | ငွားလူး | ငွားမလူး |
| သတ္တမ | ငွားချီး | ငွားမချီး |
| အဋ္ဌမ | ငွားပါး | ငွားမပါး |
| နဝမ | ငွားကြူ | ငွားမကြူ |
| ဒသမ | ငွားမယ်/မင်း | ငွားမမယ်/မင်း |

ထို့အတူ အခြားဆွေမျိုးအမည်များကို မှည့်ခေါ်လျှင်လည်း ငွားနေရာတွင် လမြာ၊ ခေါ၊ ဝေါ၊ လီစသည်ဖြင့် ထည့်၍ မှည့်ခေါ်ခြင်းမျိုးဖြစ်သည်။

သားသမီးများအမည်ကို မှည့်ခေါ်ရာတွင် ပထမသားကြီးမွေး၍ ငွားတားဟုခေါ်ပြီး ဒုတိယသမီးကို ငွားမလေးဟု မှည့်ခေါ်ရခြင်းမျိုး မဟုတ်ပေ။ ပုံစံအားဖြင့် သား (၄) ယောက်မွေးပြီးမှ သမီးထပ်မွေးလျှင်လည်း သမီးများထဲမှ ပထမဆုံးမွေးသူဖြစ်၍ ငွားမီးဟုသာမှည့်ခေါ်သည်။ သားသမီး (၅) ယောက်ဖြစ်၍ (၅) ယောက်မြောက်ဖွား သမီးမိန်းကလေးဖြစ်သည်ဟုဆိုကာ ငွားမရူဟု မှည့်ခေါ်ခြင်းမပြုဘဲ ငွားမီးဟုသာ မှည့်ခေါ်ရခြင်းဖြစ်သည်။

အလားတူ သမီးများချည်းမွေးပြီး သတ္တမမြောက်ကလေးမှာ ယောကျ်ားလေးဖြစ်၍ သတ္တမမြောက်နာမည် ငွားချီးဟု မမှည့်ခေါ်ပေ။ သားများထဲတွင် ပထမဆုံးသားဖြစ်၍ ငွားတားဟူ၍သာ မှည့်ခေါ်ရသည်။

ကချင်ပြည်နယ်၊ ပူတာအိုဒေသရှိ လီဆူလူမျိုးများ၏ မှည့်ခေါ်ပုံမှာ တစ်မျိုးတစ်ပုံစံဖြစ်ပါသည်။ သာဓကအားဖြင့် ငွားဆွေမျိုးရှိ မိသားစုဝင် အမည်မှည့်ခေါ်ပုံကိုပင် တင်ပြလိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



| အရေအတွက် | သား | သမီး |
|---|---|---|
| ပထမ | ငွားဖူး | ငွားနာ |
| ဒုတိယ | ငွားတိ | ငွားညီ |
| တတိယ | ငွားခိ | ငွားချာ |
| စတုတ္ထ | ငွားဆီ | ငွားတူ |
| ပဥ္စမ | ငွားပြီး | ငွားဂီ |
| ဆဋ္ဌမ | ငွားဂို | ငွားဆီ |
| သတ္တမ | ငွားတီး | ငွားရှယ် |
| အဋ္ဌမ | ငွားဂယ် | ငွားနေ |
| နဝမ | ငွားဖူ | ငွားဖီ |
| ဒသမ | ငွားထူ | ငွားခူ |

ပူတာအိုဒေသ လီဆူတိုင်းရင်းသားတို့၏ အမည်မှည့်ခေါ်ရာတွင်လည်း ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မန္တလေးတိုင်း၊ စစ်ကိုင်းတိုင်းဒေသရှိ လီဆူလူမျိုးများ၏ သားသမီး၊ အကြီးအငယ် မှည့်ခေါ်ပုံကဲ့သို့ တူညီလှပေသည်။ သားယောကျ်ားလေးချည်း (၃) ဦး မွေးပြီးမှ စတုတ္ထမြောက်မှာ သမီးမိန်းကလေးမွေးသော်လည်း ငွားတူမမှည့်ခေါ်ပေ။ ငွားနာဟု မှည့်ခေါ်ရသည်။ အဘယ့်ကြောင့်ဆိုသော် သမီးမိန်းကလေးများထဲမှ ပထမဆုံးသမီးအကြီးဖြစ်၍ ငွားတူဟုမခေါ်ရဘဲ ငွားနာဟုသာ ခေါ်ရခြင်းဖြစ်သည်။ ထို့အတူ သမီးမိန်းကလေးများ (၃) ဦးမွေးပြီးမှ သားယောကျ်ားလေး စတုတ္ထမြောက်သားဖြစ်၍ ငွားဆီးဟုမမှည့်ခေါ်ရပေ။ သားယောကျ်ားလေး ပထမဆုံးဖြစ်၍ ငွားဖူးဟု မှည့်ခေါ်ရသည်။

www.burmeseclassic.com

www.burmeseclassic.com



လီဆူတိုင်းရင်းသားလူမျိုးများ၏ အမည်မှည့်ခေါ်ပုံသည် ၎င်းတို့၏ ရိုးရာယဉ်ကျေးမှုကိုအခြေခံ၍ မှည့်ခေါ်ထားခြင်းကြောင့် မှတ်သားရာ၌ လွယ်ကူ၍ စိတ်ဝင်စားဖွယ်ကောင်းသော အမည်မှည့်ခေါ်နည်းဖြစ်ကြောင်း သိရှိနိုင်ပေသည်။

တစ်ဖန် လီဆူတို့သည် ဖမျိုးယူစနစ်ကို အခြေခံ၍လည်းကောင်း၊ မျိုးရိုးတူစုကို အဓိကထား၍လည်းကောင်း၊ နာမမှည့်ခေါ်မှုရှိကြသည်။ သို့ဖြစ်၍ မည်သည့်လူမျိုးများနှင့် မတူညီသော အမည်မှည့်ခေါ်ပုံမှာ စိတ်ဝင်စားဖွယ်ဖြစ်ပေသည်။

ကမ္ဘာ့သမိုင်းတွင် ပြင်သစ်၌ ဟင်နရီဟူသောအမည်ကို ''ဟင်နရီ ၄'' ၊ ဟင်နရီ၅၊ ဟင်နရီ၆ စသည်ဖြင့်လည်းကောင်း မှည့်ခေါ်ထားကြောင်း တွေ့ရသည်။ သို့သော် ထိုသို့နာမည်မှည့်ခေါ်မှုမှာ မူလနာမည် တစ်ခုကို အခြေခံပြီး သားစဉ်မြေးဆက် ''ဟင်နရီ'' ဟူသောနာမည်၊ ''လူဝီ'' ဟူသောနာမည်ကို အမှတ်စဉ်တပ်၍ မှည့်ခေါ်ခြင်းဖြစ်သည်။ ဗမာလူမျိုးများကမူ ဖခင်နာမည်ကို သို့မဟုတ် မိခင်နာမည်ကိုထည့်၍ သားသမီးနာမည်ကို မှည့်ခေါ်လာသည်ကို တွေ့ရသည်။ ဥပမာ- ဦးမောင်ဖော်၏ သားသမီးများကို မောင်သီဟဖော်၊ မောင်ဝဏ္ဏဖော်၊ မသီရိဖော်၊ မခင်မာဖော် စသည်ဖြင့် ခေါ်တတ်ကြသည်။ မိခင် ဒေါ်ခင်သန္တာဦး၏ သားသမီးများကို မောင်ခင်မောင်ဦး၊ မောင်တေဇာဦး၊ မအိသန္တာ၊ မမျိုးသန္တာ စသည်ဖြင့် မှည့်ခေါ်တတ်ကြသည်။ ထို့အတူ မွေးနေ့၊ မွေးနံ အလိုက် မှည့်ခေါ်သည်မျိုးလည်း ရှိသည်ကို တွေ့ရသည်။

သို့သော် လီဆူတို့၏ အမည်မှည့်ခေါ်ပုံကား ထိုသို့မဟုတ်၊ မည်သည့်လူမျိုးများနှင့်မျှ မတူညီဘဲ အဘိုးနာမည်၊ အဘိုးနာမည်၊ ဖခင် နာမည်များနှင့် တိတိကျကျ တူညီမှုရှိတတ်ကြသည်။ ထိုသို့တူညီမှုသည်

www.burmeseclassic.com

www.burmeseclassic.com



တူညီစေရန် မှည့်ခေါ်ကြခြင်းမျိုး၊ တူညီမှုရှိရန် အဘိ၊ အဘိုး၊ ဖခင်တို့၏ နာမည်ကိုထည့်၍ မှည့်ခေါ်ခြင်းမျိုးကားမဟုတ်ချေ။ နာမည်မှည့်ခေါ်ပုံ၊ နာမည်ပေးပုံမှာ မျိုးရိုးတူစုအလိုက် သားသမီးဦးရေအရ အကြီး၊ အငယ်၊ အလတ်ကို အခြေခံပေးခြင်းဖြစ်ရာ အမည်တူညီမှုများ ရှိလာရလေတော့သည်။

သာဓကအားဖြင့် ငွားမျိုးနွယ်စုတို့၏ စတုတ္ထမြောက်သား ဦးငွားဆီမှ ဖခင် ဦးငွားဆီ၊ သား ဦးငွားဆီ ဟူ၍ ရှိနိုင်သည်။ နာမည်တူရှိနိုင်သည်။ ဤသို့နာမည်တူကြရသည့်အကြောင်းမှာ လီဆူတို့၏ နာမည်မှည့်ခေါ်ပုံမှာ ပင်လျှင် သား (စတုတ္ထ) မြောက် သားတိုင်းသည် ဦးငွားဆီပင်ဖြစ်ရပေသည်။

ဗျာမျိုးဆိုလျှင် ဦးဗျာလေးသည် ဒုတိယမြောက်သားကို ခေါ်ခြင်းဖြစ်ရာ ၎င်းမှ ဒုတိယသားကို မွေးလျှင် ဗျာလေးဟုပင်မှည့်ခေါ်ရလေရာ ဖခင်နှင့်သား နာမည်တူရတော့သည်။ ၎င်းသားဗျာလေးမှ တစ်ဖန် ဒုတိယသားကို မွေးလျှင်လည်း ဗျာလေးဟုပင် မှည့်ခေါ်ရပြန်ရာ အဘိုး၊ ဖခင်၊ သားတို့မှာ နာမည်တူရလေသည်။ ထို့အတူ သားဗျာလေးမှ တစ်ဖန် ဒုတိယသားမွေးလျှင်လည်း ဗျာလေးဟုပင် မှည့်ရသဖြင့် အဘိ၊ အဘိုး၊ ဖခင်၊ သားတို့သည် ဆက်ကာဆက်ကာ နာမည်တူရခြင်းဖြစ်ရာ မျိုးရိုးအရ နာမည်တူညီရလေသည်။

သို့သော် သမီးတို့၏ နာမည်တွင်မူ မည်သည့်အခါမှ အမေနှင့် သမီး နာမည်တူညီမှု မရှိနိုင်ပေ။ အကြောင်းမှာ ဖခင်မျိုးနွယ်စု ဖခင်နာမည်ကိုသာ နာမည်မှည့်ခေါ်သောကြောင့် မိခင်နာမည်နှင့် အမည်မှည့်ခေါ်သောကြောင့် မိခင်နာမည်နှင့် အမည်မှည့်ခေါ်လေ့မရှိသောကြောင့်ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ဥပမာ- ဒေါ်ဂူမဆီးသည် စတုတ္ထမြောက်သမီးကို မွည့်ခေါ်ခြင်းဖြစ်ရာ ၄င်း၏ မွေးသော စတုတ္ထမြောက်သမီးကို ဂူမဆီးဟူ၍ မွည့်ခေါ်၍ မရပေ။ ဂူမျိုးအမျိုးသမီးနှင့် လက်ထပ်သူမှာ ဂူမျိုးတူ မဖြစ်ရသောကြောင့် ဂူမျိုးမှလွဲသော အမျိုးသားနှင့်သာ အိမ်ထောင်ပြုရသဖြင့် (ဂူမျိုးဖခင်မဟုတ်သဖြင့်) ဂူမဆီးဟူ၍ မွည့်ခေါ်ခြင်းမပြု။ သို့ဖြစ်ရာ ဂူမဆီးဟူ၍ တူညီနိုင်စရာ အကြောင်းမရှိတော့ချေ။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

## ဗမာစကားနှင့်တူညီသော လီဆူစကားများ

မြန်မာနိုင်ငံတွင် မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးနွယ်စု တို့သည် ရှေးပဝေသဏီနှစ်များစွာကပင် အေးအတူပူအမျှ ဥမကွဲသိုက် မပျက် စုစည်းနေထိုင်လာခဲ့ကြသည်ကို သမိုင်းက သက်သေခံလျက်ရှိ ပေသည်။

ထိုလူမျိုးနွယ်စုတို့သည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်ကြ ရာတွင် မနုဿဗေဒအဆိုအရ မွန်ဂိုမျိုးနွယ်မှ ပေါက်ဖွားဆင်းသက်ခဲ့ကြ သည်ဟု သိရသည်။ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ရာတွင်လည်း အုပ်စု (၃) စုခွဲ၍ ဝင်ရောက်ခဲ့ကြသည်ဟု ဆိုပါသည်။ ထိုအုပ်စုများမှာ မွန်ခမာအုပ်စု၊ တိဘက်မြန်မာအုပ်စုနှင့် ထိုင်း၊ တရုတ်အုပ်စုတို့ဖြစ်သည်။ ပထမဦးစွာ ဝင်ရောက်လာသူများမှာ မွန်ခမာအုပ်စုဖြစ်သည်။ တိဘက် မြန်မာအုပ်စုသည် မွန်ခမာအုပ်စုကြီး ဝင်ရောက်လာပြီးနောက်မှ ဝင်ရောက်ခဲ့ ကြခြင်းဖြစ်ပြီး၊ ထိုင်းတရုတ်အုပ်စုကမူ နောက်ဆုံးဝင်ရောက်ခဲ့ကြခြင်း ဖြစ်သည်။

ဤသို့ အုပ်စုများခွဲ၍ ဝင်ရောက်လာကြရာတွင် ဒုတိယဝင်ရောက်ခဲ့ သည့် တိဘက်မြန်မာအုပ်စုသည် အုပ်စု (၃) စု ခွဲ၍ လမ်းကြောင်းသုံးသွယ် မှ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်လာခဲ့ကြလေသည်။ ၎င်းတို့မှာ မြန်မာ နှင့် ရှေးဦးမြန်မာအုပ်စု၊ ချင်း၊ ကချင်အုပ်စုနှင့် လိုလိုမှဆိုးအုပ်စုတို့ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


မြန်မာနှင့် ရှေးဦးမြန်မာအုပ်စုတွင် ဗမာ၊ လော်ဝေါ်၊ လာချိဒ်၊ ရဝမ်နှင့် ဇိုင်းဝါးတို့ ပါဝင်သည်။ ၎င်းတို့သည် ဧရာဝတီမြစ်ဖျားပိုင်း၊ မေခမြစ်ဝှမ်းပိုင်းဒေသများတွင် စတင်နေထိုင်ကြပြီးနောက် မြို့ရွာများ တည်ထောင်နေထိုင်ကြသည်။ အချို့သည် ဧရာဝတီမြစ်ရိုးတစ်လျှောက် ဆင်းသက်သွားပြီး မြို့ရွာများ တည်ထောင်နေထိုင်ကြလေသည်။ အချို့မှာ ယခု ကချင်ပြည်နယ်တောင်တန်းဒေသများ၊ မေခ၊ မေလိခ မြစ်ဝှမ်းဒေသများ၊ မေခ၊ မေလိခ မြစ်နှစ်သွယ်ကြားဒေသများ၊ မေခ၊ မေလိခ မြစ်ဝဲယာ ဒေသများတွင် အခြေချနေထိုင်ကြသည်။

ချင်း၊ ကချင်အုပ်စုတွင် ဂျိန်းဖော့နှင့် ချင်းလူမျိုးများပါဝင်၏။ ၎င်းတို့သည် အာသံနှင့် ဗြဟ္မပုတ္တရမြစ်ကြောင်းဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအနောက်မြောက်ပိုင်းဒေသများ၊ ချင်းပြည်နယ်၊ ဟူးကောင်းချိုင့်ဝှမ်းဒေသများ၊ ကချင်ပြည်နယ် အနောက်မြောက်ပိုင်းဒေသများသို့ ဝင်ရောက်နေထိုင်ကြသည်။

ထို့အတူ လိုလိုမုဆိုးအုပ်စုတွင်လည်း လိုလို၊ လီဆူ၊ လားဟူ၊ မုဆို၊ အီကောလူမျိုးများပါဝင်သည်။ လိုလိုမုဆိုးအုပ်စုသည် ရှေးဦးမြန်မာ အုပ်စုနှင့်အတူ မွန်ဂိုလီယားကုန်းပြင်မြင့်မှ တောင်ဘက်သို့ ရွှေ့ပြောင်းနေထိုင်ခဲ့သူများဖြစ်ကြသည်။ ၎င်းတို့သည် သံလွင်မြစ်၊ ဧရာဝတီမြစ် မြစ်ဖျားပိုင်းဒေသများ၊ တရုတ်မြန်မာနယ်စပ်ဒေသ တောင်ကြားလမ်းများမှသည် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်ကြသူများဖြစ်ကြသည်။ လီဆူတို့ ပါဝင်သည့် လိုလိုမုဆိုးအုပ်စုသည် မြန်မာနှင့် ရှေးဦးမြန်မာအုပ်စုများ၊ ချင်း၊ ကချင်အုပ်စုဝင်များကဲ့သို့ မွန်ဂိုလူမျိုးနွယ်စုဝင်များဖြစ်ခြင်း၊ တိဘက် မြန်မာအုပ်စုဝင်များဖြစ်ခြင်းနှင့် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောက်နေထိုင်ကြခြင်းတို့မှာ ခိုင်လုံသောသာဓက အထောက်အထားများရှိကြောင်း သမိုင်းမှတ်တမ်းများက ဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့အပြင် မနုဿဗေဒပညာရှင်များကလည်း လူမျိုးဆိုသည်မှာ ပထဝီအနေအထား တားဆီးပိုင်းခြားထားသဖြင့် နှစ်ကာလကြာရှည်စွာ သီးခြားရပ်တည်နေသော လူမျိုးကို ခေါ်ဆိုခြင်းဖြစ်သည်ဟု လက်ခံထားကြသည်။ ဤတွင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ လူမျိုးနှင့်ပတ်သက်သော မိန့်မှာချက်ကို သတိရစရာဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းက "လူမျိုးဆိုသည်မှာ သုခ၊ ဒုက္ခ အတူခံစားကြ၍ နီးနီးစပ်စပ် အကျိုးချင်းထပ်ပြီးလျှင် နှစ်ပရိစ္ဆေဒရှည်လျားစွာ တစ်မျိုးတစ်စားတည်းပင်ဟု စိတ်ထားရှိသူတို့ကို တစ်စုတည်းပေါင်း၍ ခေါ်ဝေါ်ခြင်းသာဖြစ်ပေသည်။ အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား ပြောဆိုသည့်ဘာသာစကားတို့ကို အရေးထားရမည်ဖြစ်သော်လည်း စင်စစ်မှာ အေးအတူပူအမျှ ကောင်းတူဆိုးဖက် ပူးပေါင်းလျက် နေလိုကြသော အစဉ်အလာ ဆန္ဒအပေါ်တွင် ဝံသာနုရက္ခိတတရားသည် တည်နေပေ၏" ဟု မိန့်ကြားထားပါသည်။

မနုဿဗေဒပညာအဆိုနှင့် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ကြားချက်တို့သည် မြန်မာနိုင်ငံတွင် တည်မှီနေကြသော ပြည်ထောင်စုဖွားတိုင်းရင်းသားညီအစ်ကို မောင်နှမများကို အဓိကညွှန်းဆိုသော သမိုင်းမှတ်တမ်းများပမာ ဖြစ်ခဲ့ပါ၏။

သို့ဖြစ်၍ တိုင်းရင်းသားများသည် အမျိုးအနွယ်၊ ကိုးကွယ်သည့်ဘာသာတရား၊ ပြောဆိုသည့်ဘာသာစကား ကွဲပြားခြားနားနေစေကာမူ ရှေးပဝေသဏီနှစ်များစွာက ဘိုးတူဘွားတူမှ ဆင်းသက်ခဲ့ကြပြီး ကောင်းတူဆိုးဖက် နေထိုင်လာခဲ့ကြသော အစဉ်အလာအရ လီဆူတို့သည် ဗမာလူမျိုးများနှင့် ဆွေမျိုးရင်းချာများဖြစ်ခဲ့ကြသည်ဟု ခံယူရမည်သာဖြစ်ပါသည်။ ယနေ့ လီဆူတို့၏ ဘာသာစကားအသုံးအနှုန်းသည် ဗမာတို့၏ ဘာသာ

www.burmeseclassic.com

www.burmeseclassic.com


ဓကားအသုံးအနှုန်းနှင့် တူညီနေမှုရှိနေခြင်းများသည် ရှေးနှစ်ပေါင်းများစွာက ဘိုးဘွားတူ၊ သွေးသားတူ၊ ဆွေမျိုးပေါက်ဖော်များသည် ရှေးနှစ်ပေါင်းများစွာက ဘိုးဘွားတူ၊ သွေးသားတူ၊ ဆွေမျိုးပေါက်ဖော်များဖြစ်ကြောင်း သိသာလှပေသည်။ "သွေးကပြောသောစကား" ဟူ၍ပင် မြန်မာမှု နယ်ပယ်၌ အသုံးတွင်သော စကားများကဲ့သို့ သွေးတူသားတူများ ညီအစ်ကိုမောင်နှမများ ဖြစ်ခဲ့ကြ၍သာ ဤသို့ဘာသာစကားများ နီးစပ်မှု ရှိသည်ဟု ယူဆရပေသည်။ ဗမာစကားနှင့် လီဆူစကားတို့သည် တူညီမှု ရှိပုံကို အောက်ပါအတိုင်း တွေ့ရှိရပေသည်။

| ဗမာစကား | လီဆူစကား |
|---|---|
| ဖြူ | ဖူ |
| မဲ | မဲ |
| နက် | နေ |
| နီ | နီ (ဆီ) |
| လုံးလုံး | လူးလူး |
| ပြားပြား | ဖြားဖြား |
| ကောက်ကောက် | ကော့ကော့ |
| ထူထူ | ထူထူ |
| ပါးပါး | ပါပါ |
| ချို | ချို |
| ခါး | ခါ (ခွာ) |
| ညီမ | ညီမာ |

www.burmeseclassic.com

www.burmeseclassic.com



| | |
|---|---|
| ဝက်မ | ဝက်မာ |
| မီးခိုး | မီးခူ |
| ပျားရည် | ဗျာရည် |
| မျက်စိ | မြာဆီ |
| နှာခေါင်း | နှာခူ |
| လက်ညှိုး | လက်ညီ |
| လည်ပင်း | လည်ပီ |
| စား | စာ |
| သောက် | သော |
| လာ | လာ |
| တက် | တယ် |
| ကာ | ကာ |
| ကြောက် | ကျို |

သို့ဖြစ်၍ လီဆူတို့၏ စကားအသုံးအနှုန်းသည် ဗမာတို့၏စကားအသုံးအနှုန်းနှင့် အချို့စကားအရာတို့တွင် တူညီနေသည်ကို တွေ့ရှိရလေသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ဘာသာစကား

လီဆူလူမျိုးများသည် စာပေအရေးအသားမပေါ်ပေါက်မီ ရှေးပဝေသဏီကပင် ဘာသာစကားရှိခဲ့သည်။ မျိုးနွယ်စုအမည်အမျိုးမျိုး ရှိကြသော်လည်း စကားပြောဆိုရာ၊ ဆက်ဆံရာတွင် တစ်ဦးနှင့်တစ်ဦး နားမလည်နိုင်လောက်အောင် ကွဲပြားခြားနားချက်များ မရှိခဲ့ပါ။ နယ်မြေဒေသအလိုက် တစ်နေရာနှင့်တစ်နေရာ ခေါ်ဝေါ်သုံးစွဲပုံများ အနည်းငယ်ကွဲပြားခြားနားမှု ရှိသော်လည်း အများအားဖြင့် နားလည်ကြလေသည်။ လီဆူဘာသာစကားတွင် -

(က) မူရင်းလီဆူစကား

(ခ) လီဆူနော့စကား

(ဂ) လီဆူလေမယ်စကား

ဟူ၍ သုံးမျိုးရှိသည်။ ထိုသို့ စကားသုံးမျိုးရှိသော်လည်း လီဆူလူမျိုးစုဝင် အိမ်ထောင်စုတွဲအားလုံးသည် "မူရင်းလီဆူ" စကားကိုသာ သုံးစွဲကြသည်။ "လီဆူနော့" စကားနှင့် "လီဆူလေမယ်" စကားပြောသူများသည်လည်း မူရင်းလီဆူ စကားကိုသာ သုံးစွဲမှုများပြားကြောင်း တွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com


ထို့ပြင် ဒေသန္တရစကားရပ် (၁၀) မျိုးထိပင် ရှိသော်လည်း မိမိတို့ နေထိုင်ရာဒေသအလိုက် အနည်းငယ်ကွဲပြားခြားနားမှုရှိလေသည်။ ထိုသို့ ကွဲပြားခြားနားမှုရှိကြသည်မှာ တောတောင်ထူထပ်သော နေရပ်ဒေသများတွင်သာ အနေများခြင်းကြောင့် လမ်းပန်းဆက်သွယ်မှုခက်ခဲခြင်း၊ တစ်နေရာနှင့်တစ်နေရာ ကူးလူးဆက်ဆံမှု နည်းပါးခြင်းတို့ကြောင့် ဖြစ်သည်။ သို့သော် လီဆူလူမျိုးများသည် မည်မျှပင် နယ်မြေဒေသ ဝေးကွာသော်လည်း သိသိသာသာ ကွဲပြားခြားနားသော တစ်ဦးနှင့်တစ်ဦး နားမလည်နိုင်ဟုယူဆရသည့် ဘာသာစကားသုံးနှုန်းမှုအမျိုးမျိုးကိုလည်း နားလည်မှု ရှိကြသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

## စာပေ

လီဆူလူမျိုးများသည် တောတောင်ထူထပ်သော အရပ်ဒေသများတွင်သာ နေထိုင်လေ့ရှိကြသူများဖြစ်၍ တောင်ယာခုတ်ခြင်း ကျွမ်းကျင်ကြပါသည်။ သို့ဖြစ်ရာ တောင်ယာအတွက် သစ်ပင်ကို ခုတ်ထစ်၍ သင်္ကေတဖြင့် မှတ်သားကြပါသည်။ ပျားအုံတွေ့သော် တိုင်စိုက်၍ မှတ်သားကြသည်။ မြေကြီးကို ရှင်းလင်း၍ထားခြင်းဖြင့် မှတ်သားကြသည်။ မိရိုးဖလာလုပ်ငန်းဖြစ်သည့် အိမ်ဆောက်ခြင်း၊ အသုံးအဆောင်ပရိဘောဂလုပ်ခြင်း၊ တောင်း၊ ပလိုင်း၊ ဆန်ကော၊ ဆန်ခါရက်လုပ်ခြင်း၊ အဝတ်အထည်ရက်လုပ်ခြင်း၊ ပန်းပဲပန်းရံလုပ်ခြင်း စသည့် လက်မှုပညာကိုတတ်ကျွမ်းကြ၊ လုပ်ကိုင်ကြသော်လည်း စာပေတတ်ကျွမ်းသူ၊ စာပေပညာရပ်များ မရှိခဲ့၍ စာပေဖြင့် မှတ်တမ်းပြုစုခြင်း မရှိခဲ့ပေ။ သို့ဖြစ်၍ သင်္ကေတဖြင့် အမှတ်အသားပြုခဲ့ကြခြင်း ဖြစ်သည်။

ဖိတ်စာ၊ စာချုပ်များအတွက် သစ်သားပြားပေါ်တွင် ဓားဖြင့်ထစ်၍ သင်္ကေတပြုလုပ်ကြသည်။ ရက်ချိန်းကိုလိုလျှင် ချည်ထုံးထုံး၍ သင်္ကေတပြုလုပ်ခြင်းရှိကြသည်။ ရှေးယခင်က တစ်ရွာနှင့်တစ်ရွာ တိုက်ခိုက်ကြသည့်အလေ့ရှိရာ ထိုသို့တိုက်ခိုက်ရန် စစ်ကြေညာခြင်း၊ စိန်ခေါ်ခြင်းသဘောကိုသိသာပေါ်လွင်စေရန် ဝါးဘူးထဲတွင် ငရုတ်သီး၊ ကြက်မွေး၊ မီးသွေးများထည့်၍ ပေးပို့ခြင်းမျိုးရှိခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


ယခုအခါတွင် လီဆူလူမျိုးများသည် စာပေဟူ၍ ခိုင်ခိုင်မာမာ ပေါ်ထွန်းလာခဲ့ပြီးဖြစ်သည်။ ၁၉၀၆ ခုနှစ်မှစ၍ သာသနာပြုအင်္ဂလိပ်လူမျိုး ဆရာကြီး ဂျေအိုဖရေဆာနှင့် ကရင်လူမျိုးဆရာကြီး ဦးဘသော်တို့က ရောမအက္ခရာကို အခြေပြု၍ လီဆူစာပေကို တီထွင်ပေးခဲ့သည်။ လီဆူစာပေ တီထွင်ရာတွင် လီဆူလူမျိုးများထဲမှ ဦးဇင်ဘာ၊ ဦးဂူအားဂူ၊ ဦးဇော်ကနာလူ၊ ဦးခေါ်ဘူနှင့် ဦးငွားတားတို့ကပါ ပါဝင်ကူညီခဲ့ကြသည်။ လီဆူစာပေမှာ လီဆူလူမျိုးများ အသုံးပြုနေပြီး ခရစ်ယာန်ဘာသာရေးစာပေ အဖြစ်လည်းကောင်း၊ ပညာရေး၊ လူမှုရေး၊ စီးပွားရေးနယ်ပယ်များ၌လည်းကောင်း အသုံးပြုလျက်ရှိကြောင်း လေ့လာသိရှိရသည်။

လီဆူအက္ခရာမှာ ရောမအက္ခရာကို အခြေခံထားရာ ဗျည်း (၄၀) လုံးရှိလေသည်။

၎င်းတို့မှာ အောက်ပါအတိုင်းဖြစ်သည်။

B P d D T T G K ꓘ J C D

Z F Ⅎ M N L S R ꓤ Λ V H

ꓩ Γ W X Y A ∀ E Ǝ I O Ụ

∩ ˥ ꓷ ꓭ

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ယုံကြည်ကိုးကွယ်မှု

လီဆူတို့၏ ယုံကြည်ကိုးကွယ်မှုကို သုံးမျိုးတွေ့ရှိရသည်။ ၎င်းတို့မှာ-

(က) နတ်ကိုးကွယ်ခြင်း

(ခ) ခရစ်ယာန်ဘာသာဝင်များဖြစ်လာခြင်း

(ဂ) ဗုဒ္ဓဘာသာကိုးကွယ်ခြင်း တို့ဖြစ်သည်။

## (က) နတ်ကိုးကွယ်ခြင်း

ရှေးအကျဆုံးသော လီဆူလူမျိုးတို့၏ ယုံကြည်ကိုးကွယ်မှုမှာ နတ်ကိုးကွယ်ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံနှင့် အခြားနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိကြသည့် လီဆူလူမျိုးတို့သည်လည်း နတ်ကိုးကွယ်မှုမှ စတင်ခဲ့လေသည်။

သို့သော် ရှေးဘိုးဘွားစဉ်ဆက်ကပင် တန်ခိုးရှင်တစ်ဦးဦးရှိခဲ့သည်ဟုလည်း ယုံကြည်ယူဆကြသည်။ ၎င်းတန်ခိုးရှင်မှာ ပေါ်ဆာခေါ် ဘုရားဟု ဆိုသည်။ အကြောင်းကိစ္စတစ်စုံတစ်ရာရှိပါက ပေါ်ဆာကို တိုင်တည်သည်။ အကူအညီတောင်းသည်ဟုဆိုပါသည်။ ၎င်းတန်ခိုးရှင် ဘုရားမှာ နတ်အားလုံးထဲ၌ တန်ခိုးရှင်နတ်ဟုလည်း ခံယူထားခဲ့ကြသည်။ နတ်အားလုံးထက်ပို၍ တန်ခိုးရှိသည်ဟုလည်း ယုံကြည်မှုရှိခဲ့ကြသည်။ သို့သော် လက်တွေ့ကျသော ကိုးကွယ်မှု မရှိခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com



ရှေးဘိုးဘွားအစဉ်အဆက်ကပင် နတ်များကို ကိုးကွယ်လေ့ရှိကြသည်။ နတ်များက လူကို မစသည်။ ကောင်းကျိုးပြုသည်။ နတ်များကပင် လူတို့ကို ခြောက်လှန့်တတ်သည်။ ထိတ်လန့်စေသည်။ ဆိုးကျိုးကို ဖြစ်ပေါ်စေသည်။ ထို့ကြောင့် နတ်ကိုလူက ကိုးကွယ်မှသာ နတ်ကကြည့်ရှုစောင့်ရှောက်သည်။ ကယ်မသည်။ ကောင်းကျိုးပြုသည်ဟု ယုံကြည်မှုရှိခဲ့ကြသည်။ ထို့ကြောင့်လည်း လီဆူတို့သည် ရှေးဘိုးဘွားများလက်ထက်ကပင် နတ်ကိုးကွယ်မှု ရှိခဲ့ခြင်းဖြစ်သည်။

နတ်အမျိုးမျိုးရှိသည်ဟု ယုံကြည်ကြသည်။ "ဆိမ်ိန" ခေါ် ယဉ်ကျေးသော နတ်သည် အိမ်မှာရှိပြီး "နီကော" ခေါ် ရိုင်းသော နတ်သည် အိမ်ပြင်ပနေရာများတွင် ရှိသည်ဟု ယုံကြည်သည်။ ထိုအထဲ၌ "ချနီ" ခေါ် နတ်ဆိုးတစ်ပါးမှာ လူကို အမြဲတစေ ဒုက္ခပေးသော ဆိုးကျိုးနတ်ဖြစ်၍ ၎င်းနတ်ကျေနပ်ရန် အမြဲလိုလိုတောင်းပန်နေရသည်ဟု ဆိုပါသည်။ ထို့ပြင် ရေ၊ မြေ၊ လေ၊ ကြယ်၊ ကျောက်တန်း၊ ကျောက်ဆောင်များမှာပင် နတ် (၇) ပါးရှိသည်ဟု ယုံကြည်သည်။ လူတို့ နတ်ကို ရှောင်ကြဉ်၍ မရပါ။ နတ်များက တားမြစ်ထားသော အချက်များရှိသည်။ ၎င်းတားမြစ်ချက်ကို ကျူးလွန်ဖောက်ဖျက်ပါက နတ်ဖမ်းစားသည်ဟု အယူရှိကြသည်။

ထိခိုက်ဒဏ်ရာရခြင်း၊ ဖျားနာခြင်း၊ တစ်စုံတစ်ရာ ဆိုးကျိုးဒုက္ခတွေ့ခြင်းစသည်တို့မှာ နတ်ကြောင့်သာဖြစ်သည်။ နတ်ကဖမ်းစား၍သာဖြစ်သည်။ ဖြစ်ပျက်မှုအားလုံးသည် နတ်ကဖန်တီးသည်ဟု ယုံကြည်ကြသည်။ ပူဇော်ရခြင်းဖြစ်၍ လူအားလုံးတို့က မိသားစုမှစ၍ တစ်ရွာလုံး၊ တစ်နယ်လုံး နတ်ပူဇော်ပသရသော ဓလေ့ထုံးစံများဖြစ်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ရွာတစ်ရွာလျှင် ရွာစောင့်နတ်နေရာကို ရွေးချယ်ရသည်။ ရွာစောင့်နတ်နေရန်မှာ ရွာအထက်မြင့်သောနေရာ၊ အပင်ရှိသောနေရာ၌ "ဆယ်မိန်း" ခေါ် နတ်စင်ပြုလုပ်၍ အမိုးမိုးပေးရသည်။ ၎င်းရွာစောင့်နတ်မှာ "အပါးမော်" ခေါ် အဘိုးနတ်၊ အသက်ကြီးဆုံးနတ်ဖြစ်သည်။ ရွာကိုစောင့်ရှောက်ကာကွယ်သည့် နတ်ဖြစ်သည်။ သို့ဖြစ်၍ တစ်ရွာလုံးက ရွာစောင့်နတ်ကို အရိုအသေပြုရသည်။ အလေးအနက်ထားရသည်။ ရွာစောင့်နတ်ကို အရိုအသေမပေးပါက ပူဇော်ပသမှုမပြုပါက တစ်ရွာလုံးကို ဒုက္ခပေးတတ်သည်။ ဥပမာ- ရွာစောင့်နတ်စင်အနီးရှိ သစ်ရွက်ကို ခူးမိခြင်း၊ အိမ်မြှောင်၊ ပုတ်သင်ညိုစသည့် အကောင်တစ်ကောင်ကို ပစ်မိခြင်းပြုပါက ပြုသူကို နတ်ကဖမ်းစားလေသည်။ လူမှုရေးဖောက်ပြန်မှုရှိပါကလည်း ကျူးလွန်ပစ်မှားသူမှာ ထိခိုက်မှုဒုက္ခမျိုးစုံ ကြုံတွေ့ရလေသည်။ သို့ဖြစ်၍ ရွာစောင့်နတ်ကို ပူဇော်ပသမှုပြုရသည်။ ရွာစောင့်နတ်မှာ ရွာသူရွာသားများ၏ အကျင့်စာရိတ္တ ပြုပြင်မှုကိုပါ ထိန်းသိမ်းစောင့်ရှောက်ပေးသော အဘိုးနတ်ဖြစ်၍ အားလုံးက မထီမဲ့မြင် မပြုဝံ့ဘဲ အရိုအသေပေးရသည်။ ရွာပျက်စီးလျှင်သော်မှ ရွာစောင့်နတ်စင်ကို ဖျက်၍မရပေ။ နှစ်စဉ်နှစ်တိုင်း နှစ်သစ်ကူးချိန်၌ ရွာလုံးကျွတ်ပူဇော်ရလေသည်။ ရွာစောင့်နတ်ကို နတ်ယဉ်ဟုလည်း ဆိုနိုင်သည်။

ထို့ပြင် အိမ်စောင့်နတ်ကိုလည်း ပူဇော်ရသည်။ အိမ်စောင့်နတ်ကို "နီဘာဖျ" ခေါ်နတ်စင်တွင် ရေ၊ အစားအစာ၊ ထမင်းဟင်းလျာ၊ အမွှေးနံ့သာဖြင့် အမြဲပူဇော်ရသည်။ ခရီးဆုံးထွက်သော တိရစ္ဆာန်အထီးကို သတ်၍ နတ်ပူဇော်ရသည်။ ကိုယ်ဝန်ဆောင်အမျိုးသမီးသည် မိဘအိမ်သို့ ပြန်၍မရပေ။ ပြန်လာပါက မိဘအိမ်ရှိနတ်စင်ကို ထိခိုက်စေသည်။ အကြောင်းမှာ ကိုယ်ဝန်ဆောင်အမျိုးသမီးသည် မသန့်ရှင်း၍ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



နတ်ပူဇော်သောပစ္စည်းကိုသာ တခြားနေရာမှာ ငှား၍ သုံးရသည်ဟု ဆိုပါသည်။

ထူးခြားသည်မှာ ရွာ၏တောင်ပိုင်းဒေသများတွင် အိမ်ဦးခန်းနတ်၊ အမေ၏နတ်ကို မီးဖိုတည့်တည့်ရှိ အဝင်တံခါးပေါက်ဘေးမှာ ခပ်နိမ့်နိမ့် ထားရပြီး တစ်ခါတစ်ရံ ပူဇော်မှုပြုရခြင်းရှိသည်။

လီဆူတို့ ကိုးကွယ်သောနတ်များမှာ အရေအတွက်အားဖြင့် များပြားလှသည်။

| | | |
|---|---|---|
| ၁။ | ဗီဖာနီ | ဘိုးဘွားနတ် |
| ၂။ | မြီနာနီ | ကမ္ဘာစောင့်နတ် |
| ၃။ | မူရူနီ | မိုးကြိုးနတ် |
| ၄။ | နေးဟောနီ | မြေကြီးနတ် |
| ၅။ | အော်ဒီရူ | တောစောင့်နတ် |
| ၆။ | နီမူ | တောင်စောင့်နတ် |
| ၇။ | ရီတူစူ | မြစ်ချောင်းစောင့်နတ် |
| ၈။ | ဂျာဂူး | လမ်းနှင့်တောင်ကြားစောင့်နတ် |
| ၉။ | ရီဒါမာ | နယ်စောင့်နတ် |
| ၁၀။ | အားပါးမူ | ရွာစောင့်နတ် |
| ၁၁။ | ဝှာဆီးနီ | နတ်ကွန်း၊ နတ်စင်စောင့်နတ် |
| ၁၂။ | မီဇူနီ | မကောင်းကျိုးပေးသောနတ် |
| ၁၃။ | ဟူဂူးနီ | နားမကြားသောနတ် |

www.burmeseclassic.com

www.burmeseclassic.com


၁၄။ ဟင်ကောနီ အိမ်စောင့်နတ်

၁၅။ မာဝေါနီ ဝိညာဉ်ကိုဖမ်းစားသောနတ်

၁၆။ မီရှီနီ ခြောက်လှန့်စေသောနတ်

၁၇။ မူကွာနီ မိုးနတ်

၁၈။ အဗျာပါးနီ ဝက်ပုံစံပြု၍ ကိုးကွယ်ရသောနတ်

၁၉။ ယိခူဓော်နီ ညဉ့်စောင့်နတ်

၂၀။ ဆိနီ နတ်ဆိုး

ထို့ပြင် အခြားအမည်မသိသောနတ်များလည်း ရှိသည်ဟုဆိုပါသည်။

## နတ်ဆရာ

နတ်ကိုးကွယ်သောခေတ်တွင် လီဆူတို့သည် နတ်ဆရာကို ယုံကြည်အားကိုးကြရသည်။ အကြောင်းတစ်စုံတစ်ရာပေါ်ပေါက်လာပါက ထိုအခါ နတ်ဆရာကို ပင့်ဖိတ်အကူအညီတောင်းရသည်။ နတ်ဆရာဖြစ်ရန်မှာ မျိုးရိုးအလိုက် အသိအမှတ်ပြုထားကြသည်။ နတ်ဆရာဖြစ်မည့် ပုဂ္ဂိုလ်သည် ထူးခြားသောလူဖြစ်သည်။ စကားပြောခြင်း၊ သွားလာခြင်းများသည် နေးကွေးတည်ငြိမ်ပြီး အနေအထိုင်၊ အပြောအဆို၊ အကျင့်အကြံလက္ခဏာရပ်များမှာ အခြားလူများနှင့်မတူဟုဆိုပါသည်။ သို့ဖြစ်၍ ၎င်းလူကို နတ်ဆရာအဖြစ် တင်မြှောက်သဖြင့် နတ်ဆရာဖြစ်လာသည်လည်း ရှိပေသည်။ ထို့ကြောင့် နတ်ဆရာတစ်ဦးဖြစ်ရန်မှာ မျိုးရိုးအရဖြစ်ခြင်းနှင့် အများယုံကြည်မှုဖြင့် တင်မြှောက်၍ နတ်ဆရာဖြစ်လာရခြင်းဟူ၍ နှစ်မျိုးရှိသည်။ နတ်ဆရာသည် ကြက်သွန်နှင့် အချိုသော အစားအသောက်များကို မစားဟုဆိုပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## နတ်နှင့် ရောဂါကုသခြင်း

တစ်စုံတစ်ယောက်ဖျားနာလျှင် နတ်ဆရာကိုခေါ်ရသည်။ နတ်ဆရာက ကြက်ကိုကြည့်ပြီး မည်သည့်နတ်က ဖမ်းစားသည်ကိုသိသည်ဟု ဆိုသည်။ မည်သည့်နတ်ဖမ်းသည်။ ဘာတွေဖြစ်နေသည်။ ဘာတွေလိုအပ်သည်။ ဘယ်လိုယူဆ၍ ရသည်ဟု ပြောနိုင်သည်။ အိမ်ပြင်နတ်၊ တောတောင်နှင့် အခြားနတ်များက ဖမ်းစားလျှင် ကြက်ထီး၊ ဝက်ထီးများဖြင့် ပူဇော်ရသည်။ တောစောင့်နတ်ဖြစ်ပါက တစ်နေရာမှာပူဇော်ရသည်။ ဝက်နတ်ပြုစားပါက သစ်သားကို ဝက်ပုံပြုလုပ်၍ ပူဇော်ရသည်။

လူတစ်ယောက်နေထိုင်မကောင်းပါက အားနည်း၍ ဖြစ်သည်ဟုဆိုသည်။ လိပ်ပြာခေါ်ရသည်။ ထိုသို့ လိပ်ပြာခေါ်ရာ ဝက်တစ်ကောင်ကို သတ်၍ ဝက်သားစား၊ အရက်သောက်ပြီး လိပ်ပြာခေါ်သော သီချင်းကို ဆိုရသည်။

အိမ်တွင်းမှာပင် ကြက်ထီး၊ ကြက်မများကို သတ်ကာ နတ်စင်ကို ရေ (၆) ခွက် ဖြည့်၍ ကုသသည့်နည်းများလည်းရှိသည်။ ထို့ပြင် ကဲလားဆောက်ပြီး ရောဂါကုသခြင်းများလည်း တွေ့ရသည်။ သစ်သားကို ထွင်း၍ ထိပ်နှစ်ဘက်ကို မြေမှာ မြှုပ်ပြီး ဟိုဘက်သည်ဘက်ခေါက်ရေ မည်မျှဟု သတ်မှတ်ပြီး ကဲလားပေါ်ကို လျှောက်၍ ကုသရခြင်းမျိုးလည်းရှိသည်။

ထို့ပြင် လိပ်ပြာခေါ်ရာ၌ အမျိုးသားဖြစ်လျှင် ကြိုးမျှင် (၉) ပင်၊ အမျိုးသမီးဖြစ်လျှင် ကြိုးမျှင် (၇) ပင် လက်၊ လည်ပင်းများ၌ ချည်၍ ကုသရသည်ကိုလည်း တွေ့ရသည်။ နာတာရှည်ဖျားနာသူဖြစ်ပါက ကြိုးများကို အမြဲချည်ထားရသည်။ ၎င်းကြိုးများကို ကြည့်ခြင်းဖြင့် ဖျားနာသူ (သို့) အားနည်းသူသည် လိပ်ပြာဘယ်နှစ်ကြိမ်ခေါ်ထားသည်ကို သိနိုင်သည်။

www.burmeseclassic.com

www.burmeseclassic.com



## (ခ) ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာခြင်း

လီဆူတိုင်းရင်းသားတို့သည် ရှေးဘိုးဘွားအစဉ်အဆက်က နတ်ကိုးကွယ်မှုရှိခဲ့သော်လည်း နိုင်ငံခြားခရစ်ယာန် သာသနာပြုဆရာများ၊ တိုင်းရင်းသားလူမျိုး ခရစ်ယာန်သာသနာပြုဆရာများ၏ ကျေးဇူးကြောင့် ခရစ်ယာန်ဘာသာဝင်များအဖြစ် ရောက်ရှိခဲ့ကြသည်။


ပထမဦးစွာ လီဆူလူမျိုးများထဲမှ ခရစ်ယာန်ဘာသာဝင်ဖြစ်လာသူတို့မှာ ဦးငွားတားနှင့် ဒေါ်ဂူနာဒူတို့ဖြစ်သည်။ ၄င်းတို့ နှစ်ဦးသည် ဆဒုံးဘောင်တန်းဒေသဘက်မှ ဖြစ်ကြသည်ဟုဆိုပါသည်။ ၁၉၀၀ ပြည့်နှစ်ခန့်က ၄င်းတို့သည် မြစ်ကြီးနားမြို့သို့ ပြောင်းရွှေ့နေထိုင်ခဲ့ကြသည်။ ထိုအချိန်တွင် အမေရိကန်သာသနာပြုဆရာကြီး ဂိုက်(စ်) ၏ နေအိမ်တွင် ဦးငွားတားနှင့် ဒေါ်ဂူနာဒူတို့က အလုပ်လုပ်ကြရသည်ဟု ဆိုပါသည်။ ထိုသို့ဆရာကြီး ဂိုက်(စ်) ၏ နေအိမ်တွင် နေဖန်များလာသောအခါ ဆရာကြီး၏ခရစ်တော်အား ဝတ်ပြုခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာရွတ်ခြင်းများကို တစ်စတစ်စမြင်တွေ့ကျွမ်းဝင်လာရာမှ ၁၉၀၂ ခုနှစ်၊ အောက်တိုဘာလတွင် ၄င်းတို့နှစ်ဦးစလုံးသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်သွားလေတော့သည်။

၁၉၀၆ ခုနှစ်တွင် အခြားဒေသအသီးသီးမှ လီဆူလူမျိုးများသည် မြစ်ကြီးနားမြို့နယ်၊ မန်ခရိန်ဒေသသို့ ရောက်ရှိပြီး ရွာတည်နေထိုင်ကြသည်။ ၄င်းတို့သည်လည်း ခရစ်ယာန်ဘာသာသို့ ဝင်ရောက်လာကြသည်။ ၁၉၀၈ ခုနှစ်တွင် ကချင်တောင်ပေါ်ဒေသများမှ မြစ်ကြီးနားမြို့သို့ ရောက်လာကြသူများထဲတွင် ဦးဇော်ဆာ၊ ဦးဂူ၊ ဦးပေါ်လေးတို့သည် သတ္တမတန်းအောင်သည်အထိ ပညာသင်ယူခဲ့ကြသည်။ ၄င်းတို့သည်လည်း အစိုးရပညာရေးကျောင်းများ၊ ခရစ်ယာန်ဘာသာကျောင်းများတွင် ပညာသင်ယူကြပြီး

www.burmeseclassic.com

www.burmeseclassic.com





မိန်ခရိန်ကျေးရွာ ခရစ်ယာန်ဘုရားရှိခိုးကျောင်း

မိမိတို့ဒေသသို့ ပြန်သွား၍လည်း သာသနာပြုကြသည်။ ဤသို့ဖြင့် လီဆူလူမျိုးများသည် ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြပြန်သည်။ ၄င်းနောက်တွင် ကရင်လူမျိုး ဦးဘသော်ဆိုသူရောက်ရှိလာ၍ သာသနာပြု ဆရာကြီး ဂိုက် (စ်) ပေါင်းကာ လီဆူစကားကိုသင်ပြီး ခရစ်ယာန်ဘာသာ ဝင်များဖြစ်စေရန် သာသနာပြုခဲ့ကြသည်။ ထို့နောက် ၁၉၁၀-၁၂ ခုနှစ်များ တွင် တရုတ်ပြည်ရှိ လီဆူများကို သာသနာပြုသူ အင်္ဂလိပ်လူမျိုးဆရာကြီး ဂိုက်(စ်) နှင့် ဆရာဦးဘသော်တို့ ပူးပေါင်း၍ ပြုလုပ်သော လီဆူစာပေကို ပြုစုပြီးနောက် ၁၉၂၀ ခုနှစ်၌ မြန်မာနိုင်ငံရှိ နှစ်ခြင်းခရစ်ယာန်သာသနာပြု ပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ၄င်းလီဆူစာပေဖြင့် လီဆူလူမျိုး များကို သင်ကြားပြီး သာသနာပြုခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်ဆာသည် ဆရာလက်မှတ်ရသည့်အခါ၌ ဗန်းမော်နယ်၌ ခရစ်ယာန်သာသနာပြန့်ပွားရေးဟောပြောခြင်း၊ စည်းရုံးခြင်းပြုလုပ်ခဲ့ရာမှ ဗန်းမော်ဒေသရှိ လီဆူများသည်လည်း ခရစ်ယာန်ဘာသာသို့ ကူးပြောင်းရောက်ရှိကြလေသည်။ ၁၉၁၈ ခုနှစ်တွင် ဦးဇော်ဆာသည် ဆဒုံးဒေသ၌ ကျောင်းဆရာတာဝန်ထမ်းဆောင်ပြီး လီဆူများကို သာသနာပြုရာ ဆဒုံး ဆမားဒေသအပါအဝင် ကချင်တောင်တန်းနယ်များသည်လည်း ခရစ်ယာန်ဘာသာဝင်များ ဖြစ်ကြလေသည်။

၁၉၂၁ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်းဒေသများသို့ ဒေသခံခရစ်ယာန်ဆရာ (၃၇) ဦးမှာ သာသနာပြုခဲ့ရာ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ လီဆူများသည်လည်း ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းဒေသရှိ ခရစ်ယာန်သာသနာပြု သင်းထောက်ဆရာ (၄) ဦးမှာ ၁၉၂၈ ခုနှစ်တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့နယ်သို့ ရောက်ရှိပြီး သာသနာပြုရာ အိမ် (၄) အိမ်မျှသာ ထိုစဉ်က ခရစ်ယာန်ဘာသာဝင်ဖြစ်ခဲ့ကြသည်ဟု ဆိုပါသည်။ ၎င်းနောက် နှစ်ခြင်းမင်္ဂလာခံယူမှုအတွက် ပြင်ဦးလွင်နှင့် မိတ္ထီလာမြို့များရှိ သင်းအုပ်ဆရာများကို ပထမအသုတ်အဖြစ် မိုးကုတ်တွင် နှစ်ခြင်းခံပေးသွားရာမှ မိုးကုတ်တွင် ခရစ်ယာန်သာသနာပျံ့နှံ့လာသည်။ ၁၉၃၀ ခုနှစ်လောက်တွင် ဦးဇော်ဆာသည် သာသနာပြုဆရာအဖြစ် ရောက်ရှိကာ ခရစ်ယာန်သာသနာကို ပြန့်ပွားအောင် ဆောင်ရွက်ခဲ့ပြန်လေသည်။

ဤသို့ဖြင့် ခရစ်ယာန်သာသနာသည် မြန်မာနိုင်ငံရှိ လီဆူများရှိရာ နယ်စပ်ဒေသများဆီသို့ တစ်စတစ်စ ပျံ့နှံ့ပြီးသာသနာပြုခဲ့ရာ ကချင်ပြည်နယ် ပူတာအို၊ ချီဖွေ၊ ဆော့လော်၊ ဆွမ်ပရာဘွမ်၊ တနိုင်း၊ မချမ်းဘော စသည့်ဒေသများသို့ ပျံ့နှံ့ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော် ရှမ်းပြည်တောင်ပိုင်းရှိ လီဆူများမှာကား ထိုအချိန်က နတ်ကိုးကွယ်မှုများသာရှိခဲ့သည်။ ၁၉၅၃ ခုနှစ်မှစ၍ မြန်မာနိုင်ငံရှိ လီဆူ ခရစ်ယာန်ဓမ္မဆရာ (၁၉) ဦးမှ ဦးဆောင်ကာ ရှမ်းပြည်နယ်တောင်ပိုင်း ဒေသများသို့ ခရစ်ယာန်သာသနာပြုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။ ထို့ပြင် မက်ဆိုပိုတေးမီးယားဒေသတွင် တာဝန်ထမ်းရွက်ခဲ့ကြသော ဗိုလ်ကြီးမြီတုံတန် ခေါ် ဦးသောင်းဂူနှင့် မေဂျာလဆန်ဂန် (ဦးလမေတား) တို့မှလည်း မြန်မာနိုင်ငံသို့ ပြန်ရောက်သည့်အခါ ခရစ်ယာန်ဘုရားကျောင်း များတည်ဆောက်ခြင်း၊ ကျောင်းများပြင်ဆင်ခြင်းဖြင့် ခရစ်ယာန်သာသနာကို ပံ့ပိုးကူညီထောက်ပံ့ပေးခဲ့ရာ ၎င်းတို့၏ ဂုဏ်အရှိန်အဝါဖြင့် လီဆူလူမျိုးတို့ သည် နှားမျက်စိပွင့်လာပြီး ခရစ်ယာန်သာသနာသို့ ပြောင်းလဲကိုးကွယ်ခဲ့ သည်။

ဤသို့ဖြင့် မြန်မာနိုင်ငံရှိ လီဆူတိုင်းရင်းသားတို့သည် နတ်ကိုးကွယ် မှုရှိခဲ့ရာမှ ခရစ်ယာန်ဘာသာဝင်များဖြစ်လာကြတော့သည်။ သို့သော် အချို့သော ဒေသများတွင်မူ နတ်ကိုးကွယ်မှုများ၊ ဗုဒ္ဓဘာသာကိုးကွယ်မှု များလည်းရှိနေကြသည်ကို လေ့လာသိရှိရသည်။

## (ဂ) ဗုဒ္ဓဘာသာ ကိုးကွယ်ခြင်း

လီဆူတို့သည် ဗုဒ္ဓဘာသာ ကိုးကွယ်ကြသူများလည်းရှိကြသည်။ ဗုဒ္ဓဘာသာဝင် လီဆူများကို မန္တလေးတိုင်းတွင် မိုးကုတ်နယ်၊ ရှမ်းပြည် နယ် တောင်ပိုင်းတွင် တောင်ကြီး၊ ဟိုပုံး၊ လွယ်လင်၊ မိုင်းပန်၊ ဖယ်ခုံ၊ နမ့်စန်မြို့နယ်တို့ရှိ အချို့ဒေသများနှင့် ကချင်ပြည်နယ် မြစ်ကြီးနား၊ ဝိုင်းမော်၊ အချို့ဒေသများတွင် တွေ့ရသည်။ အချို့မှာ သီလရှင်ဝတ်၍လည်းကောင်း၊ ရှင်သာမဏေဝတ်၍လည်းကောင်းရှိကြသည်။ ၎င်းအပြင် ရဟန်းဘောင်သို့

www.burmeseclassic.com

www.burmeseclassic.com



ဝင်နေသော လီဆူလူမျိုးများလည်း ရှိနေသည်။ လီဆူတို့သည် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်၍ ဂေါတမမြတ်ဗုဒ္ဓ၏ သာသနာတော်ကို နေလိုလလို ထွန်းတောက်မှုဖြစ်စေရန် ဗုဒ္ဓဘာသာ၏ အဆုံးအမကို ကိုးကွယ်ယုံကြည်ကြသူများလည်းရှိလေရာ ဗုဒ္ဓသာသနာတော်အတွက် အားရဝမ်းသာဖွယ်ရာကောင်းလှပေသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

## စကားပုံ၊ စကားထာနှင့် ပုံပြင်များ

လီဆူတို့သည် စကားပြောဆိုရာတွင်လည်းကောင်း၊ သားစဉ်မြေးဆက် လိုက်နာကျင့်သုံးစေရန်လည်းကောင်း စကားပုံများ၊ စကားထာများ၊ ပုံပြင်များရှိခဲ့ပါသည်။ စာပေပေါ်ပေါက်လာသည်မှာ နှစ် (၁၀၀) ခန့်သာရှိသေးသည်ဖြစ်ရာ လီဆူလူမျိုးများ ဘိုးဘွားအစဉ်အဆက်ကပင် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် မှတ်သားလာခဲ့ကြခြင်းဖြစ်သည်။

သို့သော် မှတ်တမ်းမှတ်ရာများ၊ အထောက်အထားများ၊ လူမျိုးနွယ်စု၏ သမိုင်းကြောင်းဆိုင်ရာအဖြစ်အပျက်၊ အချက်အလက်၊ အချင်းအရာများသည် “စာပေမြင့်မှ လူမျိုးတင့်မည်” ဟူသော စကားကဲ့သို့ စာပေမရှိခဲ့၍ ပါးစပ်ရာဇဝင်ဖြင့်သာ ပြောခဲ့ကြခြင်း၊ လူကြီးသူမ ပြောစကားများကိုသာ မှတ်သားခဲ့ကြရခြင်းကြောင့် နောင်အရှည်တည်တံ့ခိုင်မြဲစေရန်မှာ စာပေရှိမှသာ ခိုင်လုံတိကျမှုရှိမည်ဖြစ်ရာ စာပေသည် လူမျိုး၏အသက်ဟု ဆိုရမည်သာဖြစ်သည်။

### စကားပုံ

* သူ့ကျေးဇူးကို သတိရပါ။ ကိုယ်ကပြုဖူးသည့် ကျေးဇူးကို မေ့ပစ်ပါ။

* ပုလင်းအပေါက် ပိတ်လို့ရသော်လည်း လူ့ပါးစပ်ပေါက် ပိတ်လို့ မရနိုင်။



www.burmeseclassic.com

www.burmeseclassic.com



* အိမ်ထောင်ဘက် မှားလျှင် တစ်သက်၊ တောင်ယာခုတ်မှား လျှင် တစ်နှစ်၊
* ညီအစ်ကိုအရင်းမပါလျှင် ဝက်ဝံမလိုက်ရ၊
* မိန်းမ မရှိခင် ဝက်ဝံမလိုက်ရ၊
* သစ်ခွေးထင်း မီးခိုးများ၊ မုဆိုးမအမှုများ၊
* မြင်းမရှိသည့်ခါ ဆိတ်ကိုလည်းစီးတတ်ရမည်၊
* ဝယ်စားသူက ကျွန်၊ လုပ်ကိုင်စားသူက သခင်၊
* အဘွားကြီးက စကားများတယ်၊ ဝက်မကြီးက သေးများ တယ်၊
* တောင်ယာလုပ်နောက်ကျလျှင် ငှက်အစာ လူကြီးလူကောင်း တွင် ဩဇာမပျက်ပေ၊
* မုန်းလျှင် မသေ၊ လွမ်းလျှင် မတွေ့နိုင်၊
* ကိုယ့်အမျိုးကိုချစ်လျှင် အခက်အခဲရှိချိန်ပေါ်သည်၊
* အခက်အခဲပေါ်မှ ဆွေမျိုးချင်း ချစ်မှန်းသိရသည်၊
* အစားအသောက်ရှိမှ သူများကချစ်သည်၊

**စကားထာ**

စကားထာဝှက်တမ်း ကစားကြသည်မှာ ပျော်စရာဖြစ်သည်။ လီဆူလူမျိုးများ၏ ဘိုးဘွားစဉ်ဆက်က အသုံးတွင်ခဲ့သော စကားထာများ ဖြစ်သည်။ အားလပ်သောအချိန်များတွင် မိသားစုအပျင်းပြေစေရန် အဘိုး အဘွားက မြေးမြစ်များကိုလည်းကောင်း၊ မိဘများက သားသမီးများကို လည်းကောင်း၊ အတွေးအခေါ်ရင့်သန်စေရန် အပျင်းပြေစကားထာဝှက်ကြ

www.burmeseclassic.com

www.burmeseclassic.com



လေ့ရှိခဲ့ကြသည်။ မိသားစုတွင် စကားထာဝှက်တမ်းကစားကြရာ နောင်တွင် အသုံးတွင်လာပြီး လီဆူလူမျိုးများ၏ စကားထာအသုံးအနှုန်းများ အဖြစ် လက်ခံကျင့်သုံးလာခဲ့ကြခြင်းဖြစ်ဟန်တူသည်။ အသုံးများသော စကားထာများမှာ အောက်ပါတို့ဖြစ်သည်။

၁။ နေ့ကျတော့ ကျောကင်၊ ညကျတော့ ရင်ကင်။

အဓိပ္ပာယ်မှာ အိမ်ခေါင်မိုး

၂။ စားပြီး တစ်ပြည့်ရှိ၊ မစားခင် တစ်ပြည့်ရှိ။

အဓိပ္ပာယ်မှာ ခရ

၃။ အဆစ်ရှိပြီး အရွက်မရှိ၊ အရွက်ရှိပြီး အဆစ်မရှိ။

အဓိပ္ပာယ်မှာ လက်ညှိုး၊ အဓိပ္ပာယ်မှာ ငှက်ပျောပင်

၄။ အသီးသီးက မပွင့်၊ အပွင့်ပွင့်က မသီး။

အဓိပ္ပာယ်မှာ ဆေးခြောက်ပင်၊ အဓိပ္ပာယ်မှာ သဘော်ဖိုပင်

၅။ အပွင့်မရှိဘဲ အသီးသီးသည်။

အဓိပ္ပာယ်မှာ သဘော်သီး၊ သဖန်းသီး

၆။ ကျည်ပွေ့တော့ ချည်ထား၊ ဆုံကျတော့ စားလိုက်ပါ။

အဓိပ္ပာယ်မှာ ငါးစုသီး

၇။ စားလို့ကောင်းသည်၊ ချိပ်လို့မရ။

အဓိပ္ပာယ်မှာ ကြက်ဥ

၈။ ပန်းပွင့်က တစ်ပွင့်၊ အစေ့က တစ်သောင်း။

အဓိပ္ပာယ်မှာ ဘိန်းစေ့၊ ပိန်းပန်း

www.burmeseclassic.com

www.burmeseclassic.com


၉။ နေ့လျှင် ဟင်းဖြစ်တယ်၊ ရင့်လျှင် အဖော်ဖြစ်တယ်။

အဓိပ္ပာယ်မှာ မျှစ်၊ ဝါး

၁၀။ ငယ်စဉ်က အင်္ကျီစိမ်း၊ ကြီးတော့ အင်္ကျီနီ။

အဓိပ္ပာယ်မှာ ငရုတ်သီး

## ပုံပြင်များ

လီဆူတို့၏ပုံပြင်များသည် ရှေးယခင် ဘိုးဘွားများအဆက်ဆက်က မှတ်သားပြောဆိုခဲ့ကြသော ပုံပြင်များဖြစ်သည်။ ဘိုးဘွားများက မြေးမြစ်များကိုလည်းကောင်း၊ မိဘများက သားသမီးများကိုလည်းကောင်း ပြောဆိုခဲ့ကြသည့် ပုံပြင်များဖြစ်ပါသည်။ လီဆူလူမျိုးများ၏ ပုံပြင်များမှာ မြောက်မြားစွာ ရှိသော်လည်း အရပ်ဒေသအလိုက် ထင်ရှားသောပုံပြင်အချို့ကိုသာ တင်ပြလိုပါသည်။

## တစ်ခါရ ရန်နီးနီး

တေချာတီကညာ-ညီချာတီညီရှာလော့

ရှေးအခါက လီဆူရွာတစ်ရွာမှာ ငို့စူလို့ခေါ်တဲ့ တောင်ယာသမား တစ်ယောက်ဟာ သူ့တောင်ယာမှာ ပေါင်းသင်နေတုန်း သူ့နဲ့ ခပ်လှမ်းလှမ်းမှာ ယုန်ကလေးတစ်ကောင်ဟာ ခုန်ပြေးလာရင်း သစ်ပင်ကြီးတစ်ပင်ကို ဝင်တိုက်မိလို့ သေသွားတယ်။

ငို့စူဟာ အားရဝမ်းသာစွာနဲ့ ပေါင်းသင်နေတဲ့အလုပ်ကို ရပ်ထားခဲ့ပြီး ယုန်သေကလေးကို ကောက်ခါ အိမ်ပြန်၍ ချက်စားလိုက်တယ်။ အဲဒီနောက် ငို့စူဟာ နောက်နေ့တွေမှာ ပေါင်းသင်တဲ့အလုပ်ကို ဆက်မလုပ်တော့ဘဲ သစ်ပင်ကိုလာတိုက်ပြီး သေမဲ့ယုန်ကလေးမျိုး နောက်ထပ်ရနိုးနိုးနဲ့ နေ့တိုင်း လာထိုင်စောင့်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ယာနားနီးချင်းတွေက "ဟေ့ ငို့စူ မင်းပေါင်းလဲမသင်ဘဲ တစ်နေ့လာလည်း ဒီနေရာမှာ ငုတ်တုတ်၊ နောက်တစ်နေ့လည်း ဒီနေရာမှာ ငုတ်တုတ်နဲ့ လေးငါးရက်တောင်ရှိပြီ၊ ဘာလုပ်နေတာလဲ" လို့ မေးကြတယ်။ ငို့စူက "တစ်နေ့ကလို သစ်ပင်လာတိုက်ပြီး သေတဲ့ယုန်ကလေးမျိုး ရအောင်လို့ စောင့်နေတာပါကွာ" လို့ ပြန်ပြောလိုက်တယ်။

ဒီတစ်ခါ ဘေးကယာနားနီးချင်းတွေက "ငို့စူရယ် မင်းဒါမျိုးကို သာ မျှော်နေရင် နောက် (၁၀) နှစ်ကြာတောင် ရချင်မှရမှာ၊ ဖြစ်ခဲ့တဲ့ ဥစ္စာပဲကွာ၊ အံ့လည်းအံ့ပါရဲ့" လို့ပြောပြီး ငို့စူလုပ်ပုံကို ကြည့်ပြီးရယ်ကြတယ်။

(ရှမ်းပြည်နယ် လီဆူပုံပြင်)

## ကြက်ဖဥ

ရှေးက လီဆူရွာတစ်ရွာမှာ အလွန်ချမ်းသာကြွယ်ဝတဲ့ သူဌေးကြီး တစ်ယောက်ရှိတယ်။ သူဌေးကြီး ဒါလောက်ချမ်းသာကြွယ်ဝလာတာဟာ မိဘအမွေအနှစ်ရခဲ့လို့ မဟုတ်ဘဲ ကြက်၊ ဘဲ၊ ဝက်၊ ဆိတ် စတဲ့ တိရစ္ဆာန်တွေ မွေးမြူရာက စုဆောင်းသိုမှီးပြီး ချမ်းသာလာတာဖြစ်တယ်။

မူလအိမ်ထောင်ကျစဉ်က သူဌေးလောင်းမှာ ဝက်ပုံစံ၊ ဆိတ်တစ်စုံ၊ ဘဲတစ်စုံနဲ့ ကြက်တစ်စုံသာရှိတယ်။ နောက်တော့ ဒီဝက်တွေ၊ ကြက်တွေ၊ ဘဲတွေ၊ ဆိတ်တွေဟာ ပွားသထက်ပွား များသထက်များလာပြီး ဒီ တိရစ္ဆာန်တွေကို အရောင်းအဝယ်လုပ်လာတာနဲ့ပဲ ချမ်းသာလာတယ်။ သူဌေးကြီးဟာ ဒီလိုချမ်းသာကြွယ်ဝနေပေမယ့် သူ့တိရစ္ဆာန်မွေးမြူတဲ့အလုပ် ကို ဆက်ပြီးလုပ်နေတာပဲ။

ဒီလိုတိရစ္ဆာန်မွေးပြီး ချမ်းသာကြွယ်ဝနေတဲ့ သူဌေးကြီးရဲ့ သတင်း ဟာ တစ်နယ်လုံးကျော်ကြားပြီး ဘုရင့်ရွှေနားတော်ထိ ရောက်လာတယ်။

www.burmeseclassic.com

www.burmeseclassic.com


ဒီအခါ ဘုရင်ကြီးက သူဌေးကြီးရဲ့ ဇာစ်မြစ်ကို စုံစမ်းတယ်။ သူဌေးကြီး ကွယ်ဝလာပုံ၊ သူဌေးကြီးမှာ သူဌေးကတော် ကွယ်လွန်သွားပြီဖြစ်တဲ့ အကြောင်း၊ ပြီးတော့ ဆယ့်သုံးလေးနှစ်သားအရွယ် လူမမည်သား တစ်ယောက်ရှိတဲ့အကြောင်းကိုပါ သိရတယ်။

သူဌေးကြီးရဲ့ပစ္စည်းတွေကို လိုချင်လောဘထွက်နေတဲ့ ဘုရင်ဟာ တကယ်လို့ သူဌေးကြီးကွယ်လွန်သွားရင် ပစ္စည်းတွေကို သူဌေးသားလူ မမည်ကသာ အမွေဆက်ခံရမယ်ဆိုတာကိုသိတယ်။ ဒီတော့ ရှိပစ္စည်းတွေ ရော သူဌေးသား လူငယ်ကိုပါ သိမ်းထားနိုင်အောင်လုပ်မှတော်မယ်လို့ ကြံပြီး တစ်နေ့တော့ အမတ်ကြီးတစ်ယောက်ကို သူဌေးကြီးဆီ အမိန့်တစ်ခု ပေးပြီး လွှတ်လိုက်တယ်။

ဒီအမိန့် သူဌေးကြီးဆီရောက်သွားတော့ သူဌေးကြီးဟာ အင်မတန် ဘုန်လုပ်သွားတယ်။ သူတစ်သက်လုံး ကြိုးစားပမ်းစားပြုစုပျိုးထောင်လာခဲ့ ရတဲ့ သူ့ဘဝတော့ ဆုံးပြီလို့ စိတ်ဒုံးဒုံးချလိုက်တယ်။ ဒီလိုနဲ့ သူဌေးကြီးဟာ သူ့သေရေတော့မှာကိုတွေးပြီး မစားနိုင်မသောက်နိုင်နဲ့ စိတ်မချမ်းမသာ ဖြစ်နေတာကို သားဖြစ်သူကမြင်တော့ သူ့ဖခင်ကို "နေမကောင်းလို့လား ဘာဖြစ်လို့လဲ" လို့မေးတယ်။

အဲဒီအခါ သူဌေးကြီးက "ငါ့သား ကံဆိုးမိုးမှောင်ဟာ ဒို့ရဲ့အိမ်ပေါ် ကို ကျရောက်လာပြီ၊ ငါမရှိတဲ့နောက် ငါ့သားဟာ လိမ်လိမ်မာမာနဲ့ ဒီရိယကိုရှေ့ထားပြီး အဖေရှာဖွေလုပ်ကိုင်ကြိုးစားသလို တရားသဖြင့် လုပ်ပေတော့၊ ငါတော့ မကြာခင် ဘုရင်သတ်တာခံရတော့မယ်။ မတရား သဖြင့် အလိုလောဘထွက်တဲ့ ဘုရင်ဟာ ငါ့ပစ္စည်းတွေကိုလိုချင်လို့ အရိယာယ်ဆင်လာပြီး ငါ့ဆီမှာ ကြက်ဖဥ (၃) ဥ တောင်းတယ်။ ဒီကြက်ဖ ဥကို မပေးနိုင်ရင် သတ်မယ်လို့ အမိန့်ကဆိုတယ်။

www.burmeseclassic.com

www.burmeseclassic.com



"လောကကြီးမှာ ကြက်ဖရဲ့ ဥကို ငါဘယ်လိုနည်းနဲ့မှ ပေးနိုင်မှာ မဟုတ်လို့ ခုနစ်ရက်ပြည့်တဲ့နေ့မှာ ငါအသတ်ခံရလိမ့်မယ်။ ငါသေပြီးတဲ့ အခါ ငါ့ရဲ့ပစ္စည်းဥစ္စာတွေကို ဘုရင်က ဘဏ္ဍာတော်အဖြစ် သိမ်းပြီး ငါ့သားကိုတော့ ဘယ်လိုလုပ်ကြမယ်ဆိုတာ မသိနိုင်ဘူး။ ဒီတော့ ငါ့သားဟာ အသက်မသေဘဲရှင်ပြီး ကျန်ရစ်ရင် လိမ်မာဖို့လိုတယ်။ ဝီရိယရှိဖို့ လိုတယ်၊ တရားသဖြင့် လုပ်ကိုင်ရှာဖွေပြီး အသက်မွေးဖို့လို တယ်" လို့ ဩဝါဒပေးကာ သူ့အဖြစ်ကို ရှင်းပြတယ်။

ဒီတော့ အသိပညာရှိတဲ့သားငယ်က "ဒီအတိုင်းဆိုရင် ဖခင်ပူပင် သောက ဖြစ်မနေပါနဲ့၊ ခုနစ်ရက်စေ့တဲ့နေ့မှာ ဘုရင်မင်းမြတ်ဆီ အဖေ့ကိုယ်စား ကျွန်တော်သွားပြီး ကြက်ဖဥအကြောင်းကို ရှင်းပြပါ့မယ်" လို့ပြန်ပြော တယ်။

ဒီအခါ သူဌေးကြီးက သူ့သားကို ဘာမှပြန်မပြောတော့ဘဲ သူဟာ သေလူဖြစ်နေပြီ၊ ဘယ်သူကဘဲကယ်ကယ် ဘာမှပြောစရာမရှိတော့ဘူးလို့ သဘောပိုက်ပြီး နေလိုက်တယ်။

ခုနစ်ရက်ပြည့်တဲ့နေ့ကျတော့ သူဌေးကြီးရဲ့သားငယ်ဟာ ဘုရင့် ရှေ့မှောက်ကို ရောက်လာတယ်။ ပြီးတော့ သူဟာ ကြက်ဘဲမွေးမြူတဲ့ သူဌေးကြီးရဲ့ သားဖြစ်ပါတယ်လို့ သံတော်ဦးတင်တယ်။

ဒီတော့ ဘုရင်ကြီးက "ကိစ္စက မင်းအဖေရဲ့ကိစ္စ၊ မင်းအဖေ ဘာကြောင့် မလာတာလဲ" လို့မေးတယ်။ ဒီလိုမေးလိုက်တော့ သူဌေးကြီး ရဲ့သားက "အမိန့်တော်အတိုင်း အဖေဟာ နန်းတော်ကို လာဖို့ပြင်ဆင်နေစဉ် မှာ မမျှော်လင့်ဘဲ ဝမ်းနာလာပြီး သားဖွားနေလို့ အဖေ့ကိုယ်စား ကျွန်တော် မျိုးလာရပါတယ်" လို့ ရဲရဲဝံ့ဝံ့လျှောက်တင်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါ ဘုရင်ကြီးက သူဆင်လိုက်တဲ့ပရိယာယ်က ကလေးက အစ သိပေပြီကောလို့ စဉ်းစားမိတယ်။ လောဘကြောင့် သူဌေးကြီးအပေါ် မတော်မတရား ကြံမိတဲ့အတွက် သူ့ရဲ့ ဂုဏ်သိက္ခာကို ထိခိုက်နေပြီဆိုတာ ကိုလည်း သိသွားတယ်။ ဒီကလေးကသာ အသိမပေးရင် ငါဟာ အင်မတန်ကြီးလေးတဲ့ လူသတ်မှု၊ ယုတ်မာမှု၊ မတရားပစ္စည်းလုမှုကို ကျူးလွန်သူဖြစ်မှာပါတကားဟု သံဝေဂရပြီး သူဌေးသားကို ဆုလာဘ်ပေး ကာ "စိတ်အေးချမ်းသာဖြင့် နေတော့၊ ကြက်ဖဥကိုလည်း မပို့နဲ့တော့လို့ မင်းအဖေကို ပြန်ပြောလိုက်" လို့ ပြောပြီး ဘုရင်ကြီးဟာ သူဌေးသားကို ပြန်လွှတ်လိုက်တယ်။

(ပူတာအို လီဆူပုံပြင်)

## ပညာရှိ ဟွာကူးဖာ

ရှေးအခါက ရွာတစ်ရွာမှာ အိမ်နားနီးချင်းနှစ်ယောက်ရှိတယ်။ တစ်ယောက်ရဲ့နာမည်က ဝိဖော်ဖာလို့ခေါ်ပြီး တစ်ယောက်ကတော့ ဝူးဘယ် လယ်လို့ခေါ်တယ်။ ဝိဖော်ဖာက စားနိုင်သောက်နိုင်ရှိပြီး ဝူးဘယ်လယ် ကတော့ ဆင်းရဲချို့တဲ့ရှာတယ်။ သူတို့နှစ်ယောက်ဟာ အိမ်နားနီးချင်းဖြစ်ပေ မယ့် ချောင်လည်တဲ့ ဝိဖော်ဖာဟာ ဆင်းရဲတဲ့ ဝူးဘယ်လယ်ကို အနိုင်ကျင့် လေ့ရှိတယ်။ ဝူးဘယ်လယ်ကလည်း ဝိဖော်ဖာ အနိုင်ကျင့်တာကို သိပေမယ့် ဂုဏ်ဒြပ်ကွာနေလို့ စိတ်ရှည်ရှည်နဲ့ သည်းခံနေခဲ့တယ်။

တစ်နေ့တော့ သူတို့နှစ်ယောက် အဖော်ညှိပြီး တောထဲသွားကာ ညွှတ်ကွင်းထောင်ကြတယ်။ ဝိဖော်ဖာက သူ့ညွှတ်ကွင်းကို သစ်ပင်ကြီး တစ်ပင်ပေါ်မှာ တက်ပြီးထောင်တယ်။ ဝူးဘယ်လယ်ကတော့ အများ ထောင်နေကျအတိုင်း မြေပြင်က တိရစ္ဆာန်တွေသွားတဲ့လမ်းမှာ ထောင် တယ်။ ပြီးတော့ သူတို့အိမ်ပြန်လာကြတယ်။

www.burmeseclassic.com

www.burmeseclassic.com


နောက်တစ်နေ့မနက်ကျတော့ အကောက်ဉာဏ်ရှိနေတဲ့ ဝိဓော်ဖာဟာ သူတစ်ယောက်ထဲ ညှတ်ကွင်းထောင်ထားတဲ့နေရာကို အစောကြီး ထပြီးသွားတယ်။ သူထောင်ထားတဲ့ သစ်ပင်ကိုရောက်တော့ သစ်ပင်ပေါ်က သူ့ညှတ်ကွင်းမှာ ကျီးကန်းတစ်ကောင်မိနေတာကိုတွေ့တယ်။ ဒါနဲ့ သူဟာ သစ်ပင်ပေါ်ကို တက်ကာ ကျီးကန်းကို ညှတ်ကွင်းကဖြုတ်ခဲ့ပြီးတော့ ဂူးဘယ်လယ် ထောင်ထားတဲ့ညှတ်ကွင်းကို သွားကြည့်တယ်။ ဂူးဘယ်လယ်ရဲ့ ညှတ်ကွင်းမှာတော့ ချေ (ဂျီ) တစ်ကောင်မိနေတာကို တွေ့ရတယ်။

ဒီလိုတွေ့တော့ ဝိဓော်ဖာဟာ မနာလိုဖြစ်ကာ လောဘထွက်လာပြီး ဂူးဘယ်လယ်ရဲ့ ညှတ်ကွင်းမှာ မိနေတဲ့ ချေ (ဂျီ) ကလေးကိုဖြုတ်တယ်။ ပြီးတော့ သစ်ပင်ပေါ်ကို ယူသွားပြီး သူ့ညှတ်ကွင်းထဲမှာ စွပ်ထားလိုက်တယ်။ သစ်ပင်ပေါ်က သူ့ညှတ်ကွင်းမှာ မိထားတဲ့ ကျီးကန်းကိုတော့ ဂူးဘယ်လယ်ရဲ့ ညှတ်ကွင်းမှာ ပြန်စွပ်ထားတယ်။ နောက်အိမ်ကို ပြန်လာတယ်။

အိမ်ရောက်ပြီး နေကောင်းကောင်းထွက်လာတဲ့အချိန်ကျတော့ ဝိဓော်ဖာဟာ ဂူးဘယ်လယ်ကို ညှတ်ကွင်းတွေသွားကြည့်ရအောင်လို့ ခေါ်တယ်။ ဂူးဘယ်လယ်ကလဲ ထပြီးလိုက်သွားတယ်။

သူတို့ထောင်ထားတဲ့ ညှတ်ကွင်းဆီရောက်ကြတော့ နှစ်ယောက်စလုံးရဲ့ ညှတ်ကွင်းမှာ တိရစ္ဆာန်တစ်ကောင်စီနေပေမယ့် ဂူးဘယ်လယ်က အတော်စိတ်မကောင်း ဖြစ်သွားတယ်။ သူ့ရဲ့ ညှတ်ကွင်းအနီးမှာ ချေ (ဂျီ) ရုန်းကန်လို့ ကျတ်နေတဲ့ အမွေးအမှင်တွေကိုလဲ တွေ့တယ်။ တကယ် မိနေတာက ကျီးကန်းတစ်ကောင်ဖြစ်နေတယ်။ ဒါကိုကြည့်ပြီးတော့ သူတော့ ဝိဓော်ဖာရဲ့ အနိုင်ကျင့်ခံရပြန်ပြီလို့ စိတ်မကောင်းဖြစ်နေတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဝိဇော်ဖာကတော့ သစ်ပင်ပေါ်တက်ပြီး ချေ (ဂျီ) ကလေးကိုပွေ့ချီကာ အားရဝမ်းသာနဲ့ ပြန်ဆင်းလာတယ်။

ဒါနဲ့ သူတို့နှစ်ယောက်ဟာ တစ်ယောက်က ချေ (ဂျီ) ကလေးကို ပွေ့လို့ တစ်ယောက်က ကျီးကန်းတစ်ကောင်ကိုဆွဲလို့ အိမ်ကိုပြန်ခဲ့ကြတယ်။ ဒီလို ပြန်လာရင်းနဲ့ လမ်းမှာ ဂူးဘယ်လယ်ဟာ စိတ်မကောင်းဖြစ်လာရာက မခံချင်ဖြစ်လာတယ်။ လောကကြီးမှာ တရားသဖြင့်ဆိုတာ ရှိသေးရဲ့လားလို့ သူတွေးတယ်။ သူဟာ ဝိဇော်ဖာရဲ့ အနိုင်ကျင့်ခံရပေါင်းလဲ များပြီ၊ အခုအနိုင်ကျင့်လိုက်ပုံကတော့ သူ့ကို လုံးလုံးကြီးစော်ကားလိုက်သလိုဖြစ်တယ်။ ဒီကိစ္စကို တရားသဖြင့် ဖြစ်အောင် ရွာသူကြီးဆီသွားပြီး အဆုံးအဖြတ်ခံမှ တော်မယ်လို့ အကြံပေါ်လာတယ်။ ဒါနဲ့ ရွာဝင်လမ်းရောက်တော့ သူဟာ ဝိဇော်ဖာနဲ့လမ်းခွဲပြီး သူကြီးအိမ်ကို ထွက်သွားတယ်။

သူကြီးအိမ်ကိုရောက်တဲ့အခါ သူကြီးကို ဖြစ်ပျက်ပုံအကျိုးအကြောင်း တိုင်ကြားတယ်။ တရားလမ်းမှန်အတိုင်း ဆုံးဖြတ်ပေးပါလို့လဲ အသနားခံတယ်။

ဒီလိုတိုင်ကြားတော့ ရွာသူကြီးက အရပ်လူကြီးတွေနဲ့ ဝိဇော်ဖာကို ခေါ် လူလွှတ်ပြီး အခေါ်ခိုင်းတယ်။ သူတို့ရောက်တဲ့အခါ သူကြီးက ဝိဇော်ဖာကို ဘယ်လိုဖြစ်ကြသလဲလို့ အကျိုးအကြောင်းမေးတယ်။

ဒီတော့ ဝိဇော်ဖာက သူတို့နှစ်ယောက် ညွှတ်ကွင်းသွားထောင်ကြတာ မှန်တယ်။ သူ့ညွှတ်ကွင်းက ချေ (ဂျီ) ကလေးတစ်ကောင်မိပြီး ဂူးဘယ်လယ်ရဲ့ညွှတ်ကွင်းက ကျီးတစ်ကောင်မိတာကို ဂူးဘယ်လယ်က ငြင်းတာမဟုတ်ဘူး၊ အဖြစ်အပျက်က ရှင်းနေပြီးသားဖြစ်တယ်။ ကိုယ့်ညွှတ်ကွင်းမှာမိတဲ့ တိရစ္ဆာန်ကို ကိုယ်ရကြတာဖြစ်ပါတယ်လို့ လျှောက်လဲတယ်။

www.burmeseclassic.com

www.burmeseclassic.com



ဒီအခါ ဂူးဘယ်လယ်ဟာ သူထင်တဲ့အတိုင်း ဝိဇ္ဇော်ဖာက ညွှတ်ကွင်းမှာ မိနေတဲ့ တိရစ္ဆာန်ချင်းလဲထားတာမှန်ပေမယ့် သက်သေပြဖို့ ခက်နေတယ်။ ကိုယ့်ညွှတ်ကွင်းမှာမိနေတဲ့ တိရစ္ဆာန်ကို ကိုယ့်ဘာသာ ဖြုတ်ယူခဲ့ကြတဲ့အတွက် ဂူးဘယ်လယ်က သူထောင်တဲ့ညွှတ်ကွင်းမှာ (ဂျီ) မိပါတယ်လို့လဲ အထောက်အထားမရှိဘဲနဲ့ မပြောနိုင်ဘူး။

ဒါနဲ့ ဂူးဘယ်လယ်က ကြံရာမရဖြစ်ပြီး "ကျွန်တော် ရှေ့နေပညာရှိ တစ်ယောက်ကိုခေါ်ပြီး လျှောက်လဲချက်ပေးပါမယ်၊ ကျွန်တော့်အဖြစ်ကို ကျွန်တော်ရှင်းအောင် မပြောတတ်လို့ပါ" လို့ ရှေ့နေနဲ့ လျှောက်လဲဖို့ ရွာသူကြီးဆီ ခွင့်တောင်းတယ်။

ရွာသူကြီးကလည်း တရားသဖြင့်ဖြစ်အောင် ရှေ့နေနဲ့ လျှောက်လဲခွင့် ပြုလိုက်တယ်။ သုံးရက်ပြည့်တဲ့နေ့မှာ လာပြီးလျှောက်လဲဖို့လည်း ချိန်းလိုက် တယ်။

ဂူးဘယ်လယ်ဟာ သူ့အဖြစ်ကို သူတွေးပြီး စိတ်မချမ်းသာဘဲနဲ့ အိမ်ကို ပြန်လာတယ်။ အိမ်ရောက်တော့ ဘယ်သူ့ကို သူ့ကိုယ်စား အမှု အတွက် သူကြီးဆီမှာ လျှောက်လဲခိုင်းရပါ့မလဲလို့ စဉ်းစားတယ်။ ဒီလို စဉ်းစားရင်းနဲ့ ရွာမှာ ပညာဗဟုသုတနဲ့ပြည့်စုံတဲ့ ပညာရှိဟွာကူးဖာကို သတိရတယ်။ ဒါနဲ့ ဟွာကူးဖာရဲ့အိမ်ကို သွားပြီး သူဖြစ်ခဲ့ရပုံကို ပြောပြ တယ်။ သူ့ကို ကူညီဖို့လဲ အသနားခံတယ်။

ဒီတော့ ဟွာကူးဖာက "ဒီကိစ္စအတွက်မပူပါနဲ့၊ စိတ်အေး လက်အေးနေပါ၊ အမှုဆိုင်တဲ့နေ့မှာ သူ သူကြီးအိမ်ကိုလာခဲ့ပါမယ်" လို့ ကတိပေးလိုက်တယ်။

ဂူးဘယ်လယ်ကလဲ ဟွာကူးဖာကို ကျေးဇူးတင်ကြောင်း အထပ်ထပ်ပြောပြီး ဝမ်းသာအားရနဲ့ အိမ်ကိုပြန်ခဲ့တယ်။

www.burmeseclassic.com

www.burmeseclassic.com


နောက် သုံးရက်မြောက်တဲ့ နေ့ကျတော့အမှုချိန်းရက်ဖြစ်တဲ့အတိုင်း သူကြီးအိမ်မှာ အရပ်လူကြီးတွေနဲ့ တစ်ရပ်လုံးက လူတွေရောက်နေကြတယ်။ ဒါပေမဲ့ ဟွာကူးဖာကတော့ ပေါ်မလာဘူး။

အချိန်ဟာ တဖြည်းဖြည်းကုန်လာပြီး ညနေခင်းရောက်လာတော့ သူကြီးက "ဝူးဘယ်လယ်ရဲ့ ရှေ့နေပညာရှိတော့ ရောက်မလာဘူး၊ မရောက်တာထောက်တော့ လျှောက်လဲစရာမရှိလို့ဖြစ်မယ်၊ အမှုသွားက တော့ ကိုယ့်ညွှတ်ကွင်းမှာမိတဲ့ သားကောင်ကို ကိုယ့်ဘာသာဖြုတ်ခဲ့ကြတာ ပဲ၊ အမှုကတော့ ရှင်းသလောက်ရှိနေပါပြီ" လို့ ရောက်နေတဲ့ ပရိသတ်ကို ရှင်းပြတယ်။

ဒီလို ရွာသူကြီးကပြောနေခိုက် ဟွာကူးဖာဟာ ခြင်းကြားတစ်လုံးကို လွယ်ပြီး ကတိုက်ကရိုက် သူကြီးအိမ်ပေါ်ကို တက်လာတယ်။

အဲဒီအခါ ရွာသူကြီးက "ဟွာကူးဖာ တယ်နောက်ကျပါလား၊ အချိန်ကို သတိမထားဘူးထင်တယ်" လို့ ဆီးပြီးပြောပါတယ်။

ဒီတော့ ဟွာကူးဖာက "ကျွန်တော် အချိန်မှီ အစောကြီးကတည်း က အိမ်ကထွက်လာပါတယ်၊ လမ်းမှာ ချောင်းကိုဖြတ်လိုက်တော့ သောင်ပြင်ကြီးမီးလောင်နေတာတွေ့တာနဲ့ ဒီမီးဟာ ကြာရင်ရွာကိုပါ ကူးလောင်မှာ စိုးလို့ ဟောဒီ ခြင်းကျားနဲ့ ချောင်းကရေကိုခပ်ပြီး မီးငြိမ်း နေရလို့ အချိန်ကြာ သွားပါတယ်၊ ခွင့်လွှတ်ကြပါ" လို့ ပြန်ပြောတယ်။

ဒီလိုပြောလိုက်တော့ ရွာသူကြီးက "ခြင်းကြားနဲ့ ရေခပ်ပြီး သောင်ပြင်မှာ လောင်တဲ့မီးကို ငြိမ်းရတယ်ဆိုတာကတော့ တစ်သက် တစ်ကိုယ်အခုမှ ကြားဖူးတာပဲ" လို့ ပြန်ပြောလိုက်တယ်။

ဒီအခါ ပညာရှိဟွာကူးဖာက "သူကြီးမင်းပြောတာ မှန်ပါတယ်၊ သောင်ပြင်ကို မီးမလောင်နိုင်၊ ခြင်းကြားနဲ့ ရေခပ်လို့ မဖြစ်နိုင်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အတိုင်း တောတိရစ္ဆာန် (ဂျီ) သတ္တဝါဟာ အတောင်ပေါက်တဲ့ အကောင်လည်းမဟုတ်၊ သစ်ပင်တက်တတ်တဲ့အကောင်လည်းမဟုတ်၊ ဒီအကောင်မျိုးက သစ်ပင်ဖျားမှာ ထောင်ထားတဲ့ ညှတ်ကွင်းထဲဝင်ပြီး မိမနေစကောင်းပါ၊ မြေပြင်က သားကောင်များသွားရာလမ်းမှာ ထောင်ထားတဲ့ ညှတ်ကွင်းမှာလည်း ကောင်းကင်မှာ ပျံသန်းသွားလာနေတဲ့ ကျီးကန်းမမိစကောင်းပါ'' လို့ သူ့အမှုကို လျှောက်လဲတဲ့သဘောနဲ့ ပြောတယ်။

အဲဒီအခါမှာ ရွာသူကြီးနဲ့ အရပ်လူကြီးတွေက အခြေအနေအရပ်ရပ်ကို သဘောပေါက်ပြီး ဝိဇော်ဖာအား ဂူးဘယ်လယ်ရဲ့ (ဂျီ) ကို ပြန်ပေးစေလို့ အမိန့်ချလိုက်ပါတော့တယ်။

(အရှေ့လီဆူပုံပြင်)

## မူးပိုးမာနဲ့ လူသားကမ္ဘာ

ကမ္ဘာကို ရေလွှမ်းမိုးပြီးနောက် နှစ်ပေါင်းအတန်ကြာသော် မူးပိုးမာဆိုသူ ပုဂ္ဂိုလ်တစ်ဦး ပေါ်ပေါက်ခဲ့တယ်။ ရေလွှမ်းမိုးလို့ ကမ္ဘာပျက်သွားပြီးနောက် မူးပိုးမာဟာ ကမ္ဘာကို ပြန်၍ ပြုပြင်ထုလုပ်ခဲ့တယ်။ ဒါကြောင့် မူးပိုးမာကို ဘုရားတစ်ဆူလို့ ယုံမှတ်ခေါ်ဝေါ်ကြတယ်။

တစ်နေ့မှာ မူးပိုးမာဟာ ကမ္ဘာသူ ကမ္ဘာသားများကို မခေါ်မီ တိရစ္ဆာန်များကို အကြီးမှအငယ်အထိ ငှက်မျိုးစုံနှင့် တွားသွားသတ္တဝါများ အင်းဆက်ပိုးမွှားများအပါအဝင် သူ့ကို လာရောက်ပူဇော်ကန်တော့ရန် ဖိတ်ခေါ်လိုက်တယ်။ အဲဒီနောက် ရောက်ရှိလာတဲ့ တိရစ္ဆာန်အားလုံးကို စစ်ဆေးကြည့်တော့ ကျိုင်းကောင်နှင့် ပုရွက်ဆိတ်တို့ မလာရောက်ကြောင်း တွေ့ရှိရတယ်။

အဲဒီအခါ မူးပိုးမာက ကျိုင်းကောင်နှင့် ပုရွက်ဆိတ်ကို ခေါ်စေခိုင်းပြီး စစ်ဆေးမေးမြန်းတယ်။ ကျိုင်းကောင်က ''အရှင်ဘုရား ကျွန်တော်မျိုး

www.burmeseclassic.com

www.burmeseclassic.com


တို့ ကျိုင်းကောင်မျိုးဟာ လမ်းညွှန်သူ ဦးဆောင်သူ မရှိသဖြင့် လာရောက် ကန်တော့ချင်ပေမယ့်လည်း ဘာမှ အရာမရောက်ဘူးထင်လို့ မလာခြင်းပါ ဘုရား'' လို့ ဖြေတယ်။ ဒီတော့ မူးပိုးမာက ''ငါခေါ်တာကို ဘာပဲဖြစ်ဖြစ် လာကိုလာရမယ်၊ ငါ့ကိုမရိုမသေပြုခြင်းဖြစ်တယ်'' လို့ဆိုကာ ကျိုင်းကောင် နဖူးကို ဓားနဲ့ ခပ်စောင်းစောင်း ခုတ်ဖြတ်လိုက်တယ်။ ဒါကြောင့် ယခုအခါ ကျိုင်းကောင်များရဲ့ နဖူးမှာ ခပ်စောင်းစောင်းဖြစ်နေတာကို တွေ့ရခြင်းဖြစ် တယ်။

အဲဒီနောက် ပုရွက်ဆိတ်ကို စစ်ဆေးတဲ့အခါ ပုရွက်ဆိတ်က ''အရှင်ဘုရား ကျွန်တော်မျိုးတို့ဟာ ကမ္ဘာပေါ်ရှိ သတ္တဝါအားလုံးထက် သေးငယ်လို့ အရှင်ဘုရားထံ မလာရောက်သော်လည်း ကိစ္စမရှိ၊ လာရောက်သော်လည်း အရာမရောက်နိုင်လို့ မလာရောက်ကြောင်းနဲ့ မကန်တော့တာဖြစ်ကြောင်းပါ'' လို့လျှောက်တင်တယ်။ အဲဒီအခါမှာ လည်း မူးပိုးမာက ''ငါ့လက်အောက်ရှိ ငါဖန်ဆင်းထားတဲ့ သတ္တဝါ ကြီးငယ်မဆို ငါ့ကို လာရောက်ကန်တော့ရမယ်၊ မင်းတို့ ပုရွက်ဆိတ်ကို လည်း ငါဖန်ဆင်းထားတာ'' လို့ဆိုကာ ပုရွက်ဆိတ်ရဲ့ခါးကို တအား ဖိလိုက်တဲ့အခါ ပုရွက်ဆိတ်၏ခါးဟာ ပြတ်လုမတတ် ဖြစ်သွားတယ်။ ဒါကြောင့် ယခုအခါ ပုရွက်ဆိတ်ဟာ ခါးသေးနေတာကို တွေ့ရတယ်။

မူးပိုးမာဟာ တိရစ္ဆာန်အားလုံးကို ဖိတ်ခေါ်ပြီး ကောင်းချီးမင်္ဂလာ ပေးကာ ကမ္ဘာသူကမ္ဘာသားများကိုလည်း အကြိမ်ကြိမ်ဖိတ်ခေါ်ခဲ့တယ်လို့ ဆိုပါတယ်။ ပထမအကြိမ် ရွှေငွေများပေးခြင်း၊ ဒုတိယအကြိမ် နတ်မျိုးစုံ ပေးခြင်းနဲ့ တတိယအကြိမ်အကမျိုးစုံကို ပေးခဲ့တယ်။ လီဆူလူမျိုးတို့ရဲ့ ခေါင်းဆောင် လူးလူးအော်ဖာဆိုသူက ကျားတစ်ကောင်ကို ပစ်လိုက်ရာ ထိုကျားကို သုံးရက်ခန့်ကြာ ရှာရလေသည်။ မူးပိုးမာက ခေါ်၍မေးရာ ''အရှင်ဘုရား ကျွန်တော် ကျားတစ်ကောင်ပစ်လိုက်၍ ကျားကိုရှာရင်း

www.burmeseclassic.com

www.burmeseclassic.com


သုံးရက်ကြာသွားကြောင်း အခုမှ လာရကြောင်းနဲ့ ကျွန်တော့်အတွက် ဘာများရှိပါသေးသလဲ၊ ရှိပါကပေးသနားပါဘုရား" လို့ လျှောက်တင်တယ်။ အဲဒီအခါ မူးပိုးမာက "ငါခေါ်တဲ့အခါ မင်းမလာဘူး၊ အခု အရေးကြီးတဲ့ ကြိမ်၊ ဓား၊ မောင်းအားလုံးကို မင်းတို့အစ်ကို ဂျိန်းဖော့လူမျိုးတွေကို ပေးလိုက်ပြီ၊ အခု ကျန်တဲ့ လေးချောင်းပါတဲ့ စောင်း၊ သုံးချောင်းပါတဲ့ စောင်း၊ ဘူးပလွေ၊ ဝါးပလွေ၊ ဝါးတယော၊ ဝါးနဲ့လုပ်တဲ့ အသံထွက်ကိရိယာအမျိုးမျိုးကို ပေးလိုက်တယ်။

အဲဒီအခါ လူးလူးအော်ဖာက "အရှင်ဘုရား ဒီပစ္စည်းတွေကို ဘယ်အချိန်မှာ သုံးစွဲရပါမလဲ" ဟု မေးလျှောက်ရာ မူးပိုးမာက "မင်းတို့လူမျိုးတွေ ပျော်ပွဲရွှင်ပွဲတိုင်းမှာ ငါပေးတဲ့ အဲဒီပစ္စည်းတွေကို တီးမှုတ်ပြီး ကခုန်ကြ၊ သီချင်းဆိုကြ၊ ပျော်ကြပါ၊ ဒါပေမယ့် စိတ်ညစ်တဲ့အခါ၊ ဒုက္ခရောက်တဲ့အခါ မတီးမမှုတ်၊ မကရ" လို့ မှာကြားပြီး အိမ်မွေးတိရစ္ဆာန် ကြက်၊ ဝက်၊ ကြောင်၊ ခွေး တို့ကို လူးလူးအော်ဖာအား ပေးလိုက်တယ်။ အဲဒီလို မူးပိုးမာက ပေးလိုက်တဲ့ အသံထွက်ကိရိယာများနဲ့ အိမ်မွေးတိရစ္ဆာန်တွေကို လူးလူးအော်ဖာဟာ ခြင်းတောင်းထဲထည့်ပြီး ထမ်း၍လာခဲ့ရာ တစ်ခါနားတိုင်း တိရစ္ဆာန်တွေထွက်ပြေးကြတယ်။ အဲဒီအခါ ကြက်သည် ကြက်ဖြစ်၍ ဝက်သည် ဝက်ဖြစ်သည်၊ ကြောင်သည် ကြောင်ဖြစ်သော်လည်း ခွေးက မြေခွေးဖြစ်သွားတယ်လို့ ဆိုပါတယ်။

(မြစ်ကြီးနားလီဆူပုံပြင်)

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ဝတ်စားဆင်ယင်ထုံးဖွဲ့မှု

လီဆူတို့၏ ဝတ်စားဆင်ယင်မှုသည် နေရာဒေသအလိုက်ကွဲပြားခြားနားသည်။ အများအားဖြင့် အရောင်စုံ၊ အဆင်စုံများပါသော ဝတ်စုံများကို ဝတ်ဆင်ကြသည်။ လီဆူလူမျိုးများ၏ ဝတ်စုံမှာ (၁၄) မျိုးခန့်ရှိသော်လည်း အခြေခံအားဖြင့် (၆) မျိုးရှိသည်။ ၄င်းတို့မှာ-

(၁) ပူတာအိုနယ်ဝတ်စုံ

(၂) မြစ်ကြီးနားနယ်ဝတ်စုံ

(၃) ဗန်းမော်နယ်ဝတ်စုံ

(၄) မိုးကုတ်နယ်ဝတ်စုံ

(၅) ရှမ်းပြည်နယ်တောင်ပိုင်းဝတ်စုံ

(၆) ရှမ်းပြည်နယ်မြောက်ပိုင်းဝတ်စုံ တို့ဖြစ်သည်။

## ပူတာအိုနယ်ဝတ်စုံ

ပူတာအိုနယ် လီဆူအမျိုးသားများသည် ယခင်က အရှည် (၃) ထွာရှိသော အနက်ရောင်ခေါင်းပေါင်းကို ပေါင်းကြသည်။ ခေါင်းပေါင်းတွင် နှစ်မျိုးရှိသည်။ "ဦးလီ" ခေါ် ခေါင်းပေါင်းဖျင်ကို ပတ်ပေါင်းခေါင်းခြင်းနှင့် "ဦးထယ်" ခေါ် ပုံစံချထားသော ကွင်းလိုက်ပုံသဏ္ဌာန်ခေါင်းပေါင်းမျိုးဖြစ်သည်။ ယခင် အသုံးပြုခဲ့သော ပတ်ပေါင်းပေါင်းသည့် ခေါင်းပေါင်းကို နောင်အခါတွင် လီဆူရိုးရာယဉ်ကျေးမှုအဖွဲ့က



www.burmeseclassic.com

www.burmeseclassic.com



ကောင်းနိုးရာရာကို ပြင်ဆင်သတ်မှတ်ပြီး ပြောင်းလဲသုံးစွဲလာခဲ့ကြခြင်းဖြစ်သည်။

ပူတာအိုနယ် လီဆူအမျိုးသားများ၏ "ဘယ်ဖယ်" ခေါ် အင်္ကျီသည် တောဂုန်လျှော်ပင်မှရသော လျှော်မျှင်များဖြင့် ရက်လုပ်ဝတ်ဆင်ခြင်းဖြစ်သည်။ ရှေးအခါက ဂျပ်ခုတ် ရက်ကန်းထည်အဖြစ် အနံ ၆ လက်မခန့်နှင့် အလျားကို ရှည်နိုင်သမျှရှည်သော ဂျပ်ခုတ်ထည်ဖျင်ဖြစ်သည်။ ၄င်းကို လိုသလောက်ပိုင်းယူ၍ အနံချုင်းစပ်ကာ လိုအပ်သော အင်္ကျီ၊ လုံချည်၊ စောင်၊ လွယ်အိတ် စသည့် အဝတ်အထည်၊ အသုံးအဆောင်များကို ရက်လုပ်ခြင်းဖြစ်ပါသည်။

အမျိုးသားများသည် ကော်လာပါသော လက်ရှည်အင်္ကျီကို ဝတ်ဆင်ကြသည်။ ၄င်းအင်္ကျီများ၏ အနားစပ်တိုင်းတွင် အနားကွပ်၍ ဝတ်ဆင်ကြသည်။ အမျိုးသားများသည် အနက်ရောင် ဘောင်းဘီရှည် ခပ်စစ်စစ်ဝတ်ဆင်ကြသည်။ အချို့ကမူ ဒူးဆစ်ဖုံးရုံဝတ်ဆင်ကြသည့် မျိုးလည်းရှိသည်။ ဘောင်းဘီမှာ ရှေးယခင်က အဖြူရောင်၊ ပင်နီရောင် စသည်ဖြင့် လက်ရက်ထည်များကို ချုပ်လုပ်ဝတ်ဆင်ခဲ့သော်လည်း နောင်တွင် တရုတ်နိုင်ငံ၊ အိန္ဒိယနိုင်ငံတို့မှ လာသော အနက်ရောင်ဖျင်များကိုသာ ချုပ်လုပ်ဝတ်ဆင်လာကြသည်။ ထို့ပြင် ဒူးဆစ်မှ ခြေချင်းဝတ်ထိ ခြေသလုံးတစ်လျှောက် အနက်ရောင်ဖြစ်စေ၊ ပင်နီဖြစ်စေ၊ ရရာဖျင်စကို ဘယ်ပြန်ညာပြန် ကြက်ခြေခတ်ပုံသဏ္ဍာန်ပေါ်အောင် လိမ်ယှက်ပတ်ထားသည့် ခြေစွပ်ကို ဝတ်ဆင်ကြသည်။

ပူတာအိုနယ် လီဆူအမျိုးသားများသည် ရှေးအခါက ဝါးဖိနပ်ကို ရိုးရာဖိနပ်အဖြစ် သုံးစွဲကြသည်။ တောတောင်ထဲတွင်သာ အနေများခဲ့သောကြောင့် ဝါးကို တီထွင်ကြံဆ၍ ဖိနပ်အဖြစ်သုံးစွဲလာခဲ့ပုံရှိတူသည်။ ဝါးနီးဖြာ၍ ရက်လုပ်ခြင်းမျိုးမဟုတ်ပေ။ မနုမရင့်ဝါးကို မီးဖုတ်ပြီး

www.burmeseclassic.com


ဝါးအရှည်တစ်လျှောက် ဝါးလျှော်ကို ခွာယူကာ ကြိုးလိမ်အဖြစ် ကျစ်၍ ရက်လုပ်ထားခြင်းဖြစ်သည်။ ထို့ပြင် ရေခဲတောင်များတွင် သုံးသော ဖိနပ်တစ်မျိုးလည်း ရှိသေးသည်။ ထိုဖိနပ်မှာ အမျိုးသမီးများ၏ ဆံပင်ရှည်ဖြင့် ပြုလုပ်သည်။ လီဆူတို့သည် မုဆိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်ဖြစ်ရာ သားကောင်များကျက်စားရာ ရေခဲတောင်များကို ဖိနပ်မပါဘဲ ဖြတ်ကျော်မှု မပြုနိုင်ပေ။ လီဆူလူမျိုးများသည် ဆောတောင်ကန္တာရများ၊ ကျောက်စရစ်များ၊ ရေခဲတောင်များတွင် သွားလာရသည်ကများသောကြောင့် ဖိနပ်ကို ထိုသို့ပြုလုပ်သုံးစွဲကြခြင်း ဖြစ်သည်ဟု ဆိုပါသည်။ နောင်အခါတွင် တရုတ်နိုင်ငံမှ ကျွဲသားရေ၊ နွားသားရေတို့ဖြင့် ချုပ်လုပ်သော ဖိနပ်များကို အသုံးပြုရာမှ ရိုးရာဖိနပ်ကို အသုံးနည်းလာကြသည်ကို တွေ့ရသည်။ ဝတ်စုံကို ဝတ်ဆင်ပြီးပါက ခါးပတ်ကို ထပ်၍ ပတ်ရသည်။ တောတောင်ထဲတွင် တစ်နေ့တာ လုပ်ငန်းဆောင်တာများကို လုပ်ကိုင်ရာတွင် ခံနိုင်ရည်ရှိရန်နှင့် ဆာလောင်မွတ်သိပ်မှုကို ဖြေသိမ့်ခြင်းသဘောဖြင့် ခါးပတ်ကိုပတ်ထားခြင်းဖြစ်သည်ဟုဆိုပါသည်။

လီဆူတို့၏ ရိုးရာဝတ်စားဆင်ယင်မှုတွင် ခါးပတ်မှာ ဂုဏ်ကိုဆောင်သော အသုံးအဆောင်ဖြစ်၍ ငွေကြေးမတတ်နိုင်သူများက တန်ဖိုးကြီးမားသော ခါးပတ်များကို ပြုလုပ်မသုံးနိုင်ကြသော်လည်း ပလတ်စတစ်ပြားများအစား အဖြူရောင်ကြွေပြားများကို ထည့်သွင်းပုံဖော်၍ ပုံစံတူပြုလုပ်အသုံးပြုလာကြသည်။

ပူတာအိုနယ် လီဆူအမျိုးသမီးများ၏ ခေါင်းပေါင်းမှာ ကွင်းပုံသဏ္ဌာန်ဖြစ်သည်။ ဆံပင်ကို ကျစ်လိမ်ပြီး ခေါင်းပေါ်မှပတ်၍ တင်ထားသည်။ ခေါင်းပေါင်းကို ရှေ့မျက်နှာဆံပင်ကို ဖုံးအုပ်ဝတ်ဆင်ပြီး နားစပ်တွင် အစွန်းနှစ်ခုချထားကာ ဆံပင်ကို စနစ်တကျ ထုံးဖွဲ့ပြင်ဆင်ထားသည်။

နားတွင် နားဆွဲ၊ နားကွင်း၊ နားတောင်းများကို ရွှေ၊ ငွေ တို့ဖြင့် ပြုလုပ်ဆင်မြန်းကြသည်။ လည်ပင်းတွင် သန္တာပုတီး အနီရောင်ဖြင့် အဖြူ

www.burmeseclassic.com

www.burmeseclassic.com


ရောင်များကို ဝတ်ဆင်ကြသည်။ အချို့တတ်နိုင်သူများက ရွှေ၊ ငွေ၊ ဆွဲကြိုးများကိုပါ သန္တာပုတီးများနှင့်အတူ ဆွဲသားဆင်မြန်းကြသည်ကို တွေ့ရသည်။

ပူတာအိုနယ် လီဆူအမျိုးသမီးများသည် ရှေးအခါက မျက်နှာကို လှပစွာလိမ်းကျံခြယ်သမှု မရှိပေ။ သဘာဝ အသားအရည်စိုပြည်လှပမှုမှာ ဆေးမဆိုးဘဲ နီမြန်းနေသော နှုတ်ခမ်းနှင့် ပါးနီလေးများ ရှိနေကြသည်။ ရာသီဥတုအေးချမ်းသာယာသောဒေသများတွင် သဘာဝအလှအပများကို ပကာသနမဖက် တွေ့နိုင်ပေသည်။

ရင်ဖုံးအင်္ကျီမှာ အမျိုးသားများကဲ့သို့ လက်ကောက်ဝတ်တွင်သာ အနက်ရောင် ကွပ်ထားသော အဖြူရောင်လက်ရှည်အင်္ကျီဖြစ်သည်။ အမျိုးသမီးများ၏ အင်္ကျီဖျင်မှာ အမျိုးသားများ ဝတ်ဆင်သော ဖျင်အင်္ကျီနှင့် အမျိုးအစားတူ၊ အဆင်တူဖြစ်သည်။

အမျိုးသမီးများသည် ခြေချင်းဝတ်အထိ ရှည်လျားသော ဂါဝန်ရှည်ကိုလည်း ဝတ်ဆင်ကြသည်။ ပထမဦးစွာ ဘောင်းဘီရှည်ကို ဝတ်ဆင်ပြီးမှသာ ဖော်ပြပါ ဂါဝန်ကို ဝတ်ဆင်ရသည်။ ပူတာအို လီဆူအမျိုးသမီးများသည် အိပ်နေလျှင်ပင် ရိုးရာဂါဝန်ရှည်ကို ဝတ်ဆင်လေ့ရှိသည်။

ပူတာအိုနယ် လီဆူအမျိုးသမီးများသည် ခါးပတ်ပတ်သည့် အလေ့မရှိပါ။ ဂါဝန်ကို ဝတ်ဆင်ရာတွင် အင်္ကျီကို ဖုံးအုပ်သွားသည့်အတွက် ခါးပတ်သီးသန့်မလိုပေ။ သို့သော် ဂါဝန်တွင် ခါးပတ်ကဲ့သို့ အလျှော့အတင်းပြုလုပ်နိုင်သော ခါးစည်းကြိုးကိုထည့်၍ ချုပ်လုပ်ထားပေသည်။

ဖိနပ်မှာမူ အမျိုးသားများကဲ့သို့ ရှေးယခင်က ဝါးဖိနပ်များ သုံးစွဲကြသည်။ ယခုခေတ်တွင် ရှူးဖိနပ်၊ ခြေညှပ်ဖိနပ်၊ ခုံမြင့်ဖိနပ်၊ ကွင်းထိုးဖိနပ်စသည်တို့မှ တစ်မျိုးမျိုးကို ဝတ်ဆင်၍ ရိုးရာဝတ်စုံတွင် ထည့်သွင်းသုံးစွဲလာကြသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com




ပူတာအိုနယ် လီဆူအမျိုးသားနှင့် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com




မြစ်ကြီးနားနယ် လီဆူအမျိုးသား

www.burmeseclassic.com

www.burmeseclassic.com


## မြစ်ကြီးနားနယ်ဝတ်စုံ

မြစ်ကြီးနားနယ် လီဆူအမျိုးသားများသည် အလျား ၁၅ တောင်၊ အနံ တစ်ကိုက်ရှိသော အနက်ရောင်ဖျင်ကို ခေါင်းပေါင်းကြသည်။ ရှမ်းဘောင်းဘီအနက်ရောင် ခြေရှည်ကို ဝတ်ဆင်ကြသည်။ အဖြူရောင် ခြေအိတ်ကို ဝတ်ဆင်သည်။

အင်္ကျီမှာ အဖြူရောင်လက်ရှည်အင်္ကျီဖြစ်ပြီး ဒူးအောက်နားထိ ရှည်လျားသည်။ ကော်လံမှာ ကုပ်အင်္ကျီကော်လံရှည်ပုံစံမျိုးဖြစ်သည်။ အင်္ကျီကို ဝတ်ဆင်ပြီးပါက အနံ ၆ လက်မ၊ အလျား ၆ တောင်ရှည်သော အနက်ရောင်ဖျင် ခါးပတ်ဖြင့်ပတ်၍ ဝတ်သည်။

ခါးပတ်ကိုပတ်ရာတွင် လက်ျာပတ် ပတ်ရသည်။ ပြီးလျှင် အလျား ၃ တောင်၊ အနံ ၄ လက်မရှိသော ဂျပ်ခုပ်ထည်ချည်ခါးပတ်ကို ဆပ်၍ပတ်ကာ ဝတ်ဆင်ရသည်။ ခါးပတ်အစွန်းနှစ်ဘက်မှာ အမြိတ်စွန်းများချထားသည်။ ဖွတ်မြီးပုံသဏ္ဌာန်များ ၈ လက်မခန့်ချထားကာ ကြိုးတစ်ပင်တည်းပါသည့် ခါးစည်းကြိုးဖြင့်ထပ်၍ ချည်နှောင်ဝတ်ဆင်ရသည်။ ထိုသို့ ခါးပတ်ကို သုံးထပ်ပတ်မှသာ ပို၍ ခိုင်ခံ့မှုရှိသည်။

ရိုးရာဝါးဖိနပ်ကို စီးကြသည်။ ယခုခေတ်တွင်မူ နောက်ပိတ်ဖိနပ်၊ ဘွင်းစွပ်ဖိနပ်၊ ချည်ညှပ်ဖိနပ် စသည်များကိုလည်း ရိုးရာဝတ်စားဆင်ယင်မှုတွင် ထည့်သွင်းဝတ်ဆင်မှုပြုလာကြောင်းတွေ့ရသည်။

မြစ်ကြီးနားနယ် အမျိုးသမီးများသည် အနက်ရောင် ခေါင်းပေါင်းကို ပေါင်းကြသည်။ အဖျားစွန်းတွင် ၃ လက်မခန့် အစိမ်းရောင်ကြိုးစ ၁၈ နှင့် ကြွေစေ့များ တပ်ဆင်ထားသော အလျား ၆ လက်မရှိ အနီရောင် ကြိုးများ ၁၈ ခုတို့ကို တွဲလျားချထားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှေးအခါက နားတွင် ငွေနားကွင်းများ၊ ငွေနားဆွဲများကို ဆွဲထားကြသည်။ ယခုအခါ ၎င်းငွေနားကွင်းများ မသုံးကြတော့ဘဲ ငွေနားတောင်း၊ ငွေနားကပ်၊ ရွှေနားတောင်း၊ ရွှေနားကပ်များကို ပန်ဆင်ကြကြောင်း တွေ့ရသည်။ လည်ပင်းတွင် ရောင်စုံပုတီးစေ့များ ပုတီးကုံးများကို ငွေကြိုးများနှင့်တွဲလျက် နှစ်ကုံးမှ ငါးကုံးအထိ ဆွဲထားကြသည်။ ငွေလက်ကောက်ကွင်းကြီးများကိုမူ လက်တစ်ဖက်စီတွင် တစ်ကွင်းစီ ဝတ်ဆင်ကြကြောင်းတွေ့ရသည်။


မြစ်ကြီးနားနယ် လီဆူအမျိုးသမီးများ၏ အင်္ကျီမှာ အောက်ခံအနက်ရောင်ဖြစ်ပြီး ၎င်းအပေါ်တွင် အခြားအရောင်အသွေးများဖြင့် အဆင်တန်ဆာထည့်သွင်းချုပ်လုပ်ထားသည်။ ကော်လံကတုံးပုံစံတွင် အဝါ၊ အနီ၊ အပြာလိုင်းစင်းများဖော်၍ ထပ်ကွပ်ထားသည့်ပြင် အလှအပ ပန်းဖွားများ လည်းထိုး၍ထားသေးသည်။ အမျိုးသမီးများသည် အင်္ကျီဝတ်ပြီးသည်နှင့် ရှေ့ရင်ဖုံးနှစ်စကို ထပ်၍ အနက်ရောင်ချည်ဖြင့် ပြုလုပ်ထားသည့် နောက်မြီးဖြင့်ပိတ်သည်။ ၎င်းနောက်မြီးမှာ ကြက်လျှာစွန်းသဏ္ဌာန်ဖြစ်၍ ရောင်စုံပန်းဖွားများချထားသည်။

၎င်းနောက် အထပ်နှစ်ထပ်ပါသော ရှေ့ဖုံးအကြီးနှင့် ရှေ့ဖုံးအသေးတို့ကို ရှေ့မှပိတ်၍ ဝတ်ဆင်ရသည်။ အမှတ်တမဲ့ကြည့်ပါက ဂါဝန်ပုံစံမျိုးထင်ရသည်။ သို့သော် အင်္ကျီ၏ နောက်ပိုင်းခြေကျင်းဝတ်အထိ တွဲလျားကျဝတ်ဆင်ထားသော အောက်ဘက်ပိုင်းနောက်ဖုံးကို ရှေ့ဖုံးနှစ်ခုဖြင့် ဟပ်၍ကပ်၍ လုံခြုံမှုရှိအောင် ရှေ့မှပိတ်၍ ဝတ်ဆင်ခြင်းဖြစ်သည်။ ဝတ်ဆင်ပြီးသည်နှင့် ချည်ခါးပတ်ကို ထပ်၍ပတ်ရသည်။ ၎င်းခါးပတ်ကို အမြိတ်များရှေ့တွင် ချ၍ ပတ်ရသည်။ ၎င်းနောက် ခါးစည်းကြိုးကို ထပ်၍ ချည်ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ဘောင်းဘီမှာ အနက်ရောင်ဖြစ်ပြီး ခါးမှဒူးအထိ ရှည်သည်။ ထို့နောက် တစ်ပေခန့်ရှည်သော ခြေစွပ်ကို စွပ်ကြသည်။ ခြေစွပ်ကို ဝတ်ဆင်သည့်အခါ ခိုင်ခံ့မှုရှိစေရန် ဒူးအောက်နားရှိ ခြေစွပ်ထိပ်ပိုင်းတွင် ... ဖွားများပါရှိသော ချည်ကြိုးဖြင့် တင်းကျပ်စွာ ဝတ်ဆင်ကြသည်။ ခြေစွပ်လျှောကျမသွားစေရန် ထိုသို့ ချည်နှောင်ထားခြင်းဖြစ်သည်။



ရှေးယခင်က အသုံးများခဲ့သည့် လီဆူရိုးရာဝါးဖိနပ်များ

ဖိနပ်မှာ အမျိုးသားများကဲ့သို့ ရှေးအခါက ဝါးဖိနပ်များကို ဝတ်ဆင် ... ယခုအခါ ခေတ်ပေါ်ဖိနပ်များကို ဝတ်ဆင်ကြသည်။

## ...မော်နယ်ဝတ်စုံ

ဗန်းမော်နယ် လီဆူအမျိုးသားများ၏ ဝတ်စားဆင်ယင်မှုတွင် ...ပြာရောင်များကိုသာ အသုံးပြုကြသည်။ ခေါင်းပေါင်းမှာ နက်ပြာရောင် ...၍ အလျား ၅ တောင်၊ အနံ ၆ လက်မရှိသည်။ ခေါင်းပေါင်းပေါင်း ...လည်း လက်ျာရစ် ရစ်ပတ်၍ ပေါင်းကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အင်္ကျီမှာ လက်ရှည် ရင်စေ့အင်္ကျီမျိုးဖြစ်သည်။ ကြယ်သီးများကို အင်္ကျီ၏ ဝဲယာရင်ဖုံးလျှာနှစ်ဖက်တွင် တပ်ဆင်ထားသည်။ ဘောင်းဘီမှာလည်း ခြေရှည်ဘောင်းဘီမျိုးဖြစ်သည်။ ဘောင်းဘီရှည်၏ ခြေထောက်အောက်နားတွင် မြားပုံသဏ္ဌာန်ကို အဖြူရောင်ချည်ဖြင့် ပုံဖော်ထိုးချုပ်ထားသည်။ လီဆူလူမျိုးများ၏ ရှေးဘိုးဘွားအစဉ်အဆက် အသက်မွေးဝမ်းကျောင်းအဖြစ် ကိုင်တွယ်အသုံးပြုခဲ့သော အမဲလိုက်ရာတွင် သုံးသည့် မြားကို အမှတ်သင်္ကေတအဖြစ် ထည့်သွင်းရက်လုပ်ထားခြင်းဖြစ်ပေသည်။

အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ဆင်ပြီးသည့်အခါတွင် အလျား ၆ တောင် ရှည်သော ချည်ခါးပတ်ကို ပတ်ကြသည်။ ၎င်းခါးပတ်မှာလည်း အထပ်သုံးထပ်ခေါက်ထားခြင်းဖြစ်ပြီး အပေါ်ခါးပတ်ဟုလည်း ခေါ်သည်။ ဒူးအောက်နားထိရှည်လျားသော ခြေစွပ်များကိုလည်း ဝတ်ဆင်ကြသည်။ ရှေးအခါက ဝါးဖိနပ်များကိုသာ စီးကြပြီး ယခုခေတ်တွင် တရုတ်နိုင်ငံဖြစ် ဘွတ်ဖိနပ်များ၊ ရှူးဖိနပ်များ၊ တောစီးဖိနပ်များကိုသာ အသုံးပြုကြသည်။

ဗန်းမော်နယ် လီဆူအမျိုးသားများ၏ ဝတ်စားဆင်ယင်မှုတွင် မိရိုးဖလာအသုံးအဆောင်ဖြစ်သည့် ဒူးလေးကို ပခုံးတွင် ထမ်းလျက်၊ ရိုးရာတူရိယာပစ္စည်းဖြစ်သော ဘင်ဂျိုကို လွယ်လျက် ဘူးသီးခြောက်ပလွေကို ကိုင်လျက် တွေ့မြင်နိုင်သည်။

လီဆူတို့၏ တူရိယာတစ်မျိုးဖြစ်သော ဘူးသီးခြောက်ပလွေပြုလုပ်မည့် ဘူးသီးမှာ နေရာတိုင်း၌ မရှိနိုင်၊ မဖြစ်ထွန်းနိုင်ပေ။ အအေးပိုင်းဒေသမျိုးမှာသာ ပေါက်သည့် စိုက်ပျိုးဖြစ်ထွန်းသည့် ဘူးသီးမျိုးဖြစ်သည်။ ၎င်းဘူးသီးများထဲမှ ပလွေပြုလုပ်နိုင်သော ပုံသဏ္ဌာန်ရှိသည့် ဘူးသီးမျိုးကို ပြုလုပ်ရသည်။ ဘူးသီးမှာ အချင်း ၄ လက်မ အရွယ်ရှိပြီး လည်တိုင်မှာ

www.burmeseclassic.com

www.burmeseclassic.com


သည်း အချင်း ကျပ်လုံးခန့်ရှိ၍ အလျား ၉ လက်မခန့်ရှိသည်။ ရင့်မှည့်သော ဘူးသီးဖြစ်မှသာ ဘူးသီးခြောက်ပလွေ ပြုလုပ်နိုင်သည်။ ဘူးသီးခြောက်ပလွေမှာ တူရိယာသံစဉ် သံစုံထွက်သော ပလွေမျိုးဖြစ်သည်။ ကျွမ်းကျင်သော လီဆူတိုင်းရင်းသား အနုပညာရှင်များသာ ၄င်းပလွေကို မှုတ်တတ်ကြ၊ မှုတ်နိုင်ကြကြောင်းသိရသည်။

အမျိုးသမီးများသည် ဆံပင်ကို စနစ်တကျ ထုံးဖွဲ့ထားလေ့ရှိသည်။ မျက်နှာကိုလည်း လှပစွာ လိမ်းကျံခြယ်သကြသည်။ ရှေးယခင်က နားတွင် တန်ဆာဆင်မှုမရှိခဲ့သော်လည်း ယခုအခါ နားဆွဲ၊ နားကွင်းများ ဆင်ယင်လာသည်ကို တွေ့ရသည်။ လည်ပင်းတွင် ဆွဲကြိုးများ၊ လည်ဆွဲများကို ဆင်မြန်းလေ့ရှိသည်။ လည်ဆွဲမှာ သန္တာပုတီးများဖြစ်ပြီး အလွန်တန်ဖိုးကြီးမားလှသည်။ ယခုခေတ်တွင် ပုလဲပုတီးများကိုလည်း ရိုးရာသုံးအဖြစ် ဆင်မြန်းလာသည်ကို တွေ့ရှိရသည်။

ခေါင်းပေါင်းမှာ အဖြူ၊ အဝါ၊ အစိမ်းရောင်လေးမျိုးဖြင့် ရောစပ်ချုပ်လုပ်ထားသော ခေါင်းပေါင်းဖြစ်သည်။ ခေါင်းပေါင်းအစွန်းတစ်ဖက်တွင် ရောင်စုံပန်းဖွားများကို လှပစွာ တပ်ဆင်ချုပ်လုပ်ထားလေ့ရှိသည်။

အင်္ကျီမှာ လက်ရှည်အင်္ကျီဖြစ်ပြီး လက်ကောက်ဝတ်တွင် အဖြူ၊ အနီ၊ အစိမ်း၊ ပန်းရောင် စသည့်ရောင်စုံများဖြင့် တွဲကပ်ချုပ်လုပ်ထားသည်။ လက်မောင်းတစ်လျှောက်တွင်လည်း ပန်းပွင့်များဖော်၍ ထားသည်။ အင်္ကျီကော်လံမှာ အဖြူရောင်ဖြစ်သည်။ အင်္ကျီရင်ဘတ်ပိုင်းတွင် ငွေပြားများ တပ်ဆင်ထားကြသည်။

ဇန်းမော်နယ် အမျိုးသမီးများသည် လုံချည်ကို နှစ်ထပ်ထပ်၍ ဝတ်ဆင်ကြသည်။ ကွင်းလုံချည်မျိုးမဟုတ်ဘဲ အလျားလိုက် ပြန့်လုံချည်

www.burmeseclassic.com

www.burmeseclassic.com




ဗန်းမော်နယ် လီဆူအမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com




မိုးကုတ်နယ် လီဆူအမျိုးသားနှင့် အမျိုးသမီး

www.burmeseclassic.com

www.burmeseclassic.com



တစ်နည်းအားဖြင့် ကွင်းမဆက်သည့် လုံချည်များဖြစ်သည်။ အရောင်မှာ နက်ပြာရောင် အောက်ခံဖြစ်ပြီး အောက်နားပိုင်းတွင် ၆ လက်မခန့် လိုင်းစင်းသုံးစင်းကို အရောင်မျိုးစုံဖြင့် တွဲဆက်၍ ချုပ်ထားသည်။

လုံချည်၏ရှေ့ပိုင်းတွင် လုံချည်ရှေ့ဖုံးအပိုင်းငယ်နှင့် ရှေ့ဖုံးအပိုင်းကြီးများကို အထပ်နှစ်ထပ်ပြုလုပ်၍ ထားသည်။ ထိုသို့ အင်္ကျီနှင့် လုံချည်များကို ဝတ်ဆင်ပြီးနောက် ခါးပတ်ကို ထပ်၍ပတ်ရသည်။ ခါးပတ်မှာ နှစ်မျိုးရှိပြီး ခါးပတ်ကြီးမှာ အနက်ရောင်ပိတ်စချည်ဖြင့် ပြုလုပ်ထားပြီး ခါးအောက်ပိုင်းမှာ ပတ်ကြသည်။ ခါးပတ်အသေးမှာ အရောင်ပိုများပြီး ကြိုးမျှင်များစွာပါရှိသည်။ ခါးပတ်သေးကို ခါးအပေါ်ပိုင်းမှာ ပတ်ရသည်။

ထို့နောက် ခြေစွပ်ကို ဝတ်ဆင်ကြသည်။ ခြေစွပ်မှာ ဒူးအောက်နားစပ်မှ ခြေချင်းဝတ်အထိ ဝတ်ဆင်ကြသည်။ ဖိနပ်များကိုမူ ကတ္တီပါဖိနပ်၊ သားရေဖိနပ်၊ ခုံမြင့်ဖိနပ်၊ ကွင်းစွပ်ဖိနပ်များကိုသာ အသုံးပြုလာကြသည်။

ငွေလက်ကောက်ကို တစ်ဖက်တစ်ကွင်းစီ ဝတ်ဆင်ကြသည်။ ယခုခေတ်တွင် ကျောက်စိမ်းလက်ကောက်များကိုပါ ရိုးရာဝတ်စုံတွင် ရောစွဲဝတ်ဆင်သုံးစွဲလာသည်ကို တွေ့ရသည်။ ငွေလက်စွပ်ကိုမူ ရိုးရာအဖြစ် ယနေ့တိုင် ဝတ်ဆင်မြဲဖြစ်သည်။

ဗန်းမော်နယ်၊ လီဆူအမျိုးသမီးများ၏ ဝတ်စုံမှာအဆင်အပြင်များပြီး တန်ဖိုးအားဖြင့်လည်း ကြီးမားလှသည်။ အမျိုးသမီးများသည် မိမိတို့၏ ဝတ်စုံကို ယနေ့တိုင် မြတ်နိုးစွာ ထိန်းသိမ်းဝတ်ဆင်လာကြသည်မှာ ဂုဏ်ယူဖွယ်ဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



## မိုးကုတ်နယ်ဝတ်စုံ

မိုးကုတ်နယ် လီဆူအမျိုးသားများသည် ဆံပင်ကို သေသပ်စွာ ဖြီးလိမ်းပြုပြင်ထားသည်။ ခေါင်းပေါင်း ပေါင်းသောအလေ့မရှိကြ။ အင်္ကျီမှာ နှစ်ထပ်ဖြစ်သည်။ ကော်လံပါ အဖြူရောင် ရှပ်အင်္ကျီလက်ရှည်ကို အောက်တွင်ဝတ်ဆင်ပြီး အပေါ်တွင်လက်မပါသော အနက်ရောင် သို့မဟုတ် အပြာရောင်အင်္ကျီအထူကို ထပ်၍ဝတ်ဆင်သည်။ ဝစ်စကုတ် အင်္ကျီမျိုးဖြစ်သည်။

အမျိုးသားများသည် ရှမ်းဘောင်းဘီကဲ့သို့ ဘောင်းဘီမျိုးကို ဝတ်ဆင်ကြသည်။ သို့သော် ဘောင်းဘီမှာ အင်္ကျီအရောင်တိုင်းပင် ဝတ်ဆင်ကြသည်။ ဖိနပ်ကိုမူ အနက်ရောင်သားရေ ခြေညှပ်ဖိနပ်များကို ဝတ်ဆင်လေ့ ရှိကြသည်။

မိုးကုတ်နယ် လီဆူအမျိုးသမီးများ၏ ဝတ်စားဆင်ယင်မှုသည် တစ်မျိုးတစ်ဖုံ ထူးခြားလှသည်။ ဦးခေါင်းတစ်ခုလုံးကို ခေါင်းပေါင်းဖြင့် ထပ်၍ထပ်၍ ရစ်ပတ်ပေါင်းထားပြီး ခေါင်းပေါင်းစကို ဦးခေါင်းနောက် ဘက် သင့်တော်ရာနေရာတွင် စနစ်တကျ အဆုံးသတ်ထားသည်။ ခေါင်း ပေါင်း၏အရွယ်မှာ အလွန်ကြီးမားလှသည်။ အလျား ၈ ကောင်၊ အနံ ၁၅ လက်မရှိသော အနက်ရောင်ခေါင်းပေါင်းကို လက်ဝဲရစ်ဖြစ်စေ၊ လက်ျာရစ်ဖြစ်စေ သင့်တော်သလိုပေါင်းကြသည်။ ခေါင်းပေါင်းမှာ အလွန် လေးလံပြီး ပုံသဏ္ဍာန်မှာလည်း တစ်မျိုးတစ်ဖုံ ဆန်းကြယ်လှကြောင်း တွေ့ရသည်။

မျက်နှာကိုလှပစွာ လိမ်းကျံခြယ်သကြပြီး ငွေနားဆွဲကို ဆွဲကြ သည်။ မိုးကုတ်နယ် လီဆူအမျိုးသမီးများ၏ ရိုးရာဝတ်စားဆင်ယင်မှုတွင်

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘွားအစဉ်အဆက် ထိန်းသိမ်းထားနိုင်သော အရာမှာ ငွေနားဆွဲပင် ဖြစ်သည်။ အဖိုးတန်ကျောက်မျက်ရတနာများနှင့် အခြားသော နားဆွဲများကို ဆွဲသားလေ့မရှိဘဲ ရိုးရာနားဆွဲကိုသာ ဆွဲသားကြသည်။

အင်္ကျီမှာလည်း အလွန်ထူးခြားသည်။ အပြာရောင်ဖြစ်ပြီး ခြေချင်းဝတ်ထိ တစ်ဆက်တည်း ရှည်းလျားစွာ ချုပ်ထားသော အင်္ကျီရှည်မျိုးဖြစ်ရာ ခန္ဓာကိုယ်တစ်ခုလုံး လုံခြုံမှုရှိနေပေသည်။ သို့သော် ချိုင်းအောက်မှ ခြေချင်းဝတ်တိုင်အောင် ဘေးနှစ်ဖက်ကို ခွဲထားရာ ရှေ့ဖုံးနှင့် နောက်ကျောဖုံးဟူ၍ နှစ်ခုပါရှိကြောင်း တွေ့ရသည်။ အင်္ကျီကော်လံမှာ ဝတ်ဆင်သူ အမျိုးသမီး၏လည်ပင်းနှင့်ဝိုင်း၍ လည်ပင်းတစ်ခုလုံးကို လည်စေ့သောမျိုး ချုပ်လုပ်ထားခြင်းဖြစ်သည်။

အင်္ကျီကို ဝတ်ဆင်ပြီးသည်နှင့် အနက်ရောင်ဖျင်ခါးပတ်ကို ထပ်၍ ပတ်သည်။ အလျား ၆ တောင်၊ အနံ ၈ လက်မရှိသော နှစ်ထပ်ဖျင် ခါးပတ်ဖြစ်သည်။ ငွေလက်ကောက်ကြီးများကိုလည်း တစ်ဖက်လျှင် နှစ်ကွင်းမှ သုံးကွင်းအထိ ဝတ်ဆင်ကြသည်။ လည်ပင်းတွင် အဝန်းနှစ်ပေခွဲ ရှိသော ငွေပြားဝိုင်းကြီးနှစ်ခုကို ဆွဲထားကြသည်။ ငွေပြားကြီးနှစ်ကွင်း၏ အလေးချိန်မှာ သုံးဆယ်ကျပ်သားခန့်ရှိသည်။ ၄င်းပြင် ငွေဆွဲကြိုးနှစ်ကုံးကို လည်း ဆွဲသားကြသည်။

အနက်ရောင် သို့မဟုတ် အပြာရောင်ဘောင်းဘီရှည်ကို အောက်ခံ ဝတ်ဆင်ကြသည်။ ဘောင်းဘီကို ဝတ်ဆင်ပြီးနောက် ကြိုးဖြင့် သီးခြားချုပ်၍ ထားသည်။ သို့သော် အမျိုးသမီးများသည် အင်္ကျီရှည်ဖြင့် ဖုံးအုပ် ဝတ်ဆင်ထားခြင်းမျိုးဖြစ်၍ ဘောင်းဘီမှာ ထင်ရှားသိသာခြင်းမရှိပေ။

ဖိနပ်ကိုမူ ခြေညှပ်ဖိနပ်၊ ရှူးဖိနပ်၊ ဒေါက်ဖိနပ် စသည်ဖြင့် နှစ်သက် ရာကို ဝတ်ဆင်အသုံးပြုလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com



## ရှမ်းပြည်နယ်တောင်ပိုင်းဝတ်စုံ

ရှမ်းပြည်နယ်တောင်ပိုင်း လီဆူအမျိုးသားများသည် အလျား ၁၀ တောင်ရှည်သော ခေါင်းပေါင်းကို ပေါင်းထားကြသည်။ ခေါင်းပေါင်းကို ပန်းရောင်နှင့် အနီရောင်နှစ်မျိုး သုံးကြသည်။ များသောအားဖြင့် ပန်းရောင်ကို ပို၍ သုံးစွဲကြသည်။

အမျိုးသားများသည် အဖြူရောင်ကော်လံကတုံး လက်ရှည်အပေါ်တွင် အနက်ရောင်ကော်လံတစ်ခုပါသော ရှပ်အင်္ကျီလက်ရှည်ပုံစံမျိုးကို ဆပ်၍ ဝတ်ဆင်သည်။ အမှတ်မဲ့ကြည့်ပါက မြန်မာတိုက်ပုံအင်္ကျီနှင့် ဆင်တူရိုးမှားဖြစ်သည်။ သို့သော် ကော်လံတစ်ခုပါနေသည်က မြန်မာတိုက်ပုံအင်္ကျီနှင့် ကွဲပြားသော အချက်တစ်ခုပင်ဖြစ်သည်။ ယခင်ကပင် လီဆူတို့ မြတ်နိုးစွာ ဝတ်ဆင်လာခဲ့သော ရိုးရာအင်္ကျီဖြစ်၍ ယခုခေတ်တွင် သည်း ရှမ်းပြည်နယ်တောင်ပိုင်းဒေသများတွင် အသုံးများလှသည်။

အနက်ရောင် သို့မဟုတ် အပြာရောင် ဘောင်းဘီခြေရှည်ကို ဝတ်ဆင်ကြသည်။ ဘောင်းဘီခြေမှာ ခပ်ပွပွဖြစ်သည်။ ထို့နောက် ပန်းဖွား များ၊ ကြေးစေ့များ၊ ပုတီးများတပ်ဆင်ထားသော အကွက်ဖော်ရက်လုပ်ထားသည့် ချည်လွယ်အိတ်ကို လွယ်ကြသည်။

ခြေတွင် ဒူးဆစ်မှ ခြေချင်းဝတ်အထိ အနက်ရောင်ခြေစွပ်ကို ဝတ်ဆင်ကြသည်။ အဆိုပါ ခြေစွပ်ကို လျှောကျမသွားစေရန် ဒူးအောက်နား ပိုင်တွင် ချည်ကြိုးများဖြင့် ခိုင်ခံ့စွာ ချည်နှောင်ထားရသည်။ ဘောင်းဘီကို ဝတ်ဆင်သည့်အခါ ၄င်းခြေစွပ်ကို မမြင်ရချေ။

ရှမ်းပြည်နယ်တောင်ပိုင်း လီဆူအမျိုးသမီးများသည် အလျား ၁၀ တောင်၊ အနံ ၄ လက်မရှိသော အထပ်များစွာပါရှိသည့် အနက်ရောင် ခေါင်းပေါင်းကို ပေါင်းကြသည်။ အနံတစ်ကိုက်ကို ခေါက်ထားခြင်းမျိုးဖြစ် ၍ အထပ်ပေါင်း (၈) ထပ်ရှိသည့် ခေါင်းပေါင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


နားတွင် ငွေကွင်းအသေးငယ်များကို တစ်ဖက်တစ်ကွင်းစီ ဝတ်ဆင်ထားသဖြင့် မြင်သာမှုမရှိပေ။ ရှေးအခါက ရောင်စုံပုတီးစေ့များကို ကြိုးဖြင့် သီ၍ ပုတီးကုံးရေ (၁၀) ခုမှ (၂၀) အထိကို မေးမှာသိုင်းပြီး နားကွင်းများနှင့် ချိတ်ဆွဲထားကြသည်။ သို့သော် ယခုခေတ်တွင် ထိုသို့သော ဝတ်စားဆင်ယင်မှုမျိုးမှာ နည်းပါးလာပြီဖြစ်သည်။ အင်္ကျီမှာ အနက်ရောင်ဖြစ်ပြီး ရင်ဖုံးအင်္ကျီဖြစ်သည်။

ရှေ့ပိုင်းတွင် ခါးအထိအတိုဖြစ်ပြီး နောက်ကျောမှာ ခြေချင်းဝတ်ထိ ရှည်လျားသည်။ အင်္ကျီတစ်ထည်လုံးတွင် ရင်ဖုံးအောက်ကြယ်သီးတစ်လုံးသာ တပ်ဆင်ထားသည်ကို တွေ့ရသည်။ အင်္ကျီကုပ်ပိုးတစ်လျှောက်တွင်လည်း ငွေမောင်း၊ ငွေခွက်များကို အလုံးရေ (၂၀) စီ အတန်းသုံးတန်း ဖော်၍ထားရာ ငွေမောင်း၊ ငွေခွက် လုံးရေ (၆၀) ခန့်ပါရှိပြီး အနီရောင်ဖျင်ဖြင့် တွဲသီချုပ်လုပ်ထားသည်။

လက်နှစ်ဖက်တွင် ငွေလက်ကောက်အလုံးကို တစ်ဖက်တစ်ကွင်းစီ ဝတ်သည်။ နက်ပြာရောင် ဘောင်းဘီရှည်ကို ဝတ်ဆင်ကြသည်။ ဒူးအောက်နားစပ်မှ ခြေချင်းဝတ်ထိ ခြေစွပ်ကို စွပ်ကြသည်။

အင်္ကျီနှင့် ဘောင်းဘီကို ဝတ်ဆင်ပြီးပါက ခါးစည်းခါးပတ်ကို ပတ်ရသည်။ အလျား ၄ တောင် ရှည်သော ခါးပတ်ဖြစ်သည်။ ၎င်းခါးပတ်ချည်စကို မည်သူမျှ ကိုင်ခွင့်မရှိပေ။ ကိုင်၍လည်း မဖြစ်ပေ။ အကယ်၍ ကိုင်မိပါက နစ်နာမှုရှိ၍ "မြီတိုဗျာ" ခေါ် လျော်ကြေးပေးရသည်။ အင်္ကျီတစ်ထည်လုံးတွင် ရင်ဖုံးကြယ်သီးတစ်လုံးသာ ပါရှိသဖြင့် ခါးစည်းခါးပတ်မှာ အင်္ကျီတစ်ထည်လုံး၏ အရေးပါသောအပိုင်းဖြစ်သည်။

ရှမ်းပြည်နယ်တောင်ပိုင်း လီဆူအမျိုးသမီးများသည် ခြေစွပ်ဖိနပ်၊ ကွင်းစွပ်ဖိနပ် စသည်ဖြင့် နှစ်သက်ရာကို ဝတ်ဆင်လေ့ရှိကြသည်။

www.burmeseclassic.com


www.burmeseclassic.com




ရှမ်းပြည်နယ်မြောက်ပိုင်းလီဆူလုပျိုဖြူတစ်ဦး

www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ်တောင်ပိုင်း လီဆူအမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



## ရှမ်းပြည်နယ်မြောက်ပိုင်းဝတ်စုံ

ရှမ်းပြည်နယ်မြောက်ပိုင်း၊ လားရှိုး၊ ကုန်းကြမ်း၊ နမ်းခမ်း၊ မိုးမိတ်၊ ကွတ်ခိုင်၊ နောင်ချို စသည့်မြို့နယ်များတွင် နေထိုင်ကြသော လီဆူလူမျိုးများ၏ ရိုးရာဝတ်စုံဖြစ်သည်။ ကိုးကန့်ဒေသဝတ်စုံသည်လည်း ရှမ်းပြည်နယ်မြောက်ပိုင်းဝတ်စုံပင်ဖြစ်ပေသည်။

အမျိုးသားများသည် ခေါင်းပေါင်းကို ပေါင်းကြသည်။ ခေါင်းပေါင်းမှာ အနက်ရောင် သို့မဟုတ် အဖြူရောင်ဖြစ်သည်။ ခေါင်းပေါင်းမှာ ၇ တောင်ခန့် ရှည်လျားပြီး အနံမှာ ၅ လက်မရှိသည်။ အထပ်များစွာပါသော ခေါင်းပေါင်းဖြစ်သည်။

အင်္ကျီမှာ ကော်လံပါသော အဖြူရောင်လက်ရှည်အင်္ကျီဖြစ်သည်။ ၎င်းအင်္ကျီပေါ်တွင် အနက်ရောင် အင်္ကျီကိုထပ်၍ ဝတ်သည်။ ၎င်းအင်္ကျီမှာ လက်ပြတ် အင်္ကျီဖြစ်ပြီး ဝစ်ကုတ်အင်္ကျီ ပုံစံမျိုးဖြစ်သည်။ ထို့ပြင် အပြာရောင် ရင်ဖုံးအင်္ကျီကို ဝတ်ဆင်ကြသည်လည်းရှိသည်။ ဘောင်းဘီမှာ ဝတ်ဆင်သူ၏ ခါးနှင့်တိုင်းပြီး ဘောင်းဘီခွနှင့် ခြေပုံစံတို့ကို ခပ်ကားကား ပုံသဏ္ဍာန် ချုပ်လုပ်ထားသည့် ဘောင်းဘီပွတစ်မျိုးဖြစ်သည်။

အမျိုးသားများသည် ခြေစွပ်ကို အဖြူရောင် သို့မဟုတ် အနက်ရောင် တစ်မျိုးတည်းကိုသာ ချုပ်လုပ်ဝတ်ဆင်ကြသည်။ ရှေးအခါက တောတောင်ထဲတွင်သာ နေကြသော အလေ့အထရှိ၍ ဖိနပ်စီးခြင်းမျိုး မရှိကြပေ။ စီးပါကလည်း ဝါးဖိနပ်ကိုသာ စီးကြသည်။ ယခုအခါ ခေတ်ပေါ်ဖိနပ်များမှ နှစ်သက်ရာကို ဝတ်ဆင်ကြကြောင်း လေ့လာတွေ့ရှိရပေသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်နယ်မြောက်ပိုင်း ဒေသနေ လီဆူအမျိုးသမီးများ၏ ဝတ်စုံမှာ နေရာဒေသအလိုက် များစွာရှိပေသည်။ အရောင်အဆင်းနှင့် အဆင်အသွေးပုံစံနည်းခြင်း၊ များခြင်းရှိပေသည်။ အရောင်အဆင်း ကွဲပြားခြားနားခြင်းမျိုးလည်း ရှိသည်။ သို့သော် အမျိုးသမီးဝတ်စုံ၏ သဘောသဘာဝမှာ အခြေခံအားဖြင့် တူညီမှုရှိနေကြောင်း တွေ့ရှိရသည်။

အမျိုးသမီးများ၏ ခေါင်းပေါင်းမှာ အလျား ငါးတောင်၊ အနံတစ်ပေ ရှိပြီး အနက်ရောင် နှစ်ထပ်ခေါင်းပေါင်းဖြစ်သည်။ နှစ်ဖက်လှဖြစ်၍ အထပ် (၆) ထပ်ရှိသည်။ ခေါင်းပေါင်းစွန်းတွင် ရောင်စုံပန်းဖွားများ၊ အမြိတ်စများ ချထားသည်။ ခေါင်းပေါင်းကို ပေါင်းရာတွင် လက်ဗျာရစ် ရောင်စုံလိုင်းစင်းများ၊ ပန်းဖွားများ၊ အမြိတ်စွန်းများပါသော အလှဘက်ကို အပေါ်တွင်ထား၍ ပေါင်းခြင်းဖြစ်သည်။

အမျိုးသမီးများသည် ရှေးယခင်က မျက်နှာကို အလှအပ လိမ်းကျံခြယ်သမှု မရှိခဲ့ပေ။ ငွေနားဆွဲကို တွဲလျားချဆင်မြန်းကြသည်။ နှစ်ကာလကြာသောအခါ ငွေနားပေါင်းနှင့် ငွေသားတောင့်များကို ဆွဲသားကြသည်။

လည်ပင်းတွင် ငွေပြား၊ ငွေလုံးသုံးခုစီကို ကွင်းပြုလုပ်၍ ဆွဲသားထားကြသည်။ အင်္ကျီမှာ လက်ရှည်အင်္ကျီဖြစ်သည်။ အနက်ရောင်သို့မဟုတ် အပြာရောင်အောက်ခံအင်္ကျီဖြစ်ပြီး နောက်ပိုင်းတွင် ကိုယ်ခန္ဓာမှာ ခြေချင်းဝတ်ထိ တစ်ဆက်တည်းဖြစ်သည်။ ရှေ့ပိုင်းမှာ ခါးအထိသာရှိသည်။ အတွင်းခံအင်္ကျီကို ဝတ်ဆင်ပြီးမှသာ ရိုးရာဝတ်စုံအင်္ကျီကို ဝတ်ဆင်ကြခြင်းဖြစ်သည်။ ယာဘက်ရင်ဖုံးအင်္ကျီ ဖြစ်သည်။ အင်္ကျီပေါ်တွင် ငွေကြယ်များ၊ အရောင်တောက်ပါသော အရာများ တပ်ဆင်ထားပါသည်။ အင်္ကျီ၏ နောက်ကျောပိုင်းတွင် လိုင်းစင်းများဖော်ပြီး ရှေ့ပိုင်းတွင် လိုင်းစင်းများ မပါရှိချေ။

www.burmeseclassic.com

www.burmeseclassic.com


အင်္ကျီကို ဝတ်ဆင်ပြီးသည်နှင့် နောက်ပိုင်းအမြီးနှစ်ခုပါသည့် ကြက်လျှာစွန်းပုံကို အမြီးဖွားများ ပါရှိသော တန်ဆာဆင်မှုမျိုး ရှိသည်။ ၎င်းမှာ ပထမအဆင့် ချည်ထားသော ခါးပတ်အမျိုးအစားတစ်ခုဖြစ်သည်။ အပေါ်ပိုင်းမှာ ခါးကိုပတ်၍ ဝတ်ဆင်ရာတွင် လွယ်ကူမှုရှိစေရန် ဒုတိယ ခါးပတ်တစ်ခုနှင့် ပတ်ထားသည်။ ၎င်းခါးပတ်မှာ အလယ်တွင် ချည်ဖျင် ဖြစ်ပြီး အဖျားပိုင်းနှစ်ဖက်တွင် ကြိုးများဖြင့် ဆက်ထားသည်။ ၎င်းနောက် ချုပ်ခုတ်ခါးပတ်ဖြင့် ပတ်၍ ဝတ်ဆင်သည်။ ဤခါးပတ်မှာ တတိယ ခါးပတ်ဖြစ်သည်။ ဖော်ပြပါ အင်္ကျီမဝတ်မီ ဘောင်းဘီကို ဒူးဆစ်နားထိ ဝတ်ဆင်ကြသည်။ ဘောင်းဘီမှာ နက်ပြာရောင်ဖြစ်သည်။ ဘောင်းဘီ ဝတ်ဆင်ပြီးနောက် ဒူးအောက်နားစပ်မှ ခြေချင်းဝတ်ထိ အနီရောင်အောက်ခံ ခြေစွပ်ကို ဝတ်ဆင်ရသည်။

အမျိုးသမီးများသည် ရှေးအခါက ဝါးဖိနပ်ကို ရိုးရာဖိနပ်အဖြစ် ဝတ်ဆင်ကြသော်လည်း ယခုခေတ်တွင် ခေတ်အလိုက် ဖိနပ်များကို ဝတ်ဆင်အသုံးပြုကြသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# လူမှုဆက်ဆံရေးနှင့် ဉာဉ်ဝတ္တရား

လီဆူတိုင်းရင်းသားများသည် ဆွေမျိုးတူစုချင်းဖြစ်စေ၊ အခြားလူမျိုးများနှင့် ဖြစ်စေ အပြန်အလှန်မိတ်ဝတ်မပျက် ပေါင်းသင်းတတ်သည်။ မည်သည့် တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့်မဆို အရောတဝင် ချစ်ခင်စွာ ပေါင်းသင်းနေထိုင်ကြသည်။

သာရေး၊ နာရေး၊ လူမှုရေး ကိစ္စများတွင် အားတက်သရော ကူညီကြသည်။ ငွေကြေး၊ အစားအသောက်၊ ကျွဲ၊ နွား၊ ဝက် စသည်တို့ဖြင့် ပေးလှူကြသည်အထိ ရိုင်းပင်းမှုရှိကြသည်။ တစ်ဦး၌ အရေးကိစ္စကြီးငယ် ပေါ်ပေါက်ပါက ကျန်မိသားစုများ၊ အိမ်ထောင်စုများက လုပ်အားပေး၍ ဝိုင်းဝန်းကူညီလေ့ရှိသည်။ ဥပမာအားဖြင့် မိသားစုတစ်စုမှ အိမ်သစ်ဆောက်လုပ်ပါက တစ်ရွာလုံးတစ်နယ်လုံးက စေတနာအပြည့်အဝဖြင့် လုပ်အားပေးကြသည်။ အိမ်ဆောက်ရာတွင် လိုအပ်သည့် သစ်ဝါးများကို ခုတ်ယူခြင်း၊ ပစ္စည်းများကို စုဆောင်းခြင်း စသည်တို့မှအစ အားလုံးကို ဝိုင်းဝန်းကူညီ လုပ်အားပေးကြသည်။

လီဆူတို့သည် ဆွေမျိုးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မိမိလူမျိုးဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ၊ မျက်နှာကြီးငယ်မရွေး၊ သူစိမ်းသူကျက်မရွေး ကြည်ဖြူစွာ ဆက်ဆံတတ်၍ ဧည့်ခံကျွေးမွေးလေ့ရှိသည်။ ဤသို့ မည်သူမဆို၊ မည်သည့်ဧည့်သည်ကိုမဆို ဧည့်ခံကျွေးမွေး

www.burmeseclassic.com


ခြင်းသည် မွန်မြတ်သည်ဟု ခံယူချက်ရှိကြသည်။ ဧည့်သည်ဝင်ထွက်သွားလာမှုနည်းပါးပါက ကံမကောင်း၊ လာဘ်လာဘပိတ်သည်၊ စီးပွားဥစ္စာကျဲတတ်သည်ဟု ယုံကြည်ကြသည်။

ဧည့်သည်များ မည်မျှပင် လာရောက်စေကာမူ ငြူစူခြင်းအလျှင်းမရှိ၊ သဒ္ဓါကြည်ဖြူစွာ လက်ခံဆက်ဆံကျွေးမွေးတတ်သောအလေ့အထမှာ နှစ်လိုဖွယ်ကောင်းသော စရိုက်လက္ခဏာတစ်ခုပင်ဖြစ်သည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# မိသားစု ဖွဲ့စည်းနေထိုင်ပုံ

လီဆူတို့၏ မိသားစုဖွဲ့စည်းနေထိုင်ပုံမှာ ဖမျိုးယူစနစ်ကို အခြေခံထားကြောင်းတွေ့ရသည်။ ဖခင်သည် မိသားစု၊ အိမ်ထောင်စုတွင် အကြီးအကဲ တစ်ဦးဖြစ်ပြီး အိမ်ထောင်တာဝန်ကိုယူရသည်။ မိသားစုကို စီမံအုပ်ချုပ်ရသည်။ မိခင်သည် စီးပွားရေး၊ လူမှုရေး၊ မိသားစုလုပ်ငန်းများ၊ ချက်ပြုတ်ရေးကိစ္စများကို ဆောင်ရွက်သည်။

သားသမီးများအိမ်ထောင်ကျပါက သမီးဖြစ်သူသည် သားမက်အိမ်သို့ အပြီးအပိုင်လိုက်သွားရသဖြင့် အခြားမိသားစုဝင်ဖြစ်သွားသည်။ သားဖြစ်သူများထဲတွင် သားအငယ်ဆုံးသည် အိမ်ထောင်ကျသော်လည်း မိဘအိမ်တွင်သာ ရာသက်ပန်နေထိုင်ရသော ဓလေ့ကိုတွေ့ရသည်။ သားများထဲမှ အကြီးအငယ်များရှိပါကလည်း အိမ်ထောင်ကျလျှင် မိဘများနှင့် ရာသက်ပန် တစ်အိမ်တည်းနေခွင့်မရှိပေ။ အိမ်ထောင်ကျပြီးပြီးချင်း အိုးသစ်အိမ်သစ်ထူထောင် တည်ဆောက်နေထိုင်ရသည်။ သို့သော် အိမ်ထောင်ကျပြီးပြီးချင်း မိဘအိမ်မှ မထွက်ခွာသေးဘဲ တစ်နှစ်၊ နှစ်နှစ်စသည်ဖြင့် အချိန်ကာလ အခိုက်အတန့်နေပြီးမှ အိုးအိမ်သီးခြား တည်ဆောက်နေခြင်းမျိုးလည်းရှိလေသည်။ သားသမီးများ မွေးဖွားလာပါက ဖခင်မျိုးနှင့် အမည်ကိုသာ မှည့်ခေါ်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

# ဆွေမျိုးမိသားစု အခေါ်အဝေါ်များ

| | |
|---|---|
| ဖခင် | အဘား |
| မိခင် | အမား |
| အဘိုး (ဖခင်ဘက်မှ) | အာပါ |
| အဘွား (ဖခင်ဘက်မှ) | အားဆာ (ရ) |
| သား | အာပီ |
| သမီး | အားမိ |
| အစ်ကို | အရိ |
| အစ်မ | အာဧ |
| ညီမောင် | ညစ်ဆာ |
| ညီ | ညီမာ |
| အဘိုး (မိခင်ဘက်မှ) | အာပါကော |
| အဘွား (မိခင်ဘက်မှ) | အားဖော် |
| မြေး/မြေးမ | လီးပါး/လီးမား |
| ဦးလေး (အဖေ၏ညီ) | အာဝေါ |



www.burmeseclassic.com

www.burmeseclassic.com


| | |
|---|---|
| အဒေါ် (အဖေ၏ညီမ) | အာညီ |
| ဦးလေး (အမေ၏မောင်) | အာပ |
| အဒေါ် (အမေ၏ညီမ) | ရော်ရော် |
| ဦးကြီး | အောက်ဖာ |
| ဒေါ်ကြီး | အောက်မာ |
| တူ | ဆားဇာ |
| တူမ | ဆားမာ |
| ယောက္ခမ | (အမေ) အာညီ |
| ယောက္ခထီး | (အဖေ) အာရို |
| သားမက် | မေးဖာ |
| ချွေးမ | ချစ်မာ |
| ခမက် (ထီး) | မဟူးမာ |
| ခမက် (မ) | မဟူးမာ |
| သမီးယောက်မ | ငွချော်မာ |
| သမီးယောက်ဖ | ငွချော် |
| ခယ်မ | ငွချော်မာ |
| ခဲအို | အားရေတာ |
| မရိုး | မာလ |

www.burmeseclassic.com

www.burmeseclassic.com



လီဆူတို့၏ ဆွေးမျိုးတော်စပ်ခြင်းဓလေ့နှင့် အခေါ်အဝေါ်အသုံး အနှုန်းများသည် ရေမြေဒေသကွာဝေးမှုပေါ်မူတည်၍ အနည်းငယ်စီ ကွဲပြားခြားနားမှုရှိသည်ကို တွေ့ရသည်။ သို့သော် လီဆူစကားပြောဆိုသော လူမျိုးတူချင်းမှာ အခေါ်အဝေါ်မှာ အနည်းငယ်ကွဲပြားခြားနားမှုရှိသော်လည်း အားလုံးနားလည်သဘောပေါက်ကြပေသည်။ ထူးခြားသည်မှာ လီဆူတို့၏ မိသားစုအခေါ်အဝေါ်များထဲမှ အချို့အခေါ်အဝေါ်အသုံးအနှုန်းများသည် ဗမာလူမျိုးများ၏ မိသားစုအခေါ်အဝေါ်အသုံးအနှုန်းများနှင့် တူညီနေခြင်း၊ ဆင်တူယိုးမှားရှိနေခြင်းမှာကား စိတ်ဝင်စားဖွယ်ဖြစ်သည်။ သမိုင်းသုတေသီ တို့၏အဆိုအရ ယနေ့တိုင် လက်ခံနေသော အယူအဆဆိုလျှင် ဗမာနှင့် လီဆူတို့သည် တိဘက်မြန်မာလူမျိုးအုပ်စုကြီးမှ ဆင်းသက်လာခဲ့သည် ဟူသည့်သဘောကို ထောက်ခံမှုပြုနေသော သာဓကများပင်ဖြစ်သည်ဟု ဆိုရမည်သာဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# မွေးဖွားခြင်း

ကိုယ်ဝန်ဆောင်အမျိုးသမီးသည် နေ့ရက်စေ့၍ မီးဖွားသည့်အချိန်တွင် အိမ်ရှိမီးဖိုခန်းမှာ မွေးဖွားရသည်။ မီးဖိုခန်းအနီးတွင်သာ မွေးဖွားရသည်။ နွေးထွေးမှုရှိနေစေရန် အရေးကြီးပေသည်။ မွေးဖွားမည့် အမျိုးသမီးအား သွေးလည်ပတ်မှုကို ဟန့်တားစေသော ရေအေးတိုက်ခြင်း၊ အေးသော အစာများ ကျွေးခြင်းမပြုရပေ။

မီးဖွားမည့်အမျိုးသမီးအား ကူညီစောင့်ရှောက်ရန် ရွာရှိလူများက ကူညီရမည်။ မကောင်းသောအရာများမရှိရန်နှင့် ပူဇော်ပသမှုပြုရသည့်အရာများကို ထားရှိရသည်။ မွေးဖွားသည်မှ တစ်လတိတိ၊ ၄င်းအခန်းတွင် နေရသည်။ ပထမ (၇) ရက်အတွင်း အခန်းအတွင်းသို့ မည်သည့် ဧည့်သည်များမှ မဝင်ရန် တားမြစ်ထားသည်။ မွေးဖွားပြီးကလေးကို တစ်ပတ်အတွင်း၌ နတ်များကသာပိုင်ဆိုင်သည်။ လူသားအဖြစ်သတ်မှတ်၍ မရသေးဟု ယုံကြည်ကြသည်။

မွေးဖွားပြီးနောက်တစ်ရက်တွင် ဝက်တစ်ကောင်ကိုသတ်ပြီး ဝက်သားနှင့် ထမင်းဟင်းလျာများကို နတ်ဆရာက ရွာစောင့်နတ်ထံ ပူဇော်ပသရသည်။ ရွာစောင့်နတ်၏ ကောင်းချီးပေးမှုကြောင့် ကလေး အသက်ကို လက်ခံရရှိသည်။ ထို့ကြောင့် "ရွာကို ဒုက္ခရောက်ရန် ကူမတော်မူပါ။ ကလေးကို ကောင်းချီးမင်္ဂလာ ပေးတော်မူပါ။ အနာရောဂါ



www.burmeseclassic.com

www.burmeseclassic.com



ကျောရောက်ရန် မစပါ” စသည်ဖြင့် အသက်ရှည်၍ တန်ခိုးများရှိစေရန် ဆုတောင်းပေးရသည်။

ငှင်းအပြင် ကလေးမွေးသောမိခင်သည် အခြားအသားငါးများကို သုံးဝစားသုံးခြင်းမပြုဘဲ ကြက်သားပြုတ်ကိုသာ စားသောက်ရသည်။ အမျိုးသားကမူ အမျိုးသမီးနှင့် ကလေးချေးစသော အညစ်အကြေးမှန်သမျှ ဘစ်လတိတိ လျှော်ဖွပ်ခြင်းပြုရသည်။ အခြားမည်သူမှ လျှော်ဖွပ်ခြင်းမျိုး မပြုရပေ။

www.burmeseclassic.com

www.burmeseclassic.com

# အမည်ပေး (ကင်ပွန်းတပ်ခြင်း)

မွေးဖွားပြီးသောကလေးကို ယောက်ျားလေးဖြစ်ပါက ၇ ရက်ပြည့်လျှင် အမည်ပေးရ၏။ မိန်းကလေးဖြစ်ပါက ၂ ရက်ပြည့်လျှင် အမည်ပေးရ၏။ ကင်ပွန်းတပ်အမည်ပေးခြင်းကို များသောအားဖြင့် အဘိုး၊ အဘွားတို့ကပေးသောအမည်ကို လက်ခံရသည်။

မွေးဖွားပြီးသောကလေးသည် ကျန်းမာရေးမကောင်းလျှင် မွေးစားအဖေလိုက်ရှာရသည်။ လောလောဆယ် မွေးစားအဖေရှာမရပါက မွေးဖွားပြီးနောက်တစ်ရက်နံနက်တွင် အိမ်သို့ဦးဆုံးရောက်ရှိလာသူကို မွေးအဖေဟုသတ်မှတ်ပြီး အမည်ပေးခိုင်းသည်။ ထိုကလေးသည် ကြီးပြင်းလာသောအခါ ထိုမွေးစားအဖေအား တစ်နှစ်တစ်ကြိမ် ဆန်ဖြင့်သွားရောက်ကန်တော့ရသည်။ မွေးစားအဖေက ပြန်လည်ပြီး အဝတ်အစားများပေးကာ ဆုတောင်းမေတ္တာပို့သရသည်။

ကင်ပွန်းတပ်ခြင်းတွင် ကြက်၊ ဝက် တို့ကိုသတ်၍ သက်ကြီးရွယ်အိုများနှင့် ကလေးမွေးဖွားပေးသည့် လက်သည်တို့ကို ဖိတ်ခေါ်ကာ ထမင်းတစ်နပ်ကျွေးရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## ထိမ်းမြားမင်္ဂလာပြုခြင်းဓလေ့

ထိမ်းမြားမင်္ဂလာပြုခြင်းတွင် လီဆူတို့သည် ကန့်သတ်ချက်များရှိသည်။ အမျိုးတူချင်းကို ရှောင်ကြဉ်ကြသည်။ မျိုးချင်းစပ် (သို့) မျိုးနွယ်တူ မောင်နှမတစ်ဝမ်းကွဲလည်း ရှောင်ကြဉ်သည်။ သို့သော် မျိုးကွဲမောင်နှမ တစ်ဝမ်းကွဲကိုမူ ယူခွင့်ရှိသည်။

အမျိုးတူခြင်းဆိုသည်မှာ ဥပမာအားဖြင့် ဗျာမျိုးအမျိုးသားနှင့် ဗျာမျိုးအမျိုးသမီး၊ ငွားမျိုးအမျိုးသားနှင့် ငွားမျိုးအမျိုးသမီး၊ လမြာမျိုးအမျိုးသားနှင့် လမြာမျိုးအမျိုးသမီး စသည်ဖြင့် အမျိုးတူသူချင်းကို ဆိုလိုသည်။ ပို၍ရှင်းအောင်ပြောရလျှင် ဥပမာ မြစ်ကြီးနားဒေသမှ လီဆူအမျိုးသားသည် ဗျာမျိုးဖြစ်ပြီး လားရှိုးက လီဆူအမျိုးသမီးသည် ဗျာမျိုးဖြစ်ပါက ၎င်းတို့သည် မည်သို့မျှ အိမ်ထောင်ပြုခွင့်မရှိပေ။ သို့ဖြစ်၍ လူတစ်ဦးချင်း တစ်ကြိမ်တစ်ခါမျှ မတွေ့ဖူး မမြင်ဖူးသည်ဖြစ်စေ အမည်မေးရုံဖြင့် အမျိုးတူချင်းဖြစ်နေ၍ အိမ်ထောင်ပြုရမည့်အမျိုး ဟုတ်မဟုတ် တပ်အပ်သေချာစွာ သိရှိလေသည်။

မျိုးချင်းစပ် (သို့) မျိုးနွယ်တူ မောင်နှမဝမ်းကွဲဆိုသည်မှာ အစ်မ (သို့) ညီမ၏သား၊ အစ်ကို (သို့) မောင်၏သမီးကို အိမ်ထောင်ပြုခွင့်မရှိပေ။ သို့သော် လီဆူလူမျိုးတို့တွင် ထူးခြားသည်မှာ အစ်ကို (သို့) မောင်၏သားက အစ်မ (သို့) ညီမ၏သမီးကိုမူ ယူခွင့်ရှိသည်။ မျိုးကွဲမောင်နှမ



www.burmeseclassic.com

www.burmeseclassic.com



တစ်ဝမ်းကွဲချင်းဖြစ်၍ လက်ထပ်ယူခွင့်ရှိသည်။

အမျိုးတူသူချင်း လက်ထပ်ထိမ်းမြားမှု မပြုခဲ့သည်မှာ ရှေးဘိုးဘွား အစဉ်အဆက်က ထိန်းသိမ်းလာခဲ့သော လူမှုကျင့်ဝတ်စည်းကမ်းများ၊ ရိုးရာဓလေ့ထုံးစံများပင်ဖြစ်သည်။ လူငယ်များကလည်း အမျိုးတူသူချင်း ဖြစ်ပါက မောင်နှမရင်းချာပမာ ရင်းနှီးစွာ ဆက်ဆံမှုပြုကြသည်။ ဒေသ အလှမ်းကွာဝေးမှုကြောင့်၊ မိဘချင်းဖြစ်စေ၊ သားသမီးချင်းဖြစ်စေ တစ်ကြိမ် တစ်ခါမှ မဆက်ဆံဖူး၊ မတွေ့မြင်ဖူးကြသော်လည်း နာမည်ကို သိရှိရသည့် အခါ အမျိုးတူချင်းဖြစ်နေက ဆွေမျိုးစု တူသူချင်းဖြစ်၍ လက်ထပ်ထိမ်းမြား မှုပြု၍မရကြောင်း၊ လီဆူလူမျိုးအားလုံးက နားလည်သဘောပေါက်ပြီး ဖြစ်လေသည်။ မလွှဲမရှောင်သာ၍ ဆွေမျိုးတူသူချင်း ချစ်ကြိုက်မိပါက မောင်နှမအရင်းချင်းချစ်ကြိုက်သည့် သဘောဖြစ်သောကြောင့် လူမှုရေး ဖောက်ပြန်ခြင်းဖြစ်၍ မိသားစုအသိုင်းအဝိုင်းက ဖယ်ကြဉ်လေ့ရှိကြသည်။ ၄င်းတို့ကိစ္စအဝဝကိုလည်း မိဘဆွေမျိုးများက တာဝန်ယူဆောင်ရွက်ပေးခြင်း မရှိချေ။ ရှက်ဖွယ်ကောင်းသော လူ့သိက္ခာမဲ့ ကျင့်ဝတ်စည်းကမ်း ဖောက် ဖျက်မှုမျိုးဖြစ်၍ ဤသို့ မိသားစုအသိုင်းအဝိုင်းက ဖယ်ကြဉ်ခြင်းဖြစ်သည်။ တရားစွဲဆိုခြင်း၊ အပြစ်ပေးခံရခြင်းများထိ ရှိလေသည်။ သို့ဖြစ်၍ လီဆူတို့ သည် အမျိုးတူသူချင်း အိမ်ထောင်ပြုခြင်း၊ သတ်မှတ်ထားသော မျိုးနွယ်တူ မောင်နှမ တစ်ဝမ်းကွဲချင်း အိမ်ထောင်ပြုခြင်းများ လုံးဝမရှိကြပေ။

ရှေးယခင်နတ်ကိုးကွယ်သောခေတ်က လီဆူလူမျိုးများနှင့် ယနေ့ တိုင် နတ်ကိုးကွယ်နေဆဲ လီဆူလူမျိုးများကမူ အမျိုးမတူပါက အမျိုးသား နှင့် အမျိုးသမီး သဘောတူသည်ဖြစ်စေ၊ မတူသည်ဖြစ်စေ နှစ်ဖက်မိဘ သဘောတူလျှင် လက်ထပ်ယူခွင့်ရှိပြီး မိဘများက လက်ထပ်ထိမ်းမြားပေး လေ့ရှိသည်။

www.burmeseclassic.com

www.burmeseclassic.com


သို့သော် ခရစ်ယာန်ဘာသာဝင်များဖြစ်လာကြသော လီဆူလူမျိုးများမှာ နှစ်ဖက်သောမိဘများ သဘောတူသည်သာမက သတို့သားနှင့် သတို့သမီးနှစ်ဦးစလုံးကပါ သဘောတူညီမှသာ လက်ထပ်ထိမ်းမြားခြင်းပြုကြပါသည်။

လီဆူလူမျိုးတို့၏ လက်ထပ်ထိမ်းမြားခြင်းဓလေ့တွင် "အညီမယ့်" ခေါ် အစ်မညီမများမှ မွေးသောသမီးကို မောင် (သို့) အစ်ကို၏သားက ယူနိုင်သည်ဟု ဆိုထားပါသည်။ အကယ်၍ အစ်မညီမများမှ မွေးသောသမီးသည် အခြားယောက်ျားတစ်ဦးဦးနှင့် အိမ်ထောင်ကျပြီးဖြစ်၍ သမီးမိန်းကလေးမရှိလျှင် မောင်ကမွေးသောသား အိမ်ထောင်ပြုရေးအတွက် "အညီမယ့်" ခေါ် အစ်မညီမများက သမီးကိုယ်စား မိန်းမရှာဖွေပေးရသည်။ သို့ဖြစ်၍ "အညီမယ့်" မဟုတ်သော်လည်း မိသားစုအမျိုးတူချင်းမဟုတ်ပါက အိမ်ထောင်ပြုနိုင်သည်။ ၄င်းကို "ဇာဂိုရှိတူး" ခေါ် လမ်းသစ်ဖောက်ခြင်းဟု ခေါ်လေသည်။

## (က) စေ့စပ်ကြောင်းလမ်းခြင်း

အမျိုးသားနှင့် အမျိုးသမီးတို့အား စေ့စပ်ကြောင်းလမ်းရာတွင် အမျိုးသားဘက်မှ "ဇီမို" ခေါ် အောင်သွယ်လိုအပ်သည်။ ၄င်းဇီမိုသည် တစ်ဦးမှ နှစ်ဦးထိလိုအပ်သလို ရှာဖွေရသည်။ အမျိုးသားဘက်မှ ယုံကြည်စိတ်ချစွာ စေလွှတ်ခြင်းခံရသူဖြစ်၍ ဇီမိုမှ စေ့စပ်ကြောင်းလမ်းခြင်းကိစ္စကို တာဝန်ယူဆောင်ရွက်ရလေသည်။

ဇီမိုကို စေ့စပ်ကြောင်းလမ်းရန် စေလွှတ်တော့မည်ဆိုလျှင် ပထမဦးစွာ ဇီမိုကို အိမ်သို့ဖိတ်ခေါ်၍ ထမင်းကျွေးသွေးခံရသည်။ ၄င်းနောက် ...သည်သူမည်ဝါ၏ သမီးကို တောင်းယူမည်ဖြစ်ကြောင်း အမျိုးသားဘက်မှ

www.burmeseclassic.com

www.burmeseclassic.com



ပြောလိုသည့်စကားများကို ဓိမိုအား အကျိုးအကြောင်းပြောပြရသည်။ ဓိမိုသည် အမျိုးသားနှင့် အမျိုးသမီးတို့ ပြေလည်မှုရှိအောင် အပြန်အလှန် ညှိနှိုင်းဆောင်ရွက်ရသူလည်းဖြစ်သည်။ တစ်ခါတစ်ရံတွင် သမီးပျို၏ ဦးလေးတော်စပ်သူက ဓိမိုအပြန် ဦးဆောင်လုပ်ကိုင်ဆောင်ရွက်ပေးရသည် လည်းရှိသည်။

စေ့စပ်သူဓိမိုသည် သမီးပျို၏ အိမ်သို့သွား၍ သမီးပျို မိဘနှစ်ပါး အား မည်သူမည်ဝါ၏သားက အိမ်ထောင်ဘက်ရွေးလိုကြောင်း၊ စေ့စပ်လို ကြောင်း ဦးစွာပြောရသည်။ ထိုသို့ ပထမဦးစွာ စေ့စပ်ကြောင်းလမ်းသည့် အခါတွင် ဓိမိုသည် သတို့သမီးမိဘများအား အရက် ၂ ပုလင်းနှင့် ငွေသား ၂၂ ကျပ်သားပေးရ၏။ သတို့သမီး၏မိဘများက ဓိမိုပေးသည့် အရက်နှင့် ငွေသားကိုလက်ခံပါက စေ့စပ်ခြင်းကို သဘောတူလက်ခံသည် ဟု မှတ်ယူပြီး သက်ဆိုင်ရာပစ္စည်းများကို ပေးခဲ့ရသည်။ ၄င်းတို့မှာ သတို့သမီးကို ခေါ်ဆောင်လာရန်အတွက် အရက်ပုလင်း ၂၀၊ ဝက်သား ၂၂ ပိဿာ၊ ဆန်နှစ်တင်း၊ ဆားနှစ်ပိဿာနှင့် မုန့်ပဲသရေစာစသည့် စားသောက်ဖွယ်ရာများကို ပေးခဲ့ရသည်။ ဤသို့ပြုလုပ်ခြင်း "ရာမယ် နိုခြင်း" ဟုခေါ်သည်။

ရှေးယခင်က နှစ်ဖက်သောမိဘများ သဘောတူလျှင် "ရာမယ်နို ခြင်း" ကို အသက်အရွယ်ငယ်စဉ်က စေ့စပ်ကြောင်းလမ်းထားပြီး အရွယ် ရောက်မှသာ ထိမ်းမြားလက်ထပ်ပေးကြသည်မျိုးလည်းရှိသည်။ သို့သော် ယခုအခါ လီဆူလူမျိုးတို့သည် ယောကျာ်းလေး၊ မိန်းကလေး အရွယ် ရောက်မှသာ စေ့စပ်ကြောင်းလမ်းလေ့ရှိသည်။ အချို့ငွေကြေးဥစ္စာကြွယ်ဝ ချမ်းသာသူများသည် "ရာမယ်နိုခြင်း" ကို မိန်းကလေးအိမ်မှာစ်နည်း အားဖြင့် သတို့သမီးအိမ်တွင် ကြီးကြီးကျယ်ကျယ် ပြုလုပ်ကျင်းပကြသည်။

www.burmeseclassic.com

www.burmeseclassic.com


စေ့စပ်ကြောင်းလမ်းပြီးသည်နှင့် သတို့သမီးအပ်နှင်းပွဲအတွက် ရက်ကောင်းရက်မြတ် သတ်မှတ်ရွေးချယ်ကြလေသည်။

## (ခ) မယ်ဖယ်ခေါ် ကွမ်းဖိုး

သတို့သားက သတို့သမီးကို လက်ထပ်ထိမ်းမြားရန်အတွက် ပေးရသောအဖိုးအခများ၊ မင်္ဂလာကြေးများ၊ အသုံးအဆောင်များ၊ စရိတ်စကကုန်ကျမှုများကို ကွမ်းဖိုးဟုခေါ်ပါသည်။ လီဆူဘာသာစကားဖြင့် "မယ်ဖယ်" ဟုခေါ်သည်။

မယ်ဖယ်ကို စေ့စပ်ကြောင်းလမ်းပွဲတွင် တစ်ကြိမ်၊ သတို့သမီးအပ်နှင်းပွဲတွင် တစ်ကြိမ်၊ လက်ထပ်ပွဲတွင် တစ်ကြိမ်ပေးရသည်။ စေ့စပ်ကြောင်းလမ်းပွဲအတွက်ပေးရသော ကွမ်းဖိုးမှာနှစ်ခုရှိသည်။ ပထမတစ်ခုမှာ စေ့စပ်ကြောင်းလမ်းပွဲအတွက် ကုန်ကျမည့် ကွမ်းဖိုးဖြစ်ပြီး၊ ဒုတိယတစ်ခုမှာ သတို့သမီးအပ်နှင်းပွဲအတွက် ကုန်ကျစရိတ်စက ကွမ်းဖိုးဖြစ်သည်။ ၎င်းတို့ကိုလည်း စေ့စပ်ကြောင်းလမ်းပွဲတွင် တစ်ခါတည်းပေးခဲ့ရခြင်းဖြစ်သည်။

ကွမ်းဖိုးသည် နေရာဒေသအလိုက် ကွဲပြားခြားနားမှုရှိကြောင်း လေ့လာသိရှိရသည်။ ရှေးအခါက ကွမ်းဖိုးကို နွား၊ ဝက်၊ ကြက်ကောင်ရေ ပြည့်မျှဟု သတ်မှတ်၍ သတ်မှတ်ချက်အတိုင်း ပေးဆောင်ကြရသည်။ အများအားဖြင့် သတို့သမီး၏ ကျေနပ်မှု၊ မကျေနပ်မှုပေါ်တွင်မူတည်၍ ကွမ်းဖိုးများကို ပေးကြရသည်။ ရွှေ၊ ငွေ၊ သတ္တုပစ္စည်းများ၊ ဒင်္ဂါးပြားများ အား မည်၍ရွေမည်မျှသတ်မှတ်၍ စေ့စပ်ကြောင်းလမ်းပွဲ၊ သတို့သမီးအပ်နှင်း ပွဲ လက်ထပ်မင်္ဂလာပွဲများပြီးစီးသည့်အခါ ပေးခဲ့ရခြင်းမျိုးရှိခဲ့သည်။ ယခု အခါတွင် အဆိုပါစေ့စပ်ကြောင်းလမ်းပွဲ၊ သတို့သမီးအပ်နှင်းပွဲ၊ လက်ထပ် မင်္ဂလာပွဲများအတွက် ကုန်ကျမည့်စရိတ်ကို ကွမ်းဖိုးအဖြစ် ငွေကြေးကုန်ကျ

www.burmeseclassic.com

www.burmeseclassic.com


မှုကိုတွက်ချက်ပြီး ကြိုတင်ပေးဆောင်ကြရသည်။ ထို့ပြင် "ခိုချာ" ခေါ် သတို့သမီးအပ်နှင်းပွဲတွင် ဧည့်ခံကျွေးမွေးရာ၌ အသုံးပြုရန် အသား ဟင်းလျာများအပြင် "ခွာရိုး" ခေါ် မိန်းကလေးဘက်မှ မိဘများအတွက် ကောင်းသောအသားများကိုလည်း ပေးရသေးသည်။ ၎င်းကိုမူ ဆွေမျိုးများ ကို လက်ဆောင်အဖြစ် ဝေငှပေးလေ့ရှိသည်။

ကွမ်းဖိုးသည် ဓီမိုခေါ် အောင်သွယ်လုပ်သူက စေ့စပ်ကြောင်းလမ်း စဉ်ကပင် တစ်ခါတည်းယူဆောင်လာခြင်းဖြစ်ရာ ၎င်းပစ္စည်းများကို မိန်းကလေးဘက်မှ သဘောမတူ လက်မခံပါက ၎င်းကွမ်းဖိုးပစ္စည်းများကို စေ့စပ်သူက ပြန်ယူသွားရသည်။ သဘောတူလက်ခံမှသာလျှင် ကွမ်းဖိုး တင်ရလေသည်။ ၎င်းနောက် ဓီမိုယူဆောင်လာသော အရက်၊ ခေါင်ရည် နှင့် ထမင်းဟင်းလျာ စားသောက်ဖွယ်ရာများကို ပျော်ပျော်ပါးပါး စားသောက်ကြလေသည်။

ကွမ်းဖိုးမှာ ကချင်မျိုးနွယ်စုဝင် ဂျိန်ဖော့၊ လော်ဝေါ်၊ ရဝမ်၊ လာချိဒ်၊ ဇိုင်ဝါးတို့နှင့် လီဆူတို့ မတူညီကြောင်းတွေ့ရသည်။ ဖော်ပြပါ ကချင်မျိုးနွယ်စုဝင်တို့မှာ နွား၊ ကျွဲ၊ ပိတ်အုပ်၊ မောင်း၊ မခုတ်ဓား၊ မထိုးလုံ့တို့ပါရှိပြီး လီဆူတို့မှာ ၎င်းပစ္စည်းများမပါရှိပေ။ ဝက်၊ ကြက်၊ နွား၊ အရက်၊ ခေါင်ရည်စသည့် ကုန်ကျစရိတ်များမှာမူ တူညီမှုရှိသည်။ ဆွေမျိုးမိတ်သင်္ဂဟ အနည်းအများအလိုက် ကွမ်းဖိုးကုန်ကျမှု အနည်းအများ ကွာခြားချက်ရှိပါသည်။ သို့သော် အချို့နေရာများတွင် ကွမ်းဖိုးစရိတ်စက ပိုမိုကုန်ကျမှုရှိကြောင်းတွေ့ရသည်။

## (ဂ) သတို့သမီးအပ်နှင်းပွဲ

သတို့သမီးအပ်နှင်းပွဲကို စေ့စပ်ကြောင်းလမ်းစဉ်ကပင် ရက် သတ်မှတ်ပြီး သတ်မှတ်ရက်အတိုင်း ကျင်းပကြရသည်။ သို့သော် စေ့စပ်

www.burmeseclassic.com

www.burmeseclassic.com


ကြောင်းလမ်းသည့်ရက်နှင့် သတို့သမီးအပ်နှင်းပွဲ ကျင်းပသည့်ရက်သည် အနည်းဆုံးနှစ်ရက်နှင့် အများဆုံးသုံးရက်သာ ကွာခြားလေ့ရှိသည်။ ဥပမာ လဆန်း ၁ ရက်နေ့တွင် စေ့စပ်ကြောင်းလမ်းပွဲပြုလုပ်ပါက လဆန်း ၃ ရက်နေ့ သို့မဟုတ် လဆန်း ၄ ရက်နေ့တွင် မဖြစ်မနေ သတို့သမီး အပ်နှင်းပွဲကို ကျင်းပပြုလုပ်ရသည်။

ရှေးအခါက သတို့သမီးအပ်နှင်းပွဲအတွက် မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများထံ၊ ဆားထုပ်ကလေးများပေး၍ ဖိတ်ကြားထားရသည်။ ဤသို့ဖိတ်ကြားခြင်းကို "ပွာရှီဖယ်" ဟုခေါ်သည်။ ယခုအခါ ဖိတ်စာများကို ရိုက်နှိပ်ဝေငှ၍ ကြိုတင်ဖိတ်ကြားခြင်းပြုကြသည်။

သတို့သမီးအပ်နှင်းပွဲကို သတို့သမီးနေအိမ်တွင် ကျင်းပပြုလုပ်သည်။ အခမ်းအနားကို သတို့သမီးနေအိမ်တွင် ကြိုတင်ပြင်ဆင်ထားရသည်။ စေ့စပ်ကြောင်းလမ်းစဉ်က ပေးခဲ့သောကွမ်းဖိုးစရိတ်ဖြင့် အကုန်အကျခံ ကျင်းပရခြင်းဖြစ်သည်။

၄င်းနေ့တွင် သတို့သမီးသည် ရိုးရာဝတ်စုံကိုဝတ်ဆင်၍ အဖော်အမျိုးသမီးတစ်ဦးနှင့် ဆုတောင်းပွဲတွင် သတို့သမီး၏မိဘနှစ်ပါး၊ ဖိတ်ကြားသားသူများ၊ လူကြီးသူကြီးများ၊ သတို့သားဘက်မှာ ဧမိုနှင့်အတူ သတို့သမီးကိုခေါ်ခဲ့ရန် အဖွဲ့တစ်ဖွဲ့တို့ပါဝင်သည်။ ၄င်းအဖွဲ့သည် လူဦးရေကန့်သတ်မှုရှိပြီး စုံဂဏန်းဖြစ်ရမည်။ ကျားမအညီအမျှသွားရသည်။ စုံဂဏန်းကို သတ်မှတ်သည်မှာ ပြည့်စုံသည်ဟူသည့် သဘောအဓိပ္ပာယ်ဖြစ်သည်။

နတ်ကိုးကွယ်သူများက မိမိတို့နေအိမ်တွင်ပင် နတ်ကိုးကွယ်ပူဇော်သရသည်။ နီဖားခေါ် နတ်ဆရာက ရွတ်ဖတ်သရဇ္ဈာယ်ပြောဆိုပေးရသည်။ ခရစ်ယာန်ဘာသာဝင်များအနေဖြင့် ဘုရားသခင်ထံဆုတောင်းအပ်နှံ

www.burmeseclassic.com

www.burmeseclassic.com



၍ ခမ္မတေးသီကျူးခြင်းများ ပြုလုပ်ရသည်။ သတို့သမီးအပ်နှင်းပွဲတွင် မိန်းကလေးရှင်ဘက်မှ တာဝန်ပေးခံရသူက လက်ထပ်မင်္ဂလာပွဲ ကျင်းပမည့်အစီအစဉ်များ၊ ကိစ္စရပ်များ၊ ရက်ကောင်းရက်မြတ် ရွေးချယ်ခြင်းများကိုပါ ဦးဆောင်ဆွေးနွေးပြောဆိုရလေသည်။ ဤသို့ မင်္ဂလာအတွက် ပြောဆိုဆွေးနွေးပြီးသည်နှင့် သတို့သမီးကို သတို့သားအိမ်သို့ တစ်ပါတည်း ခေါ်ဆောင်လာခဲ့ရသည်။ သတို့သမီးအသုံးအဆောင်များ၊ ပစ္စည်းများကိုပါ တစ်ပါတည်းယူဆောင်လာခဲ့ရလေသည်။

## (ဃ) လက်ထပ်မင်္ဂလာပွဲ

လက်ထပ်မင်္ဂလာပွဲကို သုံးရက်သုံးညကျင်းပကြသည်။ သတို့သား အိမ်တွင်သာ လက်ထပ်မင်္ဂလာပွဲ ကျင်းပရသည်။ သတို့သမီးအိမ်တွင် လက်ထပ်မင်္ဂလာပွဲ ကျင်းပရိုးထုံးစံမရှိချေ။

နတ်ကိုးကွယ်သူများက နတ်ကွန်း၊ နတ်စင်တွင် ဝက်၊ ကြက်၊ အမဲ၊ အရက်၊ ခေါင်ရည် စသည်တို့ကို ပူဇော်ပသပြီး "နီပါး" ခေါ် နတ်ဆရာက ရွတ်ဆိုဆုတောင်းခြင်းပြု၍ မင်္ဂလာဆောင်ခြင်းကို ပြုကြရသည်။ မင်္ဂလာဆောင်မည့်နေ့တွင် သတို့သမီးအိမ်သို့သွား၍ သတို့သမီးအားခေါ်ရသည်။ သတို့သမီးနှင့်အတူ ဖိတ်ကြားထားသူများအား အတူခေါ်လာရသည်။ သတို့သားအိမ်၌ သတို့သားနှင့် သတို့သမီးသည် နတ်ပေါဆရာရှေ့တွင် အရက်တစ်ခွက်စီကိုင်၍ ဒူးထောက်ကာ နတ်ပေါဆရာ၏ ကောင်းချီးပေးခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်း၊ ရွတ်ဖတ်ခြင်းများပြီးလျှင် ၄င်းအရက်ခွက်ကို ပြိုင်တူသောက်ကြသည်။ ခွက်ချင်းလဲလှယ်၍လည်း သောက်ကြရသည်။ ခွက်တစ်ခုတည်းကို သတို့သားနှင့် သတို့သမီးကို ပါးချင်းကပ်၍ နှစ်ယောက်အတူတစ်ပြိုင်တည်းသောက်သည်မျိုးလည်း ရှိသည်။ ဤသို့ပြုခြင်းကို "အဒွမ်ရှီ" ဟုခေါ်သည်။

www.burmeseclassic.com

www.burmeseclassic.com


လက်ထပ်မင်္ဂလာပွဲပြီးလျှင် သတို့သား၏မိဘများမှ သတို့သမီးဖြစ်သူချွေးမကို သတို့သား၏အခန်းသို့ ခေါ်ဆောင်လာသည်။ သတို့သားမှလည်း သတို့သမီးကို မိမိ၏အခန်းအား ခေါ်၍ပြသရသည်။ ထို့နောက် လက်ထပ်မင်္ဂလာပွဲတွင် အကများဖြင့် ကပြဖျော်ဖြေကြသည်။ သုံးရက်တိုင် ကပြရသည်။

ခရစ်ယာန်ဘာသာဝင်များကမူ ဘုရားကျောင်းများတွင် လက်ထပ်မင်္ဂလာပွဲကျင်းပကြသည်။ မင်္ဂလာဆောင်မည့်နေရာတွင် ဇီမို၏ဇနီးမှ သတို့သမီးကိုဦးဆောင်၍ ခေါ်လာရသည်။ သတို့သမီးသည် အရန်သတို့သမီးနှင့်တွဲသည်။ သတို့သားအိမ်တွင်လည်းကောင်း၊ ဘုရားရှိခိုးကျောင်းတွင်လည်းကောင်း၊ ဆွေမျိုးမိသားစု၊ မိတ်ဆွေများကိုခေါ်၍ လက်ထပ်မင်္ဂလာပွဲကို ကျင်းပလေ့ရှိသည်။

မင်္ဂလာဆောင်မည့်နေရာတွင် သတို့သားနှင့် အရန်သတို့သား၊ သတို့သမီးနှင့် အရန်သတို့သမီးတို့မှာ အတူတကွနေကြရသည်။ အရန်သတို့သားနှင့် အရန်သတို့သမီးတို့မှာ ဗမာလူမျိုးများ၏ ဓလေ့ထုံးစံကဲ့သို့ နှံကိုက်ညီသူကို သတို့သား၊ သတို့သမီးတို့၏ အရန်အဖြစ် ရွေးချယ်ခြင်းမျိုးမဟုတ်ပေ။ မိမိတို့ ခင်မင်ရင်းနှီးမှုအရဖြစ်စေ၊ လူပျို၊ အပျိုများက သင့်တော်သူကို စီစဉ်ပေး၍ဖြစ်စေ ရွေးချယ်တွဲရသည်။ သတို့သားနှင့် သတို့သမီးတို့မှာ အလယ်တွင်နေရာယူ၍ အရန်သတို့သားနှင့် အရန်သတို့သမီးတို့မှာ အစွန်တွင် နေရာယူကြရသည်။

သတို့သားနှင့် သတို့သမီး၊ အရန်သတို့သားနှင့် အရန်သတို့သမီးတို့သည် မိဘဆွေမျိုးများနှင့်အတူ ဘုရားကျောင်းရောက်သည်နှင့် ခေါ်လာသူက သတို့သားနှင့် သတို့သမီးကို သင်းအုပ်ဆရာထံ အပ်နှံရသည်။ သင်းအုပ်ဆရာက ဆက်လက်၍ စီစဉ်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ရသည်။

www.burmeseclassic.com

www.burmeseclassic.com




သတိုသားနှင့် သတိုသမီးတို့၏ အဒွမ်ရှိ (ခေါ်) ချစ်သောက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com


သင်းအုပ်ဆရာသည် သတို့သားနှင့် သတို့သမီးကို ဘုရားသခင် ထံအပ်နှင်းပြီး ဆုတောင်းပေးခြင်း၊ ကျမ်းစာရွတ်ဆိုခြင်း၊ တရားဟောပြော ဆုံးမခြင်း၊ သတို့သားနှင့် သတို့သမီးတို့အား လက်ထပ်မင်္ဂလာပြုသည့် လက်မှတ်ရေးထိုးစေခြင်း၊ အရန်သတို့သားနှင့် အရန်သတို့သမီးတို့အား လက်ထပ်မင်္ဂလာ သက်သေခံလက်မှတ်ရေးထိုးစေခြင်း၊ ဆုံးမစကားပြော ခြင်းများ ပြုလုပ်ပေးရသည်။ ကတိသစ္စာခံယူကြစေရန် ဆုံးမစကားများဖြင့် မေးမြန်းပြောဆိုပြီး သတို့သားနှင့် သတို့သမီးကို လက်ထပ်ပေး၍ ဆုတောင်းပေးသည်။ ထို့နောက် လွှယ်အိတ်များလွှယ်ပေးခြင်း၊ လက်စွပ် များလဲလှယ်ခြင်းပြုကြသည်။ အသင်းအုပ်ဆရာကြီးသည် သတို့သားနှင့် သတို့သမီးကို လက်ထပ်ထိမ်းမြားပေး၍ ကျမ်းစာများ၊ ရွတ်ဖတ်ပေးခြင်း၊ ဆုတောင်းပေးခြင်း၊ ဆုံးမခြင်း ပြုပေးလေသည်။ လက်ထပ်မင်္ဂလာပွဲလာ ဧည့်သည်များကလည်း ဓမ္မတေးများ သီကျူးခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းဖြင့် အကြင်လင်မယားအဖြစ်သို့ ဆောင်ရွက်စီစဉ် ပေးလေသည်။

မင်္ဂလာဆောင်သည့်နေ့တွင် နှစ်ဘက်ဆွေမျိုးသားချင်းများ၊ ဖိတ်ကြားထားသည့် ဧည့်ပရိသတ်များမှ လက်ဆောင်ပစ္စည်းများ၊ လက်ဖွဲ့ ငွေများဖြင့် ပေးကမ်းချီးမြှင့်ကြသည်။ ပြီးလျှင် အကျွေးအမွေးဖြင့် ဧည့်ခံ သည်။ ပျော်ပျော်ပါးပါး စားသောက်နေကြစဉ်အတွင်း တေးဂီတအသံများ၊ ပျော်ပွဲ ရွှင်ပွဲများဖြင့် ဧည့်ခံလေ့ရှိသည်။

၄င်းနောက် အမျိုးသမီးဘက်မှ မိဘဆွေမျိုးသားချင်းများက သတို့သား နှင့် သတို့သမီးတို့အား ဆုံးမစကားပြောဆိုမှာကြားခြင်း၊ ဆုတောင်းမေတ္တာ ပို့သခြင်းများကို ဆောင်ရွက်ကြရသည်။ ဤသို့ ဆုံးမစကားများ မှာကြား စရာများကို ပြောဆိုမှာကြားပြီးသည်နှင့် လက်ထပ်မင်္ဂလာပွဲအခမ်းအနား

www.burmeseclassic.com

www.burmeseclassic.com


ပြီးဆုံးသွားတော့သည်။

လက်ထပ်မင်္ဂလာပွဲပြီးဆုံးသည့်အခါ ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းများ၊ ဖိတ်ကြားထားသူများကို ပြန်ပို့ရန်စီစဉ်ပေးရသည်။ အချို့ကမူ မိမိတို့၏အစီအစဉ်ဖြင့် ပြန်ခြင်းမျိုးလည်းရှိပါသည်။ လက်ထပ်မင်္ဂလာပွဲပြီးဆုံး၍ သတို့သမီး၏မိဘများ၊ လူကြီးများပြန်သွားသည့်အခါ သတို့သမီးအဖော်များ၊ အဖွဲ့များ၊ အပေါင်းအသင်းများသည် ရွာအပြင်သို့လိုက်ပို့ကြသည်။ ထို့နောက် တစ်ယောက်လက်ကို တစ်ယောက်ဆွဲကာ ငိုကြွေးကြသည်။ ဤသို့ပြုပြီးလျှင် ငွေကြေးလက်ဆောင်ပစ္စည်းတစ်ခုခုပေးရသည်။ ဤသို့ပစ္စည်းပေးခြင်းကို "ချီမာလဲ့ကျီး" ဟုခေါ်သည်။

မင်္ဂလာဆောင်ပြီး သုံးရက်ပြည့်နောက်ပိုင်းတွင် သတို့သမီး၏မိဘအိမ်သို့ သတို့သား၊ သတို့သမီး နှစ်ဦးစလုံးသွားရသည်။ လက်ဆောင်အဖြစ် အသား၊ အရက်ခေါင်ရည်များ၊ ခေါပုပ်များနှင့် အခြားစားသောက်ဖွယ်ရာများယူ၍ သွားရောက်ကန်တော့ကြသည်။ ထိုသို့ကန်တော့ရန်သွားသည်ကို "ရှီးချီဖော" သို့မဟုတ် "မဲလဲလာ" ဟု ခေါ်သည်။ မိန်းကလေး၏ မိဘများမှလည်း သတို့သားနှင့် သတို့သမီးတို့အား မင်္ဂလာဆုမွန်ကောင်းများ တောင်းကြသည်။ အိုးခွက်ပန်းကန်များ၊ ကြက်၊ ဝက်၊ စိုက်ပျိုးရေးသီးနှံများ၊ မျိုးစေ့များ၊ လက်ဆောင်ပစ္စည်းများကို ပြန်လည်ပေးကာ ဆုံးမစကားများ ပြောကြားလေသည်။

ရှေးအခါက လီဆူလူမျိုးတို့သည် မယားများများယူသောစနစ်ကို ကျင့်သုံးကြသည်။ သားသမီးများမှ လူနေမှုဘဝ ပိုမိုစည်ပင်မှုရှိသည်ဟု လည်း ခံယူကြသည်။ သားသမီးများခြင်းသည် မင်္ဂလာရှိသည်။ မင်္ဂလာများများရရှိသည်။ ကောင်းသောနိမိတ်လက္ခဏာများ ဖြစ်သည်ဟုလည်း ခံယူကြသည်။ မိသားစုများပြားခြင်း၊ မျိုးနွယ်ဆက်များပြားခြင်းသည်

www.burmeseclassic.com

www.burmeseclassic.com


ခိုသားစုမျိုးနွယ်စုကို ပွားများအောင် ပြုလုပ်ပေးခြင်းဖြစ်သည်။ မျိုးနွယ်ကို သိန်းသိမ်းလိုခြင်း သဘောလည်းဆောင်သည်ဟု ယူဆကြသည်။

ယခုအခါ လီဆူတို့သည် ခေတ်နှင့်အညီ တစ်လင်တစ်မယားစနစ်ကို ကျင့်သုံးလာခဲ့ကြပြီးဖြစ်ရာ မယားများများယူသောစနစ်လည်း ပျောက်ကွယ်လုရှိနေပြီဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

# ရိုးရာအိမ်

လီဆူတို့၏ ရိုးရာအိမ်သည် သက်ငယ်မိုး၊ ဝါးထရံကာ မြေစိုက်အိမ်ဖြစ်သည်။ အိမ်ရှေ့တွင် ''ဝေါမူပေါ်'' ဝရန်တာမှာ အမိုးအရိပ်အကာမရှိပေ။

''ကာခူ'' ခေါ် အိမ်ရှေ့ဝင်ပေါက်မှာ အိမ်ရှေ့အလယ်တိုင်နှစ်လုံးကြားတွင် ထားရှိသည်။ အိမ်တစ်ဆောင်လုံးတွင် ထိုဝင်ပေါက်တစ်ပေါက်သာရှိပြီး အားလုံးအလုံပိတ်ဖြစ်သည်။ ထိုဝင်ပေါက်မှ ဝင်သွားသည်နှင့် ''နီဒါးအေး'' ခေါ် နတ်စင်ခန်းနှင့် ''ရွှေဂူစာဂျာဂူ'' ခေါ် ဧည့်ခန်းကြီးကိုတွေ့ရသည်။ အဆိုပါဧည့်ခန်း၌ ''ဟားဘာ'' ခေါ် ကဒ္ဒင်အိပ်စင်ငယ်တစ်ခုကို ဧည့်သည်အတွက်ထားရှိသည်။ နတ်စင်ခန်းနှင့်ကပ်လျက် ''အပိုးမြေ'' ခေါ် မီးဖိုလည်းရှိသည်။ အလွန်အေးချမ်းသော အရပ်ဒေသများတွင် နေထိုင်ကြသည့်အတွက် မီးဖိုကိုအိမ်တွင်း၌ ပြုလုပ်လေ့ရှိပြီး ညအချိန်များတွင် မီးလှုံရင်း ဘိုးဘွားမိဘအစဉ်အဆက်အကြောင်း၊ စီးပွားရေး၊ လူမှုရေး၊ မိသားစုရေး စသည်များကို တစ်ထောင့်တစ်ညပုံပြင်သဖွယ် မိဘများက သမီးများကို ပြောပြလေ့ရှိသည်။

အပေါက်ဝ၏ ဝဲဘက်တွင် ''ရေသားဂူ'' ခေါ် အိပ်ခန်း နှစ်ခန်းရှိသည်။ ၄င်းအိမ်ခန်း နှစ်ခန်း၏အလယ်မှာ ''ခဲကျုရင်'' ခေါ် ဝါးထရံဖြင့်အရန်ကာရန်ထားပါသည်။ အခြားတစ်ဖက်မှာ ခန်းမကျယ်ကြီး ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အိမ်၏နောက်ကျောဘက်ကပ်လျက် ဝက်စာထည့်ရန် သစ်လုံးကိုထွင်းထားသော သစ်သားခွက်တစ်ခုရှိသည်။ ၄င်းသစ်သားခွက်ရှေ့၌ "စောရူ" ခေါ် ဝက်စာချက်ရန် မီးဖိုကြီးနှင့် "အသုံးပြေ" ခေါ် ထမင်းချက်သည့်မီးဖိုအသေးတို့ ယှဉ်လျက်ထားရှိရသည်။ လီဆူတို့သည် ဝက်မွေးမြူခြင်းကို ဘိုးဘွားစဉ်ဆက်ကပင် ခုံမင်မြတ်နိုးစွာ လုပ်ဆောင်လာခဲ့သော အဓိကမွေးမြူရေးလုပ်ငန်းတစ်ခုဖြစ်သည်။ ရိုးရာပွဲလမ်းသဘင်များတွင်သည်းကောင်း၊ လီဆူတို့၏ မည်သည့်အခမ်းအနားများတွင်မဆို ဝက်သားဟင်းသည် မရှိမဖြစ် မပါမပြီးသော ဟင်းတစ်မည် ဖြစ်သည်။ ဝက်ကိုဟင်းအတွက်လည်းကောင်း၊ စီးပွားရေးအတွက်လည်းကောင်း မွေးမြူလေ့ရှိကြသည်။ ဝက်မမွေးသော လီဆူလူမျိုး မရှိသလောက်ရှားသည်။ မီးဖိုအနားတွင် ထမင်းစားပွဲနှင့် ထမင်းစားရန်တို့ကို နေရာသီးသန့်ထားရှိရသည်။

ထို့ပြင် ခန်းမကျယ်ကြီးရှေ့ဘက် ၌ "ချဲမား" ခေါ် မောင်းဆုံနှင့် "ချဲဒူ" ခေါ် မောင်းတို့ကို တပ်ဆင်ပြုလုပ်ထားသည်။ နွေ၊ မိုး၊ ဆောင်းအခါ ရာသီမရွေး ဆန်စပါး၊ လူး၊ ဆတ်၊ ပြောင်း၊ ဂျုံ စသည့်ကောက်ပဲသီးနှံများကို မောင်းထောင်းကြိတ်ခွဲ၍ စားသောက်ရန် အိမ်တွင်း၌ အဆင်သင့်ပြုလုပ်ထားခြင်း ဖြစ်ပေသည်။

အိမ်ရှေ့မျက်နှာစာဝဲဘက်တွင် "အားညီဟီး" ခေါ် နွားတင်းကုပ်နှင့် အိမ်ရှေ့မျက်နှာစာယာဘက်တွင် "ဇာဟီး" ခေါ် စပါးကျီတို့ကိုလည်း ဆောက်လုပ်ထားရှိသည်။ စပါးကျီကို အသင့်ပြုလုပ်၍ထားသည်။ စပါးကျီတွင် စပါးထားရန်နှင့် အခြားအသုံးအဆောင်ပစ္စည်းများ ထားသောနေရာတို့ကိုလည်း ခွဲခြားထားသည်။ သို့ဖြစ်ပါ၍ လီဆူတို့၏ရိုးရာအိမ်တွင်နွားတင်းကုပ်၊ စပါးကျီမှာ တွဲလျက်ရှိနေသည်ကို လေ့လာတွေ့ရှိရသည်။

www.burmeseclassic.com

www.burmeseclassic.com


ရှီးရာအိမ်ကို "ပျေ" ခေါ် ခြံစည်းရိုးခတ်၍ ထားကြသည်။ ခြံစည်းရိုးဝင်ပေါက်တွင် "တာမွေ" ခေါ် တံခါးမကြီးထားရှိသည်။ ဝင်ပေါက်တိုင်နှစ်တိုင်တွင် "တာမွေဟင်" ခေါ် အမိုးငယ်သေးတစ်ခုကိုလည်း မိုးထားသေးသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ရိုးရာအိမ်ဆောက်လုပ်ပုံ

လီဆူတို့၏ ရိုးရာအိမ်မှာ မြေစိုက်အိမ်ဖြစ်သည်။ အိမ်တိုင် ၁၂ လုံးဖြင့် ဆောက်လုပ်ထားသော ၄ ပင်အိမ်ဖြစ်သည်။ ရှေ့နောက် ၃ ပင်၊ ဝဲယာ ၄ ပင်ဟု ဆိုနိုင်သည်။

ရှေးအခါက အိမ်ဆောက်မည့်နေ့ကိုလည်းကောင်း၊ မြေနေရာကို လည်းကောင်း ရွေးချယ်ပြီးမှ ရိုးရာအိမ်ကိုဆောက်လုပ်ကြသည်။ နေ့ရက်ကို ရွေးချယ်ပြီးပါက မြေနေရာကို ရိုးရာအယူအဆအရ ရွေးချယ်သည်။ ရွေးချယ်ပုံမှာ စပါးစေ့ (သို့) ဂျုံစေ့ ၇ စေ့ကို ၂ နေရာခွဲထားပြီး ရွေးချယ်သည်။ အိမ်ရှင်က စပါးစေ့ သို့မဟုတ် ဂျုံစေ့ကို ဆောက်လုပ်သော မြေနေရာတွင် ထားရာမှအပင်ပေါက်လျှင် နေရာကောင်းသည်။ ပုရွက်ဆိတ်၊ ပိုးမွှား၊ ကြက်ငှက် ဖျက်ဆီး၍ဖြစ်စေ၊ အခြားမည်သည့်အကြောင်း ကြောင့်ဖြစ်စေ၊ နေရာရွေ့လျှင်ဖြစ်စေ ထိုနေရာသည် အိမ်ဆောက်ရန် မကောင်းဟုအယူရှိသည်။

အိမ်ဆောက်သည့်အခါ ရှာဖွေစုဆောင်းထားသော သစ်၊ ဝါးများ၊ ကြိမ်နီး၊ ဝါးနီးများကို အသုံးပြုကြသည်။ ရွာတစ်ရွာတွင် သို့မဟုတ် နယ်တစ်နယ်တွင် အိမ်ဆောက်မည်ဆိုပါက အားလုံးရွာသူရွာသားများက ဝိုင်းဝန်းကူညီဆောက်လုပ်ပေးကြသည်။ လက်သမားဟူ၍ ငှားရမ်းဆောက်လုပ်ခြင်းမျိုးမရှိပါ။ တတ်ကျွမ်းသူရှိပါက ကူညီဆောက်လုပ်ပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



တောင်ပေါ်ဒေသများတွင် ခေါင်အမြင့် ၁၄ ပေမှ ၁၅ ပေ အထိသာ ဆောက်လုပ်ပြီး မြေပြန့်လွင်ပြင်ဒေသများထက် အနည်းငယ်အမြင့်ပို၍ ဆောက်လေ့ရှိသည်။ အိမ်ဆောက်တော့မည်ဆိုလျှင် တိုင်ကျင်းများတူးပြီးသည်နှင့် "ကျွန်း" ခေါ် ခေါင်တိုင် ၄ လုံးကို ဦးစွာစိုက်ထူသည်။ ၎င်းနောက် "တိုက်ဂျိုး" ခေါ် ရှေ့လက်ခံတိုင် ၄ လုံး၊ နောက်လက်ခံတိုင် ၄ လုံးတို့ကို စိုက်ထူသည်။ ၎င်းနောက် "ဒေဝိုး" ခေါ် ခေါင်လျှောက်နှင့် "ဒေမို" ခေါ် လက်ခံလျှောက်များ၊ အင်ဂျေး ခေါ် ထုပ်တန်းများကိုချည်အောင် တွယ်ကပ်ရသည်။ ထုပ်များမှာ သစ်သားကိုအလုံးလိုက်ထည့်ခြင်း ဖြစ်သည်။ တိုင်များကိုထစ်ပြီး လျှောက်များ ထုပ်များကို ကြိမ်နီး၊ ဝါးနီးများနှင့် ချည်နှောင်ခြင်းဖြစ်သည်။

၎င်းနောက် အိမ်ခေါင်မိုးမိုးရန် ကန့်လန့်တန်းအဖြစ်သုံးသော "ဆော်လော်" ခေါ် တန်းဝါးနှင့် "လော်ဂျူး" ခေါ် ချင်ဝါးများကို တွဲချည်ကာ ၎င်းအချင်ဝါးများပေါ်၌ "ရင်းဆစ်ဖှား" ခေါ် ဝါးခြမ်းစိတ်ငယ်များကို ခင်းရသည်။ ၎င်းနောက် "ယောအင်" ခေါ်သည့် သက်ကယ်မိုးများကို မိုးရသည်။ မိုးပြီးလျှင် "ဒီထယ်" ခေါ် ဝါးခြမ်းစိတ်ငယ်များဖြင့်ဖိ၍ "မာနီ" ခေါ် ဝါးနီး၊ ဂူပြီခေါ် ကြိမ်နီးများဖြင့် ခိုင်မြဲစွာချည်ရသည်။ အိမ်ပတ်ပတ်လည်ကို ခဲကျီ ခေါ် ဝါးထရံကို ကာကြရသည်။

၎င်းနောက် အိမ်အခန်းများကို နတ်စင်ခန်း၊ အိမ်ခန်း၊ မီးဖိုချောင် ဧည့်ခန်း၊ ဖိနပ်ချွတ်၊ မောင်းဆုံ စသည်တို့ထားရာနေရာတို့ကို အခန်းဖွဲ့စီရင်ပြီးစီးသွားပြီ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# မလေ့ရိုးရာ အနုပညာ

လီဆူတို့၏ အနုပညာများသည် ဘိုးဘွားအစဉ်အဆက်က လက်ခံကျင့်သုံးခဲ့သည်။ ဘဝအတွေ့အကြုံများ၊ ရိုးရာယဉ်ကျေးမှုထုံးတမ်းစဉ်လာများ၊ လူမှုပတ်ဝန်းကျင်ဖြစ်ရပ်များပေါ် မူတည်၍ ပေါ်ပေါက်ခဲ့သော၊ ဆက်စပ်ထိန်းသိမ်းလာသော ပညာရပ်တစ်ခုဟု ဆိုနိုင်ပေသည်။ လီဆူတို့၏ အနုပညာကို (က) ရိုးရာတူရိယာများ၊ (ခ) ရိုးရာတေးသီချင်းများ၊ (ဂ) ရိုးရာအကများဟူ၍ ခွဲခြားသိမြင်နိုင်သည်။

## (က) ရိုးရာတူရိယာများ

### ၁ "အားမွေးကြူလွေ" ခေါ် ဘူးသီးခြောက်ပလွေ

ဘူးသီးခြောက်နှင့် ဝါးတို့ဖြင့်ပေါင်းစပ်ပြုလုပ်ထားသော ပလွေတစ်မျိုးဖြစ်သည်။ ဘူးသီးလည်တိုင်ကို ယာလက်ဖြင့်ကိုင်ပြီး ဝဲလက်ဖြင့် အရှည်ဆုံးဝါးပေါက်ကို လက်ညှိုးဖြင့်လည်းကောင်း၊ ဒုတိယအရှည်ဆုံးဝါးပေါက်ကို လက်မဖြင့်လည်းကောင်း၊ တတိယရှည်သောဝါးပေါက်ကို လက်ခလယ်ဖြင့်လည်းကောင်း၊ စတုတ္ထရှည်သောဝါးပေါက်ကို လက်သူကြွယ်ဖြင့်လည်းကောင်း၊ အသေးဆုံး အတိုဆုံးဝါးပေါက်ကို ယာလက်သူကြွယ်ဖြင့်လည်းကောင်း ပိတ်ရသည်။ ထို့နောက် ဘူးသီးလည်တိုင်ပေါက်ကို ပါးစပ်ဖြင့်မှုတ်သောအခါ အသံများထွက်ပေါ်လာသည်။ တူရိယာသံစုံ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်လာရေးအတွက် လက်ချောင်းကလေးများကို ပိတ်ချည်ဖွင့်ချည် ပြုလုပ်ပေးရသည်။

ဤဘူးသီးခြောက်ပလွေကို နှစ်ကူးပြီးနောက် (၈) လကြာမှသာ အသုံးပြုရသည်။ နိုင်ငံတော်အစိုးရမှ ကြီးမှူးကျင်းပသော အခမ်းအနားများ၊ လူမျိုးနွယ်စုများ၏ ရိုးရာပွဲတော်များ၊ မင်္ဂလာရှိသောအခမ်းအနားများတွင် သုံးရသည်။ အသုဘပွဲတွင် သုံးစွဲခြင်းမပြုရပေ။

၂။ "မံကော်" ခေါ် ဝါးခြမ်းပြားနှစ်ခုကိုပူး၍ ကြိုးဖြင့်စည်းနှောင်ကာ အပေါက်ဖောက်ထားသော ပလွေတစ်မျိုး၊

၃။ "ဂျီလွီဂျွယ်" ခေါ် ဝါးတစ်လုံးပလွေ၊

၄။ "တိမ်ဂေါ်" ခေါ် ဝါးနှစ်လုံးပလွေ၊

၅။ "သတိဒူလယ်" ခေါ် အလယ်တွင်အပေါက်တစ်ပေါက်တည်းသာရှိသော ဝါးတစ်လုံးပလွေ၊

၆။ "ဟီဂီ" ခေါ် ထိုးတယော။

၇။ "စဂျယ်ချီဘီ" ခေါ် ကြိုးသုံးပင်ပါ ဘင်ဂျိုနှင့်တူသော တူရိယာတစ်မျိုး၊

၈။ "လီဂျယ်ချီဘီ" ခေါ် ကြိုးလေးပင်ပါ မယ်ဒလင်နှင့်တူသော တူရိယာတစ်မျိုး၊


၉။ "တီးအော့မာ" ခေါ် ပလွေတို၊

၁၀။ "ရှားပယ့်"၊ "မာငူ"၊ "ချူချူ" ဟု ဒေသအလိုက်ခေါ်ဝေါ်သော ဝါးဘူးတူရိယာတစ်မျိုး (၄င်းမှာ လေမှုတ်တူရိယာလည်း ဖြစ်သည်)

www.burmeseclassic.com

www.burmeseclassic.com






လီဆူတို့၏ အတီးအမှုတ်တူရိယာများ

www.burmeseclassic.com

www.burmeseclassic.com



# လီဆူအတီးအမှုတ်တူရိယာများ

| | |
|---|---|
| (၁) | ဘူးသီးခြောက်ပလွေ |
| (၂) | မံကော် (ခေါ်) ပလွေ |
| (၃)(၅)(၉) | ဝါးတစ်လုံး ပလွေ |
| (၄) | ဝါးနှစ်လုံးပူး ပလွေ |
| (၆) | တယော |
| (၇) | ဘင်ဂျို |
| (၈) | မယ်ဒလင် |
| (၁၁) | မယ်ဒလင် |
| (၁၂) | မောင်း |

မှတ်ချက်။ ပုံတွင်ဖော်ပြထားသည့် အမှတ်စဉ် (၁၀) နှင့် ဖော်ပြထားခြင်းမရှိသော အမှတ်စဉ် (၁၃) မှာ ဒေသအလိုက်သုံးစွဲသည့် တူရိယာများဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



၁၁။ "ချိဘိ" ခေါ် ကြိုးသုံးချောင်းတပ် မယ်ဒလင်တူရိယာ၊

၁၂။ "မောင်း (အ)" ခေါ် တွယ်အပ်ပုံစံရှိပြီး ရှည်မျောသေးသွယ်၍ ကြေးကြိုးသုံးချောင်းပါ တူရိယာတစ်မျိုး၊

၁၃။ "တိုဝါး" ခေါ် နှုတ်ခမ်းနှစ်ခုအကြား လျှာနှင့်ထိန်း၍ သံစဉ်ကို မှုတ်ယူရသော ပလွေအမျိုးအစားဝင် တူရိယာတစ်မျိုး။

## (ခ) ရိုးရာတေးသီချင်းများ

လီဆူး လူမျိုးတို့သည် သီချင်းဆိုခြင်းကို ဝါသနာထုံကြသည်။ စကားပြောရာ ကဗျာလင်္ကာသဘောမျိုး ပြောဆိုတတ်ကြသည်။ တေးသီချင်းများသည် အလွန်သံနေသံထားရှည်လျားသဖြင့် ဆွဲဆွဲငင်ငင်သီဆိုရသည့် သီချင်းမျိုးကများသည်။ အချို့သီချင်းများသည် ၇ ရက်၊ ၇ ည သီဆိုရသည်ဟု ဆိုပါသည်။

ကဗျာဆန်သော စကားလုံးများကို တေးသီချင်းတွင် တွေ့ရသည်။ သီချင်းကို တစ်ဦးတည်းသီဆိုလေ့မရှိလည်း အဖွဲ့လိုက်သီဆိုကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြန်အလှန် အတိုင်အဖောက်ဖြင့် သီဆိုကြခြင်းမျိုးဖြစ်သည်။ လိပ်ပြာခေါ်ယူခြင်း၊ ကင်ပွန်းတပ်ခြင်း၊ မင်္ဂလာဆောင်ခြင်း၊ အသုဘအခမ်းအနား၊ နှစ်သစ်ကူးပွဲနှင့် လူမှုရေးပွဲများတွင် သီဆိုလေ့ရှိကြသည်။ လီဆူတို့၏ တေးသီချင်းများမှာ တောတောင်ထဲ၌ဆိုရသော အလွမ်းသီချင်းနှင့် အိမ်တွင်းသီချင်း၊ ပွဲလမ်းသဘင်တွင် သီဆိုသောသီချင်းနှင့် အိမ်တွင်းသီချင်းဟူ၍ ခွဲခြားတွေ့ရသည်။

### ၁။ နှစ်သစ်ကူးသီချင်း

"ရောရိုတပ်တပ် ဝါးတပ်တပ်" အမည်ရှိ နှစ်သစ်ကူးသီချင်းများမှာ အတီးမပါ အဆိုသက်သက်ဖြစ်သည်။ ရှေ့ကလူကြီးတစ်ယောက်က

www.burmeseclassic.com

www.burmeseclassic.com



တိုင်ပေးပြီး ကျန်လူများကဝိုင်း၍ သီဆိုလေ့ရှိကြသည်။ များသောအားဖြင့် နှစ်သစ်ကူးပွဲတွင် သီဆိုလေ့ရှိကြသည်။ နှစ်သစ်ကူးပွဲတွင် သီဆိုလေ့ရှိသော အခြားသီချင်းတစ်မျိုးမှာ-

"ကျန်းလီပါတော့ ကျန်းလီရှီး" အမည်ရှိ ပျော်ကြ၊ ကကြသည့် တေးသီချင်းဖြစ်၍ နတ်ပူဇော်သောသီချင်းလည်းဖြစ်သည်။ နတ်များလည်း လာ၍ ပျော်ကြသည်။ လူများလည်းလာ၍ ပျော်ကြသည်။ အားလုံးစုစည်း ညီညာ ကခုန်ပျော်ပါးကြသည်။ နတ်ကိုပူဇော်၍ ကခုန်ကြကာ သီဆိုသည်။ တောမှ အသားငါးများဖြင့် ပူဇော်သောပွဲဖြစ်၍ နတ်များကလည်း စားကြသည်ဟု ယုံကြည်ကာ သီဆိုဖွဲ့နွဲ့ထားသော တေးသီချင်းဖြစ်သည်။

## ၂ နတ်ပူဇော်သောသီချင်း

ရှေးဘိုးဘွားများလက်ထက်တွင် နတ်ကိုကိုးကွယ်မှုရှိခဲ့၍ အသားငါးများကို သတ်ဖြတ်ပူဇော်ရာတွင် နတ်များကို မီးဖိုနားနှင့် ချတ်ပြုတ်သောနေရာတွင် လာရောက်စားသောက်ရန် ဖိတ်ခေါ်သည့် နတ်ပူဇော်သောရိုးရာတေးသီချင်းဖြစ်သည်။ "ဝက်ပေါင်၊ ကြက်ပေါင်များ လာရောက်စားလှည့်ပါ"၊ "အမွေးတိုင်များ ထွန်းညှိပူဇော်ပါတယ်" ဟူသော အဓိပ္ပာယ်ဖြင့် သီဆိုသောတေးသီချင်းဖြစ်၏။

ငှင်းသီချင်းမှာ "(တန်နီးပေါ်တော် တန်နီးချယ်)၂
(လီလီပေါ်တော် ကျော်လဲ့လယ်)၂
ခါးကျပ် ခါးကျပ် ကျော်လဲ့လယ်
သောင်းခူသောင်းကျပ် ကျော်လဲ့လယ်" ဟူ၍

ဖြစ်သည်။ နှစ်သစ်ကူးပွဲတွင် မပါမဖြစ်သော သီချင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



## ၃။ စိုက်ပျိုးရေးသီချင်း

"လူကူးလီတီ လူကူးရှီ" ခေါ် စိုက်ပျိုးရေးသီချင်းမှာ စပါး၊ လူး၊ ဆတ်၊ နှံစားပြောင်း စသည့် ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်း၊ နယ်လှေ့ရိတ်သိမ်းခြင်း၊ လုပ်ကိုင်ဆောင်ရွက်ခြင်းများအတွက် စပ်ဆိုသော တေးသီချင်းဖြစ်သည်။

## ၄။ မုဆိုးလိုက်သီချင်း

"တော်ရဲ့ရဲ့လား တော်လွယ်လတ်" ခေါ် မုဆိုးလိုက်တေးသီချင်းမှာ အဆိပ်ပင်၊ အဆိပ်လူးမြားတို့၏ အစွမ်းထက်မြက်သည်ကို ဖွဲ့နွဲ့ထားသော တေးသီချင်းဖြစ်သည်။ အဆိပ်ပွင့်မှအဆိပ်ထုတ်၍ မြားတွင် အဆိပ်ကိုလူးကြ၊ သုတ်လိမ်းကြရန်၊ အဆိပ်ပွင့်၊ အဆိပ်ရွက်တို့ကို ရှူးကြရန် နှိုးဆော်ခြင်းအဓိပ္ပာယ်ဖြစ်သည်။ ကောက်သစ်စားပွဲနှင့် အခြားပျော်ပွဲရွှင်ပွဲများတွင် ပွဲစသည်မှပွဲသိမ်းသည်အထိ သီဆိုရသော တေးသီချင်းဖြစ်သည်။

## ၅။ ခိုးရာလိုက်သီချင်း

ရှေးအခါက ယောကျ်ားလေးက မိန်းကလေးအား မိဘများထံ ခွင့်မပန်ဘဲ ခိုးပြေးသောဓလေ့ရှိသည်။ ယောကျ်ားလေးသည် မိန်းကလေးကို ချစ်ကြိုက်ပါက ငွေဒင်္ဂါးပြား စသည့်သက်သေခံပစ္စည်း တစ်ခုခုကို ပေးထားရသည်။ မိန်းကလေးကလက်ခံလျှင် မည်သည့်နေရာမဆို အချိန်မရွေးခိုးပြေး၍ရသည်။ ဤသည်ကို ရေးဖွဲ့ထားသော ခိုးရာလိုက်သီချင်းမှာ ရှေးရိုးသီချင်းပင်ဖြစ်သည်။

ယောကျ်ားလေးမှ သတို့သမီးကြေး ကွမ်းဖိုးမပေးနိုင်၍ ခိုးပြေးရခြင်း၊ ၎င်းထံလိုက်၍ ဆင်းရဲဒုက္ခခံနိုင်ပါ့မည်လား၊ မယ့်ကိုခေါ်ရသည်မှာ မယ့်ဖခင်၊ မိခင်များနှင့်ဝေးရာဖြစ်၍ ဆင်းရဲပင်ပန်းမှုကို ခံနိုင်ပါ့မည်

www.burmeseclassic.com

www.burmeseclassic.com


လား စသည်ဖြင့်မေးကြောင်း၊ မိန်းကလေးကလည်း ဘာပဲဖြစ်စြစ် မောင်နဲ့လိုက်ခဲ့ရလို့ စိတ်ဆင်းရဲဒုက္ခဖြစ်သော်လည်း ရင်ဆိုင်အန်တုနေကြမည်ဖြစ်ကြောင်း ဖွဲ့နွဲ့ထားသော တေးသီချင်းဖြစ်သည်။ ယခုအခါ လီဆူတို့သည် ယောက်ျားလေးနှင့် မိန်းကလေး ခိုးရာလိုက်ခြင်း၊ ခိုးယူပေါင်းသင်းခြင်းများ အလျဉ်းမရှိတော့ပေ။ သို့သော် ခိုးရာလိုက်သီချင်းမှာမူ ရှေးရိုးရာသီချင်းအဖြစ် တည်ရှိနေသေးသည်။

## ၆။ ညော့ကြိုသီချင်း

နှစ်သစ်ကူးတွင် တစ်ရွာနှင့်တစ်ရွာ ဖိတ်ကြားပြီး သီဆိုသောသီချင်းဖြစ်သည်။ ရွာဦးရွာထိပ်မုခ်ဦး၏ အတွင်းဘက်၌ နယ်ခံရွာသားများက တစ်ဖွဲ့၊ မုခ်ဦးအပြင်ဘက်၌ ဖိတ်ကြားခံရသူ အခြားရွာသားများကတစ်ဖွဲ့ မျက်နှာချင်းဆိုင်ပြီး အတိုင်အဖောက်ညီညီသီဆိုသော ရိုးရာတေးသီချင်းဖြစ်သည်။ ထိုသီချင်းမှာ မိတ်ဆွေအပေါင်းအသင်းများ တွေ့ဆုံကြ၍ ဝမ်းသာကြည်နူးဖြစ်ရကြောင်း ဖွဲ့နွဲ့သီဆိုထားသော သီချင်းဖြစ်သည်။ ထိုသီချင်းနှင့်အတူ ချဲငေါ် ချဲအကကိုပါ ကခုန်လေ့ရှိကြသည်။

## ၇။ နှုတ်ဆက်သီချင်း

တစ်ဦးနှင့်တစ်ဦး ခွဲရသည့်အထိမ်းအမှတ်ဖြင့် သီဆိုသောသီချင်းဖြစ်သည်။ ခွဲခွာရသည့်အခါ စိတ်မကောင်းကြောင်း၊ မိုးရွာသည့် မိုးရေများသည် မိုးရေများမဟုတ်၊ မျက်ရည်များသာဖြစ်ကြောင်း၊ အိမ်ပြန်ရောက်သော်လည်း တစ်ဦး၏ ဝိညာဉ်သည် တစ်ဦးထံမှာ ရှိနေမည်ဟူသော အဓိပ္ပာယ်ရှိသည့် သီချင်းဖြစ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com





ရိုးရာဘူးသီးခြောက်ပလွေမှုတ်လျက် ဗန်းမော်နယ်လီဆူ
အမျိုးသားနှင့် အမျိုးသမီးတို့၏ ကြည်နူးမှုအမှုအရာ

www.burmeseclassic.com

www.burmeseclassic.com




ဗန်းမော်နယ်၊ မိုးကုတ်နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း
လီဆူမောင်နှမများ၏ ဂီတဖျော်ဖြေပွဲတစ်ခု

www.burmeseclassic.com

www.burmeseclassic.com


## ၈။ "အပ်မျှင်ဒူရ ဒူဒူလယ်" သီချင်း

"အပ်မျှင်ဒူရ ဒူဒူလယ်" အမည်ရှိတေးသီချင်းမှာ အမျိုးသမီးများ အလွန်လှပချောမောကြောင်း၊ သွက်လက်ချက်ချာကြောင်း၊ တော်ကြောင်း၊ တတ်ကြောင်းကို ဖွဲ့နွဲ့ပြီး ပလွေဖြင့်သီဆိုတီးမှုတ်၍ သက်သေထူပြသည့် တေးသီချင်းဖြစ်သည်။ မည်သည့်ပျော်ပွဲရွှင်ပွဲများမှာမဆို လှုပ်လှုပ်ရှားရှား မြူးမြူးကြွကြွ သွက်လက်စွာသီဆိုရသော သီချင်းမျိုးဖြစ်သည်။

## ၉။ လက်ထပ်မင်္ဂလာသီချင်း

"ရိဖှာ ရိဖှာ ဟောလက်ခေါ်ခေါ် ဟောလက်ခေါ်" အမည်ရှိ တေးသီချင်းမှာ မင်္ဂလာတေးသီချင်းဖြစ်သည်။ လက်ထပ်မင်္ဂလာပွဲများတွင် သီဆိုလေ့ရှိပြီး အခြားပွဲလမ်းသဘင်များ၊ အခမ်းအနားများတွင် သီဆိုလေ့ မရှိပါ။ အမျိုးသားနှင့် အမျိုးသမီး တစ်နည်းအားဖြင့် သတို့သားနှင့် သတို့သမီး စည်းလုံးညီညွတ်ကြရန် ဆုတောင်းသည့် မေတ္တာဖွဲ့တေးသီချင်း ဖြစ်သည်။

## ၁၀။ မိဘမဲ့သီချင်း

ဤသီချင်းမှာ မိဘမဲ့ကလေးများ၏ ခါးသီးသော ဆင်းရဲဒုက္ခကို ဖွဲ့ဆိုထားခြင်း ဖြစ်သည်။ အလွန်ရှည်လျားသည့် သီချင်းဖြစ်သည်။

မိဘရှိချိန်မှာ သာယာပျော်ရွှင်သောဘဝ၊ ပြည့်စုံသောဘဝကို ဖော်ညွှန်း၍ မိဘဆုံးပါးချိန်မှာ ဆင်းရဲဒုက္ခနှင့် ကြုံရပုံကို ဖွဲ့ဆိုထားသည်။ အစ်ကိုဖြစ်သူနှင့်နေရပုံ၊ အစ်ကိုကလည်း အခြားသူစိမ်းအိမ်ကိုပေးလိုက်၍ အားဝတ်နေရေးခက်ခဲပုံ၊ ရိုက်နှက်ခံရပုံ၊ ဟိုအဝေးမှာ အရွယ်နှင့်မလိုက် အောင် သူစိမ်းများ၏ အခိုင်းခံရပုံ၊ ထမင်းစားသည့်အခါ မျက်ရည်ကို အဖော်ပြု၍ စားရပုံများ ပါဝင်သည်။ နောက်ဆုံးတွင် အစ်ကိုထံပြန်ပြေးရာ

www.burmeseclassic.com

www.burmeseclassic.com



လမ်း၌ အခက်အခဲများနှင့် ဆုံတွေ့ရပုံ၊ အစ်ကိုထံပြန်ရောက်သည့်အခါ အခန်း ၁၂ ခန်းပါရှိသော အိမ်ကြီးနှင့်နေရပုံ၊ သို့ဖြစ်၍ အောင်သေ အောင်သားစားရပုံများပါ ပါဝင်သော တေးသီချင်းဖြစ်သည်။

## ၁၁။ လုကျန်နာရီကိုပါဆဲ့သီချင်း

"လုကျန်နာရီကိုပါဆဲ့" ဟူသော တေးသီချင်းမှာ လီဆူတို့သည် မဲခေါင်မြစ်၊ သံလွင်မြစ်များမှ သစ်ဖောင်၊ ဝါးဖောင်များဖြင့် အစုလိုက်၊ အဖွဲ့လိုက် ညီညီညာညာ ဆင်းသက်လာခဲ့ရသည်ဟု အဓိပ္ပာယ်ရသော တေးသီချင်းဖြစ်သည်။

လုကျန်နာရီကိုပါဆဲ့၊
ချောချောမောင် တစ်လယ်ဒေါ့၊
လော်မြဲမော့ လီလယ်ဒေါ့၊
အဖဒုံးဆီ အဒွမ်ရီ။

အရေးအခါက လီဆူအမျိုးသား အမျိုးသမီးတို့သည် စည်းလုံး ညီညာခြင်း၊ ချစ်ခင်ခြင်းသဘောဖြင့် ဝါးဘူးခွက်ထဲတွင် ခေါင်ရည်များကို ထည့်ကာ ထိုခွက်ကိုနှစ်ယောက်အတူ ပါးချင်းကပ်၍ သောက်ရသည့် အဓိပ္ပာယ်ဖြင့် ဖွဲ့ဆိုထားသော တေးသီချင်းဖြစ်သည်။ ၎င်းတေးသီချင်းမှာ ပျော်ပွဲရွှင်ပွဲများ၊ မင်္ဂလာရှိသော အခမ်းအနားများတွင်သာ သီဆိုရ၍ အမင်္ဂလာပွဲများတွင် မသီဆိုရပေ။

## (ဂ) ရိုးရာအကများ

လီဆူလူမျိုးတို့၏ ရိုးရာအကများမှာ များပြားလှသည့် စာပေဖြင့် မှတ်တမ်းတင်ထားခြင်းမရှိသော်လည်း ဘိုးဘွားစဉ်ဆက် လက်ဆင့်ကမ်းခဲ့

www.burmeseclassic.com

www.burmeseclassic.com


ကြသည်။ သို့ဖြစ်၍ လီဆူရိုးရာအကများ တိမ်ကောပပျောက်မှု မရှိခဲ့ပေ။ သက်ကြီးရွယ်အိုများ၊ အနုပညာ စိတ်ပါဝင်စားသူများက သားစဉ်မြေးဆက် သင်ပေးခဲ့ကြခြင်းဖြစ်သည်။

အကများမှာ များသောအားဖြင့် စုပေါင်းအကများ၊ အဖွဲ့အစုလိုက်အကများပင် ဖြစ်သည်။ တစ်ပင်တိုင်အကဟူ၍ မတွေ့ရ။ လက်တွဲ၍ဖြစ်စေ၊ လက်မတွဲဘဲဖြစ်စေ စည်းချက်ကျကျ တေးသံသီကျူးကကြသည်မှာ ယိမ်းအကများသဖွယ် ကြည့်၍ကောင်းလှသည်။ အချို့အကများသည် မင်္ဂလာပွဲ၊ ပျော်ပွဲရွှင်ပွဲများတွင် ကလေ့ရှိကြပြီး အမင်္ဂလာပွဲများ၌ ကခွင့်မရှိကြောင်း သိရသည်။ လီဆူတို့၏ ရိုးရာအကများတွင် ထင်ရှားသောအကများမှာ အောက်ပါတို့ဖြစ်သည်-

၁။ ကွာချဲအက (ချဲငေါ်ချဲအက)

၂။ ယောရီဒါဒါအက

၃။ တူအက

၄။ ဓား၊ ပုဆိန်ထုတ်လုပ်သည့်အက

၅။ ငွာမီးကြဲကြဲနားမိမော့အက (ဓားခုတ်ဟန်အက)

၆။ အဒွမ်ရှီအက

၇။ ဖျားခယ်ကြူးမမီကြူးဟာဒူအက

၈။ ဓိးဂူဓိးလွဲဒန်နာနားအက

၉။ လူကူးလီတီ လူကူးရှီအက

၁၀။ ခုနစ်စင်ကြယ်အမွှမ်းတင်သည့်အက

www.burmeseclassic.com

www.burmeseclassic.com


ထို့အပြင် အသုံးနည်းသော အကများလည်းရှိသေးသည်။ ၎င်းတို့မှာ ကွာဖောလော်ဒအက၊ တော့ကွာကွာအက၊ ကွာခိခိအက၊ ကွာလေးလေးအကတို့ဖြစ်သည်။ ၎င်းအကများမှာ အသုံးနည်းပြီး အချို့နေရာများ၌ တိမ်ကောပျောက်ကွယ်လုနီးပါးရှိနေပြီဖြစ်သည်။

## ၁။ ကွာချဲအက (ချဲငေါ်ချဲအက)

၎င်းအကသည် အမျိုးသားချည်းဖြစ်စေ၊ အမျိုးသမီးချည်းဖြစ်စေ၊ အမျိုးသားနှင့် အမျိုးသမီးရောနှော၍ဖြစ်စေ စုပေါင်းကရသော အကမျိုးဖြစ်သည်။ များသောအားဖြင့် (၁၀) ယောက် အထက်ပါဝင်လေ့ရှိပြီး ကသူများမှာ စုံဂဏန်းဖြစ်လေသည်။ လက်တွဲ၍ကခြင်း၊ လက်မတွဲဘဲကခြင်းမျိုး ရှိသည်။ အတန်းလိုက်သော်လည်းကောင်း၊ ဝိုင်းဖွဲ့၍သော်လည်းကောင်း ကလေ့ရှိသည်။

လီဆူလူမျိုးများ ဆင်းသက်လာရာ မဲခေါင်မြစ်၊ သံလွင်မြစ်များမှ သစ်ဖောင်၊ ဝါးဖောင်များဖြင့် မြစ်ရိုးတစ်လျှောက် စုန်မျောလာပုံကို ဖွဲ့နွဲ့ထားသည့် တေးသီချင်းအကဖြင့် ကကြသည်။ မုဆိုးတောကောင်လိုက်သည့် တေးသီချင်းဖြင့် သီဆိုကကြသည်။ အကမှာ ကြိုးကြာငှက်များ ညီညီညာညာပျံသန်းသည့်ပုံကို နမူနာယူ၍ တောသဘာဝအလှကို ဖော်ဆောင်သည့် ကကွက်များဖြင့် ကကြခြင်းဖြစ်သည်။

ချဲငေါ်ချဲအကမှာ လူစုလူဝေးဖြင့် ပျော်ပွဲရွှင်ပွဲ၊ မင်္ဂလာပွဲများ၊ အခမ်းအနားများတွင် ကကြသည့်အကဖြစ်သည်။ ပလွေသံမြိုင်မြိုင်ဖြင့် သီချင်းသံ သံပြိုင်သီဆိုရင်း ခြေချသံညီညီနှင့် ချက်ကျကျ အကွက်ကျကျ ကရသော အကမျိုးဖြစ်သည်။ မျက်နှာချင်းဆိုင်တစ်မျိုး၊ ကျောခိုင်းလျက် တစ်ဖုံ၊ ရှေ့နောက်ဝဲယာ တန်းလျက်တစ်နည်း ကရသောအကမျိုးဖြစ်သည်။ လီဆူတို့၏ ရိုးရာအကများအနက် ထင်ရှားကြီးကျယ်သော အကမျိုးဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com


## ၂။ ယောရီဒါဒါအက

ဝိုင်းကြီးပတ်ပတ်လှည့်၍ ကရသည့်မီးပုံပွဲအကမျိုးဖြစ်သည်။ ရှေးရိုးရာတေးသီချင်းကိုသီဆို၍ စိတ်ဓာတ်တက်ကြွဖွယ်၊ ပျော်ရွှင်ဖွယ်ကောင်းအောင်ကသည့် အကမျိုးဖြစ်သည်။ အကတွင်ပါဝင်သည့် အမျိုးသားနှင့်အမျိုးသမီးများ လက်တွဲကြပြီး သူ့ထက်ငါတက်ညီလက်ညီ ချီတက်ကြမည့်သဘောကို ဆောင်ပေသည်။ တိုက်ကြ၊ ခိုက်ကြ၊ လုပ်ငန်းဆောင်ရွက်လုပ်ဆောင်ကြမည့် အဓိပ္ပာယ်ဖြစ်သည်။ နေရာဒေသအလိုက် သီချင်းများရေးဖွဲ့ပြီး သီဆိုကခုန်ကြခြင်းမျိုးလည်းရှိသည်။

## ၃။ တူအက

လီဆူလူမျိုးများသည် ရှေးအခါက အမဲလိုက်ခြင်းလုပ်ငန်းကို မိရိုးဖလာလုပ်ငန်းအဖြစ် လုပ်ဆောင်လေ့ရှိကြသည်။ ထိုသို့အမဲလိုက်ရာတွင် အသုံးပြုသည့် လေးနှင့်မြားအသုံးပြုနည်းကို အခြေခံသော ကကွက်ဖြစ်သည်။ မြားအဆိပ်၏ အာနိသင်ထက်မြက်မှုကြောင့် လက်နှင့်မကိုင်မိ၊ မထိမိစေရန် ဝါးကိုပြုလုပ်သည့်မြားထိပ်တွင် သုတ်လိမ်းထားသောမြားဆိပ်မှာ အန္တရာယ်ရှိသည်ဖြစ်၍ လက်နှင့်မြားတံကို ကိုင်တွယ်ပုံ ကိုင်တွယ်နည်းကို ဖော်ဆောင်သည်။ ဝါးမရှိသည့်နေရာတွင် ကြူပင်၊ ကိုင်းပင်များဖြင့် ဘူပုံသဏ္ဌာန်ပြုလုပ်၍ ကိုင်တွယ်ပြီးကရသည်။ လက်ကို ဘယ်လှည့်ညာလှည့် ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက်လှည့်၍ ကရသည့် အကမျိုးပင်ဖြစ်သည်။

## ၄။ ဓား၊ ပုဆိန်ထုတ်လုပ်သည့်အက

လီဆူလူမျိုးတို့၏ ဘိုးဘွားအစဉ်အဆက်ကပင် လယ်ယာဥယျာဉ်လုပ်ကိုင်ရာ၌ မရှိမဖြစ်သောဓားနှင့် သစ်ခုတ်ရာ၌ အသုံးပြုသည့်ပုဆိန်များ

www.burmeseclassic.com

www.burmeseclassic.com



မှာ မပါမပြီးသော လူ့အသုံးအဆောင်ပစ္စည်းများဖြစ်သည်။ ၄င်းဓား၊ ပုဆိန်များ ထုတ်လုပ်သည့်အကကို "အားထာဒီကိုးဖ၊ အားချော့ဒီကိုးဖ" အကဟုလည်းခေါ်သည်။ ၄င်းအကမှာ အများစုပေါင်းပြီး အတန်းလိုက် ကရသော အကမျိုးဖြစ်သည်။ လက်မတွဲဘဲ ကရသည့်အကဖြစ်သည်။ ဓားခုတ်သည့်ဟန်၊ ပုဆိန်ပေါက်သည့်ဟန်များပါဝင်သည့် အကမျိုးဖြစ် သည်။

## ၃။ ဂွါမီးကြဲကြဲနားမိမော့အက (ဓားခုတ်ဟန်အက)


တောင်ယာစပါးကို စိုက်ပျိုးရာတွင် မုယောစပါးများကို နုတ်သိမ်း ရင်း တောင်ပေါ်တွင် ပေါက်ရောက်သည့် အသီးတစ်မျိုးကို ဓားဖြင့်ခုတ်ရှင်း ဟန် ကသည့်အကဖြစ်သည်။ အဖွဲ့လိုက်လက်မတွဲဘဲ ကရသည်။ ကိုယ် ကို ဘယ်ညာယိမ်း၍ ခေါင်းကို ဘယ်ညာစောင်း၍ လက်ဖြင့်ဓားခုတ်ဟန် ချက်ကျကျ ကရသည့်အကဖြစ်သည်။

## ၆။ အဒွမ်ရှီအက

လီဆူအမျိုးသားနှင့် အမျိုးသမီးတို့၏ မြတ်နိုးဂုဏ်ယူဖွယ်ကောင်း သည့် အကဖြစ်သည်။ အလွန်လူကြိုက်များ ထင်ရှားသောအကလည်းဖြစ် သည်။ လူပျိုနှင့် အပျိုတို့ကခုန်ကြရင်း အရက် သို့မဟုတ် ခေါင်ရည်ကို ဝါးခွက်တစ်ခုတွင်ထည့်၍ ပါးချင်းကပ်ကာ အတူသောက်ကြသည့် ရိုးရာ ဓလေ့မှာ မြတ်နိုးဖွယ်ဓလေ့တစ်ခုဖြစ်သည်။ ဤသို့ အရက် သို့မဟုတ် ခေါင်ရည်ကို နှစ်ယောက်အတူ ပါးချင်းကပ်သောက်ရင်း ကသည့်အကကို အဒွမ်ရှီအကဟုခေါ်ခြင်းဖြစ်သည်။ အချို့က "ချစ်သောက်ပွဲ" ဟုပင် တင်စားခေါ်ဝေါ်ကြသည်။ "ရှားပေတာ" ဟုလည်း ခေါ်ကြသေးသည်။ အဓိပ္ပာယ်မှာ မရှိအတူရှိအတူ ဟူ၍ဖြစ်သည်။ အမျိုးသားနှင့်အမျိုးသမီးတို့

www.burmeseclassic.com

www.burmeseclassic.com

ဝိုင်းကြီးပတ်လည်ကသည့် ချဲငေါ်ချဲ ခေါ် ကွာချဲအက

www.burmeseclassic.com

www.burmeseclassic.com




ခေါင်ရည်ကို ကျွားမအတူတွဲသောက်ရင်းကသည့်
ကြည်နူးဖွယ် အဒွမ်ရီအက

www.burmeseclassic.com

www.burmeseclassic.com


အချစ်အကြောင်းကို ဖွဲ့နွဲ့သီဆိုကြခြင်း၊ အပြန်အလှန် သီချင်းဖွဲ့ဆိုရင်း ကသည့် ငြိမ့်ငြိမ့်ညောင်းညောင်းဖြင့် ကြည့်မဝ ရှုမဆုံးသော အကမျိုးပင် ဖြစ်သည်။

## ၇။ ဖျားခယ်ကြူး မမီကြူးဟာဒူ အက

ဝက်စာများကိုထည့်ရာ၌ ခပ်ယူအသုံးပြုသော လက်ကိုင်ပါသည့် သစ်သားခွက်ကို "ဖျားခယ်" ဟုခေါ်သည်။ ထို့အတူ သစ်သားဖြင့် ပြုလုပ်ထားသည့် "မမီ" ခေါ် ဝက်စာခွက်လည်းရှိသည်။ လီဆူလူမျိုး များသည် ဝက်မွေးမြူခြင်းကို အဓိကစီးပွားရေးတစ်ခုအဖြစ် လုပ်ကိုင်ကြရာ ဝက်စာထည့်ခြင်း၊ ဝက်စာခပ်ယူခြင်းများအတွက် ဟန်ပါပါကရသည့် အကမျိုးဖြစ်သည်။ သို့သော် ယင်းအကမှာ မရှိသလောက်ရှားပါးနေပြီ ဖြစ်သည်။

## ၈။ ဗီးဂူဗီးလွဲဒန်နာနား အက

တောင်ယာလျှော်ပင်များကို ဓားဖြင့်ခုတ်ယူခြင်း၊ ခွာခြင်း၊ နေလှန်း ခြင်း၊ လျှော်ကျစ်ခြင်း စသည့်အဓိပ္ပာယ်ပေါ်လွင်အောင် ခြေကိုရှေ့တိုး နောက်ဆုတ် အဖွဲ့လိုက်ခုန်ပျံကရသော အကဖြစ်သည်။ ကျားနှင့်မ သီးခြား တစ်ဖွဲ့စီနေပြီး ကရသည့်အကဖြစ်သည်။

## ၉။ လူကူးလီတီ လူကူးရှီအက

တောင်ယာစပါးစိုက်ပျိုးခြင်း၊ လူး၊ ဆတ်၊ နှံစားပြောင်း စသည့် ကောက်ပဲသီးနှံများ စိုက်ပျိုးခြင်းကိုလည်းကောင်း၊ ထွက်ရှိသည့် စိုက်ပျိုး သီးနှံများ ထုတ်လုပ်ဖြန့်ဖြူးခြင်းကို ပေါ်လွင်စေရန်လည်းကောင်း၊ ဖော် ဆောင်သည့်အကဖြစ်သည်။ ကျားမအတွဲလိုက် မျက်နှာချင်းဆိုင် အကမျိုး ဖြစ်သည်။ ဘင်ဂျိုတူရိယာကို တီးမှုတ်ကကြသည်။

www.burmeseclassic.com

www.burmeseclassic.com


## ၁၀။ ခုနစ်စဉ်ကြယ်အမွှမ်းတင်သည့်အက

ရှေးအခါက လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၊ ဥယျာဉ်ခြံစိုက်ပျိုးရေးလုပ်ငန်း၊ တောင်ယာလုပ်ငန်း၊ ကူးသန်းသွားလာရေးလုပ်ငန်း စသည့်လုပ်ငန်းကိစ္စများ ဆောင်ရွက်ရန်အတွက် ရည်ရွယ်ထားသည့်အကဖြစ်သည်။ ဝေးလံခေါင်းပါးသော တောတောင်ဒေသများတွင် နေထိုင်ကြသည်ဖြစ်၍ နာရီဟူ၍ မရှိခဲ့ကြချေ။ သို့ဖြစ်၍ နံနက်စောစောလုပ်ငန်းစခြင်း၊ အလုပ်လုပ်ခြင်း၊ လုပ်ငန်းခွင်ဝင်ခြင်းများအတွက် ခုနစ်စင်ကြယ်ကိုကြည့်ပြီးမှ လုပ်ငန်းလုပ်ဆောင်ကြသည်။ သို့ဖြစ်၍ ခုနစ်စင်ကြယ်အမွှမ်းတင်သည့်အကဟုခေါ်ခြင်းဖြစ်သည်။

၎င်းအကသည် လက်ကိုဝဲယာမြှောက်ခြင်း၊ အပေါ်အောက်မြှောက်ခြင်း၊ ကိုယ်ကိုဘယ်ညာယိမ်းနွဲ့ခြင်း၊ ဦးခေါင်းကိုမော့ခြင်း၊ ငုံ့ခြင်းစသည်ဖြင့် စုပေါင်းညီညာဝိုင်းဖွဲ့ကကြသော အကမျိုးဖြစ်သည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

## ရိုးရာအယူအဆများ

### (က) စကြဝဠာယူဆချက်

သက်တန့်သည် နတ်မိစ္ဆာတစ်များဖြစ်၍ ၄င်းအားလက်ညှိုးဖြင့် ခထိုးရ၊ ထိုးမိလျှင် လက်ညှိုးမုပ်တတ်သည်ဟု ယူဆသည်။ ကြယ်တစ်လုံးကို လူတစ်ယောက်ဟု အယူရှိသည်။ ညဘက်လသာခြင်းကို သက ရေလာသောက်သည်ဟု အယူရှိသည်။

လျှပ်စီးလှုပ်ခြင်းမှာ ငါးကြီးများ၏အမြီးက ကမ္ဘာကိုခတ်မိရာမှ မြေတုန်လှုပ်ခြင်းဖြစ်သည်ဟု ဆိုကြသည်။ မိုးကြိုးပစ်ခြင်းသည် လူဆိုး သူမိုက်များကိုသာ ပစ်ခြင်းဖြစ်သည်။ တိရစ္ဆာန်နှင့် သစ်ပင်များကို မိုးကြိုး ပစ်ခြင်းသည် လူကိုဆုံးမလို၍ ပစ်ခြင်းဖြစ်သည်ဟု ယူဆသည်။ မြစ်၊ ချောင်း၊ အင်း၊ အိုင်၊ တောတောင်များ မြည်ဟည်းခြင်းသည် တော်လဲခြင်း ဖြစ်၍ ထိုသို့ဖြစ်လာလျှင် တိုင်းနိုင်ငံတစ်ခုခုပျက်စီးမည်ဟု ယူဆသည်။ ဥပါဒ်ပျံခြင်းသည် ကြယ်ကြွေခြင်းဖြစ်၍ ကြယ်ချေးပါသည်ဟု ဆိုပါ သည်။ ထိုသို့ ကြယ်ကြွေခြင်းဖြစ်လျှင် လူတစ်ယောက်ယောက် သေတတ် သည်ဟု အယူရှိသည်။ နဂါးငွေ့တန်းသည် ကြယ်အမြီးတန်းခြင်းဖြစ်၍ တိုင်းနိုင်ငံတစ်ခုခု အပြောင်းအလဲ ဖြစ်နိုင်သည်ဟု အယူရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


## (ခ) စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေယူဆချက်

စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေတို့ကို လူကိုပူးကပ်တတ်သည်။ သူတို့ကို ပြစ်မှားလျှင် ပို၍ပူးကပ်တတ်သည်။ ဖျားနာသူကိုလည်း ပူးကပ်လေ့ရှိသည်။ ထို့ပြင် စုန်း ၊ နတ်၊ ကဝေ၊ တစ္ဆေများ ပူးကပ်လျှင်၊ ပြုစားလျှင် ဖျားနာခြင်း၊ ဝမ်းဗိုက်နာခြင်း၊ မျက်စိကွယ်ခြင်း၊ ခြေလက်သေခြင်း၊ ကိုယ်အင်္ဂါချို့တဲ့ခြင်းနှင့် သေဆုံးသည်အထိ လူကိုဒုက္ခပေးနိုင်သည်ဟု ယူဆသည်။

နတ်ဆိုးများက လူကိုပို၍ ဒုက္ခပေးတတ်သည်။ လူ၏ဝိညာဉ်ကို ဖမ်းစားလျှင် လူသေတတ်သည်ဟု ယူဆကြသည်။ ထိုသို့ နတ်ဆိုးများကြောင့် လူတို့ကိုဒုက္ခပေးတတ်လျှင် နတ်ကိုတောင်းပန်ရသည်။ ပယောဂဝေဒနာခံစားနေရသူကို ပျောက်ကင်းရန် နတ်ဆရာကြီးများကသာ ဆောင်ရွက်ပေးနိုင်သည်ဟု ယုံကြည်ယူဆကြသည်။ ထိုသို့ ဝေဒနာများခံစားနေလျှင် နတ်အကြိုက်လိုက်၍ ဆောင်ရွက်ပေးရသည်။ ကြက်ကောင်ရေများများပေး၍ တောင်းပန်ရသည်။ နတ်ဆိုးများသည် လူ၏ခန္ဓာကိုယ်ထဲတွင် ကျောက်ခဲများ၊ သစ်တုံးများ၊ အမှိုက်များ ထည့်သွင်း၍ ဒုက္ခပေးတတ်သည်ဟု ယူဆကြသည်။

စုန်း၊ ကဝေသည် လူထဲတွင်ပူးကပ်နေပြီး စုန်း၊ ကဝေရှိသောသူကို အများကကြောက်ရွံ့ကြသည်။ များသောအားဖြင့် စုန်း၊ ကဝေသည် အမျိုးသမီးများတွင်ရှိပြီး မျိုးရိုးလိုက်၍ ပါလာတတ်သောကြောင့် စုန်း၊ ကဝေရှိသော မျိုးနွယ်စုကို မိန်းမပေးစားခြင်း၊ မိန်းမယူခြင်းများမှ ရှောင်ကြဉ်ကြသည်။ ရှေးအခါက လီဆူလူမျိုးများထဲတွင် မှော်ဆရာများ၊ မှော်ပညာများပင် ရှိခဲ့သည်ဟု ယူဆသည်။

www.burmeseclassic.com

www.burmeseclassic.com



## (ဂ) တိရစ္ဆာန်များနှင့် သက်ဆိုင်သောယူဆချက်

ညအခါ ငှက်များထူးထူးခြားခြား အော်မြည်လျှင် မကောင်းသော နိမိတ်လက္ခဏာဟု ယူဆကြသည်။

ရပ်ရွာအတွင်းသို့ တိရစ္ဆာန်များဝင်လာလျှင် အိမ်မီးလောင်တတ်သည်။ တိုက်ပွဲဖြစ်တတ်သည်ဟု ယူဆသည်။ ကြက်မများတွန်ခြင်းသည် မကောင်းသော အတိတ်ဆိုး၊ နိမိတ်ဆိုးဟု ယူဆကြသည်။

ကျီးများထူးခြားစွာအော်မြည်လျှင် လူသေသတင်းများကြားရသည်ဟု ယူဆကြသည်။

ရွာနားတွင် တောကြောင်အော်သံကြားလျှင် လူသေတတ်သည်ဟု ယူဆသည်။

ခွေးအူလျှင် ခွေးပိုင်ရှင်သေတတ်သည်။ ခွေး အိမ်ခေါင်မိုးပေါ်နှင့် ကျပ်ခိုးစင်ပေါ်တက်ပါက လူသေလိမ့်မည်ဟု ယူဆသည်။

နဂါးကိုအိပ်မက်လျှင် သူဌေးဖြစ်မည်။ နဂါးကိုတွေ့လျှင် သေတတ်သည်ဟု ယူဆသည်။

ရပ်ရွာအတွင်း ချေဖြတ်ပြေးလျှင် ရွာမီးလောင်တတ်သည်ဟု ယူဆသည်။

တောတောင်ခရီးသွားစဉ်၊ ညအိပ်စဉ် ကျားဟိန်းသံကြားလျှင် ဆွေမျိုးဖော်ထဲမှ တစ်စုံတစ်ဦးသေတတ်သည်ဟု အယူရှိသည်။

ငှက်ကိုစွန်ချီနေသည်ကိုလည်းကောင်း၊ ဖားကိုမြွေမျိုနေသည်ကိုလည်းကောင်း မြင်တွေ့လျှင် မကောင်းသောနိမိတ်ဟု ယူဆကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အိမ်ထဲမြွေဝင်လာလျှင် မကောင်းသောလက္ခဏာဖြစ်သည်။ ခရီးသွားနေစဉ် လမ်း၏လက်ဝဲဘက်မှ လက်ျာဘက်သို့ မြွေဖြတ် ကူးလျှင် အန္တရာယ်ရှိသည်ဟု ယူဆကြသည်။

## (ဃ) သေခြင်းတရားအယူအဆ

လီဆူတို့သည် လူတစ်ဦးသေဆုံးပါက "မားမီးမူ" ခေါ် ဝိညာဉ်ဘုံသို့ ရောက်ရှိသည်။ လူ့ပြည်နှင့် ဝိညာဉ်ဘုံကြားတွင် ပိုင်းခြားကာဆီးနေသော "မားတီးတွေ" ခေါ် တုံးကြီးတစ်တုံးရှိသည်။ ထိုတုံးကြီးကို ကျော်ဖြတ်သွားပါက လူသေတတ်သည်ဟု ယူဆကြသည်။

အသက်အရွယ်ကြီးရင့်သောလူများက သေခါနီးတွင် အဝတ်အစားစောင်နှင့် ပိတ်စများကို မသေမီကပင် ကြိုတင်ရှာဖွေထားကြသည်။ ထိုသို့ ရှာဖွေထားသည့် အဝတ်အစား၊ စောင်နှင့် ပိတ်စများကို သေဆုံးသောအခါ ခေါင်းတွင်ထည့်၍ ပေးကြသည်။ သိုးမွေးထည်နှင့် ရွှေစသည်တို့ကိုမူ မထည့်ကောင်းဟု ယူဆကြသည်။ ထည့်မိပါက သေသူ၏ဝိညာဉ်သည် နတ်ဆိုးဖြစ်ပြီး မိသားစုကို ဒုက္ခပေးတတ်သည်ဟု ယုံကြည်ကြသည်။

လူသေအလောင်းကို အိမ်တွင်ထားသည့်အခါ၌ သေသူ၏ဝိညာဉ်ကို ဦးချစွာ ထမင်းခေါ်ကျွေးရသည်ဟု ဆို၏။ အလောင်းထားချိန်တွင် ဆွေမျိုးသားချင်းများသည် သေသူကိုလွမ်းဆွတ်၍ တမ်းတငိုကြွေးကြသည်၊ သေဆုံးသူအသက်ရှင်စဉ်က လုပ်ကိုင်ဆောင်ရွက်ခဲ့သမျှကို သတိရအောင် ငိုကြွေးရွတ်ဆိုခြင်း ပြုကြသည်။

အလောင်းကို သင်္ချိုင်းသို့မပို့မီ ၃ နာရီ ကြိုတင်၍ နတ်ဆရာကြီးက သေသူ၏ဝိညာဉ်ကို လမ်းပြပို့ဆောင်ပေးသည်ဟု ဆို၏။ သေသူ၏

www.burmeseclassic.com

www.burmeseclassic.com


ခြေရင်းတွင် နတ်ဆရာကြီးသည် မတ်တပ်ရပ်၍ သေသူ၏ဝိညာဉ်ကို အိမ်မှဝိညာဉ်ဘုံထိ လမ်းပြပို့ဆောင်သည့်စကားကို ဆိုရသည်။ ဝိညာဉ်ဘုံ ရောက်ခါနီး တုံးကြီးဖြစ်သည့် "မားတီးတွေ" ခေါ် နေရာသို့ရောက်လျှင် နတ်ဆရာ၏တောင်ဝှေးကျိုးသည်ဟုဆိုကာ ပြန်လာခဲ့ရကြောင်းနှင့် သေသူ ဝိညာဉ်ကိုမူ ဝိညာဉ်ဘုံသို့ အပြီးအပိုင် ပို့ဆောင်ပြီးကြောင်း ရွတ်ဆိုရသည်။

ထို့နောက် ထရံကိုအပေါက်များဖောက်၍ အလောင်းကိုထုတ်ယူသွားသည်။ အိမ်ရှေ့ပေါက်မှ အလောင်းကို ထုတ်ယူခြင်းမပြုရပေ။ သေသူကို သေလုနီးပါးဖြစ်နေစဉ်က မြေမြှုပ်ရန်နေရာကို ကြိုတင်ရွေးချယ်ထားရသည်။

မသာပို့ဆောင်သူတိုင်းသည် မြေကြီးလက်တစ်ဆုပ်စီကို အလောင်းမြှုပ်ရာတွင်ပါဝင်၍ ကျင်းထဲသို့ထည့်ကြရသည်။ အလောင်းကို မြှုပ်ပြီးသည်နှင့် နေရာ၌ တိုင်စိုက်၍ထားသည်။ ထိုတိုင်တွင် အရှည်သုံးတောင်ခန့်ရှိသောပျဉ်ပြားကို•အလယ်တွင်အပေါက်ဖောက်၍ စွပ်ထားလေ့ရှိသည်။

သေသူကိုပူဇော်ထားသော အစားအစာ၊ သေသူ၏အသုံးအဆောင်များနှင့် ဒူးလေးစသည်တို့ကို ချိတ်ဆွဲထားရသည်။

သေဆုံးသူ၏အလောင်းကို သင်္ချိုင်းသို့ပို့ပြီး ပြန်လာသူများသည် လက်ခြေမဆေးဘဲ အိမ်ထဲသို့မဝင်ရပေ။ လက်ခြေဆေးပြီးမှသာ အိမ်ထဲသို့ ပြန်ဝင်ကြရသည်။ လူသေကိုမြှုပ်နှံပြီး နောက်တစ်နေ့တွင် သင်္ချိုင်းသို့ ဒူးလေးပစ်ပြီး သွားရောက်ကြည့်ရှုရသည်။ အသားများကို ခွေးနှင့် အခြားတိရစ္ဆာန်များ စားသောက်ခြင်းရှိမရှိ ကြည့်ရှုရသည်။ မစားပါက သေသူ၏ ကျန်ရစ်သူမိသားစုများထဲမှ ထပ်မံ၍သေလိမ့်မည်ဟု အယူအဆရှိသည်။

အသက်ကြီးသူသေဆုံးပြီး နှစ်စဉ် ကောက်ပဲသီးနှံအသစ်ထွက်ရှိသောအခါ သေဆုံးသူကို ကျန်ရစ်သူမိသားစုက ပူဇော်ကြရသည်။

www.burmeseclassic.com

www.burmeseclassic.com


အနည်းဆုံး ၇ နှစ်မှ ၉ နှစ်ထိ ပူဇော်ပြီးသည့်အခါ သေဆုံးသူ၏ဝိညာဉ်ကို နောက်ပူဇော်စရာမလိုအောင် စကြာဝဠာအပြင်ဘက်သို့ရောက်ရှိအောင် နှတ်ဆရာကရွတ်ဖတ်၍ ပို့ဆောင်ပေးရသည်။ ထိုအခါကျမှသာ သေသူနှင့် ကျန်ရစ်သူမိသားစုများ အဆက်အသွယ်ပြတ်သွားသည်ဟု ယူဆကြသည်။

သေသူသည် ကြွယ်ဝချမ်းသာသူဖြစ်ပါက သေဆုံးပြီး ၃ နှစ်ကြာလျှင် သချိုင်းဂူဆောက်လုပ်ပြီး အမွေခွဲဝေကြသည်။ သေသူနှင့်ပတ်သက်သော အကြွေးစာရင်းကို ရှင်းလင်းခြင်းဖြစ်လေသည်။ ထိုအခါမှသာ သေသူသည် ကျွတ်ကျွတ်လွတ်လွတ်ဖြစ်၍ ဝိညာဉ်ဘုံသို့ လွတ်လပ်စွာ လွယ်လင့်တကူ သွားရောက်နိုင်သည်ဟု ယူဆကြသည်။

## (c) အခြားအယူအဆများ

မိုးကြိုးပစ်ရာမှ ရရှိသောကျောက်ခဲကို ဆောင်ထားလျှင် မီးအန္တရာယ်ကင်းလွတ်နိုင်သည်ဟု ယူဆကြသည်။ ခြေလက်ကောက်များ ဝတ်ဆင်ထားပါက စုန်း၊ နတ်၊ ကဝေ၊ တစ္ဆေတို့ နှောင့်ယှက်ခြင်းမှ ကင်းလွတ်သည်ဟု ယူဆကြသည်။ မိန်းမများ မီးဝင်နေစဉ်ကာလတွင် ဟင်းသီးဟင်းရွက်များ မစားကောင်း၊ ကြက်ခေါင်း၊ ကြက်တောင်ပံ၊ ကြက်ခြေထောက်များ မစားကောင်းဟု ယူဆကြသည်။ လူသေလျှင် နောင်ဘဝရှိသည်ဟု ယုံကြည်ယူဆကြသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ရှောင်ကြဉ်ခြင်းနှင့် တားမြစ်ချက်များ

## ရှောင်ကြဉ်ခြင်း

၁။ နေ့ကြတ်၊ လကြတ်သော နှစ်များအတွင်း ထိမ်းမြားမင်္ဂလာပြုခြင်း၊ အိမ်သစ်ဆောက်ခြင်း၊ ခရီးဝေးထွက်ခြင်းတို့ကို ရှောင်ကြဉ်ကြသည်။

၂။ ထိမ်းမြားမင်္ဂလာပြုခြင်း၊ အိမ်သစ်ဆောက်ခြင်း၊ ခရီးဝေးထွက်၍ စီးပွားရှာခြင်းတို့ကို လဆုတ်ရက်တွင် ဆုတ်ယုတ်သည်ဟု ယုံကြည်ကာ ရှောင်ကြဉ်လေ့ရှိကြသည်။

၃။ နေအိမ်ဆောက်ရန် သစ်ဝါးခုတ်ရာတွင် လဆန်းရက်ကို သစ်ဝါး ခုတ်ခြင်းမှ ရှောင်ကြဉ်ကြသည်။

၄။ အိမ်တံခါးကို နောက်ဖက်မှဖွင့်ခြင်းကို ရှောင်ကြဉ်ကြသည်။

၅။ အိမ်တိုင်စိုက်ထူလျှင် သစ်အဖျားကို မြေတွင်ပြောင်းပြန်မစိုက်မိစေ ရန် အထူးဂရုပြု ရှောင်ကြဉ်ကြသည်။

၆။ အိမ်ဆောက်လျှင် တစ်အိမ်နှင့်တစ်အိမ် ခေါင်တန်းတစ်တန်းတည်း တစ်ညီတည်းထားခြင်းမှ ရှောင်ကြဉ်ကြသည်။

၇။ ရှေးအခါက လီဆူတို့အချင်းချင်း တိုက်ပွဲဖြစ်လျှင် ကလေးများ၊ အမျိုးသမီးများကို မပစ်ခတ်မိရန် ရှောင်ကြဉ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


၈။ စုန်း၊ ကဝေရှိသည့် စုန်း၊ ကဝေပူးကပ်နေသည်ဟု ယူဆရသော အမျိုးသမီးများကို အိမ်ထောင်မပြုဘဲ ရှောင်ကြဉ်ကြသည်။

၉။ ဇနီးဖြစ်သူ ကိုယ်ဝန်ဆောင်စဉ်တွင် ခင်ပွန်းဖြစ်သူသည် အမဲလိုက်ခြင်းကို ရှောင်ကြဉ်ကြသည်။

၁၀။ အမျိုးသမီးများ မီးဝင်ချိန်တွင် သံ၊ ကြေးတို့ဖြင့် ပြုလုပ်သောပစ္စည်းများကို အသုံးပြုခြင်းမှ ရှောင်ကြဉ်ကြသည်။

၁၁။ နာရေးကိစ္စများတွင် ဝမ်းနည်းကြေကွဲမှုသဘောဖြင့် အဝတ်အထည်အသစ်များ ဝတ်ဆင်ခြင်းမှ ရှောင်ကြဉ်ကြသည်။

၁၂။ အသုဘမြှုပ်နှံရာတွင် မြေကျင်းထဲသို့ တုတ်၊ သံချောင်း၊ သစ်ရွက်များကို ပစ်ထည့်မိက ကျန်ရစ်သူမိသားစုများ ခိုက်တတ်သဖြင့် ထိုသို့ ပစ်ထည့်ခြင်းမှ ရှောင်ကြဉ်ကြသည်။

၁၃။ တနင်္လာနေ့တွင် တောင်ယာမီးရှို့ခြင်းကို ရှောင်ကြဉ်ကြသည်။

၁၄။ ကောက်ပဲသီးနှံများကို လဆန်းရက်တွင် စိုက်ပျိုးခြင်းမပြုမိရန် ရှောင်ကြဉ်ကြသည်

၁၅။ ကိုယ်ဝန်ရှိသော ဝက်၊ ကျွဲ၊ နွားများကို သတ်ဖြတ်ခြင်းမှ ရှောင်ကြဉ်ကြသည်။

၁၆။ အမဲလိုက်ရာတွင် အမဲကောင်ကြီးများပစ်ရန် သွားခြင်းဖြစ်၍ အကောင်ငယ်များကို ပစ်ခတ်ခြင်းမှ ရှောင်ကြဉ်ကြသည်။

## တားမြစ်ချက်များ

၁။ ကိုယ်ဝန်ရှိသော အမျိုးသမီးများ သစ်သီးခူးခြင်းမပြုရ။ အိုးကွဲ၊ ပန်းကန်ကွဲများ မကိုင်တွယ်ရ၊ မဟုတ်မမှန်သော စကားမပြောဆိုရ။

www.burmeseclassic.com

www.burmeseclassic.com



၂။ နတ်စင်၊ နတ်ကွန်းနှင့် သင်္ချိုင်းကုန်းမှ ပစ္စည်းများကို အိမ်သို့ မသယ်ယူရ၊ သုံးစွဲခြင်းမပြုရ။

၃။ နတ်ပူဇော်သော ထမင်းဟင်းလျာများ အစားအစာများကို အမျိုးသမီးများ မစားရ။

၄။ အမျိုးသမီးများ မြင်နိုင်၊ ရောက်နိုင်သောနေရာတွင် အဆိပ်မြားများ မပြုလုပ်ရ။

၅။ အမျိုးသားများ၊ ဓား၊ လွယ်အိတ် စသည်တို့ကို အမျိုးသမီးများ ကျော်လွှားခြင်း မပြုလုပ်ရ။

၆။ ငါးရှာထွက်ခါနီးတွင် ငါးမျှားတံကို ခုန်ကျော်ခြင်းမပြုရ။

၇။ ငါးရှာထွက်ရန် အဆိပ်သစ်သီး၊ သစ်ရွက်၊ သစ်မြစ်၊ သစ်ခေါက်များကို ထောင်းထုနေစဉ် ငါးဖမ်းခြင်းမပြုရ။

၈။ ငါးထည့်သောခြင်းများ၊ ပလိုင်းများကို အမျိုးသမီးများ ကျော်လွှားခြင်း မပြုရ။

၉။ အမဲလိုက်သွားခါနီးတွင် ဒူးလေး၊ မြား၊ မြားဘူးနှင့် အိတ်တို့ကို အမျိုးသမီးများ ကိုင်တွယ်ခြင်းမပြုရ။

၁၀။ အမဲလိုက်သွားရာတွင် အသားစိမ်း၊ အသားခြောက်များ ယူဆောင်သွားခြင်းမပြုရ။

၁၁။ အမဲလိုက်သွားရာတွင် အပေါင်းအဖော်များအားလုံး ညစ်ညမ်းသော စကားများ မပြောဆိုရ။

လီဆူတို့သည် ဖော်ပြပါရှောင်ကြဉ်ရမည့် အကြောင်းအချက်များနှင့် တားမြစ်ချက်များကို ရှေးဘိုးဘွားအစဉ်အဆက်ကပင် လက်ခံလိုက်နာသာခဲ့ရာ ယနေ့တိုင်ပင်ဖြစ်သည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အမွေခွဲဝေပုံ

အမွေခွဲဝေရာတွင် သမီးများကို အမွေခွဲဝေပေးရိုး ထုံးစံမရှိပါ။ သားများထဲမှ အငယ်ဆုံးသားကိုသာ အမွေခွဲဝေပေးလေ့ရှိသည်။ သားကြီး၊ သမီးကြီးများထဲမှ အိမ်ထောင်ပြုပြီး အိမ်ခွဲထွက်သောအခါ ရသင့်သော အခွင့်အရေးခံစားမှုများကို ပေးလိုက်ပြီဖြစ်၍ နောက်ထပ်မရရှိတော့ပါ။

သားအငယ်သည် မိဘနှစ်ပါးနှင့်အတူတကွ နေထိုင်လာပြီးနောက် သားငယ်အိမ်ထောင်ပြုခြင်း၊ အိမ်ထောင်ပြုပြီးသော်လည်း ဇနီးကပါ သားငယ်အိမ်တွင်လိုက်နေရခြင်း၊ မိဘနှစ်ပါးကို ပြုစုကျွေးမွေးစောင့်ရှောက်ခြင်းရှိပေသည်။ မိဘနှစ်ပါးဆုံးပါးသွားလျှင်လည်း ၎င်းအိမ်ရှိ ပစ္စည်းအမွေအားလုံးကို သားအငယ်ဆုံးသာ ခံစားရသည်။ သားကြီး၊ သမီးကြီးများက လည်း မိမိတို့ရိုးရာဓလေ့ထုံးစံများအရ နားလည်မှုရှိကြရသည်။

လီဆူလူမျိုးတို့၏ အမွေခွဲဝေပုံမှာ ဗမာလူမျိုးများ၏ အချို့မိသားစုများ၏ အမွေခွဲဝေပုံ၊ ခံစားခွင့်ရှိပုံနှင့် တူညီမှုရှိသည်ကို တွေ့ရသည်။ မိဘနှစ်ပါး၏နေအိမ်နှင့် ကျန်ရှိသည့်ပစ္စည်းအားလုံးသည် သားအငယ်ဆုံးကသာ ခံစားရသည်။ အကယ်၍ ယောက်ျားလေးမမွေးပါက သမီးများထဲမှ သင့်တော်သူသမီး (သို့) မိဘအကျိုးကိုပို၍ဆောင်ရွက်သူ သားသမက်အား အမွေခွဲဝေပေးလေ့ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com


ထူးခြားသည်မှာ လီဆူတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံအရ သမီးမိန်းကလေးများကို အမွေခွဲဝေပေးခြင်းမရှိကြောင်း တွေ့ရသည်။ ဖမျိုးယူစနစ်ကို ကျင့်သုံးသဖြင့်လည်း ဖခင်ဖြစ်သူ အိမ်ထောင်တာဝန်ကို စီမံအုပ်ချုပ်နိုင်ခြင်း၊ ဦးဆောင်နိုင်ခြင်းရှိသည်ကို လီဆူတို့လက်ခံကျင့်သုံးလျက်ရှိကြောင်း လေ့လာသိရှိရသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ရှိုးရာပွဲတော်များ

## (က) အိမ်သစ်တက်ပွဲ

လီဆူတို့သည် မိမိတို့ရိုးရာနေအိမ်ကို ဆောက်လုပ်ပြီးစီးပါက အိမ်သစ်တက်ပွဲကျင်းပလေ့ရှိသည်။ ဗမာလူမျိုးများကဲ့သို့ ရက်ရာဇာ၊ ပြဿဒါးစသည့် ရက်သတ်မှတ်ရွေးချယ်၍ အိမ်သစ်တက်ပွဲ ကျင်းပခြင်းမျိုးမဟုတ်ပေ။ နေအိမ်ဆောက်လုပ်ပြီးစီးမှုပေါ်မူတည်၍ ရိုးရာအိမ်သစ်တက်ပွဲကို ကျင်းပခြင်းမျိုးဖြစ်သည်။

အိမ်သစ်တက်ပွဲမကျင်းပမီ အိမ်ရှင်က ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းများ၊ မိတ်ဆွေများကို ကြိုတင်ဖိတ်ကြားရသည်။ အိမ်သစ်တက်ပွဲကျင်းပမည့်နေ့မတိုင်မီ တစ်ရက် (သို့) နှစ်ရက်ကြိုကပင် ဝက်၊ နွား၊ ကြက်များ၊ အစားအစာများကို ကြိုတင်ရှာဖွေစီစဉ်ထားရသည်။ ခေါင်ရည်များကိုလည်း အဆင်သင့်ထားရှိရသည်။

အိမ်ရှင်သည် အိမ်ဆောက်သူများအတွက် ခေါင်ရည်တစ်အိုးနှင့် ဧည့်ပရိသတ်များအတွက် ခေါင်ရည်တစ်အိုးသီးခြားစီထား၍ တည့်ခင်းဧည့်ခံရသည်။ အိမ်သစ်ဆောက်လုပ်ပြီးစီးခြင်း၊ အောင်မြင်ခြင်းအတွက် ဂုဏ်ယူသည့်အနေဖြင့် အိမ်ရှင်နှင့် မိတ်ဆွေများ၊ ဆွေမျိုးသားချင်းများသည် ရိုးရာတေးသီချင်းများ သီဆိုခြင်း၊ ကခုန်ခြင်းများဖြင့် အိမ်သစ်တက်ပွဲကို



www.burmeseclassic.com

www.burmeseclassic.com


ကျင်းပကြသည်။ ကပွဲတွင် ပါဝင်ဆင်နွှဲသူများကို အိမ်ရှင်က အရက်ခေါင်ရည်၊ ထမင်းဟင်းလျာများကို သီးခြားကျွေးမွေးပြုစုရသည်။

အိမ်ရှင်နှင့် အိမ်ဆောက်သူတစ်ဦးဦးကဖြစ်စေ၊ သို့မဟုတ် အိမ်ဆောက်ကူသူ လွှဲအပ်ပေးသောကိုယ်စားလှယ်တစ်ဦးဦးကဖြစ်စေ၊ အပြန်အလှန် အတိုင်အဖောက်တေးသီချင်းများသီဆို၍ ကခုန်ကြသည်။ အိမ်သစ်တက်ပွဲစသည့် ညဦးပိုင်းမှ မိုးလင်းသည်အထိ တစ်ညလုံးဆိုလိုက်၊ ကလိုက်ဖြင့် အိမ်သစ်တက်ပွဲကို ကျင်းပကြသည်မှာ ရိုးရာဓလေ့ကို မြတ်နိုးထိန်းသိမ်းသည့်သဘော ပေါ်လွင်လှသည်။

သီဆိုသောတေးသီချင်းများမှာလည်း အိမ်ရှင်က အိမ်ဆောက်ကူသူကို ကျေးဇူးတင်ကြောင်း ဖွဲ့နွဲ့သီကုံးစပ်ဆိုထားသည့် သီချင်းပင်ဖြစ်သည်။ အိမ်ဆောက်ကူသူကလည်း အိမ်ရှင်အတွက် အိမ်ကိုကောင်းမွန်စွာ ဆောက်လုပ်ပေးခဲ့ပြီးဖြစ်၍ အိမ်ကိုအိမ်ရှင်ထံ အပ်နှံပါကြောင်း သီချင်းသီဆိုလျက် ကခုန်ပျော်ပါးကြသည်။ အိမ်သစ်တက်ပွဲတွင် ကသောအကများမှာ ကွာချဲအက၊ ဂိုရေတီးခေါ် လောရှည်အကနှင့် ချီဘီကွာချဲအကများဖြစ်သည်။

ယခုအခါ ခရစ်ယာန်ဘာသာဝင်လီဆူတို့သည် အိမ်သစ်တက်ပွဲတွင် ဘုရားသခင်ထံဆုတောင်းခြင်း၊ သင်းအုပ်၊ သင်းထောက်ဆရာများက အိမ်ရှင်များအတွက် ဆုတောင်းပေးခြင်း၊ သမ္မာကျမ်းစာရွတ်ဖတ်ခြင်းများဖြင့် အိမ်သစ်တက်ပွဲကို ကျင်းပကြသည်။ အိမ်သစ်တက်ပွဲသို့ ရောက်ရှိလာသူများကလည်း ဓမ္မတေးများ သီကျူးခြင်း၊ ခရစ်တော်၏ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့် ဆုတောင်းမေတ္တာပို့ကြကာ အိမ်သစ်တက်ပွဲကို ကျင်းပကြသည်။ ဗုဒ္ဓဘာသာဝင် လီဆူတို့ကမူ ရှေးရိုးရာမပျက် အိမ်သစ်တက်ပွဲတွင် ဘုန်းကြီးများကိုပင့်ဖိတ်၍ အိမ်သစ်တက်ဆွမ်းကျွေးမင်္ဂလာကို ပြုလေ့ရှိကြသည်။

www.burmeseclassic.com

www.burmeseclassic.com


အိမ်သစ်တက်ပွဲတွင် ဆွေမျိုးများ၊ မိသားစုများ၊ ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများက အိမ်ရှင်တည်ခင်းဧည့်ခံသော အရက်ခေါင်ရည်များ၊ ထမင်း၊ ဟင်းလျာများကို တပျော်တပါးစားသောက်ကြသည်။ အိမ်သစ်တက်ပွဲကုန်ကျမှုများမှာ ချမ်းသာကြွယ်ဝသူများက မိမိတို့၏ငွေကြေးတတ်နိုင်သည့် အခြေအနေပေါ်မူတည်ဆောင်ရွက်ကြသော်လည်း လက်လုပ်လက်စားများ၏ အိမ်သစ်တက်ပွဲကုန်ကျမှုကို ဆွေမျိုးသားချင်းများက ငွေကြေး၊ အရက်နှင့် ဆန်များကို တတ်အားသလောက် ပါဝင်ကူညီလေ့ရှိကြသည်။

လီဆူတို့သည် အိမ်သစ်တက်ပွဲသည် တစ်ဦး၏အခက်အခဲများကို အများက ဝိုင်းဝန်းကူညီဖြေရှင်းဆောင်ရွက်ပေးသည့် သဘောကိုတွေ့ရသည်။ ဤသည်မှာ နှစ်လိုဖွယ်ကောင်းသော စည်းလုံးညီညာသော ဓလေ့ဓရိုက်များဖြစ်ပြီး အရေးကြီးက သွေးနီးခြင်းနှင့် အရေးကြုံက သွေးဆုံခြင်းဟူသည့် သဘောလက္ခဏာကို ဆောင်ပါသည်။

## (ခ) နှစ်သစ်ကူးပွဲ

နှစ်သစ်ကူးပွဲသည် နှစ်ဟောင်းမှ နှစ်သစ်သို့ ကူးပြောင်းချိန်ကာလကို ရည်ရွယ်ကျင်းပသောပွဲဖြစ်သည်။ အချို့ဒေသများတွင် ဒီဇင်ဘာ ၂၅ ရက်မှ ဇန်နဝါရီ ၁၀ ရက်အတွင်း ကျင်းပသည်။ အချို့ဒေသများတွင် နတ်ဆရာကကြေညာသော ရက်ကန့်သတ်ချက်အရ ကျင်းပကြသည်။ တစ်နှစ်အတွင်း ဘယ်နှစ်ရက်ကျင်းပမည်ကို နတ်ဆရာကြေညာသည့်အတိုင်း ကျင်းပကြသည်။ အများအားဖြင့် နှစ်သစ်ကူးပွဲသည် ၂ ရက်မှ ၇ ရက်အထိ ကြာလေ့ရှိသည်။

နှစ်ဟောင်းလွန်သော အထိမ်းအမှတ်အဖြစ် အိမ်ပေါ်ဝန်းကျင်သန့်ရှင်းရေးကို ပြုလုပ်ထားကြသည်။ အိမ်တိုင်းတွင် နှစ်သစ်ကူးသစ်ပင်ကို

www.burmeseclassic.com

www.burmeseclassic.com


စိုက်ပျိုးထားကြသည်။ အခမ်းအနားကို နတ်ဆရာက ကြေညာပြီးစတင်သည်။ သေနစ်ပစ်ဖောက်အချက်ပေးပြီး ကောက်ညှင်းများကို ထောင်းကြပေါင်းကြရသည်။ မုန့်များပြုလုပ်ရသည်။ နှစ်ဟောင်း၏နောက်ဆုံးနေ့နေဝင်ပြီးနောက် နတ်ဆရာက ရွာစောင့်နတ်ကို နတ်စင်မှခေါ်ရသည်။ နှစ်သစ်ကူးသစ်ပင်ကို မုန့်၊ ဝက်သား၊ အမွေးတိုင်၊ ပန်းစသည်ဖြင့် ပူဇော်ထားရသည်။

ငှင်းညနေတွင် ပြုလုပ်ထားသော ကြက်ဥတစ်လုံး၊ လိပ်ပြာခေါ်သောကြိုးတစ်ပင်ကို လူတိုင်းယူလာရသည်။ နတ်ဆရာ၏စီစဉ်မှုဖြင့် နှစ်ဟောင်းညနေတွင် အိမ်ရှိအသက်ကြီးဆုံးလူက အိမ်သူအိမ်သားများ၏ ဝိညာဉ်ကိုခေါ်ယူသည်။ ကြက်ဥတစ်လုံးစီကျွေး၍ ကြိုးတစ်ပင်စီပေးသည်။ ကလေးများကို လက် (သို့) ခါးတွင် ကြိုးကိုချည်ပြီး လူကြီးများကိုမူ လည်ပင်းတွင် ချည်ရသည်။ လူတိုင်းအတွက် ဝိညာဉ်အားရှိစေရန် ပြုလုပ်ခြင်းဖြစ်သည်။

အချို့အရပ်ဒေသများတွင် နတ်ဆရာသည် နှစ်သစ်ကူးနေ့နံနက်စောစောကပင် တစ်အိမ်တက်၊ တစ်အိမ်ဆင်းရောက်၍ ဝိညာဉ်လိပ်ပြာကို ခေါ်ကာ အရက်၊ ဝက်သား၊ မုန့်များဖြင့် ပူဇော်ပသကျွေးမွေးသည်။ နတ်ဆရာသည် နှစ်ဟောင်းညနေတွင် နတ်ပူး၍ ရွာသားများအားလုံးအတွက် ရေမန်းပြီးပက်ဖျန်းသည်။ မီးတောက်ကို ပါးစပ်တွင် ငုံ၍မှုတ်ပြသည်။ ရည်ရွယ်ချက်မှာ နှစ်ဟောင်းကမကောင်းသည်များကို ကျန်ခဲ့ရန်နှင့် အားလုံးစည်းလုံးညီညွတ်ကြရန်ဖြစ်သည်ကို ဆုံးမစကားပြောသည်။

ညဘက်တွင် ရွာသားများအားလုံး နတ်ဆရာအိမ်တွင်စုဝေးပြီး အရက်သောက်ကြသည်။ ထမင်းဟင်းလျာများစားကြသည်။ သီချင်းဆိုကြသည်။ ကခုန်ပျော်ပါးကြသည်။ နတ်ဆရာအိမ်မှစ၍ တစ်အိမ်ပြီးတစ်အိမ်

www.burmeseclassic.com

www.burmeseclassic.com


ကကြသည်။ အိမ်ရှေ့ရှိသစ်ပင်များကို လှည့်ပတ်၍ကကြသည်။ တစ်အိမ်မကျန်ကကြသည်။ ဤသို့ကခြင်းအားဖြင့် မကောင်းသောအဆိုးများကင်းစင်သွားသည်ဟု ယုံကြည်ကြသည်။

ကြက်တွန်သံကြားသည့်အခါ နောက်နေ့နှစ်သစ်ကူးပြီး အာရုံတက်ပြီဖြစ်သည်။ ထိုအခါ အမျိုးသားများက ရွာထိပ်မြင့်သောနေရာ ရွာစောင့်နတ်စင်သို့သွားသည်။ အရက်၊ မုန့်၊ ဝက်သားများကိုပါ ယူ၍သွားသည်။ အရက်၊ မုန့်၊ ဝက်သားများဖြင့် ရွာစောင့်နတ်ကို ပူဇော်ပသသည်။ ကြည်လင်သောရေကဲ့သို့ ဖျားနာခြင်းကင်းကြရန် မခွဲမခွာရှိကြရန် ဆုတောင်းကြသည်။

အမျိုးသမီးများက ရွာအစွန်တွင်ရှိသောရေကို နှစ်သစ်မှစ၍ရသောရေဖြစ်၍ မင်္ဂလာရှိသော ရေဟုယူဆယုံကြည်ကြသည်။ ထိုရေကို အိမ်သို့ယူသည်။ မုန့်လုပ်သည်။ ကောက်ညှင်းပေါင်းသည်။ နတ်စင်ကိုရေဖျန်းသည်။ ချက်ပြုတ်စားသောက်သည်။ ဘိုးဘွားများပူဇော်ထားသောယစ်ပလ္လင်၌ရေဖြည့်သည်။ နတ်ဆရာ၏မိန်းမက ၄င်းရေကို နှစ်သစ်ကူးသစ်ပင်အနီး၌ မျက်နှာသစ်သည်။ မကောင်းသောအဖျားအနာကင်းဝေးကြရန် နှစ်သစ်ကူးရေဖြင့် ဆေးကြောကြသည်။

အိမ်တိုင်းက ပူဇော်သော ပစ္စည်းများအားလုံးကို နတ်ဆရာအိမ်သို့ပို့ကြသည်။ နတ်ဆရာက ယစ်ပလ္လင်တွင် ဆုတောင်းပေးသည်။ ကြိုးများဖြင့် ပူဇော်သောပစ္စည်းအားလုံးကို ဝိုင်း၍ပတ်သည်။ ကောင်းချီးမင်္ဂလာပြုသည်။ လူကြီးများက အိမ်အလယ်၌စုဝေးပြီး ညီညွတ်ရေး၊ ကျန်းမာရေး၊ နှစ်သစ်ကောင်းချီးမင်္ဂလာရရှိရေးအတွက် ဆုတောင်းကြ၊ ဆိုကြ၊ ကကြ၊ တူရိယာတီးမှုတ်၍ ပျော်ပါးကြသည်။ အကြီးအကဲ၊ လူကြီးလူငယ်၊ ကျားမမရွေး၊ ကလေးများပါမကျန် ကကြသည်။ နံနက်မှ နေ့ဝိုင်းထိကကြ

www.burmeseclassic.com

www.burmeseclassic.com


သည်။ နေ့လယ်ပိုင်းတွင် အမျိုးသမီးများက ကကြသည်။ ညပိုင်းတွင် ဝတ်စုံဝတ်ဆင်ထားသော အမျိုးသား၊ အမျိုးသမီးများက ကကြသည်။ ကပွဲ၌အရေးကြီးသည်မှာ ရင်းရင်းနှီးနှီးရှိကြရန်ဖြစ်သည်။ ရန်မဖြစ်ရေး၊ ပြူးစူခြင်းမရှိရေးတားမြစ်ကြသည်။ မိတ်ဆွေများလည်း တစ်အိမ်တက်ဆင်း လည်ပတ်ကြသည်။

နောက်နေ့အရုဏ်ဦးမှာ နတ်ဆရာက နှစ်သစ်ကူးပြီဖြစ်ကြောင်း ကြေညာသည်။ အချို့နေရာတွင် နှစ်သစ်ကူးသည့်နေ့ နံနက်၌ တစ်လက်မ ခန့် ဝက်သားတုံးကို ပစ်မှတ်ထားသော ဒူးလေးဖြင့် ၃ ချက်ပစ်ခတ် သည်။ ဤသို့ပစ်ခတ်ခြင်းမှာ နှစ်သစ်ကူးနေ့က ပင့်ဖိတ်ထားသည့် နတ်များ၊ ဝိညာဉ်များကို ပြန်ပို့သည့်သဘောလည်းဖြစ်၊ နှစ်သစ်ကူးပွဲတော် အောင်မြင် ခြင်းအထိမ်းအမှတ်လည်း ဖြစ်ပေသည်။ နှစ်သစ်အတွင်း စိုက်ပျိုးသီးနှံ ပေါများရေး၊ အောင်မြင်ရေးနှင့် ပစ္စည်းဥစ္စာရတနာ ပြည့်လျှံပေါများစွာ ရရှိရေးသဘောအဓိပ္ပာယ်ဖြစ်လေသည်။

နှစ်သစ်ကူးပွဲတွင် လူငယ်များအနေဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်၍ လက်ဝတ်လက်စားအားလုံးကို ဆေးကြော၍ နှစ်သစ်ကို မျှော်လင့်ကြ သည်။ အသစ်ဝတ်ဆင်ကြသည်။ ရိုးရာအရက်သောက်၍ သေနတ်ပစ် ဖောက်ပြီး ကြိုဆိုကြလေ့ရှိကြသည်။

## (၈) သစ်သီးဦးပူဇော်ပွဲ

မိမိတို့လယ်ယာဥယျာဉ်ခြံများမှာ စိုက်ပျိုးထွက်ရှိသည့် ပေါဦး ပေါဖျား ကောက်ပဲသီးနှံ၊ သစ်သီးဝလံများကို ပူဇော်သည့်ပွဲပင်ဖြစ်သည်။

လီဆူတို့သည် ပြက္ခဒိန်တစ်နှစ်အတွင်း ဆယ်လမြောက်၏ ဆယ် ရက်မြောက်နေ့တွင် သစ်သီးဦးပူဇော်အခမ်းအနား ကျင်းပလေ့သည်။

www.burmeseclassic.com

www.burmeseclassic.com


ရွာသူ ရွာသားအားလုံးသည် သစ်သီးဦးပူဇော်ပွဲအခမ်းအနားကို မိမိတို့နေအိမ်များတွင် ကျင်းပသည်။ သူတို့လယ်ယာဥယျာဉ်ခြံမြေများမှထွက်သော စပါး၊ အာလူး၊ ကြက်သွန်နီ စသည့်ကောက်ပဲသီးနှံ၊ သစ်သီးဝလံများထဲမှ ပထမဆုံးထွက်ရှိသည့် အသီးအနှံများကို အိမ်ရှိနတ်စင်ပေါ်တွင် တင်၍ ပူဇော်ကျင်းပကြခြင်းဖြစ်သည်။ ထူးခြားသောအခမ်းအနားတစ်ခုဖြစ်၍ နတ်ဆရာ ကိုဖိတ်ကြားရသည်။ နတ်ဆရာ၏စီစဉ်မှုဖြင့် အိမ်ရှင်အိမ်ထောင်ဦးစီး ယောက်ျားနတ်ကို ဦးစွာပူဇော်ပြီးမှ အိမ်ရှင်မနတ်ကိုပူဇော်ရသော အစဉ်အလာရှိသည်။ နတ်ဟောဆရာသည် ထိုသို့အိမ်ရှိနတ်ကို ပူဇော်ခြင်းအစီအစဉ်ပြုလုပ်ပေးပြီးနောက် အိမ်ရှိမိသားစုများအတွက် မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များ မျိုးရိုးကောင်းမွန်ပြီး ပေါက်ပွားစေရန်၊ လယ်ယာမြေမှ အသီးအနှံများပေါ်များစွာထွက်ရှိရန်၊ စားရေးရိက္ခာများ အလျှံပယ်ကြွယ်ဝမှု ရှိစေရန်နှင့် ရှေ့လာမည့်နှစ်များတွင်လည်း စပါးသီးနှံ၊ သစ်သီးဝလံများ၊ ပေါပေါများများသိုလှောင်ထားနိုင်စေရန်တို့ကို ဆုတောင်းပေးလေသည်။

လီဆူတို့သည် ဝမ်းမြောက်ရွှင်လန်းစွာဖြင့် ကောင်းမွန်သန့်ရှင်းသော ကောက်ပဲသီးနှံ၊ သစ်သီးဝလံများကို သက်ကြီးဝါကြီးမိဘများအိမ်သို့သွား၍ ပူဇော်ကန်တော့ကြသည်။ သက်ကြီးဝါကြီးမိဘဘိုးဘွားများကလည်း ပူဇော်ကန်တော့သူများကို ကောင်းချီးပေးခြင်း၊ ဆုတောင်းမေတ္တာပို့သခြင်းများ ပြုလုပ်လေ့ရှိသည်။ စီးပွားဥစ္စာတိုးတက်စေရန်၊ ကျန်းမာစေရန်၊ ရွှေငွေဥစ္စာပစ္စည်းများ ပေါများတိုးပွားစေရန် ဆုတောင်းပေးသည်။ ထိုသို့ ဆုတောင်းမေတ္တာပို့သပြီးနောက်တွင်လည်း အပြစ်များရှိက လွတ်ကင်းပပျောက်ကျေအေးပါရန်၊ သန့်ရှင်းကျန်းမာပြီး ကောင်းကျိုးတရားများ ရရှိခံစားနိုင်ကြရန်အတွက် သက်ကြီးဝါကြီးများကို ရေချိုးပေးခြင်း၊ အဝတ်

www.burmeseclassic.com

www.burmeseclassic.com



အစားများဖွတ်လျှော်ပေးခြင်း စသည်ဖြင့် သန့်ရှင်းမှုရှိကြစေရန် ကူညီလုပ်ကောင်းမှုများ ပြုလုပ်ကြလေသည်။

သက်ကြီးဝါကြီးများက ထိုသို့ပြုလုပ်ပေးခြင်းအတွက် ရေ့လာမည့်အချိန်ကာလများစွာတွင် အပြစ်များမှခွင့်လွှတ်ကြောင်း၊ ချီးကျူးခြင်း၊ အားပေးခြင်း၊ ဆုပေးခြင်းများရှိကြသည်။ သူတို့သည်လည်း အပြစ်များမှ ကင်းဝေးသွားကြပြီဟု ယုံကြည်မှုရှိကြသည်။ လီဆူတို့သည် အသက်ကြီးသူများကို ရိုသေလေးစားမှုရှိကြပြီး သက်ကြီးဝါကြီး ဘိုးဘွားမိဘများ၊ ဆရာသမားများ၏ခွန်အားဖြစ်စေသော ဆုံးမစကားများကို နာခံမှုရှိကြလေသည်။ ထို့ကြောင့် လူကြီးများ၏ဆုတောင်းပေးမှု၊ ခွန်အားပေးမှုတို့ကိုလည်း အလေးထား တန်ဖိုးထားတတ်ကြသည်။

## (ဃ) လွှေဟီချော့ပွဲ

လွှေဟီချော့ပွဲဆိုသည်မှ သချိုင်းဂူဆောက်လုပ်သော အထိမ်းအမှတ်ပွဲဖြစ်သည်။ အဘိုးအဘွားများ သေဆုံးပြီးနောက် တစ်နှစ်လျှင် တစ်ကြိမ် သချိုင်းဂူကို ပြုပြင်မွမ်းမံသောပွဲလည်းဖြစ်သည်။ လွှေဟီချော့ပွဲ မကျင်းပမီက ရပ်ဝေးရပ်နီးမှ ဆွေမျိုးသားချင်းများကို ကြိုတင်ဖိတ်ကြားပြီး သတ်မှတ်သောရက်၌ ကျင်းပရသည်။

လေဟီချော်ပွဲကို ၃ ရက်တိုင် ကျင်းပလေ့ရှိကြသည်။

## (င) ကောက်သစ်စားပွဲ

ကောက်သစ်စားပွဲကို ဥယျာဉ်ခြံမြေ၊ လယ်ယာစိုက်ပျိုးလုပ်ကိုင်စားသောက်သော လီဆူလူမျိုးများ ကျင်းပပြုလုပ်သည့်ပွဲဖြစ်သည်။ တစ်နှစ်တာစိုက်ပျိုးခဲ့သော ကောက်ပဲသီးနှံများအောင်မြင်ဖြစ်ထွန်းသည့် အထိမ်းအမှတ်ဖြင့် ကျင်းပကြခြင်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ယခုအခါ လီဆူတို့သည် ကောက်သစ်စားပွဲကို အိမ်တိုင်းကျင်းပခြင်း မပြုတော့ဘဲ တစ်ရွာလုံးတစ်နယ်လုံးက မိမိတို့၏ ဘုရားရှိခိုးကျောင်းတွင်သာ စုပေါင်းကျင်းပသော ပျော်ပွဲရွှင်ပွဲအသွင်ကူးပြောင်းပြီး ကျင်းပကြသည်။ ကောက်သစ်စားပွဲကျင်းပရာသို့ တစ်နယ်လုံးမှ လီဆူလူမျိုးများ၊ မိသားစုဝင်များ၊ သင်းအုပ်သင်းထောက်နှင့် ဓမ္မဆရာများအားလုံး တက်ရောက်ပါဝင်ကြသည်။

ဘုရားသခင်၏ ကျေးဇူးတော်ချီးမွမ်းခြင်း၊ ဓမ္မတေးများသီကျူးခြင်း၊ ဝတ်ပြုခြင်း၊ ဆုတောင်းဆက်ကပ်ခြင်းများဖြင့် သင်းအုပ်ဆရာများက ဦးဆောင်ကာ အားလုံးသောလီဆူလူမျိုးများ လယ်ယာကိုင်းကျွန်း၊ ကောက်ပဲသီးနှံဖြစ်ထွန်းအောင်မြင်စေရန် ဆုမွန်ကောင်းများတောင်း၍ မေတ္တာပို့ခြင်းများ ပြုလုပ်သည်။ ကောက်သစ်စားပွဲတက်ရောက်လာသူ လီဆူလူမျိုးများအတွက် ဘုရားသခင်ထံ ဆုတောင်းဆက်ကပ်၍ သက်သေခံမျှဝေပြီး အားလုံးကျန်းမာ ချမ်းသာစေရန် ဆုတောင်းကြရသည်။

၄င်းနောက် ဖိတ်ကြားထားသောသူများနှင့် တစ်နယ်လုံးမှ တက်ရာက်လာသူ ပရိသတ်များအား အကျွေးအမွေးများဖြင့် ဧည့်ခံသည်။ ကောက်သစ်စားပွဲတေးသီချင်းများ၊ ရိုးရာအကများကို သီဆိုတီးမှုတ်ကခုန်ကြရင်း အခမ်းအနားကို ရုပ်သိမ်းကြလေသည်။

## (စ) စုပေါင်းလုပ်အားပေးပွဲ

လီဆူလူမျိုးများ၏ စိတ်နေသဘောထားမှာ လူမျိုးမရွေး၊ ဘာသာမရွေး ရိုင်းပင်းကူညီမှုများရှိကြသည်။ ဝတ္တရားကျေပွန်မှုလည်းရှိကြသည်။ ထို့အတူ အရေးကိစ္စကြီးငယ် ပေါ်ပေါက်လာပါကလည်း တစ်နယ်လုံး၊ တစ်မြို့လုံး၊ တစ်ရွာလုံးက စုပေါင်းဝိုင်းဝန်းလုပ်အားပေး ဆောင်ရွက်ကြ

www.burmeseclassic.com

www.burmeseclassic.com


သည်ကို နှစ်လိုဖွယ်တွေ့ရသည်။ လီဆူတို့၏ စုပေါင်းလုပ်အားပေးပွဲ ပြုလုပ်ရခြင်း အကြောင်းနှစ်မျိုးရှိသည်။

ကျေးရွာ၊ ရပ်ကွက်အတွင်း (သို့မဟုတ်) မြို့တစ်မြို့၊ နယ်တစ်နယ်တွင် တစ်ဦးတစ်ယောက် နာမကျန်းဖြစ်သည့်အတွက် တောင်ယာခုတ်ခြင်း၊ ဥယျာဉ်ခြံစိုက်ပျိုးခြင်း၊ စပါးစိုက်ပျိုးခြင်း၊ စပါးရိတ်သိမ်းခြင်း၊ အိမ်ဆောက်လုပ်ခြင်း စသည့်လုပ်ငန်းများ အချိန်မီမပြီးစီးသည့်အခါမျိုးတွင် တစ်ရပ်လုံး၊ တစ်ရွာလုံးကစုပေါင်း၍ နေ့ချင်းပြီးအခမဲ့ စုပေါင်းလုပ်အားပေးဆောင်ရွက်ကြသည်။

အချို့သော ဂုဏ်သရေရှိလူကြီးများသည် မိမိလုပ်ငန်းလည်း ပြီးစီးပြီဖြစ်၍ ပျော်ပွဲရွှင်ပွဲပြုလုပ်လိုသောအခါမျိုးတွင် စုပေါင်းလုပ်အားပေးပွဲကို သီးသန့်ခေါ်ယူ၍ ကျင်းပလေ့ရှိသည်။

ထိုစုပေါင်းလုပ်အားပေးပွဲများတွင် လုပ်အားပေးခေါ်ယူလိုသူ ကာယကံ ရှင်က နေ့လယ်စာကျွေးရသည်။ လုပ်အားပေးရာတွင်လည်း တပျော်တပါး စုပေါင်းညီညာစွာ မခိုမကပ် အားတက်သရော ပါဝင်လုပ်ဆောင်ကြသည်။ လုပ်အားပေးပွဲပြီးသည်နှင့် ကာယကံရှင် သို့မဟုတ် လုပ်အားပေးခေါ်ယူလိုသူက လွှဲအပ်ထားသော ကိုယ်စားလှယ်ကို လုပ်အားပေးသူများက အလုပ်ခွင်မှနေအိမ်အထိထမ်း၍ ခေါ်သွားလေ့ရှိကြသည်။

အိမ်အပြန်လမ်းတစ်လျှောက်တွင် လုပ်အားပေးပွဲအောင်မြင်သည့် အထိမ်းအမှတ်ဖြင့်လည်းကောင်း၊ လုပ်အားပေးပွဲအောင်မြင်သည်ကို ဂုဏ်ယူသည့်အနေဖြင့်လည်းကောင်း ဆူဆူညံညံကြွေးကြော်ကြပြီး ကောင်းချီးသြဘာပေးကြသည်။ အိမ်ရှင် သို့မဟုတ် ကာယကံရှင်အား သည်း အသက်ရာကျော်ရှည်ပါစေကြောင်း၊ ရောဂါဘယကင်းဝေးပါစေကြောင်း စီးပွားလာဘ်လာဘတိုးပွားပါစေကြောင်း၊ သားသမီးများ ပွားများ

www.burmeseclassic.com

www.burmeseclassic.com


ပါစေကြောင်း စုပေါင်း၍ဆုမွန်ကောင်းများတောင်းပေးကြသည်။ အိမ်ရောက်သောအခါ အိမ်ရှင် သို့မဟုတ် ကာယကံရှင်က ဝက်တစ်ကောင်သတ်၍ ခေါင်ရည်များတိုက်ကာ တစ်ညလုံးဧည့်ခံပွဲပြုလုပ်၍ တေးသီချင်းများ သီဆိုကခုန်ခြင်းဖြင့် ပျော်ရွှင်စွာ စားသောက်ပျော်ပါးကြလေသည်။

လီဆူတို့၏ ရိုးရာစုပေါင်းလုပ်အားပေးပွဲတွင် စည်းလုံးညီညွတ်ရေးသဘောဆောင်ပြီး အများအကျိုးရွက်သည်ပိုးသည့် စရိုက်လက္ခဏာကို ပီပီပြင်ပြင်တွေ့ရသည်။ အားကျဂုဏ်ယူဖွယ်ကောင်းပြီး စိတ်ရွှင်လန်းတက်ကြွဖွယ်ဖြစ်သည်ကိုလည်း လေ့လာသိရှိရသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အံ့ဖွယ်ထူးကဲ မားတက်ပွဲ

လီဆူလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်များအနက် မားတက်ပွဲတော်မှာ အလွန်အံ့သြဖွယ်ကောင်းသော ယဉ်ကျေးမှုပွဲတော်တစ်ခုဖြစ်သည်။ လီဆူတို့သည် သစ္စာတရား၊ ကတိဝန်ခံချက်တို့ကို အလေးအနက်ထားသူများဖြစ်ခြင်းကို လီဆူတို့၏ မားတက်ပွဲတော်က သက်သေခံအဖြစ်တွေ့ရှိနိုင်ပေသည်။ သစ္စာစောင့်သိသူများ စိတ်ထားဖြူစင်ရိုးသားသူများ၊ အမှန်တရားကို မြတ်နိုးလေးစားလိုက်နာသူများ ဖြစ်သည်ကိုလည်း မားတက်ပွဲတော်က မီးမောင်းထိုးပြနေပေသည်။


မားတက်ပွဲတော်ကျင်းပမည်ဆိုပါက မကျင်းပမီကပင် ကြိုတင်စီစဉ်ထားရသည်။ မြေပြင်အကျယ်အဝန်း အချင်းပေ ၂၀ ရှိသည့် စက်ဝိုင်းအတွင်း၌ အလယ်ဗဟိုတွင် မြေပြင်အထက်ပေ ၃၀ ရှိသော သစ်သားတိုင် (သို့မဟုတ်) သံတိုင်နှစ်တိုင်ကို တစ်တိုင်နှင့်တစ်တိုင် နှစ်ပေခွဲခွာ၍ ခိုင်မြဲစွာစိုက်ထူပေးရသည်။ ထိုမြေပြင်အထက်ပေ ၃၀ မြင့်သော တိုင်နှစ်တိုင်တွင် အသွားထက်သော မား (၇၂) လက်ကို အသွားဘက်ကို အပေါ်တွင်ထား၍ အကွာအဝေးတူညီစွာ ခိုင်ခိုင်မြဲမြဲ တပ်ဆင်ထားရသည်။ တိုင်များလဲမသွားစေရန်အတွက် ကြိုးပင် ၄ ပင်ဖြင့် တိုင်ပတ်လည်မြေပြင်မှ ဆွဲထားရသည်။



www.burmeseclassic.com

www.burmeseclassic.com





ဓား (၇၂) လက်ပေါ်သို့ တက်ရောက်ပြသည့်
ဓားတက်ပွဲမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com


ဓားတက်မည့်သူသည် ရိုးသားဖြောင့်မတ်သူ ဖြစ်ရမည်။ သစ္စာကတိတည်သူ ဖြစ်ရမည်။ သူခိုး၊ ဓားပြ စသည့်မကောင်းသော နာမည်ပျက်ရှိသူများ ဆောင်ရွက်၍မရ။ အစားအစာရှောင်ရမည်။ သန့်ရှင်းစင်ကြယ်ရမည်။ သို့မှသာ သန့်ရှင်းသောနတ်က ကူညီမစပြီး ဓားတက်ပွဲတော်အောင်မြင်ရန် အစမှအဆုံးတိုင် ကူညီစောင့်ရှောက်နိုင်မည်ဖြစ်သည်။ သန့်ရှင်းသောနတ်များကို ဓားတက်ပွဲတော်ကျင်းပရန် လိုအပ်သောအခါ ဖိတ်ခေါ်ရသည်။

ဓားတက်ပွဲတော်တွင် ဓားတက်မည့်သူသည် ထင်းလှည်းတစ်စီးခန့် မီးမွှေးထားပြီး အားလုံးလောင်ကျွမ်း၍ မီးခဲများ နီရဲရဲဖြစ်နေချိန်တွင် ညဘက်၌ မီးပုံထဲ၌ မိမိခန္ဓာကိုယ်ကိုလူးလိမ့်၍ မီးခဲများပေါ် နေနိုင်စွမ်းရှိသည်။ ဤသို့ပြုလုပ်သည်ကို မီးချိုးသည်ဟု ဆိုပါသည်။ သန့်ရှင်းသူ၊ ရိုးသားဖြောင့်မတ်သူသာ အောင်မြင်မှုရှိနိုင်သော လုပ်ဆောင်မှုဖြစ်သည်။ အချို့က ညထင်းမီးများ၊ မီးပွားများကို ပါးစပ်ဖြင့်ကိုက်ချီနိုင်သည်အထိ စွမ်းဆောင်ပြနိုင်သည်။ သန့်ရှင်းသူသည်မီးပူလောင်ခြင်းလုံးဝမဖြစ်ပါ။ မသန့်ရှင်းသောသူများသည် ထိုမီးအိုင်းတွင်သို့ မလာရပါ။ လာပါက မီးထဲပစ်ချခံရသည်ဟု ဆိုပါသည်။

နောက်တစ်နေ့တွင် အဆိုပါမီးခဲရဲရဲ၌ မီးချိုးထားနိုင်သူမှန်သမျှ ဓားတက်၍ရသည်။ ဓားတက်ရတော့မည့်အချိန်တွင် နတ်ကိုပူဇော်ပြီး ပထမဆုံးကရသည်။ နတ်သည်ကရင်းဖြင့် ဓားပေါ်သို့တက်သည်။ ဓားတက်သူသည် အောက်ဆုံးမှသည် အထက်ဆုံးတိုင်အောင် အသွားထက်လှသော ဓားသွား (၇၂) လက်ပေါ်တွင် တက်ချည် ဆင်းချည် (၂) ကြိမ်မျှ ပြုလုပ်သည်။ ထိပ်ဆုံးရောက်လျှင် ဓားတန်းပေါ်တွင် ဝင်ရိုးပေါ်စီးသကဲ့သို့ လှည့်၍ပြသည်။ ပြီးလျှင် ထိပ်ဆုံး၌စိုက်ထူထားသော အလံ (၄)

www.burmeseclassic.com

www.burmeseclassic.com



ခုကို မြေပြင်ပေါ်သို့ ပစ်ချရသည်။ အလံများ မြေပြင်ပေါ်တွင် စိုက်ထောင်နေလျှင် စိုက်ပျိုးရေးလုပ်ငန်းများ အောင်မြင်မည်။ ရောဂါဘယကင်းဝေးမည်။ ကျန်းမာ ချမ်းသာမည့်ဟု ဆိုပါသည်။ ဓားတက်ပြီးလျှင် ဝါးတိုင်ကို ဗဟိုပြုကာ ရိုးရာအကများကို ပျော်ရွှင်မြူးတူးစွာ ကပြကြသည်။ တောင်သူလယ်သမားများအား အားပေးဂုဏ်ပြုသောစကားများကို ပြောကြားကာ ရိုးရာအကများကို ဓားတိုင်ပတ်လည်၌ လှည့်လည်ကကြရလေသည်။

ဓားတက်ပွဲတော်သည် ဆန်စပါး၊ ကောက်ပဲသီးနှံများ မကြဲမစိုက်ပျိုးမီ ကျင်းပရသည်။ ဓားတက်ပွဲတော်ကို ကျင်းပရခြင်းမှာ ကျွဲ၊ နွား၊ တိရစ္ဆာန်များအား ရောဂါကျရောက်ခြင်းမှ ကင်းဝေးစေရန်၊ ကောက်ပဲသီးနှံများ ဖြစ်ထွန်းအောင်မြင်စေရန်နှင့် နတ်များအား ပျော်ရွှင်စေရန်အတွက် ရည်ရွယ်၍ နတ်ပူဇော်ပသသည့် ပွဲတော်တစ်ခုသာ ဖြစ်သည်။ ရှေးအခါက တရုတ်ပြည် လန်ချောင်ဒေသဝန်းကျင်၊ မြန်မာနိုင်ငံ ချီဖွေ၊ ဆော့လော်မြို့နယ်များတွင် ကျင်းပခဲ့သည်။ ယခုအခါ ခရစ်ယာန်ဘာသာဝင်များ ဖြစ်လာကြသည့်အတွက် ဓားတက်ပွဲတော်ကျင်းပသည့် အလေ့အထများ နည်းပါးလာပြီး ကွယ်ပျောက်လုနီးပါးရှိနေပြီဖြစ်သည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# အသုဘအခမ်းအနား

လီဆူလူမျိုးတို့၏ အသုဘအခမ်းအနားမှာ တခြားသောလူမျိုးများနှင့် မတူပေ။ လူတစ်ဦးတစ်ယောက်သေဆုံးသည်နှင့် အလောင်းကို ရေချိုးပြီး အဝတ်အစားအသစ် လဲပေးရသည်။ အလောင်းကို ဧည့်ခန်းတွင်ထား၍ ကြက်တစ်ကောင်ကိုသတ်ကာ အလောင်းပေါ်၌ တင်ထားရသည်။

ထိုအချိန်မှစ၍ ဆွေမျိုးများက သေဆုံးသူ၏လိပ်ပြာကို "မားမီမွေ"ခေါ် နတ်ပြည် သို့မဟုတ် သေဆုံးသူ၏ဘိုးဘွားဘီဘင်များ လိပ်ပြာများရှိရာ ကောင်းကင်ဘုံသို့ ပို့ဆောင်ပေးရသည်။ ဤသို့ပို့ဆောင်ရာတွင် သေဆုံးသူမွေးဖွားစဉ်က ပထမဆုံးမှည့်ခေါ်သောနာမည်ကို သုံးကြိမ်ခေါ်၍ ပို့ရပါသည်။ ကျန်ရစ်သူမိသားစုများ၊ ဆွေမျိုးများက သေဆုံးသူ နတ်ပြည်သို့ရောက်ရှိရေးအတွက် ရည်စူး၍ အမျိုးမျိုးအဖုံဖုံ သီကုံးဖွဲ့နွဲ့ကာ အော်ဟစ်ငိုကြွေးကြသည်။ ခရီးအဝေးရှိ ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကိုလည်း ဖိတ်ကြားထားသည်။ ၄င်းနောက် နတ်ဆရာက သေဆုံးသူ၏လိပ်ပြာကိုမေးပြီး လိပ်ပြာကြိုက်နှစ်သက်သည့် ရက်၌ သင်္ဂြိုဟ်ရန် စီစဉ်ရသည်။ သေဆုံးသည်မှ သင်္ဂြိုဟ်ပြီးစီးသည့်အထိ ရပ်ဝေးရပ်နီး ဆွေမျိုးမိတ်သင်္ဂဟများအားလုံးကို အကျွေးအမွေးများဖြင့် အသုဘရှင်မိသားစုက ဧည့်ခံကျွေးမွေးရသည်။ မိဘသေဆုံးပါက သားသမီးများက အကျွေးအမွေးများကို တာဝန်ခွဲဝေယူကြရသည်။



www.burmeseclassic.com

www.burmeseclassic.com



အလောင်းကို မသင်္ဂြိုဟ်မချင်း“ဂတနာ”ခေါ် ငိုကြွေးခြင်းကို နေ့ရောညပါ အဆက်မပြတ်ပြုလုပ်ပေးရသည်။

သင်္ဂြိုဟ်မည့်ရက်၌ အကြီးဆုံးနွားတစ်ကောင်၏ ဝဲဘက်ဦးချိုကို ကြိုးချည်ပြီး သေဆုံးသူလက်မှ ကြိုးစကိုကိုင်စေကာ နွားအား ခုတ်သတ်ရသည်။

မိဘသေဆုံးပါက သားသမီးများက မိမိကိုယ်တိုင်ရက်လုပ်ထားသော ပိုက်ဆံလွှော်စောင်ကို တစ်ယောက်လျှင် တစ်ထည်ကျ၊ လွှမ်းခြုံပေးရသည်။ စောင်မလွှမ်းနိုင်သောသားသမီးများကို ရပ်ရွာဒေသက ကဲ့ရဲ့လေ့ရှိသည်။ သို့ဖြစ်၍ လီဆူလူမျိုးများသည် မိမိကိုယ်တိုင် ၄င်းဆွေမျိုးတစ်ယောက်လျှင် တစ်ထည်ကျ ရက်လုပ်ထားလေ့ရှိသည်ဟု ဆိုပါသည်။

နတ်ဟောဆရာက သေဆုံးသူ၏လိပ်ပြာ (ဝိညာဉ်) ကို သင်္ဂြိုဟ်မည့်ရက်မေးစဉ်က လိပ်ပြာကြိုက်နှစ်သက်သည့် သတ်မှတ်သော သင်္ဂြိုဟ်မည့်ရက်ရောက်လျှင် အလောင်းကို အိမ်အပြင်သို့ထုတ်ကာ ယောကျ်ားဖြစ်ပါက သစ်ပင်ငယ် (၉) ပင်စိုက်ရသည်။ မိန်းမဖြစ်ပါက သစ်ပင်ငယ် (၇) ပင်စိုက်ရသည်။ သေဆုံးသူနှင့် ကွယ်လွန်ပြီးသော မိဘဘိုးဘွားဆွေမျိုးများ၏လိပ်ပြာများ ဖိတ်ခေါ်ပြီး ဆန်ကောတွင် ထမင်းဟင်းလျာများထည့်ကာ ကျွေးမွေးရသည်။ သေဆုံးသူ၏လိပ်ပြာကို “မားမီမွေး”ခေါ် ခါဘာဂျီဒါ အေယျာစု၊ တောင်ဖျားဘက်နတ်ပြည်သို့ တစ်ဆင့်ပြီးတစ်ဆင့် နတ်ဟောဆရာက ရွတ်ဖတ်ပြောဆိုပြီးပို့ရသည်။ ၄င်းနောက် အဆစ်ပါသောမြားသုံးချောင်းကို ဒူးလေးဖြင့်ပစ်လွှတ်ကာ အလောင်းကို မိဘဆွေမျိုးများ၊ ပရိသတ်များက သုသာန်သို့ပို့ဆောင်၍ မြေမြှုပ်သင်္ဂြိုဟ်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သင်္ဂြိုဟ်ပြီးနောက် သုံးနှစ်အတွင်းတွင် သေသူကိုအထိမ်းအမှတ်အဖြစ် ကျောက်ခဲ၊ ကျောက်ပြားများဖြင့် ဂူပြုလုပ်ပေးရသည်။ ဂူတည်သောနေ့၌ နွား သို့မဟုတ် ဝက်တစ်ကောင်သတ်၍ ကျွေးမွေးရသည်။ ကျန်ရစ်သူသည် ဇနီးဖြစ်ပါက ကွယ်လွန်သူခင်ပွန်း၏အုတ်ဂူကို တည်ပြီးမှ နောက်ထပ်အိမ်ထောင် ယူခွင့်ရှိလေသည်။

သေဆုံးသူသည် ကလေးလူငယ်များ၊ လူပျိုကြီး၊ အပျိုကြီးများဖြစ်ပါကလည်း အုတ်ဂူတည်လိုပါက တည်နိုင်ပြီး မတည်ဘဲနေသည်မျိုးလည်းရှိပေသည်။

သို့ရာတွင် လီဆူလူမျိုးတို့သည် ရှေး ဘိုးဘွားစဉ်ဆက်က မိရိုးဖလာလက်ခံကျင့်သုံးခဲ့သော ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကို ယနေ့တိုင်လိုက်နာလျက်ရှိကြလေသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# စီးပွားရေးလုပ်ငန်းများ

လီဆူသွေးချင်းတို့သည် မိမိတို့၏ အခြေခံစီးပွားရေးလုပ်ငန်းများအဖြစ် စိုက်ပျိုးရေး၊ မွေးမြူရေးကို အဓိကထားကြသည်။ မိသားစု၏ အသက်မွေးဝမ်းကျောင်းအဖြစ် ဘိုးဘွားစဉ်ဆက်ကပင် လုပ်ကိုင်ခဲ့ကြခြင်းဖြစ်သည်။ သို့သော် တောတောင်များထဲတွင် အနေကြာလာသည်နှင့်အမျှ အမဲလိုက်ခြင်းသည်လည်းကောင်း၊ ငါး၊ ဖား၊ ရှာဖွေခြင်းသည်လည်းကောင်း၊ အစားအစာအလို့ငှာ လုပ်ကိုင်ခဲ့ကြပြန်သည်။ ကာလကြာသော် အမဲလိုက်ခြင်းလုပ်ငန်းနှင့် တံငါလုပ်ငန်းများသည်လည်း စီးပွားရေးလုပ်ငန်းများသဖွယ် လုပ်ဆောင်လာခဲ့ကြသည်။ သို့သော် အခြားစီးပွားရေးလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြခြင်းမျိုး ရှိရလေသည်။ သို့ဖြစ်၍ လီဆူတို့၏ စီးပွားရေးလုပ်ငန်းများတွင်-

(က) စိုက်ပျိုးရေး

(ခ) မွေးမြူရေး

(ဂ) အမဲလိုက်ခြင်း

(ဃ) တံငါလုပ်ငန်း

(င) လက်မှုပညာရပ်များ

(စ) အခြားစီးပွားရေးလုပ်ငန်းများဟူ၍ လေ့လာတွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com


## စိုက်ပျိုးရေး

စိုက်ပျိုးရေးလုပ်ငန်းမှာ လီဆူလူမျိုးတို့၏ ဘိုးဘွားလက်ထက်ကပင် မိရိုးဖလာလုပ်ကိုင်ခဲ့သော လုပ်ငန်းဖြစ်သည်။ လီဆူလူမျိုးတို့၏ စွန့်လွှတ်၍ မရသော သမားရိုးကျလုပ်ငန်းဖြစ်သည်။ စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ရန် တောင်ယာခုတ်သောဓလေ့မှာ လီဆူတို့၏ ဗီဇလုပ်ဆောင်ချက်တစ်ခုပမာရှိခဲ့သည်။ တောင်ယာခုတ်သူသည် ၄င်းတောင်ယာမြေကို ပိုင်ဆိုင်ပြီ ဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းကို အသက်မွေးဝမ်းကျောင်းအဖြစ် ဆောင်ရွက်သည်ကိုတွေ့ရသည်။ မိဘလက်ငုပ်လယ်ယာမြေများကို ပိုင်ဆိုင်ကြသည် မျိုးလည်းရှိသည်။ လယ်ယာလုပ်ငန်း၊ ဥယျာဉ်ခြံလုပ်ငန်းများမှာ လီဆူတို့၏ ပျော်မွေ့နှစ်လိုဖွယ်ရှိသောလုပ်ငန်းဖြစ်သည်။

လယ်ယာစိုက်ပျိုးရာတွင် အချို့နေရာဒေသအလိုက် လှေကားထစ်လယ်ယာစိုက်ပျိုးနည်းကိုလည်း အသုံးပြုကြသည်။ မိုးရေကို အားထားစိုက်ပျိုးရသောဒေသများမှာ မိုးရေသောက်လယ်မြေများစွာ ရှိကြသည်။ အချို့သော မြစ်ချောင်းများ၊ အင်းအိုင်များမှရေကို သွယ်ယူစိုက်ပျိုးကြသည် လည်းရှိပေသည်။

စပါးစိုက်ပျိုးရာတွင် ပူတာအိုလွင်ပြင်ဒေသ၊ မူလာရှီးဒီးဒေသ၊ ဝိုင်းမော်မြို့နယ် ခတ်ချို၊ အောင်မြေ၊ ရွှေညောင်ပင်ဒေသများ၊ မြစ်ကြီးနားမြို့နယ်၊ မော်ဖောင်း၊ မန်ဒေါင်၊ ရှင်ဗွေယန်ဒေသများ၊ ကသာမြို့နယ် မြစ်ကြီးနားခြေဒေသများ၊ အင်းတော်မြို့နယ် မော်လူးဒေသများ၊ မိုးမိတ်၊ ဘွတ်ခိုင်၊ ပြင်ဦးလွင်၊ လားရှိုးမြို့နယ်ဒေသများတွင် လယ်ယာစိုက်ပျိုးမြေများ၌ လီဆူတိုင်းရင်းသားတောင်သူကြီးများကို တွေ့မြင်ရသည်။

လှေကားထစ်စိုက်ပျိုးသည့်ဒေသများမှာ ဝိုင်းမော်မြို့နယ် ဆဒုံး၊ ဆမား၊ လုံထန်ဒေသများ၊ ချီဖွေမြို့နယ် နိုဇွန်ဘော်ဒေသများ၊

www.burmeseclassic.com

www.burmeseclassic.com


ဆော့လော်မြို့နယ် မန်ကျီဒေသများ၊ ခေါင်လန်ဖူးမြို့နယ် ထော့ဂေါ်ဒေသများသည် လေ့ကားထစ်စိုက်ပျိုးနည်းများရှိကြပြီး လီဆူးတို့၏ ရွှေ့ပြောင်းတောင်ယာစနစ်ဖြင့် လေ့ကားထစ်စိုက်ပျိုးရေးများကို စိုက်ပျိုးဆောင်ရွက်ကြသည်ကို တွေ့ရသည်။

ထို့ပြင် ဥယျာဉ်ခြံများဖြင့်လည်း စိုက်ပျိုးရေးလုပ်ငန်းများကို စီးပွားဖြစ် စိုက်ပျိုးလုပ်ကိုင်ကြသည်။ လိမ္မော်၊ မက်မန်း၊ လိုင်ချီး၊ သရက်၊ တည်း၊ ပြောင်းဖူး၊ နံ့စားပြောင်း၊ ဂျုံ၊ လူး၊ ဆတ်၊ ပဲအမျိုးမျိုး၊ ဟင်းသီးဟင်းရွက်များကိုလည်း စိုက်ပျိုးထုတ်လုပ်ရောင်းဝယ်ကြ၍ စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်ကြသည်။

နာနတ်၊ သစ်တော့၊ သရက် စသည်တို့ကိုလည်း စိုက်ပျိုးကြသည်။ ခန်းတောက်မြစ်ကို စိုက်ပျိုးထုတ်လုပ်ရောင်းချလျက် စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်မှာလည်း ဂုဏ်ယူစရာပင်ဖြစ်လေသည်။

ရှေးယခင်က လယ်ယာမြေများကို ကျွဲနွားများဖြင့်သာ ထွန်ယက်စိုက်ပျိုးခဲ့ကြသော်လည်း ခေတ်နှင့်အညီ တိုးတက်လာသောယနေ့အချိန်တွင် စက်ကိရိယာနှင့် အသုံးပြုလာခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးခြင်း၊ ဓာတ်မြေသြဇာ၊ သဘာဝမြေသြဇာများကို သုံးစွဲခြင်း၊ ပိုးသတ်ဆေးများသုံးစွဲခြင်း၊ စိုက်ပျိုးရေးနည်းပညာများကို လိုက်နာသုံးစွဲခြင်းများကြောင့် စိုက်ပျိုးရေးလုပ်ငန်းမှာ အောင်မြင်လျက်ရှိနေပြီဖြစ်ပေသည်။

## မွေးမြူရေး

ရှေးယခင်က လီဆူတို့သည် မွေးမြူရေးလုပ်ငန်းကို စီးပွားဖြစ် လုပ်ကိုင်ဆောင်ရွက်ကြခြင်းမျိုးမရှိခဲ့ပါ။ တစ်ပိုင်တစ်နိုင် မွေးမြူကြခြင်းသာ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သို့သော် ယခုအခါ ခေတ်နှင့်အညီ ဈေးကွက်စီးပွားရေးစနစ်ကို ဖော်ဆောင်လုပ်ကိုင်လာသည့်အခါ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လာခြင်းမျိုးရှိပါသည်။ ယခုအခါ နယ်မြေဒေသ အေးချမ်းသာယာခြင်း၊ လမ်းပန်းဆက်သွယ်မှု လွယ်ကူကောင်းမွန်ခြင်း၊ နိုင်ငံတော်မှ ဦးဆောင်လမ်းပြမှုဖြင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာခြင်းကြောင့် လီဆူတိုင်းရင်းသားများသည်လည်း အခြားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများကဲ့သို့ပင် မွေးမြူရေးလုပ်ငန်းများကို ခေတ်နှင့်လျော်ညီစွာ လုပ်ကိုင်ဆောင်ရွက်လာသည်ကို တွေ့ရသည်။

ကျွဲ၊ နွားများကို ထွန်ယက်စိုက်ပျိုးရာတွင် အသုံးပြုရန်အတွက်လည်းကောင်း၊ အသားအလို့ငှာလည်းကောင်း မွေးမြူကြသည်။ မြင်း၊ လားများကို တစ်နေရာမှတစ်နေရာ ဝန်တင်၍သွားလာရာ၌ အသုံးပြုရန် မွေးမြူကြသည်။ သိုး၊ ဆိတ်၊ ကြက်၊ ဘဲ၊ ငါးများကို အစားအစာအလို့ငှာ မွေးမြူကြခြင်းဖြစ်သည်။ အချို့ဒေသများတွင် ယုန်၊ ပျား စသည့်တို့ကိုပင် မွေးမြူလျက်ရှိကြောင်း တွေ့ရှိရပေသည်။

## အမဲလိုက်ခြင်း

လီဆူတို့သည် အမဲလိုက်ခြင်းကို ဝါသနာထုံကြသည်။ တောတောင်ထဲတွင် နေထိုင်ကြသူများဖြစ်၍လည်း အစားအစာအလို့ငှာ အမဲလိုက်ခြင်းရှိခဲ့ကြသည်။ ထိုစဉ်က စီးပွားရေးလုပ်ငန်းရပ်ကဲ့သို့ လုပ်ဆောင်မှုနည်းပါးသည်။ သို့သော် နောင်တွင် အမဲလိုက်ခြင်းသည် လီဆူတို့၏ စီးပွားရေးလုပ်ငန်းသဖွယ် အရေးပါလာခဲ့သည်။ လီဆူတို့သည် အမဲလိုက်ခြင်းလုပ်ငန်းကို ကျွမ်းကျင်မှုရှိကြသည်။ လီဆူမုဆိုးတို့သည် အမဲလိုက်ရာတွင် ဒူးလေး၊ ဆိပ်လူးမြား၊ "လောဝီး" ခေါ် ခဲလုံးပစ်သော လေးကိုနက် ကိရိယာတစ်မျိုး၊ "ပြာကျီး" ခေါ် လေး၊ လှံတံစသည်တို့ဖြင့် အမဲလိုက်ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



အမဲလိုက်နည်းများမှာ-

(၁) ခွေးနှင့်အမဲလိုက်နည်း၊

(၂) လူအမြောက်အမြားဖြင့် ဝိုင်းဖွဲ့ပစ်ခတ်ဖမ်းဆီးနည်း၊

(၃) ချောင်းပစ်နည်း၊

(၄) ဆူးခြောင့်များစိုက် ထောင်ဖမ်းနည်း၊

(၅) လျှော့ချ ဆူးစိုက် ထောင်ဖမ်းနည်း၊

(၆) ကျင်းတူးဆူးစိုက်နည်း၊

(၇) ခလုတ်နှင့် လုံထိုးနည်း၊

(၈) ခလုတ်နှင့် သစ်တုံးကြီးဖြင့် ရိုက်သတ်နည်း၊

(၉) ခြေထောက်ကို ကြိုးဖြင့်ချည်မိအောင် ထောင်ဖမ်းနည်း၊

(၁၀) လည်ပင်းကို ကြိုးဖြင့်ချည်မိအောင် ထောင်ဖမ်းနည်း၊

(၁၁) ကျောက်ပြားကြီးများဖြင့် ဖိမိအောင် ထောင်ဖမ်းနည်း၊

(၁၂) မျောက်လှောင်အိမ်ပြုလုပ်၍ ထောင်ဖမ်းနည်း၊

(၁၃) ကျားလှောင်အိမ်ပြုလုပ်၍ ထောင်ဖမ်းနည်း၊

(၁၄) အစာတွင် အဆိပ်ခပ်ဖမ်းနည်း၊

စသည်တို့ဖြစ်သည်။

ငင်းနည်းလမ်းများကိုအသုံးပြု၍ တောကောင်များကို ဖမ်းဆီးရယူလေ့ရှိကြသည်။ အမဲကောင်ကို တစ်ဦးတည်းရရှိပါက တစ်ဦးတည်းသာ ရယူပြီး အဖွဲ့လိုက်ရရှိပါက အဖွဲ့သားအားလုံးက အညီအမျှခွဲဝေရယူလေ့ရှိကြသည်။ တစ်ဦးတည်းဖြင့်ရရှိသော တောကောင်ကိုမူ အကြီးအသေးပေါ်

www.burmeseclassic.com





ဝိုင်းမော်မြို့နယ် လုံထန်ဒေသ
လှေကားထစ်စပါးစိုက်ခင်း

www.burmeseclassic.com

www.burmeseclassic.com





လားဖြင့် ကုန်ပစ္စည်းများတင်ဆောင်သွားလာနေပုံ

www.burmeseclassic.com

www.burmeseclassic.com


မှုတည်ပြီး အိမ်နီးချင်းများအား ခွဲဝေပေးသောအလေ့အထရှိပါသည်။

## တံငါလုပ်ငန်း

လီဆူတို့သည် အမဲလိုက်လုပ်ငန်းအပြင် တံငါလုပ်ငန်းကိုလည်း ဝါသနာပါကြသည်။ တံငါလုပ်ငန်းသုံးပစ္စည်းများဖြစ်သော မြှုံး၊ ယက်သဲ့၊ ပိုက်၊ ဝါးလုံးပိုက်၊ ငါးမျှားတံများဖြင့် ဖမ်းယူသည့်နည်းများကို အသုံးပြုကြသည်။

ထို့ပြင် ချောင်းပိတ်၍ဖမ်းသောနည်း၊ ဆည်ပိတ်၍ဖမ်းသောနည်း၊ မူးဝေစေသောသတ္တိရှိသည့် သဘာဝသစ်ရွက်၊ သစ်မြစ်၊ သစ်ခေါက်များကို ထောင်းထုကြိတ်ချေ၍ ချောင်းများ၊ အိုင်များတွင်ထည့်၍ဖမ်းနည်းများကိုလည်း အသုံးပြုကြသည်။ ယခုအခါ မြစ်ချောင်းများတွင် ပိုက်ချ၍လည်းကောင်း၊ ငါးမျှားချိတ်ဖြင့် ကြိုးတန်းချ၍လည်းကောင်း ဖမ်းယူသောနည်းများကို အသုံးပြုလာကြသည်ကိုတွေ့ရသည်။ အချို့ဒေသများတွင် အသုံးများသော အုပ်ဆောင်းအုပ်၍လည်းကောင်း၊ ကျားပိုက်၊ ဆွဲပိုက်များဖြင့်လည်းကောင်း ဖမ်းယူသောဓလေ့မှာ လုံးဝမရှိပေ။

## လက်မှုပညာရပ်များ

ကြိမ်ကို စနစ်တကျခွဲခြမ်းစိတ်ဖြာ၍ ကြိမ်အိုး၊ ပလိုင်း၊ တောင်း၊ ခြင်းမျိုးစုံ၊ ကြိမ်ထိုင်ခုံ၊ ကြိမ်ခုတင်ထိုးနည်းပညာများ ကျွမ်းကျင်ကြသည်။ ဝါးဖြင့် တင်းတောင်း၊ ဆန်ကော၊ ဆန်ကာ၊ ပလုံး ရက်လုပ်ကြသည်ကို တွေ့ရသည်။ လီဆူတို့၏ လွယ်ခြင်းများတွင် ခြင်းစိပ်၊ ခြင်းကျဲဟူ၍ နှစ်မျိုးရှိသည်။ ခြင်းကျဲများကိုမူ အသုံးပြုမှု နည်းပါးသည်။ နောက်လွယ်ခြင်း၊ ကျောပိုးခြင်းများ၊ ပလိုင်းများကိုလည်း ထုတ်လုပ်ကြသည်။ လီဆူ တို့သည် လွယ်ခြင်းဖြင့် ကလေးငယ်ကိုလွယ်ပိုး၍ တောတောင်ထဲတွင်

www.burmeseclassic.com

www.burmeseclassic.com



သွားလာနေထိုင်ကြသည်ကိုလည်းတွေ့ရသည်။ ထင်းများ၊ ဟင်းသီး ဟင်းရွက်များ၊ ကုန်ပစ္စည်းကိုလည်း လွယ်ခြင်းဖြင့်ထည့်၍ သွားလာကြသောဓလေ့ကိုတွေ့ရသည်။ ဤသည်မှာ လီဆူတို့၏ လက်မှုပညာရပ် ပြယုဂ်တစ်ခုပင် ဖြစ်သည်။

ပန်းပဲလုပ်ငန်းများလည်းလုပ်ကိုင်ကြသည်။ ဓားအမျိုးမျိုး၊ ထွန်သွား၊ ထယ်သွား၊ မြားထိပ်ဖူး၊ ကြေးအိုး၊ သံအိုးများကို ထုတ်လုပ်ကြသည်။ တံစဉ်၊ ဓားမြှောင်၊ ဓားရှည်၊ ဆောင်ဓား၊ တောင်ယာခုတ်ဓား၊ ရိုးရာဓားစသည့် ဓားအမျိုးမျိုးကို ထုလုပ်သုံးစွဲကြသည်။ တတ်ကျွမ်းကြသည်။

လက်သမားအတတ်ပညာဖြင့် စားပွဲ၊ ကုလားထိုင်၊ ထိုင်ခုံ၊ လှေတည်ဆောက်ခြင်းအပြင် မောင်းဆုံ၊ ရေလည်မောင်း စသည်တို့ကိုလည်း သစ်သားဖြင့် ကျွမ်းကျင်စွာပြုလုပ်နိုင်သည်။ ထို့ပြင် သစ်သားဖြင့် ပန်းကန်လုံး၊ ပန်းကန်ပြား၊ ဇလုံ၊ အင်တုံ၊ ရေခွက် စသည်တို့ကိုလည်း ထွင်းထု၍ သုံးစွဲကြသည်။

ရက်ကန်းလုပ်ငန်းကိုလည်း ကျွမ်းကျင်ကြသည်။ လွယ်အိတ်၊ စောင်၊ ခေါင်းပတ်၊ ခြေစွပ်၊ ဒူးစွပ် စသည့်ရိုးရာ အသုံးအဆောင်ပစ္စည်းများကိုရက်လုပ်သည့် ဂျပ်ခုတ်ရက်ကန်းလက်မှုပညာကို လီဆူအမျိုးသမီးကြီးများက ကျွမ်းကျင်စွာရက်လုပ်တတ်ကြသည်။

## အခြားစီးပွားရေးလုပ်ငန်းများ

လီဆူလူမျိုးများသည် စိုက်ပျိုးရေး၊ မွေးမြူရေးအပြင် အခြားစီးပွားရေးလုပ်ငန်းများကိုလည်းလုပ်ကိုင်ကြသည်။ ကူးသန်းရောင်းဝယ်ရေးကို တစ်နေရာမှတစ်နေရာ ကုန်စည်တင်ပို့မှုလုပ်ငန်းများကိုလည်း

www.burmeseclassic.com

www.burmeseclassic.com





ဒူးလေးလက်နက်ကိုင်ဆောင်ထားသော

ဗန်းမော်နယ် လီဆူမုဆိုးတစ်ဦးကို တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com

ငှပ်ဗိဗ္ဗါးလေလေမှာ ဒှန်ပုံဒှေးလေလေမှာ

www.burmeseclassic.com

www.burmeseclassic.com



လုပ်ဆောင်ကြသည်။ ကုန်စည်တင်ပို့မှုလုပ်ငန်းများကို ဆောင်ရွက်ရာတွင် လမ်းများဆက်သွယ်မှု ခက်ခဲသောဒေသများကို လားများဖြင့် သယ်ယူပို့ဆောင်မှုရှိကြသည်။

သစ်ဝါးခုတ်ခြင်း၊ မီးသွေးဖုတ်ခြင်း၊ ဓာတ်သတ္တုတူးဖော်ခြင်းများကိုလည်း စီးပွားဖြစ်လုပ်ကိုင်ကြသည်။ ဝိုင်းမော်မြို့နယ်၊ မန်ဒေါင်ရှိခေါ်နမ့်ဆန်၊ ယန်ရွှေမော်၊ ချီဖွေမြို့နယ်၊ မေမခမြစ်တစ်ကြော ရွှေမော်များတွင် ရွှေတူးဖော်ရှာဖွေခြင်းကို လုပ်ကိုင်ကြသည်။ ထို့ပြင် ဖားကန့်ဒေသတွင် ကျောက်စိမ်းတူးဖော်ခြင်းကို မိုးကုတ်ဒေသတွင် ပတ္တမြားဓာတ်သတ္တုတူးဖော်ခြင်းလုပ်ငန်းများကိုလည်း နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ရယူကာ စီးပွားဖြစ်လုပ်ကိုင်လေ့ရှိကြသည်။

သစ်တောထွက်ပစ္စည်းများဖြစ်သည့် ပျားရည်၊ ပျားဖယောင်း၊ ခန်းတောက်မြစ်၊ မဂျစ်ဥ၊ ကတိုးနံ့သာ၊ မှိုခြောက်၊ ပန်းခြောက်၊ ဆတ်ချိုနု၊ ၁က်ဝံသည်းခြေများကိုရှာဖွေ၍ ရောင်းဝယ်ဖောက်ကားမှုပြုကြသည်။ ကချင်ပြည်နယ်ဒေသထွက် ခန်းတောက်မြစ်သည် ရေခဲတောင်များတွင်သာ ပေါက်သည်။ ရေခဲဖုံးချိန်တွင် အခိုးများထွက်ပြီး ရေခဲပျော်ချိန်တွင် နုတ်ရသည့် ဆေးဖက်ဝင်အမြစ်ဖြစ်သည်။ အထူးသဖြင့် သုံးနှစ်သက်တမ်းရှိသော ခန်းတောက်မြစ်သည် အလျား ၆ လက်မမှ ၉ လက်မအထိ ရှည်သည်။ ၎င်းအမြစ်မှသာ ပို၍ဆေးဖက်ဝင်၍ ပိုကောင်းသည်ဟုဆိုကြသည်။ အမှတ်မဲ့ကြည့်ပါက နန္ဒင်းမြစ်နှင့်တူသယောင်ရှိသည်။ ခန်းတောက်မြစ်သည် အရသာခါး၏၊ သူ့ကိုအသုံးပြုပုံမှာ ရေတွင်စိမ်၍သောက်သုံးလျှင် လူတို့ ရောဂါဘယကို တားဆီးနိုင်၏။ ရေတွင်စိမ်ပါက အဝါရောင်များ ထွက်ပေါ်လာသည်။ ၎င်းအရည်ကိုမျက်စဉ်းခပ်ပါက မျက်စိရောဂါကို ကာကွယ်နိုင်သည်။ မျက်ခမ်းစပ်ခြင်း၊ မျက်စိနာခြင်း၊ မျက်စိဒဏ်ဖြစ်ခြင်း၊

www.burmeseclassic.com

www.burmeseclassic.com



ကိမ်စွဲခြင်းများ မဖြစ်ရန် ကာကွယ်နိုင်သောသတ္တိထူးရှိသည်။ သွေးထွက်သံယို၊ ထိခိုက်ရှနာဖြစ်ပါက အမြစ်ကိုထုချေပြီး ကြိတ်၍အုံပေးလျှင် ငန်းမန်းဖြစ်ခြင်း၊ အနာဝင်ခြင်းများမှ ကင်းဝေးသည်။ ထို့အတူ အဖျားရောဂါကို နှိမ်နင်းကာကွယ်နိုင်သည်။

မဂျစ်ဥမှာလည်း အရသာခါး၏။ အပူဓာတ်ရှိသည်၊ ပျားရည် အရက်တို့နှင့်ရောစိမ်၍ သောက်ပါက အားကိုဖြစ်စေသည်။ မသေဆေး အဖြစ်လည်း အသုံးများလှသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ရိုးရာဓလေ့ဥပဒေနှင့် တရားစီရင်နည်းများ

လီဆူလူမျိုးတို့သည် တရားဥပဒေကျမ်းဟူ၍ သီးသန့်မရှိသော်လည်း မိမိတို့၏မျိုးနွယ်စုအချင်းချင်း အမှုကြီးငယ်ဖြစ်ပေါ်ပါက ရိုးရာဓလေ့ဥပဒေနှင့်အညီ စီရင်ဆုံးဖြတ်ခြင်းမျိုး ရှိခဲ့သည်။ ထိုသို့စီရင်ဆုံးဖြတ်ခဲ့သော ရိုးရာဓလေ့ဥပဒေများသည်ပင်လျှင် လီဆူတို့၏ ရိုးရာတရားဥပဒေသဖွယ် တည်ရှိခဲ့သည်။ တောင်တန်းဒေသ ရိုးရာဒေထုံးစံဖြစ်၍ မိမိတို့လူမျိုးများ၏ ဥပဒေသဖွယ် တည်ရှိနေခြင်းဖြစ်သည်။ သို့ဖြစ်ရာ လီဆူတို့၏ ရိုးရာဓလေ့ထုံးစံများသည် ဥပဒေအဖြစ် အခြေခံတည်မြဲလျက်ရှိပါသည်။

လီဆူတို့၏ ရိုးရာဓလေ့ထုံးစံအရ အမှုအခင်းစီရင်ခြင်းအပေါ် အခြေခံကာ လီဆူစာပေနှင့် ရိုးရာယဉ်ကျေးမှုကော်မတီမှ သီးခြားဖွဲ့စည်းထားသော ရိုးရာတရားစီရင်ရေးအဖွဲ့ဟူ၍ ရှိပေသည်။ လီဆူလူမျိုးများအတွင်း ဖြစ်ပေါ်လာသော အမှုကိစ္စများအတွက် ဆောင်ရွက်ရသည့် အဖွဲ့တစ်ခုဖြစ်သည်။ ယင်းအဖွဲ့သည် ရှေးယခင်ကမရှိခဲ့ဘဲ လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီဖွဲ့စည်းပြီး နောက်ပိုင်းမှသာ ပေါ်ပေါက်လာသော အဖွဲ့ဖြစ်သည်။ လီဆူရိုးရာတရားစီရင်ရေးအဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်။

(က) လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီမှ တာဝန်ပေးသည့်အခါ အမှုကို မှန်မှန်ကန်ကန် တာဝန်ကျေပွန်စွာ စစ်ဆေးရမည်။



www.burmeseclassic.com

www.burmeseclassic.com


(ခ) အမှုပြဿနာရှိမှသာ လိုအပ်သလို သင့်တော်သူများဖြင့် ဖွဲ့စည်းထားသော ယာယီအဖွဲ့ဖြစ်၍ မိမိတို့စစ်ဆေးရသည့်အမှုပြီးပြတ်လျှင် အဖွဲ့သက်တမ်းကုန်ဆုံးပါသည်။

(ဂ) လူမှုရေးအမှုပြဿနာတို့ကို ဖြေရှင်းရာတွင် အမိန့်အာဏာဖြင့် စီရင်ဆုံးဖြတ်ခြင်းမပြုရ။ လူမှုရေးအရ နှစ်ဖက်သဘောတူ ကျေအေးခြင်းနည်းဖြင့် ဖြေရှင်းပေးရသည်။

(ဃ) အမှုဆောင်ကော်မတီ၏လမ်းညွှန်မှုကို အမှုစစ်ဆေးခြင်း၊ ဖြေရှင်းကျေအေးခြင်းတို့ကို လီဆူရိုးရာဓလေ့ထုံးတမ်း၊ မိရိုးဖလာ ဖြတ်ထုံးများနှင့်ညီညွတ်အောင် လုပ်ဆောင်ရမည်။

(င) တရားလို၏ တိုင်ကြားသည့်အမှုကို လက်ခံစစ်ဆေးခြင်းမပြုမီ နှစ်ဖက်စလုံး၏ဆန္ဒအရ လူမှုရေးဖြင့်ဖြေရှင်းပေးရန် ကတိဝန်ခံချက် လက်မှတ်ထိုးစေပြီး ဖြေရှင်းရမည်။

(စ) တရားလို၊ တရားခံနှစ်ဖက်တို့၏ အကျိုးဆောင်များ သက်သေများ စုံညီမှသာ အမှုကို စစ်ဆေးဖြေရှင်းပေးရမည်။

(ဆ) ပြဿနာဖြေရှင်းကျေအေးပြီးလျှင် - ပဋိညာဉ်ကြေးနှင့် လျော်ကြေး အတိုင်းအတာကို ရိုးရာတရားစီရင်ရေးအဖွဲ့၏ သုံးသပ်ချက် ဆုံးဖြတ်ချက် သတ်မှတ်ပြီးမှ သင့်တော်အောင် ဆောင်ရွက်ရသည်။

(ဇ) မနိုင်သည့်လျော်ကြေးငွေပေးရန် ဆုံးဖြတ်ခြင်းဖြင့် အမှုပြဿနာ ကျေအေးခွင့်မရအောင် ဆောင်ရွက်ခြင်းမျိုး မဖြစ်စေရပါ။

(ဈ) ဘက်လိုက်ခြင်း၊ မျက်နှာလိုက်ခြင်းဖြင့် မိမိတို့တရားစီရင်ရေးအဖွဲ့ အပေါ် အယုံအကြည်ကင်းအောင် လုံးဝမလုပ်မိရန် သတိထားရမည်။

www.burmeseclassic.com

www.burmeseclassic.com



(ည) အမှုမှန်ပေါ်အောင် စစ်ဆေးခြင်း၊ တရားမျှတအောင်ဖြေရှင်းပေးခြင်းဖြင့် ရိုးရာဓလေ့ထုံးတမ်းကို ယုံကြည်လေးစားမှုရရှိအောင် ဆောင်ရွက်မည်။

လီဆူတို့၏ရိုးရာအရ စီရင်ရေးအဖွဲ့သည် ရှေးယခင်ဘိုးဘွားများ ကျင့်သုံးခဲ့သော ရိုးရာဓလေ့ဖြတ်ထုံးများအတိုင်း၊ ရိုးရာဓလေ့ထုံစံများ အတိုင်း အခြေခံလျက် လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏အောက်တွင် အသင်းအဖွဲ့တစ်ခုအနေဖြင့် ရပ်တည်နိုင်သောအဖွဲ့တစ်ခုဖြစ်သည်။ တရား စီရင်ရာတွင် ဤအဖွဲ့သည် အမြဲတမ်းတည်ရှိသော်လည်း အဖွဲ့ဝင်များသည် အမှုအခင်းအတွက် ဖွဲ့စည်းထားသော လူကြီးများကသာ စီရင်ဆုံးဖြတ်ခြင်း၊ စစ်ဆေးခြင်းပြုရသည်။ အဖွဲ့ကို အမြဲတမ်းကော်မတီများ လုံးဝမထားရှိချေ။ အမှုအခင်းဖြစ်ပွားသည်၊ တိုင်ကြားသည်မှစ၍ ပေါ်ပေါက်လာသော ကော်မတီအဖွဲ့ဖြစ်သည်။ စစ်ဆေးပြီးသည်နှင့် ၄င်းကော်မတီလူကြီးများ၏ တာဝန် ပြီးဆုံးသွားပြီးဖြစ်ရာ ဆန္ဒ၊ ဒေါသ၊ ဘယ၊ မောဟ၊ အဂတိတရား လေးပါးကင်းသော ရိုးရာတရားစီရင်နည်းဖြစ်သည်။

အမှုအခင်းတစ်ခုဖြစ်ပေါ်ပါက တိုင်ကြားလိုသူသည် အရက် တစ်ပုလင်းယူပြီး လူမျိုးစုများအပေါ် ဩဇာတိက္ကမရှိသောပုဂ္ဂိုလ်များထံ တိုင်ကြားရသည်။ အမှုငယ်ပါက လူနှစ်ယောက်၊ သုံးယောက်မှ ၄င်း အမှုကိစ္စအတွက် တရားခံ၊ တရားလို၊ နှစ်ဦးနှစ်ဖက် ခေါ်ယူတွေ့ဆုံ၍ ဖြန်ဖြေပေးရသည်။ အမှုကြီးပါက တစ်ယောက်နှစ်ယောက်စီဖြင့် အနည်း ဆုံး (၄) ယောက်ထက်မနည်း လူကြီးများစုပေါင်း၍ ဖြန်ဖြေ စီရင်ပေးရ သည်။ ကြားလူကြီးများပြားလေ ပိုကောင်းလေဖြစ်သည်။ ကြားလူကြီး များမှာ အမှုရှင်နှစ်ဦးနှစ်ဖက်မှ ဆွေမျိုးနီးစပ်သူများ ဆောင်ရွက်ခွင့်မရှိပေ။ အခြားသင့်တော်ရာ ဆွေမျိုးမတော်စပ်သူများထဲမှ အမှုအတွက် လိုက်ပါ

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရွက်ရန် "ကူးဖ" ခေါ် ရှေ့နေကိုလည်း ထားရှိဆောင်ရွက်လေ့ ရှိပါသည်။

အမှုကြီးငယ်ပေါ်မူတည်၍ စီရင်ဆုံးဖြတ်လေ့ရှိကြသည်။ ပြစ်မှုထင်ရှားသည်ကို စစ်ဆေးပေါ်ပေါက်ပါက အမှုငယ်လျှင် ကျူးလွန်သူအား လူကြီးများက နှုတ်ဖြင့်တောင်းပန်ခိုင်းလေ့ရှိသည်။ အမှုကြီးလျှင် တန်ဖိုးပေးလျော်စေခြင်းဖြင့် စီရင်ဆုံးဖြတ်ကြသည်။

အမှုကြီးလျှင် ကြားလူကြီးများက ဆုံးဖြတ်လာသည်ကို မနာခံပါက တစ်ဆင့်တက်၍ ဓားကို ဦးခေါင်းပေါ်တင်၍ ကျမ်းကျိန်ဆိုစေခြင်း၊ ရေပူထဲ ကျောက်ခဲထည့်ကာ သစ္စာဆိုစေ၍ ကျောက်ခဲကို နှိုက်ယူစေခြင်း၊ ရေနက်သောနေရာတွင် ချထားသောကျောက်ခဲကို ငုပ်၍ကောက်ယူစေခြင်းနည်းတို့ဖြင့် စီရင်ဆုံးဖြတ်ကြသည်။

အကယ်၍ ပြစ်မှုထင်ရှားခြင်းမရှိဘဲ လုပ်ကြံ၍တိုင်ကြားပါက တရားလိုအား တန်ပြန်အမှုစွဲပြီး လျော်ကြေးနှစ်ဆကို ပေးလျော်စေသည်။ ဥပမာ ခိုးမှုထင်ရှားပါက တရားခံသည် ခိုးယူသောပစ္စည်းတန်ဖိုးကို တရားလိုအား ပေးလျော်စေပြီး မဟုတ်မမှန်စွပ်စွဲခြင်းဖြစ်ပါက စွပ်စွဲခံရသူအား တရားလိုမှ မူလတန်းဖိုးထက်နှစ်ဆ ပို၍ပေးလျော်ရမည်။

လူသတ်မှုကို စီရင်ဆုံးဖြတ်ရာတွင် သတ်သူသည် ယောကျ်ားဖြစ်ပါက လျော်ကြေး ၉ ထပ်၊ မိန်းမဖြစ်ပါက လျော်ကြေး ၇ ထပ် ပေးလျော်ရသည်။ လျော်ကြေး ၉ ထပ်ဆိုသည်မှာ ကိုးကြိမ်တိုင်တိုင် ပေးလျော်ရပြီး ခုနစ်ထပ်ဆိုသည်မှာ ခုနစ်ကြိမ်တိုင်တိုင် ပေးလျော်ရခြင်းကို ဆိုလိုသည်။ ပထမအကြိမ်တွင် နွားဆယ်ကောင်နှင့် ပစ္စည်းဆယ်မျိုး ပေးလျော်ရသည်။ ဒုတိယအကြိမ်တွင် နွားကိုးကောင်နှင့်ပစ္စည်းကိုးမျိုး

www.burmeseclassic.com

www.burmeseclassic.com


ပေးလျော်ရသည်။ ဤသို့ဖြင့် နောက်ဆုံးအကြိမ် နွားတစ်ကောင်နှင့်ပစ္စည်း တစ်မျိုးပေးလျော်ခြင်းဖြင့် ပြီးဆုံးသွားသည်။ တစ်ကြိမ်လျော်ပြီးတိုင်း နွားတစ်ကောင်နှင့် ပစ္စည်းတစ်မျိုးလျော့၍ ပေးလျော်ရခြင်း ဖြစ်လေသည်။

သူတစ်ပါးမယားခိုးမှုတွင် နွားအကောင် ၃၀ နှင့် ပစ္စည်းအမျိုး ၃၀ ပေးလျော်ရသည်။ ထိုလျော်ကြေးများကို ပထမလင်ယောကျ်ားအား အပြီးအပိုင်ပေး၍ မိန်းမကို ပေါင်းသင်းဆက်ဆံနိုင်သည်။ အကယ်၍ ဖော်ပြပါအတိုင်း လျော်ကြေးမပေးနိုင်ပါက ထိုက်တန်သောလျော်ကြေးကို ပေး၍ မိန်းမကိုလည်း ပထမခင်ပွန်းယောကျ်ားထံ ပြန်ပေးရသည်။ တစ်ခါတစ်ရံ ''မေ့တော့ဘီးဖူဂျီ'' ခေါ် လျော်ကြေးသုံးမျိုးကိုလည်း ပေး ဆောင်ရခြင်းမျိုးရှိသည်။

ယောကျ်ားမရှိသောမိန်းမကို ခိုးပြေးမှုတွင် နွားအကောင် ၃၀ နှင့် အသား ၃၀ တို့ကို လျော်ကြေးပေးရသည်။ သို့သော် ဤအမှုတွင် ပိုင်ရှင်လင်ယောကျ်ားမရှိသည့်အတွက် အုပ်ထိန်းသူမိဘများထံ အကြေး စနစ်ဖြင့် ပေးလျော်ခြင်းမျိုးရှိသည်။

အရက်သေစာ မူးယစ်သောက်စား၍ စကားပြောမှားခြင်းဖြင့် သူတစ်ပါးကို နှုတ်ဖြင့် ထိခိုက်ပြောဆိုခြင်းအတွက် အရက်တစ်ပုလင်းဖြင့် တောင်းပန်သည်။ သို့သော် အရက်မမူးဘဲ စကားပြောဆိုမှုအတွက် ပို၍ ကြီးလေးသောအပြစ်ရရှိပြီး တရားစီရင်သူလူကြီးများ သတ်မှတ်သည့် လျော်ကြေးကို ပေးဆောင်ရသည်။

ထိခိုက်ဒဏ်ရာ ရရှိမှုဖြစ်ပါက ဆေးကုသပေးရသည့်အပြင် လျော် ကြေးကိုလည်း ထိုက်တန်စွာပေးဆောင်ရသည်။

လင်မယားကွာရှင်းမှုတွင် ယောကျ်ားဘက်မှကွာရှင်းလိုပါက

www.burmeseclassic.com

www.burmeseclassic.com



သားသမီးများ၊ အိမ်ရှိပစ္စည်းများအားလုံးကိုစွန့်လွှတ်၍ အိမ်မှ ဆင်းပေးရသည်။ ကွမ်းဖိုးများ ပြန်မရသည့်အပြင် ဇနီးဖြစ်သူအား နွားတစ်ကောင်၊ အဝတ်အစားတစ်စုံတင်၍လာခဲ့ရသည်။ မိန်းမဘက်မှ ကွာရှင်းလျှင်လည်း ယောက်ျားအား ကွမ်းဖိုးနှစ်ဆကို ပြန်၍ပေးလျော်ရပြီး သားသမီးများ၊ အိမ်ရှိပစ္စည်းများအားလုံးကိုစွန့်လွှတ်၍ နေအိမ်မှ အပြီးဆင်းသွားရသည်။

မယားငယ်ယူမှုတွင် မယားကြီးအား ဝက်တစ်ကောင်သတ်၍ အသားတုံး ပလိုင်းတစ်လုံးနှင့် အဝတ်အစားတစ်စုံဖြင့် တောင်းပန်ရသည်။ မယားကြီး၊ ဆွေမျိုးမိဘများအား နွားတစ်ကောင်ပေး၍ တောင်းပန်ရသည်။

သူတစ်ပါးပစ္စည်းခိုးမှုတွင် ရှေးယခင်က ခိုးမှုကြီးလျှင် သတ်ပစ်သည်အထိ ဆုံးဖြတ်လေ့ရှိသည်။ ရွာမှအကြီးအကဲအားလုံးက ဝိုင်းဝန်း ဆုံးဖြတ်ခြင်းဖြစ်သည်။ ကျူးလွန်သူ၏မိဘများကလည်း လူကြီးများအား ဒဏ်ငွေပေးဆောင်ရသည်။ သို့သော် ယခုခေတ်တွင် သတ်သည့်အလေ့ အထမရှိတော့ဘဲ တရားစီရင်ရေးအဖွဲ့ထံ အမှုကိုလွှဲအပ်ကာ ထိုက်တန်သော အပြစ်ဒဏ်ကို ပေးစေသည်ကိုတွေ့ရသည်။ သို့ဖြစ်၍ လီဆူလူမျိုးများတွင် ခိုးမှု မရှိသလောက်ရှားသည်။

လုယက်မှုနှင့် လူသတ်မှုများကို ရှေးအခါက ခိုးမှုကဲ့သို့ပင် ဆုံးဖြတ်ခဲ့သော်လည်း ယခုခေတ်တွင် တရားစီရင်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်အတိုင်း လျော်ကြေးပေး၍ ကျေအေးစေသည်ကို တွေ့ရသည်။

ရှေးအခါက မုဒိမ်းမှုကျူးလွန်လျှင် နှစ်ဖက်စလုံးကို သတ်ပစ်သည်အထိ ရှိခဲ့ကြသည်။ သို့သော် ယခုခေတ်တွင် ထိုသို့သတ်ပစ်ခြင်း မရှိတော့ပေ။ လီဆူလူမျိုးများထဲတွင် မုဒိမ်းမှုမှာ မရှိသလောက် ရှားပါးလှသည်။ လျော်ကြေးဒဏ်ငွေပေးဆောင်စေခြင်းဖြင့် အမှုကို ပြီးပြတ်စေကြောင်း တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com


ကျွဲ၊ နွားများ ခြံသို့ဝင်စားခြင်းအတွက် ကုန်ကျမှုကို ပေးလျော်ရသည်။ နစ်နာမှုအတွက်လည်း ထပ်မံပေးလျော်ရသည်။

ကျွဲနှစ်ကောင်ခတ်၍ သေခြင်း၊ နွားနှစ်ကောင်ဝှေ့၍ သေခြင်းများအတွက် လျော်ကြေးပေးရသည်။ သို့သော် နွားသိုးနှင့် နွားသိုးမဟုတ်သည့်နွား၊ ကျွဲသိုးနှင့် ကျွဲသိုးမဟုတ်သည့်ကျွဲဝှေ့၍ နွားသိုး၊ ကျွဲသိုးများသေလျှင် လျော်ကြေးမရပေ။ နွားသိုး၊ ကျွဲသိုးများကနိုင်ပြီး သင်းပြီးသား ကျွဲ၊ နွားများ သေလျှင်လည်း နွားသိုးရှင်၊ ကျွဲသိုးရှင်က လျော်ကြေးပေးရသည်။ နှစ်ကောင်စလုံးက နွားသိုး၊ ကျွဲသိုးဖြစ်လျှင် မသေသော ကျန်တစ်ကောင်ကိုသတ်ပြီး ရောင်းချခွဲဝေယူကြသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# လီဆူရိုးရာတိုင်းရင်းဆေး

လီဆူတိုင်းရင်းသားတို့၏ နေရပ်ဒေသများက ကချင်ပြည်နယ် အတွင်းရှိ မြို့ရွာများ၊ ကချင်တောင်တန်းဒေသများနှင့် ရှမ်းပြည်နယ်အတွင်းရှိ မြို့ရွာများဖြစ်သည်။

လီဆူတိုင်းရင်းဆေးဆရာများသည် ရိုးရာတိုင်းရင်းဆေးများ ဖော်စပ်ရန် ပရဆေးပင်များကို အပတ်တကုတ် ရှာဖွေစုဆောင်းကြသည်။ တောကြီးမျက်မည်းတွင် သားရဲတိရစ္ဆာန်များကြားမှ အခက်အခဲများကို အန်တုရင်ဆိုင်ကျော်လွှားရင်း ဆေးပင်များ ရှာဖွေကြခြင်းဖြစ်သည်။ အထူးသဖြင့် ကချင်ပြည်နယ်အတွင်းရှိ ကချင်တောင်တန်းဒေသများ၊ ပူတာအို၊ နောင်မွန်း၊ ခေါင်လန်ဖူး၊ မချမ်းဘော၊ ချီဖွေ၊ ဆော့လော်၊ ဝိုင်းမော်မြို့နယ်များရှိ ရေဝေတောင်တန်းကြီးများ၊ ရေခဲတောင်ကြီးများနှင့် သဘာဝသစ်တောကြီးများ၊ မြစ်ကြီးနား၊ တနိုင်း၊ ဗန်းမော်၊ မိုးမောက်၊ မံစီမြို့နယ်များရှိ သဘာဝသစ်တောကြီးများတွင် ခက်ခက်ခဲခဲ သွားလာရှာဖွေကြသည်။

အချို့ဆေးပင်များသည် ကျောက်တောင်ကြီးများနှင့် သစ်ပင်ကြီးများတွင် ကပ်ပါးအပင်အဖြစ် ပေါက်ရောက်လေ့ရှိသည်။ အချို့မှာ ချောင်း ကမ်းပါးစပ်များ၊ တောင်ပေါ်ယာခင်းများနှင့် မြေပြန့်လွင်ပြင်ဒေသများတွင် ပေါက်ရောက်လေ့ရှိသည်။ အချို့ဆေးပင်များမှာကား ဥယျာဉ်ခြံမြေထဲတွင်



www.burmeseclassic.com

www.burmeseclassic.com



စိုက်ပျိုးဖြစ်ထွန်းလေ့ရှိသည်။ ဆေးပင်မျိုးပေါင်း တစ်သောင်းကျော်ရှိသည်ဟု ဆိုပါသည်။ အချို့သည် နှစ်ရှည်ခံပင်များ၊ အချို့မှာ ရာသီပင်များ၊ အချို့ကား သစ်ပင်၊ သစ်ပျော့ပင်၊ နွယ်ပင်၊ ချုံပင်၊ မြက်မျိုးရင်းဝင်ပင်စသည်ဖြင့် ပုံသဏ္ဌာန်နှင့်အရွယ်အစား အမျိုးမျိုးရှိ၏။

ရှာဖွေစုဆောင်းရရှိသည့် ပရဆေးပင်များမှာ မီနာလိုဆစ်၊ ဆင်နီပြေ၊ လာမာလာချဲ၊ နာလူးငါနော်၊ ယွယ်နဲ၊ ယွယ်နွဲ့၊ ဒယ်ခယ်မား၊ ယွေနီဖာလာ၊ ဂါးယွယ်၊ ဂါးရွှေ၊ ချားပြေ၊ ရွယ်နီ၊ ဆာယွယ်၊ ဒယ်ခိုမာ၊ ယွယ်နွန်း၊ ငွားမူးဆား၊ နီမပြာ၊ အာဝေ၊ ကြာလု၊ ချားဟီစာ၊ ဝူးစပ်ဖူး၊ ဇီးပြိုင်ညင်စား၊ ကဲနက်၊ ချီပြာ၊ ဟူးတီးကျယ်၊ ဟူးတီးကျယ်ကျား၊ ဘောလူးဖြူ၊ ညီစား၊ ကျားဟူ၊ ဇီးပြာ၊ ကြာကြာရှိ၊ လူးစစ်၊ ရှုရှားရှီး၊ မီလူး၊ နယ်လူး၊ ခါရွေနီ၊ ဝူရှာခွီး စသည်ဖြင့် အမည်တစ်သောင်းကျော်ရှိသည်ဟု ဆိုလေသည်။ အချို့ဆေးပင်များမှာ လီဆူဘာသာစကားဖြင့် ခေါ်ဝေါ်သုံးစွဲ၍ရသော်လည်း အချို့မှာ မြန်မာလိုအဓိပ္ပာယ်ဖွင့်ဆိုသော ဆေးပင်များလည်းရှိသည်။ လီဆူဘာသာစကားဖြင့် ခေါ်ဝေါ်ခြင်းဆိုသော်လည်း မြန်မာစကားဖြင့် အသုံးလိုက်၍ ခေါ်ဝေါ်သော ခန်းထောက်မြစ်၊ မဂျစ်ဥကဲ့သို့ အစွမ်းထက်သောဆေးပင်များ၊ ဆေးမြစ်များ၊ ဆေးဥများကိုလည်း ရှာဖွေစုဆောင်းကြသည်။

ဆေးပင်များသည် ချို၊ ချဉ်၊ ဖန်၊ ခါး၊ စပ်၊ ဆိမ့်၊ ငံ၊ အေး၊ ပူသည် ဓာတ်သဘာဝများ သတ္တိထူးများရှိသကဲ့သို့ အစွမ်းထက်မြက်ပြီး ဓာတ်လေးပါးကိုနိုင်သည့် သဘာဝဆေးပင်များဖြစ်သည်။ အသုံးပြုရာတွင်လည်း အချို့ပင်စည်၊ အချို့အမြစ်၊ အချို့အခေါက်၊ အချို့အရွက်၊ အချို့ဥ စသည်ဖြင့် ဆေးပင်၏အစိတ်အပိုင်းအလိုက် အသုံးဝင်ကြသည်။ အချို့ဆေးပင်များမှာမူကား ပဥ္စငါးပါး အသုံးပြုနိုင်ကြလေသည်။

www.burmeseclassic.com

www.burmeseclassic.com

တိုင်းရင်းဆေးပညာ နှီးနှောဖလှယ်ပွဲတွင် ပါဝင်ဆွေးနွေး

www.burmeseclassic.com

www.burmeseclassic.com



လီဆူတိုင်းရင်းဆေးဆရာများသည် ရှာဖွေစုဆောင်းရရှိသည့် ဆေးပင်များကို ရိုးရာနည်းပညာများ၊ ဓာတုနည်းစနစ်များဖြင့်ပေါင်းစပ်၍ ဆေးအမျိုးအမည်ပေါင်း တစ်ရာကျော်ကိုဖော်စပ်၍ အသုံးပြုကြသည်။ အချို့ဆေးနည်းများမှာ ဖော်ပြပါနည်းပညာများ၊ နည်းစနစ်များဖြင့် ဖော်စပ်ရန်မလိုဘဲ လတ်တလောအသုံးပြု၍ရသော ရိုးရာနည်းများဖြစ်သည်။ ဥပမာအားဖြင့် ဆေးပင်၏ အစိတ်အပိုင်းတစ်ခုခု၏ သတ္တုရည်ကို သောက်သုံးခြင်း၊ လိမ်းကျံခြင်း၊ အချို့ဆေးပင်၏အစိတ်အပိုင်းတစ်ခုခု (သို့) ပန်းငါးပါးကို ထုချေ၍ဖြစ်စေ၊ လက်ဖြင့်ပွတ်ချေ၍ဖြစ်စေ၊ ရှူခြင်း၊ အသားတစ်ခုခုနှင့် ရောချက်၍စားခြင်း၊ ထိခိုက်ရှနာဒဏ်ရာများကို ထည့်ခြင်းစသည်ဖြင့်အသုံးပြုကြသည်။ ထို့ပြင် ဆေးပင်၏အစိတ်အပိုင်းတစ်ခုခု (သို့) ပန်းငါးပါးကို အခြောက်လှန်းပြီး ရေနွေးတွင် လက်ဖက်ခြောက်ကဲ့သို့ ခပ်၍ သောက်သုံးနိုင်ခြင်း၊ အရက်နှင့်စိမ်၍ သောက်သုံးနိုင်ခြင်း၊ အမှုန့်ပြုလုပ်၍ ပျားရည်နှင့်ရောစပ် စားသုံးနိုင်ခြင်းမျိုးလည်းရှိပေသည်။

လီဆူတိုင်းရင်းဆေးများမှာ လီဆူတိုင်းရင်းဆေးဆရာများအဖွဲ့၏ လက်စွဲကျမ်းအဖြစ် ဆေးအမျိုးအမည်ပေါင်းများစွာ ရှိသည်ဟုဆိုပါသည်။ လီဆူတိုင်းရင်းဆေးဆရာများသည် ပရဆေးပင်များကို ဆက်လက်ရှာဖွေခြင်း၊ ဆေးအမျိုးပေါင်းများစွာကို စုဆောင်းခြင်း၊ စမ်းသပ်၍ သုတေသနပြုကာ ဓာတုနည်းစနစ်များဖြင့် ဖော်စပ်ခြင်းများလည်းရှိပါသည်။

လီဆူရိုးရာတိုင်းရင်းဆေးများသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် အအေးပိုင်းဒေသများတွင် အဖြစ်များသည့် ငှက်ဖျားရောဂါကို ကာကွယ်ကုသနိုင်သည်။ ချောင်းဆိုးခြင်း၊ လေနာရောဂါစွဲကပ်ခြင်း၊ အသည်းရောင်အသားဝါရောဂါ၊ မက်ကလောင်နာ၊ ဒူလာသွေးဝမ်းရောဂါ၊ ခါးယပ်ရောဂါ၊ အရိုးအကြောရောဂါ၊ ဒဏ်ကြေနာ၊ ထိခိုက်ရှနာများကို

www.burmeseclassic.com

www.burmeseclassic.com



နိုင်နင်းသော အစွမ်းထက်ဆေးဝါးများဖြစ်သည်။ လီဆူရိုးရာတိုင်းရင်းဆေးများကို ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြို့ရွာဒေသများတွင် အသုံးများလျက်ရှိပြီး မြန်မာနိုင်ငံအနှံ့အပြားတွင်လည်း အသုံးပြုလျက်ရှိကြောင်း လေ့လာသိရှိရသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ဥပုသ်စာဖြေကျောင်း

လီဆူနှစ်ခြင်းခရစ်ယာန်အသင်းတော်သည် အသင်းတော်ကော်မတီအဖွဲ့ ဖွဲ့စည်းပြီး ခရစ်ယာန်ဘာသာသာသနာ တိုးပွားစည်ပင်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်။ အသင်းတော်ကော်မတီ၏အဖွဲ့ခွဲများအနက် ဓမ္မစာပေပညာကော်မတီသည်လည်း အဖွဲ့တစ်ခုအဖြစ်ပါဝင်သည်။ ဓမ္မစာပေပညာကော်မတီသည် ခရစ်ယာန်ဘာသာသာသနာအကျိုးကို ဆောင်ရွက်ရာ၌ ခရစ်ယာန်ဓမ္မစာပေပြန့်ပွားရေးအတွက် ဥပုသ်စာဖြေကျောင်းကို တည်ထောင်ဖွင့်လှစ်ကာ ကြိုးပမ်းဆောင်ရွက်သည်။

ဥပုသ်စာဖြေကျောင်းသည် လီဆူကလေးများအတွက် ရည်မှန်းဖွင့်လှစ်ခြင်းဖြစ်သည်။ ကလေးငယ်များသည် လီဆူစာပေကို တတ်ကျွမ်းရန်၊ ခရစ်ယာန်ဘာသာကို လီဆူစာပေဖြင့် သင်ယူနားလည်ရန်၊ ဓမ္မကျမ်းစာ၌ပါရှိသော သူရဲကောင်းများအကြောင်း၊ ပုံပြင် ဝတ္ထုများအကြောင်းကို စိတ်ဝင်စားနားလည်ပြီး ဘာသာရေးအခြေခံရရှိစေရန်နှင့် လီဆူစာပေအက္ခရာကို သေချာကျနနားလည်တတ်ကျွမ်းရန်အတွက် ပေါ်ပေါက်လာခြင်းဖြစ်သည်။ နှစ်ခြင်းခရစ်ယာန်အသင်းတော်အလိုက်၊ နေရာဒေသလိုက်၍ လီဆူဥပုသ်စာဖြေကျောင်းများကို တည်ထောင်ထားပေးသည်။ သို့သော် ငွေကြေးတတ်နိုင်သည့်အသင်းတော်များမှ ဥပုသ်စာဖြေကျောင်းကို ကျနသေသပ်စွာ ဆောက်လုပ်နိုင်မှုရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အချို့အသင်းတော်များမှာမူ ဥပုသ်စာဖြေကျောင်းဟူ၍ သီးသန့်တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းမရှိဘဲ အသင်းတော်၏ ဘုရားရှိခိုးကျောင်း၌သော်လည်းကောင်း၊ အသင်းတော်အဆောက်အဦတစ်ခု၌သော်လည်းကောင်း၊ ဥပုသ်စာဖြေကျောင်း၏လုပ်ငန်းကိစ္စများကို ဆောင်ရွက်ပေးလေ့ရှိသည်။

ဆိုခဲ့ပြီးသည့်အတိုင်း ဥပုသ်စာဖြေကျောင်းသည် သက်ဆိုင်ရာအသင်းတော်များ၏အစီအမံဖြင့် ဆောင်ရွက်ခြင်း၊ ကလေးများအားသင်ကြားပို့ချပေးခြင်းဖြစ်ပြီး သင်ကြားသူ ဆရာ (သို့မဟုတ်) ဆရာမသည်လည်း လီဆူကျမ်းစာကျောင်းမှ အောင်မြင်ပြီးသော ဆရာ၊ ဆရာမများကသင်ကြားပေးခြင်းဖြစ်သည်။

အသက် ၅ နှစ်မှ ၁၂ နှစ်အရွယ်ရှိ ကလေးများကို သင်ကြားပို့ချပေးခြင်းဖြစ်ပြီး ဝင်ကြေးထည့်ဝင်ခြင်း၊ ဆရာ၊ ဆရာမ လခထောက်ပံ့ကြေးယူခြင်း လုံးဝမရှိပေ။ ရက်သတ္တပတ်အတွင်း တနင်္ဂနွေနေ့တစ်ရက်တည်းသာ အချိန်ပိုင်းအလိုက် သင်ကြားပေးခြင်းမျိုးဖြစ်သည်။ လီဆူနှစ်ခြင်းခရစ်ယာန်အသင်းတော်များတည်ရှိရာ မြို့ရွာဒေသများတွင် ဆောင်ရွက်လေ့ရှိသော ဥပုသ်စာဖြေကျောင်းများဖြစ်ပါသည်။

ဥပုသ်စာဖြေကျောင်းတွင် တက်ရောက်သင်ကြားသူ လီဆူကလေးများသည် လီဆူစာပေ၊ ခရစ်ယာန်ဘာသာစသည်တို့ကို အခြေခံအဆင့်တတ်ကျွမ်းနားလည်လျှင် ဥပုသ်စာဖြေကျောင်းမှထွက်၍ လီဆူအသင်းတော် လူငယ်များ အသင်းအဖွဲ့တွင်ပါဝင်ပြီးဖြစ်လေသည်။

အချို့သည် အနည်းဆုံး ၂ နှစ်သင်ယူပြီး အချို့မှာ ၄ နှစ်တိတိ သင်ယူကြသည်။ ကလေးများ၏ ဉာဏ်ရည်ဉာဏ်သွေး ထိုးချွန်ထက်မြက်မှု၊ အားနည်းမှု၊ အားသာမှုပေါ်မူတည်၍ နှစ်အလိုက် သင်ကြားရသည်။

www.burmeseclassic.com

www.burmeseclassic.com


အချို့ ဥပုသ်စာဖြေကျောင်းများသည် ဧပြီ၊ မေလများ၌ဖွင့်လှစ်ပြီး အချို့မှာ ဇန်နဝါရီ၊ ဖေဖော်ဝါရီလများတွင် တစ်နှစ်တာသင်ကြားမှု၊ သင်ယူမှု ပြီးဆုံးပြီးဖြစ်သည်။ သင်တန်းပြီးဆုံးပါက ကလေးများကို စာမေးပွဲစစ်မေးသည်။ ဓမ္မတေးသီချင်းများ၊ ပုံပြင်များ၊ သူရဲကောင်းများအကြောင်း၊ အခြေခံလီဆူစာပေ၊ ဗျည်းအက္ခရာတို့ကို ပြန်စစ်မေးခြင်းဖြစ်သည်။

စာမေးပွဲအောင်မြင်မှု၊ ကျရှုံးမှုဟူ၍ ရှိသော်လည်း ကျရှုံးသူများအတွက် ထိခိုက်နစ်နာမှုမရှိပေ။ အောင်မြင်သူများတွင်လည်း အဆင့်ကို သတ်မှတ်ပေးခြင်း သီးခြားမရှိပေ။ ခရစ်ယာန်ဘာသာနှင့် လီဆူစာပေ အခြေခံတို့ကို ဖတ်တတ်အောင်သာ သင်ကြားပေးခြင်းမျိုးဖြစ်ကြောင်း သင်ကြားသူဆရာနှင့် သင်ယူသူကလေးများ၏မိဘတိုင်းက နားလည်ပြီး ဖြစ်လေသည်။

စာမေးပွဲစစ်ဆေးပြီးပါက တစ်နှစ်ကုန်သည်ဟုသတ်မှတ်ပြီး အားကစားပွဲ၊ ပျော်ပွဲရွှင်ပွဲများနှင့် ကလေးများစိတ်ချမ်းသာမှု၊ စိတ်ပျော်ရွှင်မှု၊ စိတ်ဝင်စားမှုရှိစေရန် ဆရာ၊ ဆရာမများဦးဆောင်၍ စီစဉ်ကျင်းပပေးလေသည်။ များသောအားဖြင့် ခရစ်စမတ်ပွဲတော်နီးကပ်လာပါက စာသင်ကြားမှု၊ သင်ယူမှု တစ်နှစ်တာကုန်ဆုံးပြီးဖြစ်၍ တစ်နှစ်တာစစ်ဆေးမှု ကျောင်းပြီးသောအခါ အထိမ်းအမှတ်ပွဲတွင် ကလေးများအား ဗလာစာအုပ်၊ ခဲတံ၊ စာသောက်ဖွယ်ရာ၊ မုန့်ပဲသရေစာများဖြင့် ပေးအပ်ချီးမြှင့်ပြီး ဆရာ၊ ဆရာမကို လက်ဆောင်ပစ္စည်းပေးအပ်ပြီး တစ်နှစ်တာသင်ကြားမှုအစီအစဉ် ရပ်နားပါသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# မြန်မာနိုင်ငံလီဆူ ဓမ္မတက္ကသိုလ်


မြန်မာနိုင်ငံလီဆူဓမ္မတက္ကသိုလ်သည် မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့တွင်ရှိသည်။ ယခင်က လီဆူလူမျိုးများအတွက် တည်ထောင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သော်လည်း ယခုအခါ ခရစ်ယာန်ဘာသာဝင် တိုင်းရင်းသားအားလုံးပါ တက်ရောက်သင်ယူနိုင်သော ဓမ္မတက္ကသိုလ်ဖြစ်သည်။

မြန်မာနိုင်ငံလီဆူတက္ကသိုလ်ကို ပထမဦးစွာ တည်ထောင်ဖွင့်လှစ်ခဲ့သောနေရာမှာ မြစ်ကြီးနားမြို့နယ် ရွှေစက်ရွာဖြစ်သည်။ ၁၉၆၉-ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး ဖွင့်စတွင် ၃ လ သင်တန်းအဖြစ်သာ ရှိခဲ့သည်။ ထိုစဉ်က ဓမ္မတက္ကသိုလ်ဟူ၍ အမည်မပေါ်သေးဘဲ ကျမ်းစာသင်ကျောင်းအဖြစ်သာ စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ကျမ်းစာသင်ကျောင်းစတင်ဖွင့်စဉ်က သိက္ခာတော်ရဆရာတော်ကြီး ဦးလုကိယုမှ ကျောင်းအုပ်ဆရာကြီးအဖြစ် ဆောင်ရွက်ခဲ့သည်။ ထို့နောက် ၁၉၇၃ ခုနှစ်မှစ၍ ၄ လ သင်တန်းအဖြစ် ကာလတိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ သို့သော် ၃ လ သင်တန်းကိုလည်း ဆက်လက်ထားရှိကာ သင်တန်းနှစ်ခုစလုံး သင်ကြားပို့ချခဲ့သည်။ ဤသင်တန်းနှစ်ခုကို တစ်ပြိုင်တည်းဖွင့်လှစ်သော ၁၉၇၃ ခုနှစ်မှစ၍ ကျောင်းအုပ်ဆရာမကြီးအဖြစ် ဆရာဦးလာဝူမှ တာဝန်ယူခဲ့သည်။



www.burmeseclassic.com


www.burmeseclassic.com

မြန်မာနိုင်ငံ လီဆူဓမ္မတက္ကသိုလ်

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com

www.burmeseclassic.com


၁၉၆၉ ခုနှစ်မှ ၁၉၈၉ ခုနှစ်ထိ သိက္ခာတော်ရဆရာကြီး ဦးလမြာတားမှ ကျောင်းအုပ်ကြီးအဖြစ် ဆက်လက်တာဝန်ယူခဲ့သည်။ ၁၉၈၉ ခုနှစ်မှစ၍ ကျောင်းအုပ်ဆရာကြီးအဖြစ် ဦးအလေးဖမှ တာဝန်ယူခဲ့သည်။ ၎င်းဆရာကြီးလက်ထက် ၁၉၉၂ ခုနှစ်တွင် ကျမ်းစာသင်ကျောင်းကို မြစ်ကြီးနားမြို့နယ် ရွှေစက်ရွာမှ မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့သို့ ပြောင်းရွှေ့ဖွင့်လှစ်ခဲ့သည်။ ၁၉၉၅ ခုနှစ်တွင် ပြင်ဦးလွင် ကျမ်းစာသင်ကျောင်းကို လီဆူတက္ကသိုလ်အဖြစ် တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။ ဓမ္မတက္ကသိုလ် စတင်ဖွင့်လှစ်ခဲ့သည့်နှစ်မှာပင် ဒေါက်တာလာဂူမှ ကျောင်းအုပ်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ပါသည်။

မြန်မာနိုင်ငံလီဆူ ဓမ္မတက္ကသိုလ်ကို ၁၉၉၁ ခုနှစ် လဆန်းပိုင်းတွင် စတင်အုတ်မြစ်ချ တည်ဆောက်ခဲ့ရာ ၁၉၉၂ ခု၊ မေလ ၃၀ ရက်နေ့တွင် ပြီးစီးပါသည်။

ဓမ္မတက္ကသိုလ်၏ အဓိကအချက်မှာ "လူမျိုးတကာအတွက် ကောင်းချီးမင်္ဂလာ" ဟူ၍ဖြစ်သည်။ ဓမ္မတက္ကသိုလ်တွင် ဓမ္မအမှုတော်ဆောင်သင်တန်းနှင့် ဓမ္မရေးရာဝိဇ္ဇာဘွဲ့သင်တန်းနှစ်ခုကို ဖွင့်လှစ်ပို့ချပါသည်။ ဓမ္မအမှုတော်ဆောင်ဖြစ် သင်တန်းကို အခြေခံပညာအလယ်တန်းအောင်မြင်ပြီးသူများ တက်ရောက်ခွင့်ရှိပြီး ဓမ္မရေးရာဝိဇ္ဇာဘွဲ့သင်တန်းကိုမူ အခြေခံပညာအထက်တန်းအောင်မြင်ပြီးသူများသာ တက်ရောက်ခွင့်ရှိပါသည်။ သင်တန်းနှစ်မျိုးစလုံးအတွက် သင်တန်းကာလမှာ (၄) နှစ်ဖြစ်ပါသည်။

ဓမ္မတက္ကသိုလ်သို့တက်ရောက်၍ ဓမ္မစာပေများသင်ယူလိုသူ သင်တန်းသား၊ သင်တန်းသူများသည် ပထမဦးစွာ ဝင်ခွင့်စာမေးပွဲဖြေဆိုရသည်။ သတ်မှတ်ထားသော ပညာအရည်အချင်းနှင့် ကိုက်ညီသူများထဲမှ

www.burmeseclassic.com

www.burmeseclassic.com


၃ နှစ်ကြာ နှစ်ခြင်းခရစ်ယာန်ဘာသာဝင်အဖြစ် ခံယူပြီးသူများကို သတ်မှတ်ထားသော စည်းကမ်းချက်များကို လိုက်နာပါမည်ဟု ကတိခံဝန်ချက် လက်မှတ်ရေးထိုးပြီး လျှောက်လွှာကို လက်ခံစဉ်းစားသည်။ လျှောက်လွှာများကို စိစစ်ပြီးပါက သက်ဆိုင်ရာကာယကံရှင်များကို ခေါ်ယူ၍ ဝင်ခွင့်စာမေးပွဲ ကျင်းပပေးသည်။

စာမေးပွဲတွင် ကျမ်းစာဗဟုသုတနှင့် အင်္ဂလိပ်စာတို့ကို ဖြေဆိုရသည်။ အင်္ဂလိပ်စာ အမှတ် (၆၀) အထက်ရလျှင် ဓမ္မတက္ကသိုလ်တွင် ပထမနှစ်သင်တန်း တက်ခွင့်ရသည်။ အမှတ် (၄၀) နှင့် အမှတ် (၆၀) ကြားရရှိသူကို အင်္ဂလိပ်စာအထူးသင်တန်း တစ်နှစ်တက်ရောက်ပြီးမှသာ ပထမနှစ်သင်တန်းကို စ၍တက်ရပါသည်။ အမှတ် (၄၀) အောက်ရရှိသူများကို လုံးဝတက်ခွင့်မပြုပေ။ ပထမနှစ်သင်တန်းသား၊ သင်တန်းသူဦးရေကို (၃၀) အထိသာ ကန့်သတ်လက်ခံပါသည်။

**ဓမ္မတက္ကသိုလ်တွင် တက်ရောက်ခွင့်ရသည့် သင်တန်းသား၊ သင်တန်းသူများ၏ ကျောင်းစရိတ်၊ အသုံးစရိတ် စသည့်ကုန်ကျမှုများကို သက်ဆိုင်ရာအသင်းတော်များ၊ နယ်အသင်းအဖွဲ့ချုပ်တို့မှ တာဝန်ယူရပါသည်။**

**သင်ကြားသောဘာသာရပ်များမှာ ပထမနှစ်သင်တန်းသား၊ သင်တန်းသူများအတွက် ဓမ္မဟောင်းနိဒါန်း၊ ဓမ္မသစ်နိဒါန်း၊ ခရစ်ယာန်ဓမ္မပညာ၊ အသင်းအုပ်ဝတ္တရား၊ လီဆူစာပေ၊ ကမ္ဘာ့သမိုင်း၊ ဂီတသင်္ကေတ စသည့်ဘာသာရပ် (၇) ခုကို သင်ယူရသည်။ ဒုတိယနှစ်တွင် ဓမ္မဟောင်း (ပရောဖက်များ)၊ ဓမ္မသစ် (ရှင်ပေါလု)၊ သမ္မာကျမ်းသမိုင်း၊ အသင်းတော်သမိုင်း၊ ဧဝံဂေလိနှင့် သာသနာပြုမှု၊ ခရစ်ယာန်ဓမ္မပညာ၊ အသင်းအုပ်ဝတ္တရား၊ အသင်းတော်အုပ်ချုပ်မှုရေးရာနှင့် ဂီတသင်္ကေတဟူသည့်**

www.burmeseclassic.com

www.burmeseclassic.com


ဘာသာရပ် (၉) ခုကို သင်ယူရသည်။ ဒုတိယနှစ်သင်တန်းတက်နေစဉ် ဒီ လကာလအတွင်း တနင်္ဂနွေနေ့များတွင် လက်တွေ့သင်ကြားမှု ပြုရသည်။ အဆိုပါသင်ကြားမှုအတွက်ရမှတ်များသည် အရည်အချင်းကိုအသိအမှတ်ပြုသော ရမှတ်များဖြစ်ပါသည်။

၄င်းနောက် တတိယနှစ်တွင် ဓမ္မဟောင်း သီချင်းလော်ကျီ၊ ဓမ္မသစ် သီချင်းလော်ကျီ၊ အသင်းတော်များ တလုံးတဝတည်းဖြစ်မှုရေးရာ၊ ကမ္ဘာ့ဘာသာတရားကြီးများ၊ ဒဿနိကဗေဒ၊ အသင်းအုပ်ဝတ္တရား၊ ခရစ်ယာန်ဓမ္မပညာ၊ အာရှသီချင်းလော်ကျီနှင့် ဂီတသံပုံဟူသည့် ဘာသာရပ် (၉) ခုကို သင်ယူရသည်။

တတိယနှစ်သင်တန်းပြီး၍ နွေရာသီကျောင်းပိတ်ရက်တစ်လခွဲကာလကို လက်တွေ့သင်ကြားမှုပြုရသည်။ မိမိတာဝန်ယူလိုရာအသင်းတော်များတွင် ဆောင်ရွက်နိုင်သည့် လက်တွေ့ဆင်းသည့် အသင်းတော်တစ်ခုခုမှ တာဝန်ရှိသူ၏ ကြီးကြပ်အမှတ်ပေးမှုကိုယူ၍ ဓမ္မတာဝန်ခံထံတင်ပြရသည်။ ၄င်းအမှတ်များကိုလည်း စာမေးပွဲဖြေရာတွင် ထည့်သွင်းဆုံးဖြတ်ပေးပါသည်။ စတုတ္ထနှစ်တွင် ဓမ္မဟောင်းကျမ်းစာပေလေ့လာပုံ၊ ဓမ္မသစ်ကျမ်းစာပေလေ့လာပုံ၊ ကမ္ဘာ့သာသနာပြုမှု၊ စနစ်ကျသီချင်းလော်ကျီ၊ ခရစ်ယာန်ကိုယ်ကျင့်တရားပညာ၊ အသင်းတော်သမိုင်း၊ သုတေသနစာတမ်းပြုစုခြင်းဟူသည့် ဘာသာရပ် (၈) ခုကို သင်ယူရသည်။

သင်တန်းတစ်နှစ်တစ်နှစ်ကို သုံးကြိမ်စာမေးပွဲစစ်ဆေးပါသည်။ ပထမသုံးလ (ဇွန်၊ ဇူလိုင်၊ ဩဂုတ်) တွင် တစ်ကြိမ်၊ ဒုတိယသုံးလ (စက်တင်ဘာ၊ အောက်တိုဘာ၊ နိုဝင်ဘာ) တွင် တစ်ကြိမ် စစ်ဆေးပြီး ဒီဇင်ဘာလကို ကျောင်းပိတ်ပါသည်။ တတိယသုံးလ (ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်လ)တွင် တစ်ကြိမ်စစ်ဆေးပါသည်။ ဘာသာရပ် (၃) ခုကို

www.burmeseclassic.com

www.burmeseclassic.com


မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (အင်းစိန်) မှ အမှတ် (၇၀) ဖိုး စစ်ဆေးအမှတ်ပေးပါသည်။ ကျန်အမှတ် (၃၀) ကို မြန်မာနိုင်ငံ လီဆူဓမ္မတက္ကသိုလ် (ပြင်ဦးလွင်) မှ စစ်ဆေးရပါသည်။ (၃) ဘာသာကျရှုံးလျှင် တစ်နှစ်ကျဟု သတ်မှတ်ပြီး (၂) ဘာသာကျရှုံးလျှင် ပြန်ဖြေခွင့်ပေး၍ အအောင်ပေးသောနည်း ကျင့်သုံးပါသည်။

ဓမ္မအမှုတော်ဆောင်ဖြစ်သင်တန်းတွင် လီဆူဘာသာနှင့် မြန်မာဘာသာတို့ဖြင့်သင်ကြားပြီး သင်တန်း ၄ နှစ်စလုံး တက်ရောက်အောင်မြင်ပါက ဓမ္မအမှုတော်ဆောင်အဖြစ် ဘွဲ့လက်မှတ် **(L.Th)** ကို ပြင်ဦးလွင် လီဆူဓမ္မတက္ကသိုလ်မှ အပ်နှင်းသည်။

ဓမ္မရေးရာဝိဇ္ဇာသင်တန်းကို အင်္ဂလိပ်ဘာသာဖြင့် သင်ကြားပို့ချသည်။ နိုင်ငံတကာက အင်္ဂလိပ်စာကို ကမ္ဘာ့သုံးစာပေအဖြစ် အသုံးပြုနေသည်ဖြစ်ရာ အင်္ဂလိပ်လိုသင်ကြားပေးခြင်းဖြင့် ထူးချွန်သူများပေါ်ပေါက်လာရန်ရည်ရွယ်၍ သင်ကြားခြင်းဖြစ်ပါသည်။ ၄င်းသင်တန်းကို အောင်မြင်ပါက ဓမ္မတက္ကသိုလ်ဝိဇ္ဇာဘွဲ့ **(B.Th)** ဘွဲ့ကို အင်းစိန်မြန်မာနိုင်ငံဓမ္မတက္ကသိုလ်မှ ချီးမြှင့်အပ်နှင်းပါသည်။

မြန်မာနိုင်ငံ လီဆူဓမ္မတက္ကသိုလ်မှ သင်တန်းတက်ရောက်သူများကို သက်ဆိုင်ရာအသင်းတော်၊ နယ်၊ အသင်းအဖွဲ့ချုပ်မိသားစုများမှ ထောက်ပံ့သောစရိတ်ဖြင့် တက်ရသည်။ အသင်းအုပ်ဆရာများ၏ သားသမီးများကို ဓမ္မတက္ကသိုလ်မှ ပညာသင်ဆုများချီးမြှင့်သည်။ ထို့ပြင် ဆင်းရဲချို့တဲ့ပြီး ပညာတော်သူများကိုလည်း နှစ်ခြင်းအသင်းချုပ်၏ ယုဒသန်ထောက်ပံ့ရေးကော်မတီမှ ယုဒသန်ထောက်ပံ့ကြေးအဖြစ် ထောက်ပံ့မှုရရှိကြသည်။ ပညာသင်ယူလိုသော်လည်း ငွေကြေးပြည့်စုံမှု မရှိ၍ အခြားလိုအပ်ချက်များကိုမူ ဓမ္မတက္ကသိုလ်တာဝန်ရှိသူများက

www.burmeseclassic.com

www.burmeseclassic.com


မညာသင်စရိတ်ထောက်ပံ့မည့် စေတနာရှင်ပုဂ္ဂိုလ်များကို ရှာဖွေစီစဉ်၍ ပေးသည်လည်းရှိပေသည်။ ထို့ပြင် သင်တန်းသား သင်တန်းသူများ အတွက် မိတ်ဆုံစားပွဲပြုလုပ်ပေးပြီး ဆွေးနွေးခြင်း၊ ဆုတောင်းခြင်း၊ ခွန်အား ယူခြင်း ပြုလုပ်ပေးပါသည်။

လီဆူဓမ္မတက္ကသိုလ်တွင် ကျောင်းအုပ် (၁) ဦး၊ ဒုကျောင်းအုပ် (၁) ဦး၊ ပညာရေးတာဝန်ခံ (၁) ဦး၊ ကျောင်းသားရေးရာ၊ ဘဏ္ဍာထိန်း၊ စာချုပုဂ္ဂိုလ် စသည်ဖြင့် ချိန်ပြည့်၊ ဆရာဆရာမ (၁၄) ဦးနှင့် အချိန်ပိုင်း (၁) ဦး ရှိပါသည်။ ဧည့်သည်ပါမောက္ခဆရာကြီးများလည်း လာရောက် သင်ကြားပို့ချပေးခြင်းမျိုး ရှိပါသည်။ ထို့ပြင် အုပ်ချုပ်မှုဗဟိုကော်မတီဟူ၍ ရှိသည်။ အုပ်ချုပ်မှုဗဟိုကော်မတီ၏အောက်တွင် လူမှုရေးရာကော်မတီ၊ ဝိညာဉ်ရေးရာကော်မတီ၊ ဂီတရေးရာကော်မတီ၊ အားကစားကော်မတီ၊ စိုက်ပျိုးရေး မွေးမြူရေးကော်မတီ၊ ဘဏ္ဍာငွေရှာဖွေရေးကော်မတီ၊ အစား အသောက်ကျွေးမွေးရေးကော်မတီဟူ၍ရှိသည်။ တစ်ဖွဲ့လျှင် ဆရာတစ်ဦးက ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်ပြီး သင်တန်းသားသင်တန်းသူတစ်ဦးက အတွင်း ရေးမှူးတာဝန် ဆောင်ရွက်ရသည်။ အဖွဲ့ဝင်များကို သင်တန်းသား သင် တန်းသူများထဲမှ ဝါသနာအရဖြစ်စေ၊ သင့်တော်သည့် စီမံခန့်ခွဲရေးနည်းအရ ဖြစ်စေ ဖွဲ့စည်းထားပါသည်။

လူမှုရေးကော်မတီသည် ကျောင်းသားသစ်များကို မောင်မယ် သစ်လွင်ကြိုဆိုပွဲပြုလုပ်ခြင်း၊ ကျပန်းစကားပြောပွဲ၊ ပြဇာတ်ပြိုင်ပွဲ၊ ခရစ်ယာန် ဓမ္မအငြိမ့်ပွဲ၊ ကျောင်းသားတစ်ဦးချင်း၏မွေးနေ့ပွဲ စသည်တို့ကိုဆောင်ရွက်ရ သည်။ ဝိညာဉ်ရေးရာကော်မတီသည် ဝတ်ပြုကိုးကွယ်သည့်အစီအစဉ် ဓမ္မရေးရာဟောပြောခြင်း၊ နေ့ထူးနေ့မြတ်များ၊ ခရစ်စမတ်ပွဲ စသည်တို့တွင် ခရစ်ယာန်ဘာသာဝင်တစ်ဦးစီ၏ ဝိညာဉ်ရေးရာကိစ္စများကိုလည်းကောင်း၊

www.burmeseclassic.com



ဆုတောင်းခြင်း၊ ဆက်ကပ်ခြင်း ကျေးဇူးတော်ချီးမွမ်းခြင်းဖြင့်လည်းကောင်း ဆောင်ရွက်ရသည်။

ဂီတရေးရာကော်မတီသည် ဝတ်ပြုကိုးကွယ်ခြင်း၊ ဆုတောင်းခြင်း၊ ကျေးဇူးတော်ချီးမွမ်းခြင်း စသည်တို့တွင် သီချင်းဆိုခြင်း၊ တေးဂီတရေးဖွဲ့ခြင်းဖြင့် ဓမ္မတက္ကသိုလ်ဂီတလုပ်ငန်းများကို ဆောင်ရွက်ရသည်။ အားကစားကော်မတီသည် သင်တန်းသူ သင်တန်းသားအချင်းချင်းဖြစ်စေ၊ အခြားအသင်းတော်များကို ဖိတ်ကြား၍ဖြစ်စေ၊ အားကစားပြိုင်ပွဲများ၊ လုပ်ငန်းရပ်များကို တာဝန်ယူဆောင်ရွက်ရသည်။ စိုက်ပျိုးမွေးမြူရေးကော်မတီသည် သီးနှံစိုက်ပျိုးရေး၊ ပန်းအလှစိုက်ပျိုးရေး၊ ဝက်မွေးမြူရေးတို့ကိုဆောင်ရွက်ပြီး ၄င်းလုပ်ငန်းများမှရရှိသည့်ဝင်ငွေများဖြင့် ဓမ္မတက္ကသိုလ်မှကျင်းပသောပွဲတော်များ အခမ်းအနားများအတွက်ရရှိသော ရန်ပုံငွေကို အထောက်အကူပြုရသောကော်မတီ ဖြစ်သည်။

ဘဏ္ဍာငွေရှာဖွေရေးကော်မတီသည် ကျောင်းသားကျောင်းသူများအတွက်ဝတ်စုံများထုတ်လုပ်ရောင်းချ၍ ရန်ပုံငွေရှာခြင်း၊ ခရစ်စမတ်လက်ဆောင်ပစ္စည်းများ ထုတ်လုပ်ရောင်းချ၍ ရန်ပုံငွေရှာခြင်း၊ ဈေးရောင်း၍ ရန်ပုံငွေရှာဖွေခြင်းလုပ်ငန်းများ ဆောင်ရွက်ရသည်။ အစားအသောက်ကျွေးမွေးရေးကော်မတီသည် ဓမ္မတက္ကသိုလ်ရှိ သင်တန်းသား သင်တန်းသူများအားလုံး၏ အစားအသောက်ကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရသောကော်မတီဖြစ်သည်။ သင်တန်းသား သင်တန်းသူများမှ အလှည့်ကျဈေးဝယ်ပြီး သင်တန်းတစ်ခုလုံးအတွက် ကျွေးမွေးရေးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ရသည်။ ပုံနှိပ်ထုတ်ဝေရေးကော်မတီသည် ဓမ္မတက္ကသိုလ်၏ နှစ်စဉ်ပြက္ခဒိန်ထုတ်ဝေရေး၊ လက်ကမ်းစာစောင်ထုတ်ဝေရေးနှင့် စာအုပ်စာပေဖြန့်ချီရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ရသောအဖွဲ့

www.burmeseclassic.com



ဖြစ်သည်။

ဓမ္မတက္ကသိုလ်တွင် ပင်မအဆောင်ကြီး၊ ကျောင်းအုပ်ကြီးနှင့် ဆရာ၊ ဆရာမများနေအိမ်၊ သင်တန်းသား သင်တန်းသူများ ဘော်ဒါဆောင်၊ ဆရာဆရာမများနှင့် သင်တန်းသားသင်တန်းသူများအတွက် အိမ်သာ၊ ရေချိုးခန်း စသည်များရှိသည်။ ရုံးခန်း၊ စာကြည့်တိုက်၊ စာသင်ခန်းများနှင့် ဆရာ၊ ဆရာမများ နားနေခန်း၊ အားကစားကွင်းနှင့် ပန်းဥယျာဉ်များရှိသည်။ စာကြည့်တိုက်ကြီးမှာ စာအုပ်အမျိုးအစားပေါင်း ခြောက်ထောင်ကျော်ရှိပြီး အာရှတိုက်ရှိ ခရစ်ယာန်ကျမ်းစာကျောင်းများမှာ ၃ နှစ်တစ်ကြိမ် လာရောက်စစ်ဆေးလေ့ရှိပြီး လိုအပ်ချက်များကို ဖြည့်ဆည်းထားရှိသဖြင့် စာအုပ်မျိုးပေါင်းများစွာ ရှိပေသည်။

ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံလီဆူဓမ္မတက္ကသိုလ်တွင်တက်ရောက်၍ ခရစ်ယာန်ဘာသာစာပေများသင်ယူနေသော တိုင်းရင်းသားများမှာ လီဆူ လူမျိုးများအများဆုံးဖြစ်ပြီး ဂျိန်းဖော့၊ လော်ဝေါ်၊ လားချိဒ်၊ ခိုင်ဝါး၊ ရှမ်း၊ သားဟူ၊ ကရင်၊ ဝ၊ ချင်း၊ နာဂ၊ ဗမာနှင့် အာခါဟူ၍ တိုင်းရင်းသား လူမျိုးစုံတို့ တက်ရောက်သည့်ဓမ္မတက္ကသိုလ်ကြီးဖြစ်သည်။ သို့ဖြစ်၍ ခရစ်ယာန်ဘာသာဝင်တိုင်းရင်းသား၊ တိုင်းရင်းသူများအတွက် အားကိုး အားထားပြုထိုက်သော ဓမ္မတက္ကသိုလ်ကြီးအဖြစ် အထင်အရှားတည်ရှိ နေပေသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ထူးချွန်ထင်ရှားပုဂ္ဂိုလ်များ

## (၁) ဗိုလ်ကြီး မြို့တုံတန် (သောင်းရှ)

လီဆူလူမျိုးများထဲမှ ပထမဦးဆုံး တပ်မတော်သို့ဝင်ရောက် အမှုထမ်းသူဖြစ်သည်။ ဗိုလ်ကြီးမြို့တုံတန်သည် ကချင်ပြည်နယ်၊ ဗန်းမော်မြို့နယ် ဆယ်အိမ်ရွာသားဖြစ်သည်။ ၁၉၀၈ ခုနှစ်တွင် တပ်မတော်သို့ စတင်ဝင်ရောက်ခဲ့ပြီး အင်္ဂလိပ်တပ်တွင် (၃၁) နှစ် အမှုထမ်းပြီး ၁၉၃၉ ခုနှစ်တွင် အငြိမ်းစားယူခဲ့သည်။

ဗိုလ်ကြီး မြို့တုံတန်သည် စိတ်ထားကောင်းမွန်ပြီး ရိုးသားကြိုးစားသည်။ ရဲစွမ်းသတ္တိလည်းရှိသည်။ တိုက်ပွဲများစွာတွင်ပါဝင်ခဲ့ပြီး ဆုတံဆိပ်များစွာ ချီးမြှင့်အပ်နှင်းခြင်းခံရသူဖြစ်သည်။ ဗိုလ်ကြီးမြို့တုံတန်ရရှိခဲ့သော ဆုတံဆိပ်များနှင့် တိုက်ပွဲများမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ ၁၉၁၄-၁၅ ခုနှစ်၊ ဟူးကောင်းချိုင့်ဝှမ်းတိုက်ပွဲ၌ သူရဲကောင်း ဆုတံဆိပ်

၂။ ၁၉၁၄-၁၈ ခုနှစ်၊ ဂျာမနီစစ်ပွဲ၌ ဆုတံဆိပ်

၃။ ၁၉၁၄-၁၉ ခုနှစ်၊ ဂျာမနီစစ်ပွဲ၌ ဆုတံဆိပ်

၄။ ၁၉၁၆ ခုနှစ်၊ **Indian Order Of Merit (I.O.M)** ဘွဲ့တံဆိပ်



www.burmeseclassic.com

www.burmeseclassic.com



၅။ ၁၉၁၇ ခုနှစ်၊ မက်ဆိုပိုတေးမီးယားဒေသ၊ ကပ်ဒစ်စတန်စစ်ပွဲ၌ ဆုတံဆိပ်

၆။ ၁၉၂၀ ၂၁ ခုနှစ်၊ မြန်မာတန်ပြန်ထိုးစစ်တိုက်ပွဲ၌ ဆုတံဆိပ်

၇။ ၁၉၃၅ ခုနှစ်၊ အင်္ဂလန်နိုင်ငံ ပဉ္စမမြောက် ဂျော့ဘုရင်နှင့် မေရီဘုရင်မတို့၏ ဂျူဗလီပွဲ ချီးမြှင့်သော **Medal** မှ ဆုတံဆိပ်

၈။ ၁၉၃၇ ခုနှစ်၊ **Contion** ဆုတံဆိပ်

၉။ ၁၉၃၇ ခုနှစ်၊ ပဉ္စမမြောက် ဂျော့ဘုရင်လက်ထက်တွင် သားစဉ်မြေးဆက် ခံစားရရှိသော ဆုတံဆိပ်တို့ ချီးမြှင့်ခြင်းခံရသည်။

လီဆူလူမျိုးများထဲတွင် တပ်မတော်သို့ အစောဆုံးဝင်ရောက်တာဝန်ထမ်းဆောင်သူ၊ ရဲစွမ်းသတ္တိရှိသူ၊ ယုံကြည်စိတ်ချရသူ ပုဂ္ဂိုလ်တစ်ဦးဖြစ်၍ စံနမူနာယူထိုက်သူဖြစ်ပေသည်။

## (၂) ဆူပတာမေဂျာလဆန်ဂမ် (လမေတား)

ဆူပတာမေဂျာလဆန်ဂမ်၏ မွေးသက္ကရာဇ် ဇာတိရပ်ရွာကိုမူ တိကျစွာမသိရှိပေ။ အကျင့်စာရိတ္တကောင်းမွန်ပြီး လုပ်ငန်းဆောင်ရွက်ရာ၌ တိကျသူတစ်ဦးဖြစ်သည်။

၁၉၁၄ ခုနှစ်တွင် ရဲတပ်ဖွဲ့သို့ ပထမဆုံးဝင်ရောက်အမှုထမ်းသည်။ ၁၉၁၇ ခုနှစ်တွင် တပ်မတော်သို့ ပြောင်းရွှေ့တာဝန်ထမ်းဆောင်သည်။ ရာထူးအဆင့်ဆင့် တိုးမြှင့်ခြင်းခံရပြီး အရာခံဗိုလ်ရာထူးဖြင့် မက်ဆိုပိုတေးမီးယားစစ်မြေပြင်၌ စစ်သားများကို ခေါင်းဆောင်တိုက်ခဲ့သူဖြစ်သည်။ ၁၉၃၁ ခုနှစ်တွင် ပဉ္စမမြောက်ဂျော့ဘုရင်က သက်တော်စောင့်အဖြစ် ရွေးချယ်ခြင်းခံရသည်။

www.burmeseclassic.com

www.burmeseclassic.com



**King Orderly Officer** ရာထူးဖြင့် အင်္ဂလန်နန်းတော်တွင် (၄) လ သက်တော်စောင့်တာဝန် ယူခဲ့သူဖြစ်သည်။ တိုက်ပွဲအမျိုးမျိုးတွင် ခေါင်းဆောင်တိုက်ရာ၌ အောင်မြင်ခဲ့၍ အင်္ဂလန်ပြည့်ရှင် ဝိတိုရိယဘုရင်မကြီး၏ဆုတံဆိပ်ကို ပဥ္စမမြောက်ဂျော့ဘုရင်ကိုယ်တိုင် ချီးမြှင့်ခြင်း ခံခဲ့ရလေသည်။

## (၃) ဒုတိယဗိုလ်မှူးကြီး အားဒီ

အဘ ဦးဝါဇော်ဖာ၊ အမိ ဒေါ်အားနာလာတို့မှ ၁၉၀၆ ခုနှစ်၊ ဧပြီလ ၂၆ ရက်နေ့တွင် ကချင်ပြည်နယ်၊ ခေါင်လန်ဖူးမြို့နယ် အဘိုးထားရွာ၌ မွေးဖွားသည်။

မွေးဖွားခဲ့ရာနေရာမှာ နယ်စွန်နယ်ဖျားဒေသဖြစ်၍လည်းကောင်း၊ ငယ်စဉ်က အတန်းပညာကိုသင်ယူနိုင်ခဲ့ခြင်းမရှိပေ။ အသက် (၁၇) နှစ် အရွယ်တွင် ကချင်ပြည်နယ်တောအုပ်တစ်ဦး၏ အစောင့်အကူ ဝန်ထမ်းအဖြစ် အမှုထမ်းခဲ့သည်ဟုသိရသည်။

၂၆-၄-၁၉၂၅ ရက်နေ့တွင် အမှတ် (၁) ကချင်ရိုင်ဖယ်တပ်သို့ ဝင်၍ စစ်မှုထမ်းခဲ့သည်။ သာမန်တပ်သားဘဝမှ ဒုတိယဗိုလ်မှူးကြီး အဆင့်အထိ ရာထူးအဆင့်ဆင့် ရောက်ရှိတာဝန်ထမ်းခဲ့ပြီး (၁-၂-၅၆) ရက်နေ့တွင် အမှတ် (၁) ကချင်သေနတ်ကိုင်တပ်ရင်း၊ တပ်ရင်းမှူးအဖြစ်မှ အငြိမ်းစားယူခဲ့သည်။ ဒုတိယဗိုလ်မှူးကြီး အားဒီ၏ စစ်မှုထမ်းသက်မှာ (၂၀) နှစ်နှင့် (၂၂၈) ရက်ဖြစ်သည်။ ကိုယ်ပိုင်အမှတ်မှာ **B.C 3810** ဖြစ်သည်။

ဗမာ့တပ်မတော်တွင် အမှုထမ်းစဉ်က ပြင်ဦးလွင်၊ လားရှိုး၊ ပခုက္ကူ၊ တိုင်ပေ၊ မလေးရှားဒေသများတွင် တာဝန်ထမ်းဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဘပ်မတော်တွင် တာဝန်ထမ်းရွက်ရင်း ရောမအက္ခရာဘာသာစကားကို ၁၉၃၁ ခုနှစ်တွင် ပြင်ဦးလွင်၌လည်းကောင်း၊ ၁၉၃၄ ခုနှစ်တွင် တိုင်ပေ၌လည်းကောင်း၊ အင်္ဂလိပ်ဘာသာစကားကို ၁၉၃၇ ခုနှစ်တွင် မန္တလေး၌လည်းကောင်း၊ ၁၉၃၉ ခုနှစ်တွင် ပြင်ဦးလွင်၌လည်းကောင်း၊ ၁၉၄၅ ခုနှစ်တွင် မူဆယ်၌လည်းကောင်း သင်ယူတတ်မြောက်ခဲ့သည်။ ထို့ပြင် မြန်မာ၊ ဂိုန်ဖော့၊ ဟိန္ဒီဘာသာစကားများကိုပါ ကျွမ်းကျင်စွာတတ်မြောက်သူလည်းဖြစ်သည်။

အမှတ် (၁) ကချင်သေနတ်ကိုင်တပ်တွင် တာဝန်ထမ်းစဉ် ၁၉၄၂ ခုနှစ်၊ နှစ်ဆန်းစတွင် ရဲဘော်သုံးကျိပ်ဝင်လာစဉ်က အင်ဖာ၊ ကာလကတ္တား၊ ဘုံဘေ၊ မဒရပ်မြို့များတွင် နေထိုင်ခဲ့သည်။ ၁၉၄၀-၄၂ ခုနှစ်အတွင်း အင်္ဂလိပ်တပ်များ မြန်မာနိုင်ငံအတွင်းသို့ ပထမဆုံးအကြိမ် ထိုးစစ်ဆင်နွှဲစဉ်က ထိုစစ်ကြောင်းတွင် ဒုတိယဗိုလ်မှူးကြီး အားဒီ ပါဝင်ခဲ့သည်။ ထို့ပြင် ၁၉၄၃-၄၄ ခုနှစ်တွင် အင်္ဂလိပ်ဗိုလ်မှူး ဝင်းကိတ်ခေါင်းဆောင်သော ချင်းဒွိလမ်းဖောက်ရေးအဖွဲ့တွင်လည်း သူပါဝင်ခဲ့သည်။ ၁၉၄၄-၄၅ ခုနှစ်တွင် ဒုတိယအကြိမ် ထိုးစစ်ဆင်နွှဲရာတွင်လည်း ပါဝင်ခဲ့သည်။

ထို့ကြောင့် အင်္ဂလိပ်အစိုးရက ကချင်ပြည်နယ်မြောက်ပိုင်းဒေသတွင် ထူးချွန်စွာစစ်မှုထမ်းခဲ့သူ၊ ရဲရင့်ထက်မြက်သူအဖြစ် အသိအမှတ်ပြုကာ (B.G.M) ခေါ် ထူးချွန်သည့် စစ်သူရဲကောင်းဘွဲ့တံဆိပ်ကို ချီးမြှင့်ခြင်းခံရသူဖြစ်သည်။

ဒုတိယဗိုလ်မှူးကြီး အားဒီသည် အမှတ် (၁) ကချင်သေနတ်ကိုင်တပ်ရင်း တပ်ရင်းမှူးအဖြစ်မှ အငြိမ်းစားယူပြီးနောက် မြစ်ကြီးနားမြို့နယ် မယ်ခရိန်ကျေးရွာတွင် ဇနီးသားသမီးနှင့်အတူ အေးချမ်းစွာနေထိုင်ခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၂၁) ရက်နေ့ အသက် (၇၄) နှစ်အရွယ်တွင်

www.burmeseclassic.com

www.burmeseclassic.com


မြစ်ကြီးနားမြို့၊ ပြည်နယ်ဆေးရုံကြီးတွင် အကြောရောဂါဝေဒနာခံစားရင်း ကွယ်လွန်ခဲ့သည်။

## (၄) ဒေါက်တာယောရှ

ဒေါက်တာယောရှကို အဘဦးရာတား၊ အမိဒေါ်စံမဆီးတို့မှ (၁၈.၈.၁၉၃၅) ရက်နေ့တွင် ရှမ်းပြည်နယ်၊ ကွတ်ခိုင်မြို့နယ်၊ နန့်ဖတ်ကာ ရွာ၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က ကွတ်ခိုင်မြို့ အမျိုးသားခရစ်ယာန် အထက်တန်းကျောင်း၊ (ယခု အ.ထ.က-၂ ကွတ်ခိုင်) တွင် အလယ်တန်း အောင်သည်အထိ ပညာများသင်ယူခဲ့ပြီး ရန်ကုန်မြို့ အ.ထ.က (၄) အလုံ (ကူရှင်ကျောင်း) တွင် အထက်တန်းပညာများသင်ယူခဲ့သည်၊ ၁၉၅၅ ခုနှစ်တွင် ၁၀ တန်းအောင်မြင်ခဲ့သည်။ ၁၉၆၃ ခုနှစ်တွင် ရန်ကုန်ဝိဇ္ဇာသိပ္ပံတက္ကသိုလ်မှ ဝိဇ္ဇာဘွဲ့ရရှိခဲ့သည်။ မြန်မာနိုင်ငံရှိ လီဆူလူမျိုး များထဲတွင် ပထမဦးဆုံးသော နိုင်ငံတော်အစိုးရပညာရေးဌာန၏ ဘွဲ့ဒီဂရီ ရရှိခဲ့သူဖြစ်သည်။

ထို့နောက် ၁၉၆၃ ခုနှစ်တွင် ရန်ကုန်မြို့ပညာရေးတက္ကသိုလ်မှ ပညာရေးဒီပလိုမာ **(Dip-Ed)** ဘွဲ့ ရရှိခဲ့သည်။ ၁၉၇၀ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ နမ္မတူမြို့နယ်၊ မန်တုံ အ.လ.က တွင် အလယ်တန်းကျောင်းအုပ် အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။၎င်းအပြင် နမ္မတူမြို့နယ်၊ တရားသူကြီး အဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။ ၁၉၇၀ ခုနှစ်၊ အောက်တို ဘာလတွင် ပညာရေးဝန်ထမ်းအဖြစ်မှ အငြိမ်းစားယူခဲ့သည်။

၁၉၇၅ ခုနှစ်မှ ၁၉၈၆ ခုနှစ်အထိ လီဆူနှစ်ခြင်းခရစ်ယာန်အသင်းချုပ် ဖွဲ့စည်းခြင်းလုပ်ငန်းတွင် ဘာသာရေးလုပ်ငန်းတာဝန်များ ဆောင်ရွက်ခဲ့ပြီး အထွေထွေအတွင်းရေးမှူးတာဝန်ကို ထမ်းရွက်ခဲ့သည်။ ၁၉၇၇ ခုနှစ်

www.burmeseclassic.com



၁၉၈၀ ခုနှစ်ထိ မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (အင်းစိန်) တွင် ဓမ္မဝိဇ္ဇာဘွဲ့ **(B.D)** ရရှိခဲ့သည်။

၁၉၈၄ ခုနှစ်တွင် ထိုင်းနိုင်ငံဘန်ကောက်မြို့၌ ခရစ်ယာန်ဘဏ္ဍာထိန်းကောင်းဆွေးနွေးပွဲကို တက်ရောက်ခဲ့သည်။ ၎င်းနောက် ၁၉၈၆ ခုနှစ်မှ ၁၉၈၉ ခုနှစ်အထိ အမေရိကန်နိုင်ငံ ကင်းဆတ်မြို့ရှိ **Central Baptist Theological Seminary** တွင် ဘာသာရေးသင်တန်းများ တက်ရောက်ခဲ့သည်။ ၁၉၈၆-၁၉၈၇ ခုနှစ်တွင် ၎င်းကျောင်းမှ ဓမ္မမဟာဝိဇ္ဇာဘွဲ့ **(M.Div)** ဘွဲ့ ရရှိခဲ့သည်။ ၁၉၈၇-၈၉ ခုနှစ်တွင် စိန်ပေါ ဓမ္မတက္ကသိုလ်မှ ဓမ္မပါရဂူဘွဲ့ရရှိခဲ့သည်။ ၁၉၉၀ ခုနှစ်တွင် မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (အင်းစိန်) ၌ စာချပုဂ္ဂိုလ်အဖြစ် တစ်နှစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ၁၉၉၁ ခုနှစ်မှ ၁၉၉၆ ခုနှစ်အထိ မြန်မာနိုင်ငံနှစ်ခြင်းခရစ်ယာန်အသင်းချုပ်တွင် တွဲဘက်အတွင်းရေးမှူးတာဝန်၊ ၁၉၉၇ မှ ၁၉၉၉ ထိ ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်ခဲ့သည်။ မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (အင်းစိန်) သည် တိုင်းရင်းသားလူမျိုးပေါင်းစုံအဖွဲ့ချုပ် (၁၆) ခု ပါဝင်သော ခရစ်ယာန်ဓမ္မတက္ကသိုလ်ကြီးဖြစ်သည်။

၁၉၉၆ ခုနှစ်တွင် မက္ကဆီကိုနိုင်ငံသို့ ခရစ်ယာန်ဆက်သွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်သော အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ၁၉၉၇ ခုနှစ်တွင် ဂျပန်နိုင်ငံ၊ တိုကျိုမြို့၊ ဂျပန်အသင်းတော်မှ ဖိတ်ကြားချက်အရ သွားရောက်ခဲ့သည်။

ဒေါက်တာယောရှုသည် ယခုအခါ မန္တလေးတိုင်း၊ ပြင်ဦးလွင်မြို့ရှိ မြန်မာနိုင်ငံ လီဆူဓမ္မတက္ကသိုလ်တွင် စာချပုဂ္ဂိုလ်အဖြစ်လည်းကောင်း၊ ဆော့လာရန် လီဆူနှစ်ခြင်းခရစ်ယာန် သမ္မာကျမ်းစာပြုစုရေးတာဝန်ခံအဖြစ် လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ လီဆူအဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ်

www.burmeseclassic.com

www.burmeseclassic.com



လည်းကောင်း တာဝန်များကိုထမ်းဆောင်လျက်ရှိသည်။

## (၅) ဒေါက်တာလာဝူ

ဒေါက်တာလာဝူကို အဘ ဦးလာလေး၊ အမိ ဒေါ်ငွားမလေးတို့မှ (၂၄-၈-၁၉၄၆) ရက်နေ့တွင် ကွတ်ခိုင်မြို့၌ မွေးဖွားခဲ့သည်။ ငယ်စဉ်က ကွတ်ခိုင်မြို့ နှစ်ခြင်းခရစ်ယာန်သာသနာပြုကျောင်းတွင် မူလတန်းမှစ၍ ပညာများသင်ယူပြီး ၁၉၆၇ ခုနှစ်တွင် ၁၀ တန်းအောင်ခဲ့သည်။

မြန်မာနိုင်ငံဓမ္မတက္ကသိုလ် (အင်းစိန်) တွင် ဓမ္မရေးရာပညာများ သင်ယူခဲ့ပြီး ၁၉၇၂ ခုနှစ်မှ ၁၉၈၇ ခုနှစ်အထိ မြစ်ကြီးနားမြို့၊ ရွှေစက် လီဆူကျမ်းစာသင်ကျောင်းတွင် ကျောင်းအုပ်အဖြစ် တာဝန် ထမ်းဆောင်ခဲ့ သည်။ ၁၉၈၇ ခုနှစ်တွင် ဗန်းမော်မြို့မှ ဒေါ်ခေါန်းမိုင်နှင့် အိမ်ထောင်ကျခဲ့ပြီး သားသမီး (၅) ယောက် ထွန်းကားသည်။

၁၉၉၁ ခုနှစ်၊ ဩဂုတ်လမှ ၁၉၉၃ ခုနှစ်၊ ဩဂုတ်လအထိ အမေရိကန်နိုင်ငံ ဆင်းလူးဝစ်မြို့ ဘာသာရေးကျောင်းတွင် ကျောင်းသား ရေးရာတာဝန်များကို ထမ်းဆောင်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် အမေရိကန် နိုင်ငံ ဆင်းလူးဝစ်မြို့တွင် တာဝန်ထမ်းဆောင်ရင်း ဓမ္မပါရဂူဘွဲ့ ရရှိခဲ့သည်။ ၁၉၉၄ ခုနှစ်တွင် ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံလီဆူဓမ္မတက္ကသိုလ်တွင် ကျောင်းအုပ်တာဝန် စတင်ထမ်းဆောင်သည်။ ၁၉၉၇ ခုနှစ်တွင် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့လည်းကောင်း၊ ၁၉၉၉ ခုနှစ်တွင် ဩစတေးလျနိုင်ငံ ဒါဝင်မြို့သို့လည်းကောင်း ဘာသာရေးအစည်းအဝေးများ တက်ရောက်ခဲ့ သည်။

ဒေါက်တာလာဝူသည် မြန်မာနိုင်ငံ သီအိုလိုဂျီပညာရေးအသင်း ဂိုဏ်းပေါင်းစုံ ခရစ်ယာန်ကျမ်းစာကျောင်းနှင့် ဓမ္မတက္ကသိုလ်များအသင်း

www.burmeseclassic.com

www.burmeseclassic.com



ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ပြင်ဦးလွင်မြို့ မြန်မာနိုင်ငံလီဆူ ဓမ္မ တက္ကသိုလ်ကျောင်းအုပ်အဖြစ်လည်းကောင်း တာဝန်များထမ်းဆောင်လျက် ရှိသည်။

## (၆) ဦးဇော်ယောဆက်

အဘဦးဇော်တား၊ အမိ ဒေါ်မြိန်းတို့မှ ၁၉၅၆ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဝိုင်းမော်မြို့နယ်၊ ခါးရှိရွာ၌ မွေးဖွားသည်။ မွေးချင်းငါးယောက်ရှိသည့်အနက် အကြီးဆုံးဖြစ်သည်။

အသက် ၁၉ နှစ်အရွယ်မှစ၍ လီဆူရိုးရာ တိုင်းရင်းဆေးပညာရပ်များကို လေ့လာသင်ယူခဲ့သည်။ ဝိုင်းမော်မြို့နယ်၊ ခါးရှိကျေးရွာမှ ဦးငွားဆေး၊ မြစ်ကြီးနားမြို့နယ် ရွှေစက်ရွာမှ ဦးဗျာလေးတို့ထံမှ အခြေခံ တိုင်းရင်းဆေးပညာကို စတင်သင်ယူခဲ့သည်။ ၄င်းနောက် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် မန္တလေးတိုင်းအတွင်းရှိ တောတောင်ဒေသများတွင် တိုင်းရင်းဆေးပင်များကို ရှာဖွေစုဆောင်းသည်။ သုတေသနပြုသည်။ သုတေသနပြုချက်အပေါ်ရရှိလာသော ဆေးအာနိသင်များကို ဆေးကျမ်းနှင့် ညှိနှိုင်းပြီး ဆေးဝါးကုသရာမှ တစ်တစ်အောင်မြင်လာသည်။


၁၉၈၇ ခုနှစ်တွင် မြစ်ကြီးနားမြို့ လီဆူနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ဖွင့်လှစ်သော လီဆူတိုင်းရင်းဆေးပညာသင်တန်းကို တက်ရောက်သင်ယူလေ့လာခဲ့သည်။ ထိုသို့တိုင်းရင်းဆေးပညာကို သင်ယူပြီးသည်နှင့် ဆက်လက်ကြိုးစားလေ့လာခြင်း၊ တီထွင်ကြံဆခြင်း၊ ဆေးဝါးများဖော်စပ်ခြင်း စသည်ဖြင့် အဆင့်ဆင့်ကြိုးစားခဲ့ရာ နောက်ဆုံးတွင် အောင်မြင်သော ဆရာတစ်ဦးဖြစ်လာခဲ့သည်။

၁၉၉၅ ခုနှစ်တွင် မန္တလေးတိုင်း၊ မိုးကုတ်မြို့၌လည်းကောင်း၊

www.burmeseclassic.com

www.burmeseclassic.com





ဒေါက်တာ ယောရှ

www.burmeseclassic.com

www.burmeseclassic.com




ဒေါက်တာ လာဝူ



ဦးဇော်ယောဆက်

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၆ ခုနှစ်တွင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၌လည်းကောင်း၊ ၁၉၉၇ ခုနှစ်တွင် ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နယ် ရွှေစက်ကျေးရွာ၌လည်းကောင်း၊ တိုင်းရင်းဆေးဆရာသင်တန်း၌ သင်တန်းပို့ချသူဆရာအဖြစ် ဦးဆောင်နိုင်သူတစ်ဦးဖြစ်လာခဲ့သည်။ ၁၉၉၈ ခုနှစ်တွင် ကချင်ပြည်နယ်၊ ဗန်းမော်မြို့၌လည်းကောင်း၊ ဝိုင်းမော်မြို့နယ်၊ ဆဒုံးဒေသ၌လည်းကောင်း၊ ၂၀၀၀ ပြည့်နှစ်တွင် ကချင်ပြည်နယ် ဗန်းမော်မြို့နှင့် ရှမ်းပြည်နယ်လားရှိုးမြို့များတွင်လည်းကောင်း ဆေးပညာသင်တန်းများကို ပို့ချခဲ့သည်။

ဦးဇော်ယောဆက်သည် ၁၉၉၈ ခုနှစ်တွင် လီဆူတိုင်းရင်းဆေးဆရာများလက်စွဲ ဆေးကျမ်းကို ပြုစုသည်။ ၁၉၇၀ ခုနှစ်က စတင်ပြုစုခဲ့သော ဆရာဦးဗျာလေး၏ ဆေးကျမ်းမပြီးမပြတ်ရှိမှုကို ဆက်လက်ကြိုးစားပြုစုရာမှ အောင်မြင်ခဲ့သည်။ တရုတ်ဆေးကျမ်းကို ဘာသာပြန်ခြင်း၊ အသစ်ပြုပြင်ဖြည့်စွက်ခြင်း၊ ထပ်မံပေါင်းစပ်တီထွင်ခြင်းဖြင့် လီဆူတိုင်းရင်းဆေးဆရာများလက်စွဲ ဆေးကျမ်းကိုပြုစုခဲ့ပေသည်။ ပထမပြုစုသောဆေးကျမ်းမှာ ဆေးနည်းပေါင်းနှစ်ရာကျော်ပါဝင်ပြီး၊ ဒုတိယဆေးကျမ်းမှာလည်း ဆေးနည်းပေါင်း သုံးရာကျော်ပါဝင်ပြီး ပြုစုနေဆဲပင်ဖြစ်သည်။

၁၉၉၁ ခုနှစ်တွင် လီဆူတိုင်းရင်းဆေးဆရာများအဖွဲ့ အတွင်းရေးမှူးအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ ၁၉၉၃ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ လီဆူတိုင်းရင်းဆေးဆရာများအဖွဲ့သည် မြန်မာနိုင်ငံတိုင်းရင်းဆေးပညာဦးစီးဌာနလက်အောက်တွင်ရှိပြီး လီဆူလူမျိုးများအတွက်သာမက အခြားတိုင်းရင်းသားလူမျိုးများအပါအဝင် လူမျိုးဘာသာမရွေး အားကိုးအားထားပြုနိုင်သော တိုင်းရင်းဆေးဆရာများအဖွဲ့လည်းဖြစ်သည်။

ဆရာဦးဇော်ယောဆက်သည် ဝါညားတိုင်းရင်းဆေးဘုခန်းကို တည်ထောင်ဖွင့်လှစ်၍ ဆေးကုသနေသူဖြစ်သည်။ ဝါညားဆိုသည်မှာ

www.burmeseclassic.com

www.burmeseclassic.com



အမောက်ပါပြီး အမြီးရှည်သောငှက်တစ်မျိုးကို လီဆူဘာသာစကားဖြင့် ခေါ်ဆိုခြင်းဖြစ်သည်။ ၄င်းငှက်ကလေးနေထိုင်သည့် တောတောင်များမှ ရရှိသော ဆေးဝါးဖော်စပ်ကုသရာမှ အောင်မြင်မှုရရှိသည့်အတွက် ဝါးညှားဆေးတိုက်၊ ဝါညှားဆေးခန်းဟူ၍ အမည်မှည့်ခေါ်ခြင်းဖြစ်သည်ဟု သိရသည်။ မီးယပ်ရောဂါ၊ ငှက်ဖျားရောဂါ၊ သူငယ်နာရောဂါ၊ အသားဝါ ရောဂါများကို အထူးကုအဖြစ် ကျွမ်းကျင်စွာ ကုသနိုင်သူဖြစ်သည်။

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့မှ ၁၈ ရက်နေ့အထိ ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့တော်ခန်းမ၌ မြန်မာတိုင်းရင်းဆေးပညာ ဆွေးနွေးပွဲတွင် ဦးဆောင်ခဲ့သူတစ်ဦးဖြစ်သည်။ ထိုအခမ်းအနားတွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ကချင်ပြည်နယ်အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌကိုယ်တိုင် တက်ရောက်အားပေးချီးမြှင့် ခဲ့သည်။

၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့မှ ၁၈ ရက်နေ့ထိ ကျင်းပခဲ့သော မြန်မာတိုင်းရင်းဆေးဆရာများညီလာခံသို့ ကချင်ပြည်နယ်မှ လီဆူတိုင်းရင်းသားညီလာခံကိုယ်စားလှယ်အဖြစ် တက်ရောက်ခဲ့ပြီး လီဆူ တိုင်းရင်းဆေးပညာကို တင်ပြဆွေးနွေးခဲ့သည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# ခသ ၂၀၀၀ ပွဲတော်

မြန်မာနိုင်ငံလုံးဆိုင်ရာ လီဆူနှစ်ခြင်းခရစ်ယာန်အသင်းတော်၏ ခသ ၂၀၀၀ ပွဲတော်ကြီးကား စည်စည်ကားကား သိုက်သိုက်ဝန်းဝန်း ရှိလှပါသည်။ ခသ ၂၀၀၀ ပွဲတော်ဟူသည်မှာ ခရစ်သက္ကရာဇ် ၂၀၀၀ ပြည့်အထိမ်းအမှတ် ပွဲတော်ဖြစ်သည်။

ကျင်းပသည့်နေရာမှာ လီဆူစာပေနှင့်ယဉ်းကျေးမှုကော်မတီရုံး တည်ရှိရာ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ သာဂရရပ်ကွက်တွင်ဖြစ်သည်။ ထိုရပ်ကွက်ရှိ လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီရုံးနှင့် လီဆူနှစ်ခြင်း ခရစ်ယာန်အသင်းတော် ဘုရားရှိခိုးကျောင်းတို့တည်ရှိရာ ကွင်းပြင်ကြီး ဖြစ်သည်။ ထောင်စုနှစ်၏ ပထမဆုံးအကြိမ်ကြုံတွေ့ရသော လီဆူလူမျိုး များ၏ တန်ဖိုးထိုက်သော အမှတ်တရပွဲတော်ကြီးပေတည်း။

ရှေးယခင်က လီဆူတို့သည် ရိုးရာနတ်များကို ယုံကြည်ကိုးကွယ် ခြင်း၊ ပူဇော်ပသခြင်းရှိခဲ့သည်။ နောင်တွင် ခရစ်ယာန်သာသနာပြုများ၏ ကျေးဇူးကြောင့် ခရစ်ယာန်ဘာသာသို့ စတင်ကူးပြောင်းကိုးကွယ်ခဲ့ ကြသည်။ သို့ဖြစ်ရာ လီဆူတို့သည် ခရစ်ယာန်ဘာသာဝင်များဖြစ်လာ သည်မှာ နှစ် (၁၀၀) ခန့်သာ ရှိသေးသည်။ ထို့ကြောင့်လည်း ဤခသ- ၂၀၀၀ ပွဲတော်ကြီးသည် လီဆူတို့၏ ပထမဆုံးသော ထောင်စုနှစ်၏ ဘာသာရေးပွဲတော်ကြီးဟု ရှေးဦးအစက ဆိုခဲ့ခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုခသ-၂၀၀၀ ပွဲတော်ကြီးသို့ မြန်မာနိုင်ငံအနှံ့အပြားရှိ လီဆူနှစ်ခြင်းခရစ်ယာန်အသင်းဝင် လီဆူလူမျိုးများ ကျားမ မရွေး၊ ကြီးငယ်မဟူ လာရောက်ကြသဖြင့် ဤပွဲတော်ကြီးသည် စည်ကားသိုက်မြိုက်လှပါသည်။ ခသ-၂၀၀၀ ပွဲတော်ကြီးသို့ ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ ၂၂ ရက်မှ ၂၆ ရက်ထိ ကျင်းပခြင်းဖြစ်သည်။ မြို့ရွာဒေသအသီးသီးမှ လီဆူလူမျိုးစုစုပေါင်း နှစ်သိန်းကျော်ခန့် တက်ရောက်ခဲ့ကြသည်။ အခြားတိုင်းရင်းသားလူမျိုးများ၊ လေ့လာသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များလည်း လာရောက်ကြသည်ကိုတွေ့ရသည်။


ပွဲတော်ကျင်းပရာကွင်းပြင်ကြီးမှာ အလွန်ကျယ်ဝန်းပြီး ရပ်ဝေးဒေသများမှ ဧည့်သည်တော်များအတွက် တည်းခိုဆောင်များလည်း ဆောက်လုပ်ပေးထားသည်။ အချို့ကလည်း ဝိုင်းမော်မြို့ရှိ ရပ်ကွက်များနှင့် နီးစပ်ရာကျေးရွာများတွင် ဆွေမျိုးစုအလိုက် တည်းခိုကြသည်။ ပွဲတော်သို့ လာရောက်ကြသည့် ဧည့်ပရိသတ်များ၏ စားသောက်ရေးကိုမူ ပွဲတော်ကျင်းပရေးကော်မတီမှ စီစဉ်ဆောင်ရွက်ပေးသည်။ ဧည့်ခံကျွေးမွေးသည်။ ခသ-၂၀၀၀ ပွဲတော်ကြီးကို ၄ ညနှင့် ၅ ရက်တိုင်တိုင် ကျင်းပပါသည်။

ညဘက်တွင် လီဆူတို့သည် နယ်မြေဒေသအလိုက် ရိုးရာဝတ်စုံများကိုဝတ်ဆင်၍ အကပြိုင်ပွဲ၊ သီချင်းဆိုပြိုင်ပွဲများ ကျင်းပသည်။ ခေတ်နှင့်အညီကျင်းပသည့် ပဒေသာကပွဲ၊ စတိတ်ရှိုးဖျော်ဖြေပွဲ၊ တစ်ခန်းရပ်ပြဇာတ်စသည်ဖြင့် အကအလှမျိုးစုံဖြင့် တင်ဆက်ဖျော်ဖြေကြသည်။

နေ့စဉ် နံနက် ၈ နာရီမှ နံနက် ၁၀ နာရီထိ တစ်ကြိမ်၊ နေ့လယ် ၁၂ နာရီမှ ညနေ ၃ နာရီထိတစ်ကြိမ် ဘာသာရေးအသင်းတော်ကျမ်းစာ ဆွေးနွေးခြင်း၊ အသင်းဝင်များကိုစွဆွေးနွေးခြင်း၊ ဝတ်ပြုကိုးကွယ်ခြင်း

www.burmeseclassic.com


www.burmeseclassic.com



ခသ-၂၀၀၀ ပွဲတော် မုခ်ဦးမြင်ကွင်း

www.burmeseclassic.com

www.burmeseclassic.com

ခသ ၂၀၀၀ ပွဲတော်အထိမ်းအမှတ် ကမ္ပည်းမော်ကွန်းတိုင်

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းခြင်း၊ ဓမ္မတေးများသီကျူးခြင်းဖြင့် ဘာသာ သာသနာအကျိုးကို ဆောင်ရွက်ကြသည်။

ခသ-၂၀၀၀ ပွဲတော်ကျင်းပရာအခမ်းအနားသို့ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကချင်ပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် စစ်ဘက်နယ်ဘက်မှပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများနှင့် အခြားတိုင်းရင်းသားလူမျိုးစုခေါင်းဆောင်များ တက်ရောက်ခဲ့ကြသည်။ အခမ်းအနားတွင် တိုင်းမှူးမှ အမှာစကားပြောကြားခြင်း၊ တက်ရောက်လာသူများအားလုံးအား အသင်းတော်မှ ဓမ္မတေးများဖြင့် သီဆိုဧည့်ခံခြင်း၊ တိုင်းမှူးအား အမှတ်တရလက်ဆောင် လီဆူရိုးရာယဉ်ကျေးမှုပစ္စည်းများပေးအပ်ခြင်း၊ တိုင်းမှူးမှလည်း အသင်းတော်ငွေကြေးထောက်ပံ့ခြင်း၊ တိုင်းမှူးကြီးနှင့်အဖွဲ့အား ဒေသအလိုက် ဝတ်စုံကိုယ်စီဖြင့် ရိုးရာအကများဖြင့် ကပြဖျော်ဖြေခြင်းအစီအစဉ်များ ပါရှိပါသည်။ ထို့နောက် တိုင်းမှူးနှင့်အဖွဲ့အား ဧည့်ခံကျွေးမွေးခြင်း၊ အမှတ်တရဓာတ်ပုံရိုက်ခြင်း ပြုကြသည်။ ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းမှ အကြီးအကဲဖြစ်သူများအား လေးစားဂုဏ်ယူစွာ ကြိုဆိုဖိတ်ကြားခြင်းသည် လီဆူတို့၏ ရိုးရာယဉ်ကျေးမှုပွဲတော်ကျင်းပခြင်းတွင် အစဉ်အလာတစ်ခုဖြစ်ကြောင်း သိရှိရသည်။

ခသ ၂၀၀၀ ပွဲတော်တွင် လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီနှင့် ပွဲတော်ဖြစ်မြောက်ရေးကော်မတီတို့၏ စီစဉ်ဆောင်ရွက်မှုဖြင့် ခင်းကျင်းပြသထားသော ပြခန်းများကလည်း များပြားလှသည်။

လီဆူလူမျိုးများ ဆင်းသက်လာရာလမ်းကြောင်းနှင့် မှီခိုနေထိုင်ရာ သမိုင်းပြခန်း၊ လီဆူလူမျိုးများ၏ လူ့အသုံးအဆောင်ပစ္စည်းများပြခန်း၊ ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများနှင့် ဝတ်စုံများပြခန်း၊ ရိုးရာတူရိယာပြခန်း၊

www.burmeseclassic.com

www.burmeseclassic.com


တိုင်းရင်းဆေးများပြခန်း၊ လီဆူစာအုပ်စာပေများပြခန်း စသည်ဖြင့် ဒေသန္တရ ဗဟုသုတဖြစ်ဖွယ် ရိုးရာယဉ်ကျေးမှုကို ဂုဏ်ယူဝင့်ကြွားဖွယ် ပြသထားသည်ကိုတွေ့ရသည်။

လီဆူလူမျိုးတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများနှင့် ဘာသာသာသနာရေးရာကိစ္စများကို ခသ ၂၀၀၀ ပွဲတော်ကြီးက ထင်ရှားသိသာစေရန် ဖော်ညွှန်းပြသကဲ့သို့ ရှိလှသည်။ သို့ဖြစ်၍ ဤပွဲတော်ကြီးသည် ထောင်စုနှစ်၏ နှစ်ဦးအကြို ပွဲတော်ကြီးလည်းဖြစ်ပြီး လီဆူတစ်မျိုးသားလုံး၏ စည်းလုံးညီညွတ်မှု၊ ဘာသာရေးအလေးထားမှု၊ အခြားတိုင်းရင်းသား ညီအစ်ကိုမောင်နှမများကို မိတ်ဝတ်မပျက် ပေါင်းစည်းချစ်ကြည်မှု ပြယုဂ်တစ်ခုကို ဖော်ဆောင်ပြသည်နှင့် တူလှတော့သည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# လီဆူစာပေနှင့် ယဉ်ကျေးမှုကော်မတီ

မြန်မာနိုင်ငံတိုင်းရင်းသား လီဆူလူမျိုးများသည် ရှေးဘိုးဘေး အစဉ်အဆက်ကပင် အခြားတိုင်းရင်းသားများနှင့်မတူညီသော ဓလေ့များ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ ရှိခဲ့ကြသည်။ လီဆူစာပေနှင့် ယဉ်ကျေးမှုကော် မတီကိုဖွဲ့စည်းရန် လိုအပ်လျက်ရှိကြောင်း၊ အမြော်အမြင်ရှိသည့် လူကြီး များက သိမြင်ခဲ့ကြသည်။

သို့ဖြစ်၍ မြစ်ကြီးနားမြို့ မန်ခရိန်ကျေးရွာမှ ဆရာဦးဇော်ယောဆက်၊ ဆရာပီတာနှင့် ဦးယန်တားချိုင့်ဖတို့က ဦးဆောင်၍ မြန်မာနိုင်ငံ လီဆူ ယဉ်ကျေးမှုထိန်းသိမ်းမြှင့်တင်ရေးအဖွဲ့ကို (၁၀.၁၀.၁၉၆၀) ရက်နေ့က ပထမဦးစွာ ဖွဲ့စည်းခဲ့ကြသည်။ ထို့နောက် ၎င်းတို့က ပြက္ခဒိန်ထုတ်ဝေခြင်း၊ ရုံးသုံးလက်နှိပ်စက် ဝယ်ယူအသုံးပြုခြင်း၊ နေ့ထူးနေ့မြတ်ပွဲတော်များ၊ အခမ်းအနားများတွင် လီဆူတို့၏ ကွာချေးအကကို ကပြခြင်းဖြင့် လီဆူ စာပေနှင့် ယဉ်ကျေးမှုကို ထိန်းသိမ်းခဲ့ကြသည်။ ၎င်းနောက်တွင် အကြောင်း အမျိုးမျိုးကြောင့် အဖွဲ့အစည်းမှာ ဆက်လက်တည်တံ့နိုင်ခြင်း မရှိခဲ့ပေ။

၁၉၆၇ ခုနှစ်မှ ၁၉၇၄ ခုနှစ်အတွင်း လီဆူစာပေနှင့် ရိုးရာ ယဉ်ကျေးမှုကိုထိန်းသိမ်းရန် အဖွဲ့အစည်းများလည်းပျက်ပြားခဲ့ပြီး အကြောင်း အမျိုးမျိုးကြောင့် အဆက်ပြတ်ခဲ့လေသည်။ ၁၉၇၄ ခုနှစ်တွင် လီဆူ စာပေနှင့် ယဉ်ကျေးမှုထိန်းသိမ်းရေးအဖွဲ့ ဖွဲ့ရန် ရည်ရွယ်ခဲ့ကြပြီး ၁၉၇၅ ခုနှစ်



www.burmeseclassic.com

www.burmeseclassic.com



ဧပြီလ ၂၁ ရက်နေ့တွင် လီဆူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့ကို ဝိုင်းမော်မြို့တွင် ဖွဲ့စည်းခဲ့ကြသည်။ ဒုတိယအကြိမ် ဖွဲ့စည်းတည်ထောင်ခဲ့ခြင်းဖြစ်သည်။ ၁၉၆၄ ခုနှစ်၊ အမျိုးသားစည်းလုံးညီညွတ်ရေးကို ကာကွယ်သည့်ဥပဒေအရ မှတ်ပုံတင်ခွင့်ကို (၁၇-၃-၁၉၇၇) ရက်စွဲဖြင့် နိုင်ငံတော်သို့ လျှောက်ထားခဲ့ရာ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ၂၀-၁၀-၁၉၇၉ ရက်စွဲဖြင့် လီဆူရိုးရာယဉ်ကျေးမှုအဖွဲ့၏ မှတ်ပုံတင်သက်သေခံလက်မှတ် (၃၈၅) ကို ပထမဦးစွာရရှိခဲ့သည်။ သို့ဖြစ်၍ နိုင်ငံတော်အစိုးရမှ တရားဝင်ခွင့်ပြုချက်ဖြင့် အသိအမှတ်ပြုထားသော လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ဟူ၍ ပေါ်ပေါက်လာခဲ့ရပါသည်။

လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၏တည်ရာမှာ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့၊ သာဂရရပ်ကွက်တွင်ဖြစ်ပြီး လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ရုံးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ယခုအခါ ကချင်ပြည်နယ်၊ လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကိုလည်းကောင်း၊ ပူတာအိုခရိုင် လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကိုလည်းကောင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းနှင့် မန္တလေးတိုင်းတို့တွင် အချို့မြို့နယ်များ၌ လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များကိုလည်းကောင်း ဖွဲ့စည်းပြီးဖြစ်ပါသည်။

လီဆူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့တွင် ဥက္ကဋ္ဌ၊ ဒု ဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အဖွဲ့ဝင်စသည်ဖြင့် (၇) ဦးမှ (၁၅) ဦးထိ ပါဝင်ဖွဲ့စည်းထားလေ့ရှိပါသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# နယ်ချဲ့တော်လှန်ရေးတွင် ပါဝင်ခဲ့ကြခြင်း

လီဆူတို့သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုအောက်တွင် အေးချမ်းစွာ ရပ်တည်နေလိုကြသူများဖြစ်သည်။ သို့သော် နိုင်ငံတော်အား မတရားကျူးကျော်စော်ကားမှု၊ နယ်ချဲ့လိုမှုများကိုမူ ခေါင်းငုံ့မခံတတ်ကြပေ၊ နယ်ချဲ့အင်္ဂလိပ်တို့ မြန်မာမြေပေါ်တွင် ဗိုလ်ကျစိုးမိုးမှုများကို အခြားတိုင်းရင်းသားများနှင့်လက်တွဲ၍ တွန်းလှန်တိုက်ထုတ်ခဲ့သည့်သာဓကများ ရှိပါသည်။

မြန်မာဘုရင်သီပေါမင်းကို အင်္ဂလိပ်များဖမ်းဆီးပြီးနောက်တွင် တိုင်းရင်းသားများက နယ်ပယ်ဒေသအသီးသီးမှ ရရာလက်နက်စွဲကိုင်တော်လှန်ခဲ့ကြသည်။ ထိုအချိန်တွင် ဗန်းမော်မြို့နယ် ဆဒုံးပါဒေသမှ လီဆူအမျိုးသား ဦးဟီရှောဖောနှင့် ဦးကျောတီဖာတို့ခေါင်းဆောင်ပြီး ဒေသခံတိုင်းရင်းသားများနှင့်ပူးပေါင်း၍ နယ်ချဲ့အင်္ဂလိပ်များကို တိုက်ခိုက်ခဲ့ကြသည်။

ခေါင်လန်ဖူးမြို့နယ် ဘီဇေ၊ ဆီတော၊ သီးတာ၊ ညီးတာ ဒီရွာများတွင် ဒေသခံလီဆူတိုင်းရင်းသားများသည် ကပ္ပတိန်ဗိုလ်ကြီးစတြီတယ်လ်နှင့် စစ်ပုလိပ်အဖွဲ့ကို တိုက်ခိုက်ခဲ့ကြသည်။ ထိုတိုက်ပွဲတွင် နယ်ချဲ့စစ်ပုလိပ်အကြပ်ကြီးတစ်ယောက် ကျရှုံးပြီး ကပ္ပတိန်ဗိုလ်ကြီး စတြီတယ်လ် ပြင်းထန်စွာဒဏ်ရာရရှိခဲ့သည်။ ဒေသခံလီဆူလူမျိုး



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင်များထဲမှ ဦးအားဒီငွားတာ၊ ဦးဇီးတာဒိ၊ ဦးခိအာမဲနှင့် ဦးလီအာကျော်တို့ ကျဆုံးခဲ့လေသည်။

ထို့အတူ ဝိုင်းမော်မြို့နယ် ဆဒုံး၊ ဆမားဒေသများတွင်လည်း ကချင်အမျိုးသားခေါင်းဆောင်ကြီး ဆမားဒူဝါ ဆင်ဝါးနောင်ခေါင်းဆောင်သော နယ်ချဲ့တော်လှန်ရေးတပ်ဖွဲ့တွင်ပါဝင်၍ အင်္ဂလိပ်တို့ကို တော်လှန်တိုက်ခိုက်ခဲ့သည်။ ထိုတပ်ဖွဲ့တွင် ထင်ရှားစွာပါဝင်သော လီဆူတိုင်းရင်းသားများမှာ ဦးရိုတိတို၊ ဦးလေမေတားဖ၊ ဦးလေမေတောဖ၊ ဦးဇော်တားဖ တို့ဖြစ်ကြသည်။

၁၈၈၆ ခုနှစ်တွင် ရှမ်းပြည်နယ်သို့ရောက်ရှိလာသော မင်းညီမင်းသားတစ်ပါး၏အဖွဲ့များနှင့် ကုံးစုံရွာနေ ဦးဇိဖာနှင့် လွယ်မော်မိုင်းရွာနေ ဦးယီသားတို့ဦးဆောင်သော လီဆူတိုင်းရင်းသားများသည် နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ခဲ့ကြသည်။ သက်သေခံအဖြစ် ထိုမင်းသားတစ်ပါးမှ ရေနွေးကရားတစ်လုံးစီနှင့် စာတစ်လိပ်စီပေးခဲ့ကြောင်း သိရှိရပါသည်။

ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ရဲဘော်သုံးကျိပ်သည် ၁၉၄၂ ခုနှစ် နှစ်ဆန်းပိုင်းတွင် မြန်မာနိုင်ငံသို့ဝင်ရောက်ပြီး နယ်ချဲ့အင်္ဂလိပ်ကို တော်လှန်ကြသည်။ ထိုအချိန်တွင် ကချင်ပြည်နယ် ချီဖွေမြို့နယ်တွင် ဝင်ရောက်တပ်စွဲထားသော နယ်ချဲ့အင်္ဂလိပ်တို့သည် ချီဖွေမြို့နယ်မှ ဆုတ်ခွာသွားကြသည်။ ထိုအခါ တရုတ်တပ်များ ရောက်ရှိလာကြသည်။ ၁၉၄၃ ခုနှစ်တွင် နိုဝင်ဘာလ (၂၇) ရက်နေ့၌ ဂျပန်တပ်များ ထောင်ဂေါ့ကို သိမ်းပိုက်သောအခါ တရုတ်တပ်များသည် ဖီမော်ဘက်သို့ ဆုတ်ခွာထွက်ပြေးကြသည်။

ဂျပန်တပ်များသည် မြန်မာမြေပေါ်တွင်ခြေချမိသည်နှင့် မင်းသားခေါင်းဆောင်းထားသော ဘီလူးရုပ်ဇာတ်များ၊ ဖက်ဆစ်စနစ်များက

www.burmeseclassic.com

www.burmeseclassic.com



တဖွားဖွားပေါ်လာခဲ့သည်။ ဂျပန်တို့သည် ဒေသခံများအား မတရားသဖြင့် လူမဆန်စွာပြုမူ ဆက်ဆံခြင်းများကြောင့် မြောက်ပိုင်း လဲဗီးရိမ်းဂျားတပ်မှ လော်ဝေါ်နှင့် လာချိဒ်တိုင်းရင်းသားခေါင်းဆောင်များက ၁၉၄၄ ခုနှစ်တွင် ဝဲဘုတ်ရွာမှစတင်၍ ပြောက်ကျားစနစ်ဖြင့် တော်လှန်ခဲ့ကြသည်။ ထိုတော်လှန်ရေးတွင် လီဆူလူမျိုးများ ပါဝင်တော်လှန်ခဲ့သည်။

အင်္ဂလိပ်များ မြန်မာမြေပေါ်တွင် မတရားနယ်ချဲ့စဉ်ကပင် ရိမ်းဂျားတပ်တွင် ဖွဲ့စည်းပါဝင်ခဲ့သော တိုင်းရင်းသားများကား တိုင်းပြည်ချစ်စိတ်၊ မျိုးချစ်စိတ်များရှိကြသည်။ ဖက်ဆစ်ဂျပန်များသည် မြောက်ပိုင်း လဲဗီးရိမ်းဂျားတပ်၏ တိုက်ခိုက်မှုကြောင့် ချီဖွေမြို့နယ် ဖီမော်၊ လောခေါင်၊ ထောင်ဂေါ့ တပ်စခန်းများမှ ဂျပန်တပ်သားသုံးကျိပ်ကျော် ကျဆုံးပြီး (၂၅) ယောက်ကို အရှင်ဖမ်းဆီးနိုင်ခဲ့သည်။ ထိုသို့စွမ်းစွမ်းတမံ တိုက်ခိုက်ခဲ့သူများအား အမေရိကန်သမ္မတ ထရူးမင်းက ဂုဏ်ပြုခဲ့ပေသည်။ ဂုဏ်ပြုခံရသူများထဲတွင် လာချိဒ်အမျိုးသား (၉) ဦးနှင့်အတူ မွန်းဇိန့်ရွာသား လီဆူလူမျိုး ဦးငွားလေးသည် နှစ်လုံးပြူးသေနတ်တစ်လက်နှင့် ဂုဏ်ပြုလက်မှတ်ကို ချီးမြှင့်အပ်နှင်းခြင်းခံရသူတစ်ဦးဖြစ်သည်။ ထို့ပြင် ဖီမော်ဒေသမှ ဦးလမြာဟူးဆာသည်လည်း အထူးထင်ရှားခဲ့သည့် **တော်လှန်**ရေးခေါင်းဆောင် လီဆူအမျိုးသားတစ်ဦး ဖြစ်ပေသည်။

၁၉၄၃ ခုနှစ်၊ ဇွန်လတွင် ဂျပန်တပ်များသည် လောခေါင်၊ ထောင်ဂေါ်၊ ဖီမော်ဒေသများမှ ဆုတ်ခွာထွက်ပြေးကြသောအခါ တရုတ်ဖြူလူများသည် ဤဒေသများသို့ ဒုတိယအကြိမ်ဝင်ရောက်လာခဲ့ပြီး စိုးမိုးချယ်လှယ်ကြပြန်သည်။ တရုတ်ဖြူတပ်များသည် လဲဗီးရိမ်းဂျားတပ်ထဲသို့ ဝင်ရောက်အမှုထမ်းနေကြသော ဒေသခံတိုင်းရင်းသားများ၊ ဆွေမျိုးသားချင်းများကို ဖမ်းဆီးနှိပ်စက်ခြင်း၊ ကျွဲနွားများနှင့် စားနပ်ရိက္ခာများကို

www.burmeseclassic.com

www.burmeseclassic.com


မတရားသိမ်းယူခြင်း၊ အမျိုးသမီးများအား အဓမ္မစော်ကားခြင်းကြောင့် ဒေသခံတိုင်ရင်းသားများ ပါဝင်ဖွဲ့စည်းထားသည့် ရိမ်းဂျားတပ်များမှ လော်ဝေါ်၊ လာချိဒ်၊ လီဆူတိုင်းရင်းသားများသည် တရုတ်ဖြူတပ်များကို ပြင်းထန်စွာတိုက်ခိုက်ခဲ့ရာ တရုတ်ဖြူများသည် ဤဒေသမှ ဆုတ်ခွာထွက်ပြေးခဲ့ကြတော့သည်။ ဤသို့ တရုတ်ဖြူများကို တိုက်ထုတ်ရာတွင် ထန်းတုံ့ရွာမှ ဦးလမာလေးရှပူးသည် ဒေသခံတိုင်းရင်သားများကို ဦးဆောင်ခဲ့သည့် လီဆူလူမျိုးခေါင်းဆောင်တစ်ဦးအဖြစ် ထင်ရှားခဲ့သည်။

ဤသို့ဖြင့် ဇာတိသွေး၊ ဇာတိမာန်ထက်သန်သော မျိုးချစ်မြန်မာနိုင်ငံသားပီသသည့် လီဆူတိုင်းရင်းသားများသည် အမိနိုင်ငံတော်အတွက် အသက်သွေးချွေးပေးဆပ်ကာ တိုင်းတစ်ပါးသားတို့၏ မတရားကျူးကျော်လွှမ်းမိုးမှုကို သူ့ကျွန်မခံ တွန်းလှန်ခဲ့ကြသူများအဖြစ် သမိုင်းကသက်သေခံလျက်ရှိတော့သည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# လီဆူတို့၏ ပြည်ထောင်စုစိတ်ဓာတ်

မြန်မာနိုင်ငံသည် ရှေးနှစ်ပေါင်းများစွာကပင် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့် တင့်တင့်တယ်တယ် ဝင့်ဝင့်ထည်ထည် ရပ်တည်နိုင်ခဲ့သော နိုင်ငံတစ်နိုင်ငံဖြစ်သည်။ သို့သော် သမိုင်းအလှည့်အပြောင်းတွင် တိုင်းတစ်ပါးနယ်ချဲ့တို့၏ လက်အောက်သို့ ကျရောက်ခဲ့ရသည်။ နှစ်တစ်ရာကျော် သူ့ကျွန်ဘဝဆင်းသက်ခဲ့ရသည်။ ဤသို့ဖြစ်ရခြင်းမှာလည်း ခေတ်မီတိုးတက်သောနိုင်ငံများ၏ လက်နက်အား၊ လူအား၊ ငွေအား၊ ဓနအား၊ ပရိယာယ်အားတို့ဖြင့် အနိုင်ယူဗိုလ်ကျခဲ့သည်ကို အားမတန်၍ မာန်လျှော့ခဲ့ရခြင်း ဖြစ်ပါ၏။

ထိုစဉ်က ဖွံ့ဖြိုးစမြန်မာနိုင်ငံသည် ခေတ်ပညာတတ်များ နည်းပါးခြင်း၊ ခေတ်နောက်ကျသောအတွေးအခေါ်များ၊ အယူအဆများရှိနေခြင်း၊ နယ်ချဲ့လက်ပါးစေတို့၏ မက်လုံးပေးမှုအပေါ် တင်းတိမ်ရောင့်ရဲကြသည့် အမျိုးသားသစ္စာဖောက်သူတို့ကြောင့် ဖြစ်သည်ဟု ကောက်ချက်ချသော် ရကောင်း၏။ နိုင်ငံသားများ စည်းလုံးညီညွတ်မှုမရှိအောင်လည်း နယ်ချဲ့တို့ ကောင်းစွာအကွက်ဆင်နိုင်ခဲ့ပါ၏။ နိုင်ငံရေးပရိယာယ်၊ စီးပွားရေးဝါးမြိုမှု၊ လူမျိုးရေးသွေးခွဲနည်း၊ ဘာသာရေးမှိုင်းတိုက်ပုံအစုံစုံတို့ဖြင့် ထောင်ချောက် ဆင်နိုင်ခဲ့ကြသည်။

ဤသည်တို့ဖြင့် အငိုက်ဖမ်းခံခဲ့ရသည့် မြန်မာနိုင်ငံတိုင်းရင်းသားတို့မှာ



www.burmeseclassic.com

www.burmeseclassic.com



ရှေးဘိုးဘွားစဉ်ဆက်က လွတ်လပ်စွာနေခဲ့ကြသော ဝိသေသထူး၊ နိုင်ငံ့ဂုဏ်ရည်၊ အမျိုးသားရေးအားမာန်တို့ ထိပါးရိုက်ချိုး ဖျက်ဆီးခံခဲ့ရသည့်အခါ ကျောချမှမားပြမှန်း သိခဲ့ကြသည်။ နိုင်ငံတော်လွတ်လပ်ရေး ဆုံးရှုံးသည့်အခါမှ ကိုယ့်ဘုရင် ကိုယ့်အရှင်သခင်နှင့်၊ နေလာခဲ့သည့်ဘဝကို ပြန် လည်တမ်းတခဲ့ကြသည်။ ခြုံ၍ဆိုရလျှင် လွတ်လပ်သောနိုင်ငံအဖြစ် ရပ်တည်နေလိုသော လူနေမှုဘဝခံစားမှုကို ပြန်လည်လိုလားကြသည်။ နောင်တကြီးစွာရခဲ့ကြသည်။ ထို့ကြောင့်လည်း အမျိုးသားရေးအခြေခံစိတ်ဓာတ်ရင့်သန်သူတိုင်းရင်းသားများက နယ်ချဲ့အင်္ဂလိပ်ကိုလည်းကောင်း၊ ဖက်ဆစ်ဂျပန်ကိုလည်းကောင်း၊ အခြားတိုင်းတစ်ပါးသား ကျူးကျော်သူများကိုလည်းကောင်း တိုက်ပွဲအလီလီဆင်နွှဲရင်း ဆုံးရှုံးခဲ့သောလွတ်လပ်ရေးကို ပြန်လည်ရယူခဲ့ကြသည်။

၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ ၄ ရက်နေ့၊ နံနက် ၄ နာရီ ၂၀ မိနစ်အချိန်၌ လွတ်လပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထည်ဝါစွာရပ်တည်ပေါ်ထွန်းခဲ့သည်။ ယနေ့ ပြည်ထောင်စုမြန်မာနိုင်ငံတော်သည် အချုပ်အခြာအာဏာပိုင်ဆိုင်သော၊ လွတ်လပ်သော၊ ဝင့်ကြွားဂုဏ်ယူဖွယ်ရာတို့နှင့် ပြည့်စုံသောနိုင်ငံအဖြစ် ကမ္ဘာမှာမြန်မာဟု ထင်ရှားစွာ ဝိသေသရှိခဲ့သည်။ ဤသည်ကို အမျိုးဂုဏ်မြင့်မားသော အမျိုးသားရေးအခြေခံစိတ်ဓာတ်ရင့်သန်သော၊ မျိုးချစ်စိတ် ရေခံမြေခံကောင်းသောတိုင်းရင်းသားတိုင်းက ဝမ်းပန်းတသာ လိုလိုလားလား ရှိကြလေသည်။

နိုင်ငံတော်လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာတို့ကို ကမ္ဘာ တည်သရွေ့ တည်တံ့ခိုင်မြဲအောင် ထိန်းသိမ်းရန်မှာလည်း ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်သူတိုင်းရင်းသားအားလုံး၏ တာဝန်ပင်ဖြစ်ပေသည်။ သို့ဖြစ်ရာ တိုင်းရင်သားညီအစ်ကို မောင်နှမအားလုံးသည်

www.burmeseclassic.com

www.burmeseclassic.com






ဂျိန်းဖော့လူမျိုးတို့၏ မနောပွဲတွင်လည်း လီဆူတို့ပါဝင်ကပြပုံကို ဤသို့တွေ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com

စလေမင်းထင်တံတားဖွင့်ပွဲ လီဆူတို့ပါဝင်ဆင်နွှဲ

www.burmeseclassic.com

www.burmeseclassic.com


စည်းလုံးညီညွတ်မှုရှိရန် လိုအပ်သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှသာ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲပြီး ပြည်ထောင်စုကြီး မပြိုကွဲမပျက်စီးနိုင် ရှိပေလိမ့်မည်။ သို့ဖြစ်၍ တိုင်းရင်းသားလူမျိုးတိုင်းသည် ပြည်ထောင်စုစိတ်ဓာတ်ရှိရန် အရေးကြီးသည်။ မြန်မာမြေမှ လွတ်လပ်ရေးအသီးအပွင့်များ အရသာကောင်းများကို ခံစားနေသူမှန်လျှင် မြန်မာနိုင်ငံအပေါ် သစ္စာစောင့်သိရန်လိုသည်။ သို့ဖြစ်ရာ ပြည်ထောင်စုစိတ်ဓာတ်သည် အလွန်အခြေခံကျလှပေသည်။

လီဆူလူမျိုးတို့သည် ပြည်ထောင်စုစိတ်ဓာတ် ရှိကြသူများပင်ဖြစ်သည်။ နိုင်ငံအတွက် လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းတွင် မဆုတ်မနစ်ပါဝင်ခဲ့သည်။ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ဆောင်ရွက်ခဲ့သည်။ နိုင်ငံအပေါ် သစ္စာစောင့်သိ ရှိသေကြသည်။ နိုင်ငံအပေါ်သစ္စာမဲ့သူ၊ အဖျက်လုပ်ရပ်လုပ်သူဟူ၍ မရှိကြဘဲ အေးအေးချမ်းချမ်းနေထိုင်ကြသည့် အစဉ်လာကောင်းများရှိသည်။

ကချင်ပြည်နယ် ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသားများရှိပြီး လီဆူတို့သည်လည်း ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသားလူမျိုးတစ်မျိုးဖြစ်ပါသည်။ ကချင်ပြည်နယ်နေ့အခမ်းအနား၊ ကချင်ပြည်နယ်တွင်ကျင်းပပြုလုပ်သော အစိုးရဂေဇက်ဝင် နေ့ကြီးရက်ကြီးများတွင် မနောအကကိုကလေ့ရှိကြသည်။ အမှန်စင်စစ် မနောအကသည် ဂျိန်းဖော့ခေါ် ကချင်မျိုးနွယ်စုဝင် လူမျိုးတစ်မျိုး၏ မရိုးနိုင်သောအကဖြစ်၍ လူတိုင်းကြားဖူးသိဖူးကြပါသည်။ အချို့လည်း ကိုယ်တွေ့ကြုံဖူးကြပါသည်။ ဤ မနောအကသည် လီဆူတို့အက လုံးဝမဟုတ်ပါ။

လီဆူတို့ ဘိုးဘွားအစဉ်အဆက်က မနောအကဟူ၍ မရှိခဲ့ပါ။ ဘိုးဘွားအစဉ်အဆက်က မရှိခဲ့သောကြောင့်လည်း မနောပွဲများကို ကျင်းပရိုးမရှိခဲ့ကြချေ။ သို့သော် ကချင်ပြည်နယ်နေ့အခမ်းအနားများ၊ ကချင်

www.burmeseclassic.com

www.burmeseclassic.com


ပြည်နယ်အကြီးအကဲများမှ ကြီးမှူးကျင်းပသော အခမ်းအနားများတွင် လီဆူတို့ပါဝင်ကြသည်။ ၎င်းတို့ မိရိုးဖလာမရှိခဲ့သော ရိုးရာယဉ်ကျေးမှုတွင်မပါဝင်သော မနောအကကို အခြားကချင်လူမျိုးနွယ်စုဝင် တိုင်းရင်းသားများဖြစ်သည့် ဂျိန်ဖော့၊ လော်ဝေါ်၊ လာချိဒ်၊ ရဝမ်၊ ဇိုင်ဝါးတို့နှင့်အတူ ရောနှောပါဝင်ကပြလေ့ရှိသည်။ ဤသို့ မနောအကကို ကပြခြင်းမှာ လီဆူလူမျိုးတို့၏ နိုင်ငံအပေါ်သစ္စာစောင့်သိသော၊ တိုင်းရင်းသားညီအစ်ကို မောင်နှမချင်း ချစ်ခင်ရင်းနှီးသော၊ ဆွေမျိုးသားချင်းပမာဆက်ဆံတတ်သော၊ တစ်ဦး၏ရိုးရာယဉ်ကျေးမှုကို တစ်ဦးက လေးလေးစားစားအလေးအနက်ထားတတ်သော၊ တိုင်းပြည်နှင့် လူမျိုးအကျိုးအတွက် ထားရှိအပ်သော ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင် မဟုတ်ပါလော။

ထို့ပြင် လီဆူလူမျိုးများသည် ယနေ့ခေတ်တွင် ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေးကို၊ အထောက်အကူပြုသည့် ဗလမင်းထင်တံတားကြီး ဖွင့်ပွဲအခမ်းအနား၊ မလိယန်နတ်တံတားနှင့် နမ့်ဆန်တံတားဖွင့်ပွဲစသည့် တံတားဖွင့်ပွဲအခမ်းအနားများ၊ ကချင်ပြည်နယ်ဒေသအာဏာပိုင်များ၏ စီမံညွှန်ကြားမှုဖြင့် ပြည်နယ်အတွင်း ကျင်းပပြုလုပ်သည့် အခမ်းအနားများတွင်လည်း လီဆူလူမျိုးတို့ အားတက်သရော ပါဝင်ခဲ့ကြသည်။ စာပေကို လေးစားမြတ်နိုးတန်ဖိုးထားသူများ၊ စာပေလေ့လာသူများအဖြစ် စာပေဟောပြောပွဲအခမ်းအနားများ၊ ပြည်ထောင်စုနေ့ နိုင်ငံတော်အဆင့်အခမ်းအနားများ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများ၊ အခြားရိုးရာယဉ်ကျေးမှုပွဲတော်များတွင်လည်း လီဆူတို့ပါဝင်ခဲ့ကြသည်ကို လေ့လာသိရှိရသည်။

ဤသည်မှာ လီဆူတို့၏ ပြည်ထောင်စုစိတ်ဓာတ်ကြောင့်ပင်ဟု ဆိုရမည်သာဖြစ်ပါသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com

# နိုင်ငံတော်အခမ်းအနားများက ပြောပြနေသော လီဆူလူမျိုးများ

လီဆူလူမျိုးများသည် နိုင်ငံတော်ကကြီးမှူးကျင်းပသော အခမ်းအနားများ နေ့ကြီးရက်ကြီးများ၊ ပြည်နယ်အစိုးရမှ ကြီးမှူးကျင်းပသော အခမ်းအနားများ၊ ကချင်မျိုးနွယ်စုဝင် တိုင်းရင်းသားလူမျိုးများကကျင်းပသော ဘာသာရေးအခမ်းအနားများ ယဉ်ကျေးမှုပွဲတော်တွင် ပါဝင်ခဲ့ကြသည်ကို တွေ့ရှိရသည်။

အထူးသဖြင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစိုးရလက်ထက်တွင် လီဆူလူမျိုးများ ပို၍ပါဝင်လာသည်ကိုတွေ့ရသည်။ ဤသည်မှာ ခေတ်စနစ်နှင့်အညီ တိုးတက်လာသော နိုင်ငံတော်၏အခြေအနေကောင်းများနှင့် အလျှေးအခေါ်အသိအမြင် ဖွံ့ဖြိုးကျယ်ပြန့်လာသော လီဆူလူမျိုးများ၏ အစဉ်လာကောင်းတစ်ရပ်ဟု ဆိုရမည်သာဖြစ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရက ကြီးမှူးကျင်းပသည့် ပြည်ထောင်စုနေ့အခမ်းအနားတွင် ရိုးရာယဉ်ကျေးမှုအကအဖွဲ့များသည် ရန်ကုန်မြို့သို့ သွားရောက်ကပြခဲ့ကြသည်။ တောင်ကြီးမြို့သို့ သွားရောက်ကပြခဲ့ကြသည်။ ရိုးရာယဉ်ကျေးမှုလှေသဘင်ပွဲတော်များ၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆိုကရေးတီးပြိုင်ပွဲများတွင်လည်း လီဆူလူမျိုးများပါဝင်ခဲ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၆ ခုနှစ်၊ နိုဝင်ဘာ ၂၈ ရက်နှင့် ၂၉ ရက်နေ့တွင် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာသည်။ ဗိုလ်ချုပ်သည် သူ့ကျွန်ဘဝရောက်ရှိနေသောမြန်မာနိုင်ငံကို လွတ်လပ်ရေးရရှိကြစေရန် ကြိုးပမ်းဆောင်ရွက်ခဲ့ရာ တိုင်းရင်းသားများကို စည်းလုံးညီညွတ်ရေးမိန့်ခွန်းများ ပြောကြားခဲ့သည်။ ထိုမိန့်ခွန်းပြောကြားခဲ့သည့် မြစ်ကြီးနားမြို့လယ် ဖဆပလရုံးရှေ့အခမ်းအနားများ၊ မန်ခရိန်ကျေးရွာအခမ်းအနားများသို့လည်း လီဆူလူမျိုးခေါင်းဆောင်များ လုပ်သားပြည်သူများ တက်ရောက်ခဲ့ကြလေသည်။

ကချင်ပြည်နယ်၏ လမ်းပန်းဆက်သွယ်ရေး ဖွံ့ဖြိုးတိုးတက်ခြင်း ပြယုဂ်များဖြစ်သည့် ဗလမင်းထင်တံတား၊ နမ့်ဆန်ယန်တံတား၊ မလိခန်တံတား၊ မူလရိုဒီတံတား စသည့် တံတားကြီးငယ်များ ဖွင့်ပွဲအခမ်းအနားများတွင်လည်း လီဆူတိုင်းရင်းသားများသည် အခြားတိုင်းရင်းသားများနှင့်အတူ တက်တက်ကြွကြွ ပါဝင်ကြပါသည်။

ထို့အတူ နှစ်စဉ်နှစ်တိုင်းကျင်းပပြုလုပ်သည့် ကချင်ပြည်နယ်နေ့ အခမ်းအနားတွင်လည်း လီဆူတို့သည် ပြည်ထောင်စုစိတ်ဓာတ်ပြည့်ဝစွာ တက်ရောက်ခဲ့ကြသည်။ မနောပွဲများတွင်လည်း မနောအကများကို ပါဝင် ကပြခဲ့ကြသည်ကို ထူးခြားစွာတွေ့ရှိရသည်။ စာပေကို လေးစားမြတ်နိုး တန်ဖိုးထားသူများအဖြစ် စာပေဟောပြောပွဲအခမ်းအနားများတွင်လည်း လီဆူတိုင်းရင်းသားများ အားတက်သရော် တက်ရောက်ခဲ့ကြသည်။

၂၀၀၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၁၅ ရက်မှ ၁၈ ရက်ထိ ကျင်းပပြုလုပ်ခဲ့သော မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများညီလာခံသို့လည်း ကချင်ပြည်နယ်မှ လီဆူတိုင်းရင်းဆေးဆရာများ တက်ရောက်ခဲ့ကြသည်

www.burmeseclassic.com

www.burmeseclassic.com


လီဆူလူမျိုးများကိုယ်စားပြု လူထုကိုယ်စားလှယ်များအဖြစ် ညီလာခံသို့ တက်ရောက်ခဲ့ကြသူများဖြစ်သည်။ ထို မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများ ညီလာခံသို့ တက်ရောက်ခဲ့ကြသူများမှာ ဦးဇော်ယောဆက်၊ ဦးလမြာတား၊ ဦးဖူးစရိ၊ ဦးဇလိယနှင့် ဦးနောလေးတို့ဖြစ်သည်။ ၎င်းတို့သည် မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာများနှင့်ပတ်သက်၍ စာတမ်းပြုစုခြင်း၊ ဆွေးနွေးတင်ပြခြင်း၊ ထောက်ခံအကြံပြုခြင်းစသည်တို့ကို ဆောင်ရွက်ခဲ့ကြသည်။နှစ်စဉ်ကျင်းပသည့် မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာများညီလာခံသို့လည်း လီဆူတိုင်းရင်းဆေးဆရာများ တက်ရောက်လျက်ရှိပါသည်။

သို့ဖြစ်၍ လီဆူလူမျိုးများသည် မြန်မာနိုင်ငံသားပီပီ နိုင်ငံတော်၏ အခမ်းအနားများတွင် နိုင်ငံ့ဂုဏ်ဆောင်သူများအဖြစ် တက်ကြွစွာပါဝင်ခဲ့ကြသည်ကို သမိုင်းကသက်သေခံလျက်ရှိပါသည်။

× × × × × × × ×

www.burmeseclassic.com

www.burmeseclassic.com


## ကိုးကားချက်များ

၁။ သိန်းဖေမြင့်၊ မြစ်ဖျားရောင်စုံဖြာ

၂။ ဦးမင်းနိုင်၊ ပြည်ထောင်စုအကပဒေသာ၊ ဒို့သွေးဒို့သား တိုင်းရင်းဘွား

၃။ ယုဝတီဂျင်းဖောမယ်၊ မြောက်စွန်းဒေသမှသွေးချင်းများ

၄။ မဲဇာ၊ ကချင်ရိုးရာသုတပဒေသာ

၅။ လှူထုဦးလှ၊ လီဆူပုံပြင်များ

၆။ ဟံသာဝတီဦးဘရင်၊ မြန်မာရာဇဝင်မှတ်တမ်း

၇။ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ ကချင်ရိုးရာအကပဒေသာ

၈။ မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)၊ ကချင်တိုင်းရင်းသားရိုးရာ
ဝတ်စားဆင်ယင်ထုံးဖွဲ့မှုများ

၉။ ကချင်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တိုင်းရင်းသားယဉ်ကျေးမှု
ဓလေ့ထုံးစံများ

၁၀။ ကချင်တောင်တန်းဒေသတွင် ကျင့်သုံးနေသောဥပဒေများ

၁၁။ ကချင်ပြည်နယ်ဖြတ်ထုံး၊ ကချင်ပြည်နယ်ယဉ်ကျေးမှုစာစောင် (

၁၂။ မြစ်ကြီးနားမြို့နယ်သမိုင်းမှတ်တမ်း

၁၃။ ပူတာအိုမြို့နယ်သမိုင်းမှတ်တမ်း

၁၄။ ဗန်းမော်မြို့နယ်သမိုင်းမှတ်တမ်း

၁၅။ ဝိုင်းမော်မြို့နယ်သမိုင်းမှတ်တမ်း

၁၆။ ချီဖွေမြို့နယ်သမိုင်းမှတ်တမ်း

www.burmeseclassic.com

www.burmeseclassic.com



၁၇။ ဆော့လော်မြို့နယ်သမိုင်းမှတ်တမ်း

၁၈။ မိုးကုတ်မြို့နယ်သမိုင်းမှတ်တမ်း

၁၉။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၁)

၂၀။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၂)

၂၁။ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၅)

၂၂။ ကျမြီး၊ မှန်ကင်းတစ်လှည့် ထင်းတစ်လှည့်

DEFEAT INTO VICTORY

Field Mashal Sir William Slim (July, 1995)

၂၃။ JESUS AND LISU-A STUDY OF THE ETHICITY AND INIGENOUS CHURCH OF THE LISU PEOPLE YANG

ဒေါက်တာယောရှု၊ တိုင်းရင်းသားလီဆူလူမျိုးနှင့် ဘာသာကို လေ့လာခြင်း သုတေသနစာတမ်း

၂၄။ CHRIST IN LISU CULTURE BY LIE ESTHER AYE AYE THEIN

Myanmar Institute of Theology Insein, Yangon.

(March, 1998)

၂၅။ PART DEP NINGSHAWNG MAGAZINE JING HPAW WUN PAWNG PAILILAIKA HTE HTUNG HKING HPUNG TOKYO, JAPAN

၂၆။ PEOPLE OF THE GOLDEN TRIANGLE PAUL AND ELAINE LEWIS PUBLISHED IN GREAT BRITIAN BY THAMES AND HUALSON LTD,

30-34 Blooms bury street, London, WCIB 3QP 1984


ပစလ/၈၂၂/၀၇/စာပေ(စာတည်း)/၂၀၀၀-အုပ်/အောင်ဆန်း။

www.burmeseclassic.com

www.burmeseclassic.com

## ၂၀၀၆ ခုနှစ်၊ စာပေဗိမာန်စာမူဆု
## မြန်မာ့ယဉ်ကျေးမှုနှင့်အနုပညာဆိုင်ရာစာပေ
## ပထမဆုရ

# လီဆူတိုင်းရင်းသားတို့၏ ဘဝလေ့



ရေးသူ- မြတ်ဝေတိုး (ပညာရေးတက္ကသိုလ်)

အဖ ဦးတင်အေး၊ အမိ ဒေါ်အုန်းကြည်တို့မှ ၁၉၆၄ ခုနှစ်တွင် ဧရာဝတီတိုင်း၊ သာပေါင်းမြို့နယ်၊ ကြာကန်ရွာ၌ မွေးဖွားသည်။ ၁၉၈၁ ခုနှစ်တွင် စက်ဒေါင့်ကြီးမှ (၁၀) တန်းအောင်မြင်ခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် ပုသိမ်ဒီဂရီကောလိပ်မှ ဝိဇ္ဇာဘွဲ့ရရှိသည်။ ၁၉၉၂ ခုနှစ်တွင် ရန်ကုန်ပညာရေးတက္ကသိုလ်မှ ဘီအီးဒီ (ပညာရေး) ဘွဲ့ရရှိသည်။

၁၉၈၃ ခုနှစ်မှစ၍ ပညာရေးဝန်ကြီးဌာနတွင် စတင်အမှုထမ်းခဲ့ပြီး ယခုအခါ လှိုင်သာယာမြို့နယ်၊ လက်ထောက်ပညာရေးမှူးတာဝန်ထမ်းဆောင်လျက်ရှိသည်။

ဧရာဝတီတိုင်း ပုသိမ်ဆရာအတတ်သင်သိပ္ပံနှစ်ပတ်လည်မဂ္ဂဇင်း၌ စာပေစတင်ရေးသားခဲ့သည်။ ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ လှိုင်သာယာမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ တာဝန်ထမ်းဆောင်လျက်ရှိသည်။ ဝတ္ထု၊ ကဗျာ၊ ဆောင်းပါး (၇၀၀) ကျော်နှင့် လုံးချင်းစာအုပ် (၅) အုပ် ရေးသားခဲ့သည်။

အမည်ရင်း ဦးမြတ်ဝေတိုး ဖြစ်သည်။

နေရပ်လိပ်စာအမှတ် - ၂၈၀/ခ ရွှေကြိုးကြာလမ်း (၁၃) ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်တိုင်း ဖြစ်သည်။

www.burmeseclassic.com